www.burmeseclassic.com

No.82, March 2014

# ဂမ္ဘီရလောက မဂ္ဂဇင်း



ဘုန်းရွှေမျှား
မင်းရဲ့ကျော်
ဇွဲ သူမှန်
ကောင်းမှုကြီး-သိန်းဝင်း
ညွှန့်မောင်ဦး
ဇေယျမင်းမှူး
မင်းတိုင်ပင် (မြို့ကျောင်းမြေ)
မျှားမိုးသား
ကျော်မင်းညွှန့် (လှည်းကူး)
သန်လျင်လှဝင်း (ကြံချစ်သို)
နိုင်မင်းထက်
မကြည်ပြာ (သချၤာ)
ဇော်စုထိုက်

- ဒေါင်းပြတ်သရဲ - အပင်း - လက်ပြတ်ကြီး - ပင်လယ်ဒေါ်သံ
- အကြွေးဆပ်ရသူနှင့် အကြွေးကင်းသူ - ဆူငယ်ချင်း - ကျိန်စာများ၏
- သတိပေးစိညာဉ် - ချီးမြှူးကန်က အချစ်ကတ်လမ်း
- လမ်းပြစေတီ ဆုပန်ရည် - လပြည့်ညအောက် လှိုင်းပေါ်က
- ဝမ်းတွင်းသန္ဓေဆိုး - တောကြောင်တစ်ကောင်နှင့် ည

www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House

ပိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော
ဝစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့








ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည်
ဗိုလ်ချုပ်အောင်ဆန်းနှင့်
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန်အတ္ထုပ္ပတ္တိ
Quality စာတည်းအဖွဲ့




7 FEB 2014

# ဂမ္ဘီရလောက

ဆုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှတ် (၈၂)၊ မတ်လ၊ ၂၀၁၄ ခုနှစ်

No.82 March 2014

ခေါင်းပြတ်သရဲ
ခွန်ရွှေများ ၆

လမ်းပြစေတီ ဆုပန်ရည်
မင်းရဲကျော် ၂၇

ဝမ်းတွင်းသန္ဓေဆိုး
စုဝံ့ သူမွန် ၃၀

တောကြောင်တစ်ကောင်နှင့် ညတစ်ည
မင်းတိုင်ဖစ် (ဖြူရောင်ခြေ) ၃၇

အကြွေးခံမရသူနှင့် အကြွေးကင်းသူ
ရာဇ္ဇဝိုးသား ၆၆

သူငယ်ချင်း
ကျော်ခင်ညွှန့် (လှည်းကူး) ၇၉

ကျိန်မိများ၍
ကြေးညိုကြာ (ဆရာ) ၉၀

…ိးဖြူကန်က အချစ်ဇာတ်လမ်း
သောင်မှူးကြီး သိန်းဝင်း ၁၂၂

အပင်း
ညွန့်မောင်ဦး ၁၃၃

…ပြည့်ညအောက် လှိုင်းပေါ်ကလှေ
ဆန်လျော်လှဝင်း (ညချစ်ညီ) ၁၆၀

…က်ပြတ်ကြီး
နီခင်းထက် ၁၇၆

…တိပေးဝိညာဉ်
…ခုထိုက် ၁၉၇

…ိသယ်ခေါ်သံ
…ချစ်ခင်းချောင် ၂…

…t Month Preview ၃

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

အုပ်ချုပ်မှု အယ်ဒီတာ
မခင်မာရွှေ

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နေဇင်လတ်၊ ရှိုင်းကိုကိုနိုင်
ဝေလင်း၊ ကျော်ကျော်၊ တင်မောင်မောင်ထွေး၊ ဆုပြည့်မိုး၊ ဟေမာန်လှိုင်
ဝင်းဝင်းမာ၊ ပိုပိုဇင်၊ အိဖြူ၊ ဇီဇီဇင်၊ ဖြူဖြူသင်း၊ ဝင်းဝင်းမော်။

ထုတ်ဝေသူ
ဒေါ်ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ) [၀၃၉၀၅]၊ (မြ)၊ အမှတ် ၅၀၈/၅၁၂ [၂ခ]လွှာ၊ ပထမထ
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။]

မျက်နှာဖုံး
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
ကကောင်း၊ အောင်စမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်
လှသစ်အောင် [အင်းလျား]၊ ရန်နိုင်ဦး၊ ကိုကိုကြီး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမွန်လင်း၊

ကွန်ပျူတာနှင့်ဇလင်
**Quality**

ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

တာအုပ်ချုပ်
တင်မေထွန်း

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀

တာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၀၈/၅၁၂ [၂ခ]လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထော

Next




Month





Preview



www.burmeseclassic.com



# အကြန်ရွာများ ခေါင်းပြတ်သရဲ

စစ်မဖြစ်မီ (၆)နှစ်လောက်က မြန်မာပြည်မြေလတ်ပိုင်းရှိ မြို့ကြီးများထဲတွင် 'ပြည်မြို့'သည် အတော်ပင်စည်ကားသော မြို့ကြီးတစ်မြို့ဖြစ်၍ ဧရာဝတီမြစ်ကြောင်းမှ ရေလမ်းဖြင့်လည်းကောင်း၊ ရန်ကုန်မှဆက်သွယ်ထားသည့် မီးရထား၊ မော်တော်ကားစသော ကုန်းလမ်းဖြင့်လည်းကောင်း ဆုံစည်းရာဒေသဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းဖြတ်သရဲ

## - ပင် ဆွေ မျှား

အနီးရှိ ရွာကြီးများမှာလည်း မြို့စည်ကားသလောက် စည်ကားလျက်ရှိရာ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် မြို့သို့ ဈေးဝယ်ခြမ်းရန်သွားကြသောလှည်းများ၊ မြင်းရထား၊ ခြေကျင်ခရီးသည်တို့ဖြင့် ပြည့်နှက်လျက်ရှိလေသည်။

မြို့၏မြောက်ဘက်တွင် နဝင်းချောင်းခေါ် ချောင်းငယ်ခြားလျက်ကုန်းသလင်း၊ လက်ခုပ်ပင်၊ ဖိုးခေါင်၊ မြရွာခေါ် ရွာကလေးများမှာ နဝင်းချောင်းတံတားမှဖြတ်သွားလျှင် အလွယ်တကူ ရောက်နိုင်သဖြင့်တစ်ကြောင်း၊ လှေလမ်းမှ စုန်လျှင်လည်း ထိုရွာများမှ ဈေးဆိပ်သို့ ကူးတို့ခ(၂)ပဲမျှဖြင့်လည်းကောင်းရောက်နိုင်သဖြင့် ပိုမိုစည်ကားလေသည်။ ဈေးဝယ်သူများသာလှည်းနှင့် ခြေကျင်လမ်းမှသွားလျက် ဟင်းရွက်သားငါးရောင်းသောဈေးသည်များမှာမူ ကူးတို့လှေများဖြင့် အများအပြား သွားရောက်ကြလေသည်။

ဆောင်းဥတု၏တစ်နေ့သော နံနက်ခင်းတွင် ကုန်းသလင်းရွာလမ်းကြီးအလယ်လောက်ရှိ နှစ်ထပ်အိမ်တစ်အိမ်ရှေ့၌ လူရွယ်သုံးယောက်တို့သည် အိမ်ရှေ့ကွပ်ပျစ်တစ်လုံးပေါ်တွင်ထိုင်ကာ လက်ဖက်ရည်ကြမ်းသောက်ရင်း



ဝိုင်းဖွဲ့စကားပြောဆိုလျက်ရှိကြ၏။ ပထမလူမှာ အသက် (၃၀) ခန့်ရှိ ကျောင်းဆရာမောင်ဖေချစ်ဖြစ်၍ ထိုအိမ်ပိုင်ရှင်ဖြစ်၏။ ဒုတိယလူမှာ အသက် (၃၀) ခန့်ရှိ စပါးပွဲစားမောင်အေးမောင်ဖြစ်ပြီးလျှင် မောင်ဖေချစ်အိမ်နှင့် နှစ်အိမ်ကျော်လောက်တွင်နေသော အိမ်နီးချင်းတစ်ယောက်ဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် အလွန်ခင်မင်ပြီးလျှင် မောင်ဖေချစ်နှင့် သွားဖော်လာဖက် ဖြစ်လေသည်။ တတိယလူကား ဤရွာမှမဟုတ်ဘဲ လက်ခုပ်ပင်ရွာမှ မောင်သံချောင်းဆိုသူဖြစ်၍ အလုပ်အကိုင်ဟူ၍ ပြောပလောက်အောင် မရှိသော်လည်း မိဘများမှာ မြေပိုင်ရှင်များဖြစ်ကြသည့်အတိုင်း ရွာတွင်လည်း ကာလသားခေါင်းဆောင်ဖြစ်လျက် မိဘများ၏ အလုပ်အကိုင်ဖြင့် အေးချမ်းစွာနေထိုင်နိုင်သူဖြစ်လေသည်။ သုံးယောက်သားတို့မှာ သွားဖော်လာဖက်မိတ်ဆွေများဖြစ်ကြသည့်အတိုင်း ထိုနေ့နံနက်တွင် မောင်ဖေချစ်သည် မိမိအိမ်ရှေ့ရှိကွပ်ပျစ်ပေါ်တွင် ကောက်ညှင်းပေါင်း၊ စားတော်ပဲပြုတ်၊ လက်ဖက်ရည်ကြမ်းများဖြင့် ဧည့်ခံကာ စကားလက်ဆုံကျ၍ နေကြခြင်းဖြစ်၏။

မောင်သံချောင်းက မောင်အေးမောင်အား -

"ဟေ့လူ - ခင်ဗျား မြင်းတစ်စီးရှာနေတယ်ဆို ဗျ"

"ဟုတ်တယ် ကိုသံချောင်း၊ ကျွန်တော့်အလုပ်က တောတက်ရတဲ့အလုပ်ဆိုတော့ မြင်းရှိမှဖြစ်တယ်ဗျ"

"ဟုတ်တာပေါ့လေ၊ ဝယ်ရင်ပါချည်ပါရဲ့တော့ မဝယ်နဲ့ဗျာ၊ ခပ်ကောင်းကောင်းယူ"

"ကျွန်တော်လည်း ဒီလိုပဲ စိတ်ကူးတာပဲ"

"ဘယ်လောက်တန်လောက် မှန်းသလဲ"

"(၁၅၀) တန်လောက်ဆိုရင်တော်လောက်ပါပြီ။ အလွန်ဆုံး (၂၀၀) ဆိုပါတော့ဗျာ"

"ဟာ (၁၅၀)၊ (၂၀၀) ဆိုရင် မြင်းဘယ်ရမှာဗျ။ နွားသာသာလောက်ပဲရမယ်"

"ငွေကလည်း သိပ်မတတ်နိုင်ဘဲကိုးဗျ"

"ကျုပ်အိမ်က စိန်နက်ကို ယူပါလား"



www.burmeseclassic.com

www.burmeseclassic.com

"အတော်ချောင်နာလား – ကိုသံချောင်း၊ ခင်ဗျားမြင်းမကိုဘယ်လောက် နဲ့ ပေးမှာလဲ"

"ခင်ဗျားလိုချင်ရင် ၃၀၀နဲ့ယူ"

"သူတော့ ယူချင်သားပေါ့ဗျာ၊ နို့ပေမဲ့ – မတတ်နိုင်တာက ခက်တယ်။ ကျွန်တော် ပြောပါပြီကော၊ အလွန်ဆုံး (၂၀၀) ပဲ တတ်နိုင်မယ်လို့"

"မြင်းဆိုရင် ကျုပ်တို့အိမ်က စိန်နက်တို့လိုမှပေါ့ ကိုအေးမောင်ရဲ့ မြင်းဆိုပြီး ခွေးသာသာဝယ်ထားလို့ ဘယ်နေရာကျမလဲ။ တကယ့်အရေးမှာ တကယ်အားကိုးရမှ ကောင်းတယ်မဟုတ်လား"

သို့ရှိစဉ် ကိုချစ်ဖေက ကြားဖြတ်လျက် –

"ဗျို့ဆရာတို့၊ ဒီကနေ့ည ဦးသာထူး အသုဘကို မသွားကြဘူးလား"

အေး ။ "သွားတာပေါ့ဗျာ၊ ကိုသံချောင်းကော"

ချောင်း ။ "လိုက်တာပေါ့လေ၊ မလိုက်လို့ ဘယ်ကောင်းမလဲ"

ထိုအခါကျောင်းဆရာ မောင်ချစ်ဖေသည် မောင်သံချောင်း၏မျက်နှာကို မကြည့်ဘဲ မောင်အေးမောင်ဘက်သို့ လှည့်၍ –

"ဟုတ်တယ် – ကိုအေးမောင်၊ ကိုသံချောင်းက ပိုပြီးရင်းနှီးတယ်ဗျ။ ဒီကိစ္စမှာ ကျုပ်တို့ကတောင် ပြောနေဖို့မဟုတ်ဘူး။ သူကစပြီး ဆော်ဩဖို့ပဲ" ဟု ပြောလိုက်ရာ မောင်သံချောင်းမှာ အတန်ငယ်မျက်နှာပျက်သကဲ့သို့ဖြစ်သွားသော်လည်း တစ်ဖန်ပြန်၍ ဣန္ဒြေဆည်လိုက်ပြီးလျှင် ရယ်မောလျက် "ခင်ဗျားက ပိုပြီးရင်းနှီးတယ် မဟုတ်လား ဆရာချစ်ရဲ့၊ ခင်ဗျားနဲ့စာရင် ကျုပ်တို့က အနေသာကြီးပါဗျာ၊ မကောင်းလို့သာ ကျုပ်ကသွားတာပါ" ဟု ပြန်ပြောလေသည်။

သေသူဦးသာထူးမှာ "ဖိုးခေါင်" ရွာတွင် ပစ္စည်းဥစ္စာနှင့် အတော်အတန်ပြည့်စုံသောလူတစ်ယောက်ဖြစ်၍ မစိန်တင်ဆိုသူ တူမချောတစ်ယောက်ရှိ၏။ မစိန်တင်မှာ တော၌ပင် မွေးဖွားရသော်လည်း မြို့ကြီးသူမက လှပကြော့ရှင်းသော ကိုယ်ဟန်အနေအထားရှိပြီးလျှင် ဝတ်ပုံစားပုံမှာလည်း ရိုးရိုးကလေးနှင့်အဆင်ပြေအောင် ဝတ်တတ်၏။ တောရွာနှင့်ပင် မထိုက်တန်



လောက်အောင် ယဉ်ကျေးချောမောသူ တစ်ယောက်ဖြစ်သည့်အတိုင်း ဖိုးခေါင်ရွာရှိ ကာလသားများသာမက ရွာနီးချုပ်စပ်ကပင် လာရောက်ပိုးပန်းခြင်းခံရသူဖြစ်လေသည်။ အရွယ်အားဖြင့် (၂၅)နှစ်သို့ပင်တိုင်ရောက်ခဲ့သော်လည်း မိမိကိုယ်တိုင်ကလည်း အစဉ်းစားကြီးပြန်၊ ပိုးပန်းသူများကိုလည်း သဘောမကျနိုင် ရှိပြန်ရကား ဤအရွယ်သို့တိုင်အောင် အပျိုကြီးဖြစ်၍နေခဲ့လေသည်၊ အချို့မိန်းမချောများမှာ ရုပ်ရည်ပင်လှပါလျက်



ဖိုးခေါင်ရွာသို့မဝင်မီ ရွာ၏မြောက်ဘက်၌ကား ရွာသင်္ချိုင်းရှိ၏။ ထိုသင်္ချိုင်း၏ တောင်ဘက်ဖျားတွင် အဓိကဇရပ်ပျက်ကြီး တစ်ဆောင်ရှိရာ ထိုဇရပ်ပျက်ကြီးအနီးသို့ အနားပတ်ဝန်းကျင်ရှိ ရွာသူရွာသားများသည် အထူးသဖြင့် ညဥ့်အချိန်တွင် ဖြတ်သန်းသွားလာရန် ကြောက်ရွံ့ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

နှုတ်စွာသဖြင့်တစ်ကြောင်း၊ မာနကြီးသဖြင့်တစ်ကြောင်း၊ အလှဂုဏ်တက်သဖြင့်တစ်ကြောင်း နာမည်ပျက်တတ်ကြသော်လည်း မစိန်တင်မှာမူ ရုပ်ချောသလောက် သဘောကောင်းသည့်ပြင် စကားပြောသောအခါများ၌လည်း ယဉ်ကျေးဖော်ရွေစွာ ပြောတတ်သဖြင့် သူ၏ဂုဏ်သတင်းကို ပို၍မွှေးစေ၏။

မစိန်တင်အား ပိုးပန်းကြသူများအနက် ကုန်းသလင်းရွာမှာ ကျောင်းဆရာ မောင်ဖေချစ်မှာ မစိန်တင်အပေါ်တွင် မျက်နှာအရဆုံး လူတစ်ယောက်ဖြစ်ရာ မောင်သံချောင်းမှာ ဒုတိယလိုက်၏။ စပါးပွဲစား မောင်အေးမောင်မှာ တတိယလေး ချိတ်နိုင်ခဲ့၏။ မောင်ဖေချစ်မှာ ကျောင်းဆရာဖြစ်ခြင်း၊ (၁၅၀၀) တန် နှစ်ထပ်အိမ်သွပ်မိုးပျဉ်ခင်း အိမ်တစ်အိမ်ရှိခြင်းဖြင့် မစိန်တင်အပေါ်တွင် ဂုဏ်ယူ၏။ ပွဲစားမောင်အေးမောင်မှာမူ ရုပ်ရည်သနားကမားရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကုန်ရောင်းကုန်ဝယ် လည်ပတ်ခြင်းတို့ဖြင့် အားသားယူ၏။ မောင်သံချောင်းမှာမူ ကာလသားခေါင်းဆောင်ဖြစ်ခြင်း၊ ရွာတွင် ဩဇာရှိခြင်း၊ ခွန်အားဗလရှိခြင်း၊ သတ္တိကောင်းခြင်းတို့ဖြင့် ဂုဏ်ယူလေသည်။ သို့နှင့် သုံးယောက်သားတို့သည် မစိန်တင်အား တိုက်ရိုက်နည်းဖြင့်လည်းကောင်း၊ သွယ်ဝိုက်သောနည်းအားဖြင့်လည်းကောင်း ပိုးပန်းလျက် ရှိကြကုန်၏။ မစိန်တင်မှာမူ မည်သူ့ကိုမျှ လက်ထပ်ပါတော့မည်ဟူသော ကတိကို မပေးဘဲ အခြားသူများစာရင်းတွင် ထိပ်တန်းမှ ထည့်သွင်းကာ ကြိုးရှည်ရှည်နှင့် လှန်ထားခဲ့လေသည်။

သို့သော် သူတို့(၃)ယောက်အား မျက်နှာသာ အပေးဆုံးဖြစ်သဖြင့် အခြားမာတ်သိ ကာလသားများပင် အပိုးကိုလျှော့ကာ ခပ်ရှောင်ရှောင်နေခဲ့ကြ၏။ ဦးသာထူးဆုံးသောအခါ မစိန်တင်မှာ ဦးသာထူး၏ တစ်ဦးတည်းသော အမွေခံအဖြစ် ကျန်ရစ်ရမည်ဖြစ်၏။

☑



ထိုညနေဝင်ပြီးသည့်နောက် ကျောင်းဆရာမောင်ဖေချစ်သည် အဝတ်အစားကို သင့်လျော်ရုံမျှလဲပြီးလျှင် ပွဲစားကိုအေးမောင်နှင့်အတူ ဦးသာထူး၏ အသုဘရှိရာ ဖိုးခေါင်ရွာသို့ သွားကြလေ၏။ လက်ခုပ်ပင်ရွာသို့ ဝင်ကြသောအခါ မီးခွက်များပင် ထွန်းညှိထားပြီဖြစ်၍ သူငယ်ချင်းနှစ်ယောက်တို့သည် မောင်သံချောင်းကိုခေါ်ရန် ရွာအနောက်ဖျားရှိ မောင်သံချောင်းအိမ်သို့ ဝင်ကြ၏။ သို့သော် မောင်သံချောင်းမှာ လွန်ခဲ့သောနာရီဝက်ခန့်လောက်ကပင် မြင်းနှင့်သွားနှင့်ပြီဖြစ်ကြောင်း အိမ်ရှိလူများကပြောသဖြင့် သိရလေသည်။

လမ်းသို့ရောက်သောအခါ မောင်ဖေချစ်မှာ မောင်သံချောင်း ထွက်သွားနှင့်သည်ကို စိတ်မကျေနပ်နိုင်သဖြင့် –

"ဒီလူက သိပ်ခက်တဲ့လူဗျာ၊ တကယ်ဆို ကျုပ်တို့လာမယ့်အကြောင်း အသေအချာပြောလျက်သားနဲ့ သူမို့ထွက်သွားရပေတယ် ကိုအေးမောင်ရယ်"

"ဟာ ဒီလူက တစ်ဖက်သားကို နည်းနည်းကလေးမျှ အားနာတတ်တဲ့လူ တစ်ယောက်မဟုတ်ဘူးဗျ"

"မြင်းနဲ့ သွားတယ်ဆိုတော့ ကျုပ်တို့နဲ့အတူတူ မသွားချင်တဲ့အဓိပ္ပာယ်ပေါ့"

"ဒါပေါ့ဗျ – ဒီလူကဒီလိုပဲ။ သူများဘယ်လိုနေနေ၊ ကိုယ်ကောင်းရင် ပြီးရောဆိုတဲ့ လူပဲ"

"အပြင်က တစ်မျိုး၊ ဝမ်းထဲက တစ်မျိုး ထင်ပဲ့ဗျာ"

"အစစ်ပေါ့ဗျာ ... နေပါဦး၊ ခင်ဗျားက ဒီလူမပါလို့ ကြောက်သလား"

"ကြောက်တာတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ သုံးယောက်ဆိုတော့"

မောင်ဖေချစ်သည် ရှေ့သို့စကားမဆက်ဘဲ ရှိလေ၏။ နှစ်ဦးသားတို့သည် ဖွင့်၍မပြောသော်လည်း မိမိတို့ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်ပြီးဖြစ်ကြ၏။ သို့သော် မောင်အေးမောင်သည် မောင်ဖေချစ်ကြောက်ရွံ့မည်စိုးသဖြင့် ဖွင့်လှစ်၍မမေးဘဲ ဆိတ်ဆိတ်သာလျှင် လိုက်ပါလာခဲ့လေ၏။

သို့သော် ဖိုးခေါင်ရွာသို့မဝင်မီ ဖိုးခေါင်သချိုင်းကို ဖြတ်၍သွားရမည့် အကြောင်းကို နှစ်ယောက်စလုံးပင် စိတ်ထဲကတွေး၍ စိတ်ခပ်လေးလေး ဖြစ်မိကြ၏။

www.burmeseclassic.com

ချိုးခေါင်ရွာသို့ ဝင်မိ ရွာ၏မြောက်ဘက်၌ကား ရွာသချိုင်းရှိ၏။ ထိုသချိုင်း၏ တောင်ဘက်များတွင် အဓိကဇရပ်ပျက်ကြီး တစ်ဆောင်ရှိရာ ထိုဇရပ်ပျက်ကြီးအနီးသို့ အနားပတ်ဝန်းကျင်ရှိ ရွာသူရွာသားများသည် အထူးသဖြင့် ညဥ့်အချိန်တွင် ဖြတ်သန်းသွားလာရန် ကြောက်ရွံ့ကြကုန်၏။ အဘယ်ကြောင့်ဆိုသော် ထိုဇရပ်ပျက်ကြီးမှာ "သရဲခေါင်းပြတ်" ရှိသည်ဟု ကျော်ကြားသော ဇရပ်ပျက်ကြီးပေတည်း။ ထိုသရဲခေါင်းပြတ်သည် မှောင်မိုက်သော ညဥ့်များနှင့် တစ်ခါတစ်ရံ လသာသောညများတွင် သန်းခေါင်ယံအချိန်၌ မြင်းနက်ကြီးကိုစီးကာ ခရီးသွားများအား လိုက်လံပြီးလျှင် အနီးသို့ ရောက်သည်နှင့်တပြိုင်နက် သူ၏ ခေါင်းပြတ်ကြီးနှင့် ပေါက်လေ့ရှိကြောင်း၊ ထိမှန်သောသူမှာ နေရာ၌ပင် ပွဲချင်းပြီးသေဆုံးတတ်ကြောင်းဖြင့် သက်ကြီးများ ပြောသံကြားရ၏။

ထိုညသည်ကား အတော်ပင်မှောင်သော ညတစ်ညဖြစ်လေရာ သူငယ်ချင်းနှစ်ယောက်တို့သည် ထိုအကြောင်းကို "သက်ကြီးစကားသက်ငယ်ကြား" ဆိုဘိသကဲ့သို့ သိပြီးဖြစ်သော်လည်း တစ်ယောက်ကြောက်ရွံ့မည်ကို တစ်ယောက်စိုးရိမ်ကာ တစ္ဆေသရဲအကြောင်းဟူ၍ စပ်၍မပြောရေ။ သို့နှင့် "ကင်းချောင်း" ခေါ်ချောင်းကလေး၏ တံတားကိုကျော်လွန်ပြီးနောက် သချိုင်းစပ်သို့ ရောက်ရှိလာကြလေ၏။ ရွာချင်းဆက်၍နေသော လမ်းမှာ ထိုဇရပ်ပျက်ကြီးကို မျက်နှာစာထား၍သွားရလေရာ ဇရပ်ပျက်ကြီး၏ တူရူသို့ရောက်သောအခါ၌မူကား သူငယ်ချင်းနှစ်ယောက်တို့သည် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလျက် မောင်ဖေချစ်က ချောင်းဟန့်လိုက်သောအခါ မောင်ဓအေးမောင်က သနပ်ဖက် ဆေးလိပ်မီးကို နစ်ဖွာ၊ သုံးဖွာမျှ ဖွာ၍ ချလိုက်သေး၏။ လူတို့မည်သည် ကြောက်စရာကောင်းသည်ကိုမှ ပို၍ ကြည့်လိုစိတ်ရှိသည့်အတိုင်း ဇရပ်ကြီးရှိရာသို့ ပြိုင်တူကြည့်မိ၏။ သို့သော် ထူးထူးခြားခြားတစ်စုံတစ်ရာ မမြင်ရသဖြင့် တော်ပါသေး၏ဟု အောက်မေ့မိကြ၏။ ဇရပ်ပျက်ကြီးမှာ ဖရိုဖရဲကျဲ၍နေသော သွပ်ချပ်များအောက်၌ ထုပ်လျောက်၊ ဒိုင်းမြားများသည် မည်းနက်သော အရိုးစုပုံကြီးကဲ့သို့ ရှိနေ၏။ မောင်ဖေချစ်မှာနဖူးမှ ချွေးများပင် အနည်းငယ်စို့လာရာ လက်ကိုင်ပဝါဖြင့် နစ်ခါသုံးခါမျှ တို့မိ၏။ ထို့နောက် သီချင်းတစ်ပုဒ်ကို လေချွန်လိုက်ပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်လေသည်။

သို့ရှိစဉ် ခပ်လှမ်းလှမ်းမှ သီချင်းအော်၍ ဆိုလာသော နွားနို့ကုလားနှစ်ယောက်အသံကို ကြားရ၏။ အနောက်တောင်ဘက်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှလည်း ဝတ်တက်၊ ပရိတ်ရွတ်သံများကိုကြားရလေရာ ထိုအခါမှ မောင်ဖေချစ်နှင့် မောင်အေးမောင်တို့သည် အတော်ပင် အားတက်လာကြပြီးလျှင် ရွာဘက်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြလေ၏။

☑

မသာအိမ်၌ကား အောက်လင်းဓာတ်မီးတစ်လုံးကိုအပြင်မန်ကျည်းပင်၌ ဆွဲထား၏။ အတွင်း၌ "စတွမ်းကင်း" ဓာတ်မီးအငယ် (၂)လုံးရှိ၏။ ရွာထဲမှ လူကြီးတစ်စုသည် ခေါင်းရင်းခန်း လက်ဖက်ရည်ကြမ်းဝိုင်းတွင် သဂြိုဟ်စကားများကို ငြင်းခုံပြောဆိုလျက်ရှိကြရာ မိန်းမတစ်စုသည် အလောင်းစင်၏ နံဘေးအနီးမဝေးတွင် ဝိုင်းဖွဲ့လျက် လက်ဖက်ချင်းသုပ်များကို စားသောက်ကာရှိနေကြ၏။ ခြေရင်းဘက်၌ အိမ်ရှေ့မျက်နှာကွပ်ပျစ်ကြီးနှစ်ခုပေါ်၌ကား ကက်ဝိုင်းတစ်ဝိုင်း၊ ဂျိုကာဝိုင်းတစ်ဝိုင်းနှင့် ကြေးကြီးပိုကာဝိုင်းတစ်ဝိုင်းရှိ၏။ ကက်ဝိုင်းမှ တရောက်ရောက် တဂျက်ဂျက်မြည်သံများ၊ ပိုကာနှင့် ဂျိုကာဝိုင်းတို့မှ ဟစ်အော်ရယ်သံများ ငြင်းခုံသံများမှာ မသာအိမ်တစ်အိမ်လုံးတွင် ဆူညံလျက်ရှိလေသည်။ ဓာတ်မီးချိတ်ထားသော မန်ကျည်းပင်နှင့် မနီးမဝေး သစ်ငုတ်တစ်ခု၌ မောင်သံချောင်း၏ မြင်းနက်ကြီး ချည်ထားသည်ကို တွေ့ရ၏။ မောင်အေးမောင်နှင့် မောင်ဖေချစ်တို့သည် ကာလသားဝိုင်းတွင် အခြားကာလသားတို့နှင့် ရောနှောထိုင်ကြလေသည်။

မစိန်တင်သည် ဆံပင်နောက်တွဲထုံးကာ ဆောင်းရာသီဖြစ်သဖြင့် ဝွမ်းဖျင်ရင်ဖုံးအင်္ကျီအပြာရောင်ကွက်ကျဲ တာဖလာလုံချည်ကိုဝတ်ပြီးလျှင် တဘက်အဖြူတစ်ထည်ကို လည်ပင်းတွင်ပတ်လျက် အလောင်းစင်၏ ခြေရင်းဘက်၌ တိုင်တစ်တိုင်ကိုမှီ၍ ထိုင်နေ၏။ ဤကဲ့သို့ ပြင်ဆင်ဖြီးလိမ်းခြင်းမရှိ ဘီးမတင်မှန်မသဘဲ သဘာဝအတိုင်းပင်လျှင် မောင်ဖေချစ်နှင့် မောင်အေးမောင်တို့၏ စိတ်တွင် သာ၍လှပပါပေသည်ဟု ထင်မိ၏။ မောင်သံချောင်းမှာ မိတ်ဆွေများကိုပင် နှုတ်ဆက်မဆက်နိုင်ဘဲ ပိုကာဝိုင်းတွင် မဲလျက်ရှိလေသည်။ မစိန်တင်သည် နှုတ်ကပင်ဖွင့်၍ နှုတ်ဆက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

မပြုသော်လည်း ခေါင်းရင်းခန်းတွင်ထိုင်နေသော မောင်ဖေချစ်နှင့် မောင်အေးမောင်တို့အား အမူအရာအားဖြင့် လှမ်း၍နှုတ်ဆက်လိုက်သေး၏။ မသာအိမ်မှာ သေသူဦးသာထူး၏ မျက်နှာဖြင့်လည်းကောင်း၊ ကျန်ရစ်ခဲ့သူ မစိန်တင်၏ မျက်နှာဖြင့်လည်းကောင်း တစ်ရွာလုံးလိုပင် လာရောက်ကာ အိမ်ရှေ့ခန်း တစ်ခန်းလုံးမှာ ယောကျ်ားမိန်းမ ဧည့်သည်များဖြင့် စည်ကားလျက်ရှိလေသည်။

ညဉ့် (၁၀) နာရီထိုးပြီးလတ်သော် ဧည့်သည်များတဖြည်းဖြည်းစဲသွား၍ လူရင်းများနှင့် ဆွေမျိုးညာတိများသာ ကျန်ရစ်ခဲ့တော့၏။ ထိုအချိန်၌ အိမ်နီးချင်း အဘိုးကြီးနှစ်ယောက်တို့သည် ခေါင်းရင်းခန်းတွင်ထိုင်ကာ စကားပြောလျက်ရှိရာ မောင်ဖေချစ်နှင့် မောင်အေးမောင်တို့သည်လည်း အခြားလူငယ်တစ်ယောက်နှင့်အတူ မနီးမဝေးတွင် ရှိနေကြ၏။

အတန်ကြာလတ်သော် မောင်သံချောင်းသည် လက်ကိုင်ပြုတ်ခဲ့ပြီဖြစ်၍ ပိုကာဝိုင်းမှထ၍ လာခဲ့ပြီးလျှင် မောင်ဖေချစ်တို့ရှိရာသို့ လာခဲ့လေ၏။ ထိုအခါ မောင်ဖေချစ်က -

"ကိုသံချောင်းတို့များ တယ်တော်တာပဲဗျာ၊ ကျုပ်တို့လာခဲ့မယ်ဆိုတာ အသေအချာမှာလျက်သားနဲ့တောင် မြင်းနဲ့သွားနှင့်တယ်"

"ဟုတ်ဘူး ကိုဖေချစ်ရဲ့၊ ကျုပ်က ပြန်ချင် ချက်ချင်းထပြန်မယ့် အကောင်၊ နေချင်လည်း မိုးလင်းအထိ နေချင်နေမယ်"

"ကျုပ်တို့ကသာပြီး ရွာဝေးသေးတာပဲ၊ တကယ်ဆို အတူသွားအတူပြန် ဆိုရင် သာကောင်းတာပေါ့"

"ခင်ဗျားတို့က ဇရပ်ပျက်ကြီး ကြောက်လို့လား"

"မပြောပါနဲ့ဗျာ ဒီအကြောင်းတွေကို၊ ကျုပ်တို့က ပြန်ရဦးမှာဗျ"

"ဟား . . . ဟား . . . ဟား . . . ဒီသရဲခေါင်းပြတ် လူထဲ ထည့်ပြောနေရသေးလား ကိုချစ်ဖေရယ်၊ ကျုပ်တို့ကတော့ ဟောဒါပါရင် သရဲတစ်ကောင် မကဘူး နှစ်ကောင်လာခဲ့"

မောင်သံချောင်းသည် ခါးထဲတွင် ဝှက်၍ထားသော ဓားမြှောင်တစ်လက်ကို ထုတ်၍ပြလေသည်။

ထိုအခါ မောင်အေးမောင်က -



"ရှိတယ်ဆိုတာကော အမှန်ပဲလား ကိုသံချောင်း"

"အမှန်ပေါ့ဗျ၊ မယုံမရှိနဲ့ ရှေးလူကြီးတွေဟာ မဟုတ်ဘဲ မပြောခဲ့ဘူး"

ချစ် ။ "ကျုပ်တော့ ယုံတယ်ဗျာ၊ ကြောက်လည်းကြောက်တယ်"

ချောင်း ။ "ဒီဟာတင် မကသေးဘူး၊ သရဲခြောက်ပြီး နောက်တစ်နေ့ မနက်သွားကြည့်ရင် မြင်းခွာရာတွေတောင် တွေ့ရသတဲ့"

"ဟုတ်မှာပေါ့လေ"

ထိုအခါ သူငယ်တစ်ယောက်ကဝင်၍ -

"ကျွန်တော်တို့တော့ မယုံပါဘူးဗျာ၊ တွေ့လည်း မတွေ့ဖူးပါဘူး"

ချောင်း ။ (ဒေါသထွက်လျက်) "မင်းတို့က မနေ့တစ်နေ့ကမှ လူဖြစ်တဲ့ အကောင်တွေပါကွယ်"

အေး ။ "ဒီသရဲဟာ ဘယ်သူသေလို့ သရဲဖြစ်ပြီး ခြောက်နေတာလဲ မပြောတတ်ဘူး"

ထိုအချိန်ထိ လူငယ်များ ပြောဆိုနေသည်ကို တစ်စုံတစ်တစ်ရာ ဝင်၍ မပြောဘဲ နားထောင်နေသော ဦးရွှေဒုတ်ဆိုသူ အဘိုးကြီးတစ်ယောက်သည် ပန်းကန်ထဲမှ ဆေးပေါ့လိပ်တိုကိုယူ၍ မီးညှိလိုက်ပြီးနောက် -

"သရဲရှိတာ မရှိတာတော့ မပြောတတ်ဘူး၊ နို့ပေမဲ့ - ဒီနေရာမှာ ဟိုအရင်က ခေါင်းပြတ်ပြီး လူတစ်ယောက် သေဖူးတာတော့ အမှန်ပဲမောင်တို့"

"ဒါဖြင့် တစ်ဆိတ်အမိန့်ရှိစမ်းပါ ဘကြီးရယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

ချစ် ။ "မလုပ်ပါနဲ့ ကိုအေးမောင်၊ ကျုပ်တို့ဒီလမ်းကဖြတ်ပြီး ပြန်ရဦးမှာဗျ"

အေး ။ "အို . . . ကိုဖေချစ်လည်း သူ့ရဲဘောနည်းလိုက်တာဗျာ၊ ယောကျ်ား မဟုတ်သလိုပဲ၊ ကြားတော့ ဗဟုသုတဖြစ်တာပေါ့ဗျ"

ချောင်း ။ "ပြောသာပြောပါ ဘကြီး"

သူငယ် ။ "ဟုတ်တယ်ပါတယ်ခင်ဗျာ အမိန့်ရှိပါ"

သို့နှင့်လူငယ်များက တောင်းပန်သဖြင့် ဦးရွှေဒုတ်သည် သရဲခေါင်းပြတ်၏ အတ္ထုပ္ပတ္တိကို ပြောပြလေ၏။

☑



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်လောက်က လက်ခုပ်ပင်ရွာကို အုပ်ချုပ်သော သူကြီး ဦးစံသူ၌ မငွမ်းဖြူဆိုသူ သမီးချောကလေးတစ်ယောက်ရှိရာ မငွမ်းဖြူမှာ အရွယ်ရောက်လာသည့် အချိန်မှစ၍ ကောင်းခြင်းငါးဖြာ ကြွန်အင်္ဂါနှင့် ပြည့်စုံရကား ရွာရှိကာလသားများ၏ အများဆုံး ပိုးပန်းခြင်း ခံရ၏။

ထိုခေတ် ထိုအခါကမူ မြန်မာတို့ တန်ခိုးနိမ့်၍ အင်္ဂလိပ်တို့၏ "ဗျူရိုကရေစီ" စနစ်များသည် မြန်မာနိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံလျက်ရှိရကား ယုတ်စွအဆုံး သူကြီးသမီးများပင် စာရေးစာချီ မြို့အုပ်ဝန်ထောက်များကို ရည်မှန်းသော ခေတ်ကာလဖြစ်လေသည်။ မငွမ်းဖြူမှာ သူကြီးသမီးလည်း ဖြစ်ပြန်၊ ရုပ်ရည်ကလည်း ချောမောပြန် ၊ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံပြန် ဖြစ်ရကား မိမိရွာရှိ ကာလသားများအား အဖက်တန်သည်မထင်။ မြို့သား စာရေးစာချီ မြို့အုပ်ဝန်ထောက်များကို မျှော်မှန်းကာ စိတ်ကြီးဝင်လျက် ရှိလေသည်။

စိတ်ကြီးဝင်မည်ဆိုကလည်း ဝင်လောက်ပေ၏။ နေဝင်ရိုးရီ တိမ်ရောင် တောက်လျက် တိမ်တောင်များ ကွန့်မြူးသည့်အချိန်တွင် အဝါနုရောင် အရိုတ်ထဘီကလေးဖြင့် လှည်းယာဉ်ကလေးစီး၍ သွားသောအခါများ၌မူ ထဘီရောင်မှာ တိမ်ရောင်၌ နှထွက်ဝါဝင်းသောအသားကို ပို၍လှပစေလျက် ရွာခံကာလသားများကို မဆိုထားဘိဦး၊ မြို့ကြီးသားတို့၏ မျက်စိ၌ပင် ကြည့်ရှု၍ မငြီးအောင်လှပပါပေ၏။

ထိုအခါက ပြည်မြို့တွင် မြို့ပိုင်ဦးဘကလေးဆိုသူ မကြာမီက ပြောင်းလာသော မြို့အုပ်တစ်ယောက်ရှိရာ တစ်နေ့သ၌ ဦးဘကလေးသည် လက်ခုပ်ပင် ရွာသူကြီး ဦးစံသူထံ အခွန်တော်ကိစ္စများနှင့် ပတ်သက်၍ ရောက်ခဲ့လေ၏။ ဦးဘကလေးသည် မငွမ်းဖြူ၏ ရုပ်ဆင်းအင်္ဂါလက္ခဏာတို့ကို တစ်ကြိမ် မြင်ရုံမျှနှင့်အကျကြီး "ကျ" ခဲ့လေပြီ။ အလုပ်ဝတ္တရားများကို မင်းတိုင်းကျေမှု ဆောင်ရွက်ကာ မငွမ်းဖြူကို အပိုင်ရယူရန် အားထုတ်လျက် ရှိတော့၏။ နောက်ဆုံး သူ့ရုံးတွင် အလုပ်လုပ်နေသော ကုန်းသလင်းရွာသား စာရေးကြီး တစ်ယောက်၏ဇနီး စာရေးကတော်အား ဦးစံသူနားသို့ ရောက်အောင် နားသွင်းစေ၏၊



ဤနေရာတွင် ကျွန်ုပ်တို့သည် အကျယ်ချဲ့၍ ရေးသားဖော်ပြရန် မလိုအပ်ပေ။ နားဖောက်သော စာရေးကြီးကတော်၏ စကားများသည် ဦးစံသူ၏ နားအတွင်းသို့ ပျားရည်ကဲ့သို့ ဝင်သွား၏။ ဦးစံသူသည် ရှေ့ရေးများကို မြော်တွေးကာ ဒါဘာပွဲတွင် မြို့အုပ်တစ်ယောက်၏ ယောက္ခမအနေဖြင့် မည်ကဲ့သို့ မောက်လိုက်မည်။ မြို့အုပ်၏ ယောက္ခမဖြစ်သဖြင့် အရေးပိုင်မင်းကိုယ်တိုင်ကပင် ငါ့အားအခြား သူကြီးများထက် ပို၍မည်မျှလောက် မျက်နှာသာပေးမည် စသည်တို့ကို စိတ်ကူးမိ၏။

ဦးဘကလေးမှာ မုဆိုးဖိုတစ်ယောက်ဖြစ်၍ အရွယ်အားဖြင့် (၄၂) နှစ်မျှ ရှိပြီဖြစ်သော်လည်း နနယ်ပျိုမျစ်သော ရုပ်အဆင်းရှိ၍ တစ်ခါတစ်ရံ မန္တလေး ပန်းနုရောင်လုံချည်၊ မန္တလေးပိုးအကျီတို့ဖြင့် သားနားသပ်ရပ်စွာ ဝတ်စား ဆင်ယင်လျက်လည်းကောင်း၊ တစ်ခါတစ်ရံလည်း မြင်းစီးဘောင်းဘီရှည်၊ ဝတ်ရုပ်တို့ဖြင့် ဗိုလ်ဂိုက်ဖမ်းကာ မြင်းကိုစီးနင်းလျက်လည်းကောင်း လက်ခုပ် ပင်ရွာကလေးသို့ မငွမ်းဖြူအား ပိုးပန်းရန်ရောက်တတ်၏။ ထိုအခါများ၌မူ အသက် (၃၀) ခန့်မျှပင် ထင်ရ၍ မငွမ်းဖြူနှင့်ဆိုသော် ရှေ့သွားနောက်လိုက် ညီပါပေသည်ဟု ချီးမွမ်းရ၏။ မငွမ်းဖြူကိုယ်တိုင်ကပင် မိမိထက် အသက် (၂၂) နှစ်ကြီးသော ဦးဘကလေးအား အသက်ကြီးသည်ဟူ၍ သဘောမထား ဘဲ၍ ရွယ်တူတန်းတူကဲ့သို့ပင် မှတ်ထင်ခဲ့လေသည်။ မငွမ်းဖြူကိုယ်တိုင် ကပင် ဦးဘကလေးအား လက်ခံလိုက်ပြီဖြစ်ရာ ဤသို့ လက်ခံခြင်းအားဖြင့် မိမိကျောင်းနေစဉ်က ကတိထားခဲ့သူ ကျောင်းနေဖက် သူငယ်ချင်းဖေတင်၏ အပေါ်တွင် သစ္စာဖောက်ခဲ့လေပြီ။

ဦးဘကလေးသည် ပုဆိုးတောင်ရှည် ရင်ဖုံးအကျီ ခေါင်းပေါင်း အုပ်ပေါင်း သည်တို့ဖြင့် လာရောက်လည်ပတ်သောအခါ ခန့်ညားထည်ဝါလှ၏။ ခါကီရုပ်အကျီ၊ ဘောင်းဘီတိုများကို ဝတ်ပြီးလျှင် (၆) လုံးပြူးကို ခါးထိုး လျက် မြင်းစီးလာသောအခါများ၌ကား ပုလိပ်အရာရှိတစ်ဦးကဲ့သို့လည်း ကောင်း၊ စစ်ဗိုလ်တစ်ယောက်ကဲ့သို့လည်းကောင်း ကြောက်ရွံ့ရိုသေလောက် သော ပိုးရုပ်အကျီလက်တို၊ ပိုးလုံချည်တို့ကိုဝတ်ကာ ဆံပင်ကိုသပ်ရပ်စွာ ဖြီးသောအခါများ၌မူ ကောလိပ်ကျောင်းသားတစ်ယောက်ကဲ့သို့ နုပျိုလှ



www.burmeseclassic.com

www.burmeseclassic.com

သေ၏။ ဤအခါကြောင်းများကို တစိမ့်စိမ့်တွေးတောကာ မဂွမ်းဖြူသည် တစ်နေ့ ထက်တစ်နေ့ ဦးဘတလေးဘက်သို့ ပါခဲ့ပြီးလျှင် ငယ်ချစ်ဖေတင်အား သစ္စာ ဖောက်ခဲ့လေပြီ။

သို့သော် ဖေတင်ကား မဂွမ်းဖြူအပေါ်တွင် အချစ်မပျက်ချေ။ သူကတော့ စိတ်ပါလို့ မဟုတ်လှပါဘူး။ ဟိုအဘိုးကြီးကိုက အင်မတန်ရာထူးတို့၊ ဂုဏ်တို့ မော်တာပဲ။ နစ်လုံးပြူး သေနတ်ကလေးရပြီး အထူးအာဏာရတယ်ဆိုရင်ပဲ သူကိုယ်သူ ဘုရင်ခံလောက်အောက်မေ့နေသလား မပြောတတ်ဘူး" စသည် ဖြင့် ဦးစံသူအပေါ်၌သာ အပြစ်တင်မိ၏။ တစ်ခါတစ်ရံ မဂွမ်းဖြူ လာလေ့ရှိသော ရွာအစွန်ရှိရေတွင်းအနီးတွင်ထိုင်ကာ မိမိတို့စပ်ကြားတွင် ဝင်ရောက်စွက်ဖက် လာသော မြို့ပိုင်အကြောင်းကို စဉ်းစားကာ တနုံ့နုံ့ အခဲမကျေဖြစ်မိ၏။ တစ်ခါ တစ်ရံလည်း ရေခပ်လာသော မိန်းကလေးများထံမှ မဂွမ်းဖြူ၏ သတင်းကို မေးကာ စိတ်ကိုဖျော်ဖြေရရှာ၏။

နေ့ရက်များသည် တရွေ့ရွေ့ကုန်လွန်၍လာခဲ့ရာ နောက်ဆုံး၌ မြို့ပိုင် ဦးဘတလေးနှင့် မဂွမ်းဖြူတို့ သတင်းကျွတ်လျှင်ကျွတ်ချင်း မင်္ဂလာဆောင် နင်းတော့မည်ဟူသောသတင်းသည် ရွာထဲတွင်ပေါက်ကွဲ၍ သွားလေ၏။ ကုန်းသလင်းမှ အောင်သွယ်စာရေးကြီးကတော်သည်လည်း ဦးစံသူအိမ်သို့ နေ့စဉ်လိုပင် ဝင်ထွက်ကာ မင်္ဂလာပွဲအတွက် ပြင်ဆင်ရန်ရှိသည်ကို ပြင်ဆင် လျက်ရှိရာ မဂွမ်းဖြူသည်လည်း အိမ်ထဲမှ အိမ်ပြင်သို့ မထွက်တော့ချေ။

ဖေတင်သည် ညနေစောင်း ရေခပ်ချိန်များတွင် မဂွမ်းဖြူခပ်နေကျ ရေတွင်းအနီး၌ တွေဝေရပ်ဆိုင်းလျက်ရှိစဉ် အချို့သော မိန်းကလေးများသည် ဖေတင်အနီးသို့ လာရောက်ကာ -

"ဖေဟ့ - ဟေ့ - လူကြီးရှက်ပါတယ်။ ကိုဖေတင်ကြီး ကျန်ရစ်ဖြစ်ပြီဟေ့" ဟု ပြောဆိုနောက်ပြောင်ကြလေ၏။ ထိုအခါ ဖေတင်က "ဟယ် - ဒီကောင် မလေးတွေကလည်း ဂွမ်းဖြူလက်ထပ်မှာ ငါနဲ့ဘာဆိုင်လို့လဲ။ သူမင်းကတော် ဖြစ်ရင် တို့ဝမ်းသာဖို့ပဲ မဟုတ်လား" ဟု ဣန္ဒြေဆည်၍ ပြောလိုက်သော် လည်းထိုအပြောများမှာ မချိသွားဖြဲ အပြောမျိုးသာဖြစ်လေသည်။

ဖေတင်သည် မြို့ပိုင်ဦးဘတလေး ရှေးဦးစွာ လာရောက်စဉ်ကပင် ဤအကြောင်းကို တင်ကြိုရိပ်မိ၏။ သို့ဖြစ်၍ တစ်နေ့သော ညနေခင်း၌



ရေတွင်းမှ မဂွမ်းဖြူအလာကို စောင့်ဆိုင်းပြီးလျှင် မိမိအပေါ်တွင် ငယ်စဉ်က ထားခဲ့သောကတိကို မည်သို့သဘောထားပါသနည်းဟု မေးမြန်းသောအခါ မဂွမ်းဖြူက "စိတ်ချပါ ကိုဖေတင်ရယ်၊ ကျွန်မက စိတ်ထဲကပါလို့ မဟုတ် ပါဘူး။ ဒီအဖေကြီးက မျက်နှာသာပေးလွန်းလို့ အထိုက်အလိုက်လက်ခံပြီး စကားပြောရတာပါ။ ကိုဖေတင်အပေါ် ဘယ်တော့မျှ မျက်နှာမဖျက်ပါဘူး။ အဖြူပြောတာ စိတ်ချပါ" ဟု ပြန်လှန်ပြောဆိုခြင်းဖြင့်သာ ဖေတင်ကို နှစ်သိမ့်စေ၏။ သို့သော် မိန်းမတို့မည်သည် အပူငွေ့အားဖြင့် နီးနီးကပ်ကပ် နှုန်းပ်သောအခါ အရည်ပျော်အပ်သော ဖယောင်းကဲ့သို့ ဦးဘတလေးနှင့် နီးစပ်တွေ့ဆုံဖန်များလတ်သော် တောသားဖေတင်အား တဖြည်းဖြည်း ငယ်ရှားကာ ရှားထူးလက်ရှိဘက်သို့ တရွေ့ရွေ့ပါခဲ့ရှာလေပြီ။

ဖေတင်မှာ ထိုအချိန်မှစ၍ မဂွမ်းဖြူအား တွေ့ဆုံခွင့်မရတော့ဘဲ ရှိရကား မဂွမ်းဖြူ ရေခပ်သွားနေကျ ရေတွင်းအနီး၌သာ တဝဲလည်လည် သွားရောက် ကာ အချိန်ကို ကုန်လွန်စေ၏။

☑

ဖေတင်ကား ဆင်းရဲရှာ၏။ ဆွေမျိုးဉာတိဟူ၍လည်း များစွာမရှိချေ။ သို့သော် ဖေတင်အားကိုးသော မိတ်ဆွေရှိ၏။ ထိုမိတ်ဆွေကား အခြားမဟုတ်၊ အိမ်ရှာခေါင်းရင်းတွင် ထိုး၍ထားသော သူ၏ဓားကြီးဖောင်ဓားကြီးဖြစ်လေ သည်။ ဖေတင်ကား သီတင်းကျွတ်ခါနီးလေလေ ဓားကြီးကို သွေးလေလေ ဖြစ်၏။

သီတင်းကျွတ်လဆန်း၍ လာခဲ့ပြီးနောက် လပြည့်ရန် (၃၊ ၄) ရက်မျှသာ လိုသော နေ့တစ်နေ့၌ မြို့ပိုင်ဦးဘတလေးသည် အညိုရောင်ဘန်ကောက် ချည်၊ အယ်လ်ပတ်ကား အကျီကိုဝတ်ကာ မြင်းနက်ကြီးကို စီးလျက် ထိန်ပင်ရွာသို့ ရောက်လာခဲ့၏။ ဦးဘတလေးမှာ နေဝင်သည့်တိုင်အောင် ပြန်သေးဘဲ မဂွမ်းဖြူနှင့် စကားလက်ဆုံကျလျက်ရှိ၏။ ဦးဘတလေးက ထိုလက်ထပ်မည့်အရေးမှာ ရက်ပိုင်းလောက်သာ ကျန်တော့ကြောင်း၊ လက်ထပ်ပြီးနောက် အခွင့် (၃) လယူပြီးလျှင် ရန်ကုန် - မော်လမြိုင်မြို့များသို့

www.burmeseclassic.com

"အပျော်" ထွက်ကြမည့်အကြောင်းပြောဆိုကာ သတို့သားနှင့် သတို့သမီးလောင်းတို့မှာ မိမိတို့နောင်ရေးကို မျှော်တွေးစိတ်ကူးလျက် ရှိကြကုန်၏။

နေဝင်ခဲ့ပြီးနောက် အတန်ကြာလတ်သော် မြို့အုပ်ဦးဘကလေးသည် ခါးတွင်ချိတ်၍ထားသော (၆)လုံးပြူးသေနတ်ကို လက်ဖြင့်စမ်းသပ်ကြည့်ကာ မလွမ်းဖြူကိုနှုတ်ဆက်၍ မြင်းပေါ်သို့ တက်လေ၏။ ထို့နောက် ရွာမှထွက်ခဲ့ပြီးလျှင် တောင်ဘက်သို့ နှင်လေ၏။ "ကင်းချောင်းတံတားကလေး" ကို ကူးခဲ့ပြီးနောက် ဖိုးခေါင်ရွာ သုသာန်ရှေ့သို့ ရောက်သောအခါ ထိုနေရာ၌ ကုက္ကိုပင်များအုပ်ဆိုင်းကာ အတန်ငယ်မှောင်၍နေသဖြင့် ဦးဘကလေးသည် မြန်းခနဲကြက်သီးထပြီးလျှင် မြင်းကို ခပ်ဆတ်ဆတ်ကလေး နှင်စပြုလေ၏။ သို့သော် ဝါး (၂)ရိုက်ခန့်မျှ နှင်မိသော် လမ်းမှာ ကျောက်ခဲများအသစ်လောင်းကာ ပြင်၍ထားသဖြင့် အနောက်ဘက်မှ ကျဉ်းမြောင်းစွာကပ်၍ သွားရ၏။

အကျဉ်းဆုံးသောနေရာမှ ချုံတစ်ခုကိုကပ်၍သွားရသဖြင့် ထိုခဏ၌ ချုံကွယ်တစ်ခုမှ လူတစ်ယောက်သည် ရိုင်းခနဲပေါ်ပေါက်လာပြီးနောက် မြင်းစီးသမား၏ဦးခေါင်းရှိရာသို့ ပြောင်လက်သောအရာတစ်ခုကို လျင်မြန်စွာ ဝှေ့ယမ်းလိုက်လေရာ မြင်းစီးသမား၏ဦးခေါင်းမှာ အုန်းသီးကိုအခိုင်မှ ချလိုက်ဘိသကဲ့သို့ လမ်းပေါ်သို့ လွင့်စဉ်ကျသွားပြီးလျှင် လိမ့်၍သွားလေ၏။

ထိုည၌ပင် မြို့အုပ်ဦးဘကလေး သေဆုံးကြောင်း ပြည်မြို့ပေါ်၌ ပျံ့နှံ့သွား၏။ ဖေတင်၏ သတင်းကိုလည်း နောက်ထပ်မကြားရတော့ချေ။ ဖေတင်သည် ရွာမှ ပျောက်ကွယ်သွားလေတော့၏။

ဖြစ်ပွားသောနေရာမှာ ထိုဇရပ်ပျက်ကြီးရှေ့၌ဖြစ်၍ ထိုအခါမှစ၍ ဦးခေါင်းမပါသော လူတစ်ယောက်သည် မြင်းနက်ကြီးတစ်စီးကို စီးပြီးလျှင် မိမိခေါင်းပြတ်ကြီးကို လက်ဖြင့်ပိုက်ကာ ညဥ့်သန်းခေါင်ယံအချိန်များတွင် ထိုနေရာသို့ဖြတ်သန်းသွားလာသောလူများအားခေါင်းပြတ်ကြီးဖြင့် လိုက်လံပေါက်တတ်ကြောင်း၊ ထိုမှန်သောသူများမှာ စကားမေးမရတော့ဘဲနေရာ၌ပင် ပွဲချင်းပြီးသေတတ်ကြောင်း၊ နံနက်လင်းသောအခါ၌ မြင်းခွာရာများကိုပင် တွေ့ရတတ်ကြောင်းဖြင့် အဘိုးကြီးသည် သရဲခေါင်းပြတ်၏ အဌ္ဌုပ္ပတ္တိကို အဆုံးသတ်လေ၏။

☑



ပုံပြင်နားထောင်နေသော မောင်ဖေချစ်၊ မောင်အေးမောင်နှင့် အခြားသူငယ်နှစ်ယောက်တို့သည် အပြီးသတ်၍ မိမိတို့အနီးတွင်ရှိသော ဦးသာထူး၏ အလောင်းကိုပင် ထိတ်လန့်သော အမူအရာဖြင့်ကြည့်ကာ ကြက်သီးများ ထမိကြ၏။

ထိုအချိန်၌ကား မောင်သံချောင်းမှာ အသုဘအိမ်၌ မရှိတော့ချေ။ သစ်ပင်အောက်ရှိ ငုတ်တိုတွင် ချည်နှောင်ထားသော သူ၏ မြင်းလည်း မရှိတော့သဖြင့် အဘိုးကြီးပြော၍မဆုံးမီပင် အလစ်၌ထွက်၍သွားဟန်ရှိ၏။

ထို့နောက် ၁၁နာရီခွဲပြီဖြစ်၍ မောင်ဖေချစ်နှင့် မောင်အေးမောင်တို့သည် အိမ်သားများအား နှုတ်ဆက်လျက်ရှိလေရာ မစိန်တင်သည် နောက်ဖေးခန်းမှ ထွက်လာခဲ့ပြီးနောက် "ဪ - ကိုဖေချစ်တို့ ပြန်ကြတော့မလို့လား"

"ဟုတ်တယ် - မစိန်တင် ပြန်တော့မယ်၊ အတော်ညဥ့်နက်သွားပြီဗျ"

"ဒီမှာပဲ အိပ်ကြပါတော့လားရှင်၊ စောင်တွေခေါင်းအုံးတွေ အဆင်သင့်ပဲ"

"အိပ်လို့မဖြစ်ပါဘူး မစိန်တင်၊ အိမ်ကအမေကြီးက ကောင်းကောင်းနေကောင်းတာမဟုတ်ဘူး။ ပြီးတော့ အိမ်ကိုလည်း ဘာမှမပြောခဲ့ရတော့ စိတ်ချရမှာမဟုတ်ဘူး"

"ဒါဖြင့် ကိုအေးမောင်ကြီး မပြန်နဲ့"

(မောင်ဖေချစ်ကို မေးငေါ့လျက်) "ဒီလူတစ်ယောက်တည်း မပြန်ဝံ့ပါဘူး၊ နောက်ပြီး နက်ဖြန်မနက်လည်း ကျွန်တော် တောတက်စရာရှိပါသေးတယ်"

"တိုင်း - ရှင်၊ ပြောလို့မရရင်လည်း ပြန်ကြပါတော့"

သို့နှင့် မောင်ဖေချစ်နှင့် မောင်အေးမောင်တို့သည် မစိန်တင်အား နှုတ်ဆက်ပြီးလျှင် အသုဘအိမ်မှ ထွက်ခဲ့ကြလေ၏။

☑



www.burmeseclassic.com

www.burmeseclassic.com

ခပ်သုတ်သုတ်လျှောက်ခဲ့ကြရာ ရွာတံခါးသို့ ရောက်လာကြ၍ ရွာတွင်း ရှုပြီးမကျန် လွန်စွာတိတ်ဆိတ်လျက်ရှိသည်ကို တွေ့ရ၏။ ရွာအစွန်းဆီမှ ထင်းခါထစ်ရုံ ခွေးဟောင်သံကြားရပြီးနောက် ရွာမှထွက်လာသောအခါ ပို၍ပင် တိတ်ဆိတ်လျက်ရှိပြန်၏။ မောင်အေးမောင်သည် ရှေ့မှ လေရှူန်သွားသဖြင့် မောင်ဖေချစ်သည် နောက်မှ တစ်စုံတစ်ရာ တီးတိုးရေရွတ်၍ လိုက်၏။

မကြာမီ သချိုင်းနှင့် နီးကပ်လာလေရာ ဇရပ်ပျက်ကြီးကိုသာ စိတ်ထဲက အမှတ်ရလျက် နှစ်ယောက်စလုံးပင် ခြေလှမ်းများတုံ့လျက် ရှိကြကုန်၏။ မြောက်ဘက်မှ တိုက်ခတ်လျက်ရှိသော ဆောင်းဦးလေသည် ခရီးသည် နှစ်ယောက်တို့၏ ကိုယ်တွင်းသို့ ရိုးတွင်းခြင်ဆီတိုင်အောင် ထိုးဖောက်ဝင်ရောက်သွားသကဲ့သို့ မှတ်ထင်ရ၏။ သို့သော် နှစ်ဦးစလုံးပင် တစ်ယောက်နှင့်တစ်ယောက် နှုတ်ဖြင့် ဖွင့်လှစ်မပြောကြချေ။

(အသံတုန်တုန်ဖြင့်) "သိပ်ချမ်းတာပဲနော် ကိုအေးမောင်"

"ဆောင်းလေပဲဗျ၊ ကွင်းပြင်ကြီးဖြတ်တိုက်လာတာ မချမ်းဘဲနေပါ့မလား။ နာရီကြည့်စမ်း၊ ကိုဖေချစ် ခင်ဗျားနာရီ ဘယ်နှစ်နာရီထိုးပြီလဲ"

"(၁၂)နာရီ တိတိရှိပြီဗျို့"

"ဟင် ဟုတ်လား"

မောင်အေးမောင်သည် ကြက်သီးများ ဖြန်းခနဲ ထ၍သွားလေရာ မောင်ဖေချစ်မှမူ ကျောရိုးတစ်လျှောက်တွင် စိမ့်ခနဲဖြစ်၍သွားမိ၏။ ထိုအချိန်၌ကားသူတို့သည် ဇရပ်ပျက်ကြီး ရှေ့တည့်တည့်သို့ ရောက်ကြပြီဖြစ်၍ နှစ်ယောက်စလုံးပင် မသိမသာ မျက်စောင်းထိုး၍ ကြည့်မိ၏။ သို့သော် ထူးထူးခြားခြား တစ်စုံတစ်ရာ မမြင်ရချေ။

ထိုနေ့သည်ကား လပြည့်ကျော် လေးရက်နေ့ညဖြစ်သဖြင့် မှုန်ရီမှုန်မွှားသာလျက်ရှိသော လရောင်သည် ကုက္ကိုပင်အကိုင်းအခက်များကြားမှ ဖရိုဖရဲရှိနေသော ဇရပ်ကြီး၏ သွပ်ချပ်များပေါ်၌ကား မှောင်လျက်ပင်ရှိ၏။ သူငယ်ချင်းနှစ်ယောက်သည် ခပ်သုတ်သုတ်လျှောက်၍ သွားကြပြန်၏။



ပါးတစ်ရိုက်ခန့်ကျော်လွန်၍ သချိုင်းအလယ်ပေါက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် နောက်မှခြေသံလိုလိုကြားသဖြင့် နှစ်ယောက်စလုံးပင် ပြိုင်တူလှည့်၍ကြည့်လိုက်မိ၏။ ဇရပ်နီးတွင်မူ ဖုန်များတထောင်းထောင်းထလျက် ထိုဖုန်လုံးကြီးထဲမှ မြင်းနက်ကြီးတစ်ကောင် ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် မြင်းပေါ်မှ ဦးခေါင်းကို ထင်ရှားစွာမမြင်ရသော လူတစ်ယောက်၏ အရှာန်သည် လက်ထဲတွင် တစ်စုံတစ်ခုကိုပိုက်ကာ သူတို့ရှိရာသို့ ရှေးရှုလာလျက် ရှိသည်ကို ထူးဆန်းစွာ မြင်ရလေ၏။

"ဟေး...ဟေး...ဟေး...ကို...အေး...မောင်...ကို...ကို..."

"ဘာလဲ ကိုဖေချစ်...ကိုဖေ..."

မောင်ဖေချစ်နှင့် မောင်အေးမောင်တို့၏ ကြောက်ရွံ့ခြင်းကိုမူကား အဖြင့်ရေးသားဖော်ပြန်ရန် မလိုတော့ပေ။

နှစ်ယောက်စလုံးပင် အသံဗီအောင်မျှ မအော်နိုင်ဘဲ ချောင်းကူးတံတားကလေးဆီသို့ ခြေကုန်သုတ်၍ပြေးကြလေ၏။ မောင်အေးမောင်မှာ ကျန်းမာသန်စွမ်းသည့်ပြင် အရပ်မြင့်၍ အတော်တောင့်တင်းသူတစ်ယောက်လည်းဖြစ်သဖြင့် ချောင်းကူးတံတားကလေးကို လျင်မြန်စွာဖြတ်၍ ပြေးလေ၏။ မောင်ဖေချစ်ကား ပါးစပ်မှဟူးဝါးအော်ကာ နောက်အတော် ခပ်လှမ်းလှမ်းမှ လိုက်ပါလာလေသည်။

တံတားကလေးကို ကျော်မိသောအခါ မောင်အေးမောင်သည် နောက်သို့တစ်ကြိမ်ပြန်၍ လှည့်ကြည့်လိုက်မိရာ ချောင်းကူးတံတားကလေး၏တောင်ဘက် လမ်းနံဘေးရှိ အုန်းပင်တစ်ပင်အောက်တွင် ခလုတ်တိုက်၍ လဲကျသွားသော မောင်ဖေချစ်ကိုလည်းကောင်း၊ သူ့အနီးမှ ကုက္ကိုပင်ရိပ်များဆီသို့ ရိပ်ခနဲပျောက်၍သွားသော သရဲခေါင်းပြတ်ကိုလည်းကောင်း နောက်ဆုံးမြင်လိုက်ရသေး၏။ သို့နှင့် မောင်အေးမောင်သည် နောက်ထပ်မကြည့်ဝံ့တော့ဘဲ ရွာဆီသို့သာ ပါးစပ်မှ ဟစ်အော်ရင်း ပြေးသွားလေသည်။

www.burmeseclassic.com

ရွာသို့ မောင်အေးမောင်ရောက်သောအခါ မှုးမေ့၍သွားသဖြင့် အတန်ကြာနာနပ်ယူမှ သတိရလာ၏။ အကျိုးအကြောင်းသိကြရသောအခါ ဆယ်အိမ်ခေါင်းအရပ်လူကြီးနှင့်တကွ ရွာသားများပါ မီးတုတ်များ ဖြင့် လိုက်လာကြ၏။ မောင်အေးမောင်ပြောသည့်အတိုင်း "ကင်းချောင်း" ကို ဖြတ်၍ထားသော ချောင်းကူးတံတားကလေးကိုလွန်သောအခါ လမ်း၏ အနောက်ဘက်ရှိ အုန်းပင်အောက်တွင် အလျားမှောက်လဲ၍နေသော မောင်ဖေချစ်ကို တွေ့ကြရလေ၏။ ဝိုင်းဝန်းထူမ၍ ကြည့်ကြသောအခါ မောင်ဖေချစ်မှာ အသက်မရှိတော့ချေ။ ထူးဆန်းသော အချက်တစ်ခု မှာ အလောင်းအနီး၌ အုန်းသီးတစ်လုံးတွေ့ရသည့်ပြင် ဦးခေါင်း၌လည်း ဦးနောက်အထိ နစ်မြုပ်သွားသည့် ဒဏ်ရာကြီးတစ်ခု တွေ့ရခြင်းဖြစ်လေ သည်။ ထို့နောက် မောင်ဖေချစ်၏ အလောင်းကို ရွာသို့ယူခဲ့ကြလေ၏။

မောင်ဖေချစ်သေဆုံးသွားသည့်အခါမှစ၍ "သရဲခေါင်းပြတ်" အကြောင်း ကိုရွာသားများပို၍ယုံကြည်ကြပြီးလျှင် မောင်ဖေချစ်သေဆုံးရသည်မှာလည်း သရဲ၏ လက်ချက်ဟု တစ္ဆေသရဲယုံကြည်သူများက ယုံကြည်ကြ၏။

သို့သော် အတော်အတန် ဗဟုသုတနှင့် ပြည့်စုံ၍ ရေှ့နောက်ဆင်ခြင် တိုင်းထွာတတ်သော "ဖိုးသာကူး" ဆိုသူ အဘိုးကြီးကမူ "မင်းတို့ဥစ္စာ - သရဲ လက်ချက်မှဟုတ်ပါလေရဲ့လားကွယ်" ဟု စကားကို မတင်မကျ ပြောလိုက် ၏။

နောက်တစ်လခန့်ကြာလတ်သော် မောင်သံချောင်းသည် စစ်မှုထမ်းရန် လျှောက်ထားပြီးလျှင် စစ်တပ်ထဲသို့ လိုက်ပါသွားလေရာ မစိန်တင်မှာ မည်သူ့ကိုမျှ အားကိုးရန် မရှိတော့ဘဲ ပွဲစားမောင်အေးမောင်နှင့် လက်ထပ် လိုက်လေသတည်း။ စာဖတ်သူများသည် တစ္ဆေသရဲယုံကြည်သော ရွာသားများနှင့်ပင် သဘောချင်းကိုက်ညီလေသလော၊ သို့မဟုတ် ဖိုးသာကူး ပြောသည့်မတင်မကျ စကားကိုပင် အမျိုးမျိုးအဖုံဖုံ တွေးတောလိုကြသေး သလော။

→ ဒဂုန်ရွှေမျှား



www.burmeseclassic.com

www.burmeseclassic.com

# လမ်းပြစေတီ ဆူပုန်ရည်

— မင်း ရဲ ကျော်

၁၉၆၅ – ခုနှစ်၊ မေလ (၄) ရက်နေ့သည် ကျွန်တော်၏ မွေးနေ့မွေးလဖြစ်၍ ကျွန်တော် စစ်ကြောင်းလည်း မထွက်ချင်၊ တိုက်ကင်းလှည့်ကင်းလည်း မထွက်လို၊ တောပစ်ပင် မထွက်ချင်သော ကျွန်တော် ဆုတောင်းလုံးဝ မပြည့်ပါ။ ကျွန်တော့် ချစ်ဦးသူ "ယု" နှင့် ကိမ်းဖာတောင် ဘုရားသွားရန် နှုတ်ကတိပြုခဲ့သော်လည်း မမျှော်လင့်ဘဲ မန်ပါတောင်ကုန်းစခန်းသို့ တာဝန်ထမ်းဆောင်ရန် မေလ (၁) ရက်နေ့ စစ်ကြောင်းကြီးဖြင့် စခန်းတိုင်တာဝန် ထမ်းဆောင်ဖို့ ရောက်ရှိခဲ့ရခြင်းဖြစ်ပါသည်။

ချစ်ရသူ "ယု" ကိုလည်း လွမ်းသည်၊ ရည်မှန်းချက်လည်း ပျက်ရပြီ၊ တပ်မတော်သားတစ်ယောက်၏ အထက်မှ ပေးအပ်သော အမိန့်နှင့်တာဝန်ကိုတော့ ကျေပွန်စွာ ထမ်းဆောင်ရမည်မှလွဲ၍ ကျွန်တော် ဘာမျှမတတ်နိုင်၊ "အထက်မှ ပေးအပ်သောအမိန့်နှင့် တာဝန်ကိုကျေပြွန်စွာ ထမ်းဆောင်ပါမည်" ဆိုသော သစ္စာလေးချက်မှ အချက်တစ်ချက်။

ဗန်းမော်မြို့နှင့် (၁၄) မိုင်ကွာသော မြေပြန့်ဆိုသော်လည်း ရှမ်းအခေါ် မန်တုံတောင်တန်း၊ ကချင်တိုင်းရင်းသားတွေအခေါ် "အင်ဘာတောင်တန်းကြီး" ၏ တောင်ခြေ၊ မန်ပါရွာသို့ ရောက်ရှိနေစဉ် စခန်းမှူးတပ်ကြပ်ကြီး ဒီအိ (ကယားတိုင်းရင်းသားလူမျိုးကြီး) ခေါ်၍ သူ၏ အိပ်ဆောင်ကင်းတဲလေးသို့ ရောက်တော့ မိုးကျော်အောင်နှင့် တင်မြတ်တို့ ရောက်နှင့်နေကြ၏။

"ကျော်မင်း – ထိုင်"

"ဟုတ်ကဲ့ – ဆရာကြီး"

"နင်တို့သုံးယောက် တောပစ်ထွက်ရမယ်"

"ဗျာ"

"ဒီစခန်းနဲ့ ရွာအောက်ချိုင့်က ကညင်မြောင်လျှိုကြီးမှာ တောပစ်"

"ဘယ်တော့လဲ ဆရာကြီး"

"အခုပေါ့ – ဆတ်ပစ်ရမယ်၊ ဆတ်မတွေ့ရင် ချေရအောင်ရှာ၊ မိုးလင်းရင် နောက်တန်းအမြန်ပို့ရမယ် ဒါပဲ"

ကျွန်တော် သဘောပေါက်လိုက်ပါပြီ၊ တစ်ခါက ဆရာကြီးဒီအိ စခန်းတစ်ခုတွင်ရှိစဉ် နောက်တန်းမှ ဆတ်ပစ်နိုင်းတာလေ၊ ဆရာကြီးဒီအိ ဆတ်ပစ်ထွက်ရ၏၊ ဆတ်မရသည့်အဆုံး သူ့တပည့် လှအောင်၏အကြံအတိုင်း ကျွဲပေါက်ကလေးတစ်ကောင်ဝယ်ကာ ပေါင်နှစ်ချောင်း၊ မီးကင်ပြီး ဆတ်သားအဖြစ် ပေးပို့ခဲ့ရ၏၊ ဆတ်သားသည် ချို၏၊ အမျှင်အနည်းငယ်ကြီး၏၊ အသားမာသည်ကို အကြောင်းပြုကာ ပို့လိုက်ရဖူး၏၊

"အေး – ဝက်လိုမဖြစ်အောင် လုပ်ကြ၊ ငါကိုယ်တိုင် သားကောင်ကြည့်မယ်၊ ပါလုပ်လိုက်ပြီး စိတ်မကောင်း၊ ငါ မရှိဘူး၊ ဒါပေတဲ့ – လွန်ခဲ့ပြီ"

"ဟုတ်ကဲ့ပါ – ဆရာကြီး၊ ကျွန်တော် လမ်းပြစိုင်းလုံနဲ့ ပေါလုတို့ ခေါ်သွားချင်တယ်"

"ခေါ်သွား – ကချင်စုက မရမ်နော်တို့၊ မာလတို့က မုဆိုးတွေ သူတို့ပါသွား၊ ဂရုစိုက်၊ ရန်သူမရှိ၊ ဟို – ဘိန်းသယ်အဖွဲ့တော့ တစ်ခါတစ်ခါ ကညင်ချောင်တာ ဖြတ်တယ်၊ တွေ့ရင် ပစ်ဖမ်း၊ ဒါပဲ – ဘာမေးမလဲ"

"မေးစရာ မရှိပါဘူး ဆရာကြီး"

"အေး – ဆက်လုပ်"

www.burmeseclassic.com

မုဆိုး ကျွန်တော် မပျော်နိုင်ပါ။ တင်မြတ်နှင့် မိုးကျော်အောင်မှာတော့ မုဆိုးလတ်သင်ဖြစ်ပြီး ယခုလိုတာဝန်နှင့်ခိုင်းတော့ အလွန်ဝမ်းသာနေကြ၏။ သူတို့နှစ်ယောက် မှီရသောမျက်နှာဖြစ်နေသလို ကျွန်တော့်မှာတော့ သောက ဝေဒနာလို့ ပြောရမည်လား၊ မွေးနေ့မွေးလဆိုပါက ကျွန်တော်တို့လူသားတွေ အမြတ်တနိုး ဘုရားသွား၊ ဒါနပြု လှူဒါန်းကြ၊ ချစ်သူနှင့်အတူ ကြည်နူးစရာ မင်္ဂလာရှိသော နေ့ထူးနေ့မြတ် မဟုတ်ပါလား။

"ဆရာကျော် - နေလို့မကောင်းဘူးလား"

"ကောင်းပါတယ်ကွ"

"အင်း - မယ့ကို လွမ်းနေပြီလား"

"ဟင်း - ဟင်း - လွမ်းတယ်တော့ မဟုတ်ပါဘူး - တင်မြတ်ရယ်၊ သတိ တော့ရတာပေါ့။ အေးလေ - တို့ ခရီးထွက်ဖို့ ပြင်တာပေါ့ကွာ"

"ဟုတ်ကဲ့ - ကျွန်တော် ထမင်း မနက်၊ ညစာ ဟန်းကောတွေနဲ့ သွား ထည့်လိုက်ဦးမယ် - ဆရာကျော်"

"အေး - မိုးကျော်၊ ငါးသေတ္တာဘူးနဲ့ ငါးပိကြော်ပဲ ယူနဲ့"

"ဟုတ်ကဲ့"

မိုးကျော်အောင်သည် ဟန်းကောသုံးလုံးယူကာ မီးဖိုချောင်ဘက် ထွက် သွားသလို ကျွန်တော်နှင့်တင်မြတ် ကင်းတဲလေးဘက် လျှောက်သွားရင်းမှ တင်မြတ် သတိပေးရ၏။

"ဆရာကျော် - စိုင်းလုံးနဲ့ ပေါလုတို့နှစ်ယောက် အခင်းထဲသွားကြပြီ၊ ကျွန်တော့်တောင် နှုတ်ဆက်သွားတယ်"

"အေး - ဒါဆိုလည်း ကချင်စုက ကိုမရမ်နော်ကြီးနဲ့ မာလတို့ပဲ ခေါ်သွား တာပေါ့"

ကျွန်တော်တို့သုံးယောက် စခန်းမှ ထွက်ခဲ့သည်။ ကချင်စု ရောက်တော့ ကိုမရမ်နော်နှင့် မာလတို့အား ခေါ်ယူရင်း တောပစ်ထွက်ခဲ့သည်။

"ဆရာ ကမ္မာ - ဘယ်တောသွားမှာပ"

"အင်း - ကညင်မြောင်လျှိုကြီးဘက်သွားမယ်ဗျာ။ အဲဒီမှာ ဆတ်ဖေါ် တယ် ကြားလို့"



"ပေါ်တာပ၊ ဒါပေမဲ့ - အဲဒီတောကဟို - ဘယ်လိုပြောမလဲပ၊ နတ်ဆိုးပေါ် တာပ"

"ဗျာ"

"ဆရာကမ္မာကို ဟို ရှမ်းပုတ်စိုင်းလုံးပြောဘူးမှာပနော့"

"ဪ - ဟုတ်ကဲ့၊ ပြောဖူးပါတယ်။ ကညင်မြောင်လျှိုကြီးထဲမှာ တော ပစ်ရင် တောကြမ်းတယ်ဆိုတာ ပြောဖူးပါတယ်"

"ရော် - မဟုတ်၊ တောကြမ်းတာ ကျွန်တော်တို့ မုဆိုးအတွက် မဆန်းပ။ ခက်တာက တောကနက်တာပ၊ လျှိုမြောင်ကြီးအတွင်း မကြာခဏ လမ်း ပျောက်တတ်တာပ။ ဒါ့ကြောင့် နတ်ဆိုးကို သားကောင်ရဲ့ဦးခေါင်းဖြတ်ပြီး ကျွေးရတာပ"

"အဲဒီလိုကျွေးရင် လမ်းပြန်တွေ့ရောလား ကိုမရမ်နော်"

"တွေ့တာပ၊ ဒါပေမဲ့ - ခက်တာပအေး။ နတ်ဆိုးတွေက များတာပ၊ တော ပစ်ကျွေးရာလို ကြမ်းတာပ။ ဒါ့ကြောင့် - ကျွန်တော်နဲ့ မာလ၊ အဲဒီတောမဝင်၊ လျှိုထဲမဆင်း၊ သားကောင်ပစ်ပြီး သူတို့မကျွေးနိုင်ပနော့"

"အင်း - ဟုတ်တာပေါ့။ မုဆိုးအတွက်လည်း နတ်ဆိုးတွေ ပြန်ကြည့် သင့်တာပနော့"

မုဆိုးမာလကပင် ထပ်မံဖြည့်စွက် ပြောကြား၏။ ကျွန်တော်ကြားသိထား သည်နှင့် တခြားစီတော့ဖြစ်နေ၏၊ တစ်ခုတော့ ရှိသည်။ ထို ၁၉၆၅ - ခုနှစ် ကာလဒေသခံ ကချင်တိုင်းရင်းသားများသည် နတ်ကိုးကွယ်သူတွေ အတော် များကြ၏၊ တောကြမ်းလျှင် နတ်ဆိုးသည်ဟုလည်း ပြောကြသည်။

"အင်း - သတိထားရမှာပေါ့၊ ကိုမရမ်နော်နဲ့ ကိုမာလရေ"

"ကိုမာလ ကျွန်တော်တို့ဒီတောကို သုံးလေးခေါက် နေ့ညဉ့်ပါ စစ်ကြောင်း လှည့်ခဲ့လို့ လမ်းပျောက်စရာ မရှိပါဘူးဗျ"

"ဟုတ်တယ် - ကိုမရမ်နော်၊ တင်မြတ်ပြောသလို ကျွန်တော်တို့အတွက် ထပ်မခက်ပါဘူး။ အရေးကြီးတာကတော့ ဆတ်ပစ်ဖို့ပဲဗျ"

မိုးကျော်အောင်ကပင် ထပ်မံပြောလာသည်၊ သူ ပြောသည်မှာ မှန်ပေ၏ မိုးကျော်အောင်သည် သူ၏ခါးမှာ ချိတ်ဆွဲထားသော လုံးစွပ်ဖြင့် ခုတ်လမ်း

www.burmeseclassic.com

လုံး အညွန့်ဖြတ်ခြင်း၊ အပင်ကြီးတွေ ခုတ်ထစ်မှတ်သားခြင်းတွေ လုပ်ခဲ့သူမို့ ပြောခဲ့ခြင်းလည်း ဖြစ်သည်။

ကျွန်တော်တို့ ငါးယောက် ကညင်မြောင်ကြီး လျှိုကြီးအတွင်းသို့ စတင် ဆင်းခဲ့ပါပြီ။ ရာသီဥတုက ဆောင်းအလယ်မို့ အေးနေသလို လျှိုကြီး၏ စိမ့်စမ်း တွေနှင့်အတူ မြေသားများ၊ ကျောက်တောင်များသည်လည်း စိမ့်နေအောင် အေး၏။ တင်မြတ် ဆက်လက်တောတိုးနေသလို သူ့အပါးမှ မာလသည် လည်း ထက်ကြိတ်ဓားကွာ လိုက်နေသော်လည်း ဓားကိုဖြင့် နစ်သက်ပုံမပေါ်၊ စိတ်မပါတပါ၊ ကိုမရမ်နော်မှာကား လုပ်ရဲကိုင်ရဲ သတ္တိခဲ၊ မလုပ်ဘူးဆိုရင် ဘူးတစ်လုံးပဲ၊ လုပ်မိပြီဆိုတော့လည်း ရဲရင့်ပြတ်သားသူပင်။

ကညင်မြောင်ထဲသို့ ကျွန်တော်တို့ နေ့လယ်တစ်နာရီ ရောက်တော့ ထမင်းစားကြသည်၊ သားကောင်အသံတွေတော့ ဆူညံနေ၏။ အဓိက ကျေး ငှက်တွေ၊ တစ်ခါတစ်ခါ ချေ၏ဟောက်သံနှင့် လန့်အော်သံ၊ မျောက်လွဲ ကျော်တွေ၏ တကွိကွိ တကွကွ ညာသံပေးခြောက်လှန့်သံများ ကြားရသော် လည်း ကျွန်တော်တို့ မမှုပါ။

"ဆရာကျော် - ဟော ဟိုအောက်ဘက် ဆက်ထွက်ကြမယ်နော်"

"အေး - ထွက်မယ်လေ၊ ဒီအချိန်ဆို တောမှဆိုးကြီးတွေ အိပ်နေတယ် နော်၊ ဒီလို ကိုင်းတောရယ်၊ ကျောက်တုံးကြီးတွေအပေါ်မှာ ကောင်းကောင်း အိပ်နေမယ်၊ မပစ်ရဘူး၊ ကွင်းရှောင်နော်"

"ဟုတ်ကဲ့ပါ - ပစ်ရမှာ ဆတ်"

"အေး - ဒါပဲ"

☑

ငါးယောက်သား လျှိုကြီးအတွင်း တောတိုးရသည်မှာ တောင်စောင်း အားကိုးပြီး တိုးရ၏၊ အောက်ဘက်ဆင်း၍ လုံးဝမရ၊ မြိုင်ကြီး၏ မြေပျော့မှု ကြောင့် သားကောင်ကြီးတွေပင် မဖြတ်ရဲကြ၊ အန္တရာယ် နွံအိုင်ကြီးတွေဖြစ်



၏၊ ထိုနွံအိုင်ထဲ ရောက်လိုကတော့ တဖြည်းဖြည်း နွံကို ရုန်းလေနစ်လေ၊ နောက်ဆုံးတော့ ဘဝပျက်ကြရစမြဲ၊ ကျွန်တော့်အား အဖေးစိတ် ကိုစိုင်းလုံ ပြောပြခဲ့၏၊ ထူးဆန်းသော ဖြစ်ရပ်များ ကြုံပါက အဘယ်သို့ ဆောင်ရွက်ရ ည်ဆိုသော နည်းလမ်းကိုလည်း အိတ်သွန်ဖာမှောက် ပြောပြထား၍ ကျွန် တော် သတိထားမိပါသည်။

"ရှူး"

တင်မြတ်ထံမှ သတိပေးသံ သဲ့သဲ့နှင့်အတူ ဘေးမှာရှိသော သစ်ငုတ်မှာ ဒိုးခင်ကပ်လိုက်စဉ် ကိုမာလလည်း မှဆိုးပီပီသသ နေရာယူပြီးသား။

ကျွန်တော် သတိထားတိုးသွားစဉ် တင်မြတ် လက်ညှိုးထိုးရာသို့ မှုးစမ်း ကြည့်လိုက်၏။ "ဟာ - ဆတ်ကုလားကြီး" ဟ ကျွန်တော် နှုတ်ဖျားမှ တအံ့ သြ တိုးတိုးလေး ထွက်ရင်းမှ သေနတ်ကို ထိုးချိန်လိုက်မိသည်၊ ထိုစဉ် ကျွန်တော့်အပါးသို့ မိုးကျော်အောင်နှင့်အတူ ကိုမရမ်နော်တို့ပါ ရောက်လာ ပြီး ဆားကျင်းအား ဆတ်ကြီးက သူ၏ ရှေ့သွားဖြင့် ခြစ်ကာခြစ်ကာ လျှာနှင့် လျှက်နေ၏။

"တင်မြတ် သားကောင်က ပုံသေရပ်နေတာ၊ ဒီတော့ - ငါနဲ့ မိုးကျော် ပစ်မယ်၊ မင်းအသင့်ပြင်ထား၊ ထူးခြားမှု တစ်ခုခုလည်း ဖြစ်ပေါ်လာနိုင် သည်"

"ရှာ - ကောင်းပြီ၊ ကျွန်တော်က လျှပ်တစ်ပြက် တင်မြတ်လေ"

"မိုးကျော် - ကဲ - တစ်၊ နှစ်၊ သုံး"

"ဒိုင်း - ဒိုင်း"

"ဒိုင်း"

ကျွန်တော်နှင့် မိုးကျော်အောင် ပစ်လိုက်သော သေနတ်နှစ်ချက်မှာ လျှိုင်းအတွင်း ရှေ့ဆင့်နောက်ဆင့် ထွက်သလိုပင်၊ နောက်ထပ် သေနတ် တစ်ချက်ကား တင်မြတ်ပစ်လိုက်သော ကျည်ဆန်တစ်တောင့်သည် -

"ဝေါ - ဝေါ - ဝေါ - ဝေါ"

"ဝုန်း - ဝုန်း - ဝုန်း - ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း - ဒုန်း - ဒုန်း - ဒုန်း"

"ဝုန်း - ဒုန်း - ဝေါ်း - ဂူး - ဂူး"

"ဖေါက် - ဖေါက် - ဖေါက် - ဖေါက်"

[illegible]တ်ပါပြီ။ ကျွန်တော်နှင့် မိုးကျော်အောင်၏ ပစ်ခတ်မှုကြောင့် [illegible]ကြီးသည် တစ်ချက်သာ ခုန်နိုင်ပြီးလဲသွားသော်လည်း ထိုပစ်ခတ် [illegible]တည်း တောမှဆိုးကျားကြီးသည် တောင်စောင်းမှ သားကောင် အား ခုန်အအုပ် တင်မြတ် ပစ်ခတ်မှုကြောင့် အရုပ်ကြိုးပြတ် ရေအိုင်ကြီးထဲသို့ ကျွမ်းထိုးမှောက်ခုံကျသွားသဖြင့် -

"တင်မြတ် - တင်မြတ် - တောမှဆိုးကြီးကို ဘာကြောင့်ပစ်ရတာလဲ"

"ဗျာ - ကျွန်တော် ပစ်တာ"

"ဝေါ - ဝေါ - ဝေါ - ဝေါ - ဝုန်း - ဒုန်း"

"ရော် - ဆရာကမ္ဘာ၊ ဆရာကမ္ဘာ - ကျောက်တုံးဘေးကပ်နေတာပ၊ တောင်ပေါ်က ကျောက်တောင်ကြီး ပြိုကျတာပအေး"

"ဆရာကျော် - ကပ် - ကပ်နေ"

"အေး - ဝုန်း ဝေါ ဝေါ - ဝေါ ဝေါ"

ကျွန်တော် တစ်ခါမျှ ဤကဲ့သို့ ညနေဆည်းဆာကာလမှာ တောခြောက် ခြင်း၊ တောမှောက်ခြင်း မကြုံဖူး။ တင်မြတ်စကားပြောသည်ကို ဂရုမစိုက်နိုင် သလို ကျောက်တုံးဘေးကပ်နေပါသော်လည်း ကျွန်တော်တို့ထံသို့ ရောက် လုရောက်ခင်မှာပင် အသံဗလံတွေ ငုက်ပျောက်ကြက်ပျောက် ပျောက်ကုန် လေ၏။

"ကိုမရမ်ဖနော် - ဘာဖြစ်တာလဲ"

"ရော် - မသိ၊ နတ်ဆိုးတွေ လုပ်တာဖြစ်မှာပ၊ ငါလည်း မကြုံဖူး၊ မတွေ့ဘူး၊ ထူးတာပအေး"

"တောက် - ဆရာကျော် တောမှောက်နေတာပဲ"

"အေး - တို့သားကောင် မြန်မြန်ကောက်ပြီး ဒီကထွက်မယ်"

"မိုးကျော်နဲ့ တင်မြတ်၊ မင်းတို့ လေးယောက်သွားကောက်ကြ၊ မိုးကျော် မိုးမချုပ်ခင် ခြေခွဲနားခွဲ၊ ဖြစ်နိုင်ရင် အူးကောက်ကြောတွေပါ ဖြတ်ကွာ"



"ဟုတ်ကဲ့ - ကဲ - လာ - သွားကောက်မယ်"

"ဆရာကျော် - စောစောက တောမှဆိုး ကျွန်တော်မပစ်ပါဘူး၊ ကျွန်တော် ပစ်တာတွေပါ"

"ဟာ - မင်းကတော့ကွာ - တို့အားလုံး မြင်တယ်ကွ၊ တောမှဆိုးကျားမှ ကျားအစစ် ရေထဲကျသွားတယ်"



www.burmeseclassic.com

"မဟုတ်ပါဘူး - ဆရာကျော်၊ ရှေ့ပါ - လာပါ၊ ဆတ်ကောက်ရင်း ရှေ့ပါ ဆောက်ခဲ့မယ်"

ခြောခြောဆိုဆို သူတို့လေးယောက် ပေသုံးဆယ်ကျော်၊ လေးဆယ်ခန့် ရှည်လျားသော လဲနေသော ဆတ်ထံအရောက်၊ မိုးကျော်အောင်သည် ဆတ်ကြီး၏ နားခွဲခြေခွဲ ဒူးကောက်ကြောတွေပါ ဖြတ်အပြီး ကိုမာလ၏ လျင်မြန်သော လှုပ်ရှားမှုသည် ခြေလက်တွေ ကြိုးနှင့်တုပ်သကဲ့သို့ ကိုမရမ်နော်က ဓါးခုတ်ကာ သူတို့နှစ်ယောက်ရှေ့တစ်ယောက်နောက်တစ်ယောက်ထမ်းတက် သလို တင်မြတ်သည် သူပစ်လိုက်သော ရှေ့ပေါက်အား ထမ်းပြီးတက်လာကြ၏။

"ဆရာကျော် - ဒီမှာ ရှေ့"

"အင်း - ကိုမရမ်နော်တို့ ဘာကောင်မြင်လဲ"

"ကျားပ အေး"

"ဟုတ်တယ် - တင်မြတ်တို့၊ ဆရာကျော် ပြောသလို တောမုဆိုးမှ တောမုဆိုးကို သေသေချာချာတွေ့သလို ဟိန်းဟောက်သံပါ ကြားတယ်ကွ"

"မိုးကျော်ရေ - ရှေ့လည်း နားခွဲ၊ ခွာခွဲကွာ"

"ဟုတ်ကဲ့"

နေမဝင်ခင် ရွာအရောက်ပြန်ရန် လာလမ်းအတိုင်း မပြန်ဘဲ ဖြတ်လမ်း တောင်စောင်းအား ကိုမရမ်နော် လမ်းပြပြီးတက်ခဲ့စဉ် နေရောင်ကား မရှိတော့၊ တောင်စွယ်သဘော လှိုဏ်ကြီးထဲ ထိုးထွက်နေသော ကျောက်ဖျာကြီး အရောက် -

"ရော် - လမ်းမှားတာပ၊ ဒီကျောက်ဖျာကနေ တက်ရန် ပိုခက်တာပ - မရမ်နော်"

"ဟုတ်တာပ - တောက်"

"ကဲ - နေက ဝင်သလို၊ တောက ဆူနေတယ်၊ ဒီတော့ ဒီမှာပဲ ဒီတစ်ည စခန်းချမှ ဖြစ်မယ်"

ကျွန်တော်တို့ငါးယောက် ထင်းခြောက်တွေကောက်ကာ မီးဖိုပြီး နှစ်ယောက်ကင်းစောင့်၊ ကျန်သူ အိပ်ရန်ဆုံးဖြတ်ရလေပြီ။ ကျွန်တော့် မွေးနေ့မွေးလမှာ တောနက်နက် လှိုဏ်ကမ်းပါးကြီးမှာ မုဆိုးဘဝ အခက်အခဲဖြင့် အားမွေးနေရသော်လည်း ကျွန်တော် လုံးဝမအိပ်ဖြစ်ပါ။

တော်ပါသေး၏၊ အသံဗလံတွေ ဆူညံသော်လည်း ခပ်လှမ်းလှမ်း တောင်စောင်းနှင့် လှိုဏ်ကြီးထဲမှာသာ ဖြစ်နေ၏။ ကျွန်တော်သည် တောပိုင်တောပိုင် တွေအား မေတ္တာပို့သရင်း မွေးနေ့မွေးလအတွက် ဘုရားကို အာရုံပြုရင်း ရင်ထဲမှ ချစ်သော ယုအား သတိတရဖြစ်နေ၏။

"မယုရယ် - မောင်ရဲ့ မွေးနေ့မွေးလမှာ မောင့်အတွက်တော့ - ဟူး - ယု မောင့်အတွက် ဆုတောင်းပေးပါကွယ်"

ကျွန်တော် ဤမျှ ရင်ထဲ၊ နှလုံးသားထဲမှ တိုးတိုးလေး ရေရွတ်နေမိရုံမျှ ဖြင့် ဘာမျှမတတ်နိုင်၊ တာဝန်အရသားကောင် ပစ်လို့ရခဲ့သော်လည်း ဝမ်းသာနိုင်သည်က အမှန်ဆုံးပင်၊

☑

"ကဲ - ကိုမရမ်နော်ကြီး - ဆက်ထွက်ကြစို့"

"ဟုတ် - ဟုတ် - လမ်းတွေ့တာပ၊ ဒီ ကညင်မောင်နမဘေးက သွားရတာပ"

ကျွန်တော် နာရီကြည့်တော့ ခြောက်နာရီဆယ်မိနစ်၊ ဆက်ထွက်ခဲ့ကြလေပြီ၊ ဒီတစ်ခါတော့ တင်မြတ် ပွိုင့်ထွက်၍ ရှေ့အား မိုးကျော်အောင် ထမ်းလျှင်း နောက်ဆုံးမှ လိုက်၏၊ ကျွန်တော်လည်း မိုးကျော်အောင် ဘေးကပ်ပြီး လျှောက်ခဲ့ကြ၏၊

နာရီဝက်ခန့်အကြာ ကျွန်တော်တို့အားလုံး ညအိပ်ခဲ့သော ကျောက်ဖျာကြီးသို့ ပြန်ရောက်နေ၏၊ သို့သော် - မီးလှုံခဲ့သော မီးဖိုကြီး လုံးဝမရှိတော့၊ ကျွန်တော်တို့ သွန်ထားသော ဟန်းကောထဲမှ ထမင်းတွေတော့ တွေ့ရ၏၊

"ရောင် - မျက်စိလည်နေတာပ"

"ဟုတ်တယ် - ကိုမရမ်နော်ကြီး၊ မိုးကျော်နဲ့ တင်မြတ်ရေ တို့စစ်ကြောင်း လျှောက်တော့ ဒီကျောက်ဖျာ ရောက်ဖူးတယ်နော်"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - ဆရာကျော်၊ အပေါ်တည့်တည့်က ဆင်းခဲ့တာ"

"ဟုတ်တယ် - ဟုတ်တယ်။ ကဲ - အပေါ်တက်ကြမယ်"

အပေါ်တက်စဉ် တစ်ခါမျှ မတွေ့မကြုံဖူးသော ကျောက်နံရံဘေးမှ အရှေ့ဖူးရာသို့ ရှုန်ထွက်နေသော တောင်ပေါ်ဝယ် ထုံးဖြူဖြူဖွေးနေသော သုံးတောင်ခန့် စေတီတစ်ဆူကို တောနက်ကြီးထဲတွေ့ရပြီး ထိုစေတီပတ်ဝတ်လည်တွင် တောစံပယ်ပန်းတွေအား ပန်းမွေ့ရာ ခင်းထားသည့်အလား အဘယ်သူ လှူသွားသည်မသိ ရနံ့လှိုင်၍ကြိုင်နေပါတော့သည်။

"မိုးကျော်နဲ့ ကိုမရမ်တို့ - သားကောင်တွေ အောက်နားချပြီး ကိုမရမ်နော်နဲ့ မာလတို့ စောင့်နေကြဗျာ၊ ကျွန်တော်တို့ ဘုရားဝတ်ပြုဦးမယ်"

"ရတာပ"

"ခရာင် - တစ်ခါမျှ မတွေ့ဖူးဘူး - မရမ် - အံ့တာပ"

"ဆရာကျော် - ထုံးသင်္ကန်း ကပ်ထားတာဗျာ"

"အေး - ပန်းတွေလည်း လတ်လတ်ဆတ်ဆတ်၊ ကဲ - ဘာပဲဖြစ်ဖြစ် တို့ ဘုရားဝတ်ပြုမယ်၊ တစ်ယောက်စောင့်"

ကိုမရမ်နော်နှင့် ကိုမာလတို့ စေတီအားကြည့်ပြီး အံ့သြနေကြသည်က အမှန်။ ကျွန်တော်တို့ လမ်းမှားနေသည်မှာ အဆင်ပြေလေ၏။ အကြောင်းမှာ ထိုစေတီအား တောကြီးမျက်မည်းထဲတွင် ဖူးမြော်ရခြင်းအတွက် ကျွန်တော် ဝမ်းသာမိသလို ကိုစိုင်းလုံ စကားပြန်လည် သတိရမိ၏။

"ဆရာကြီးပ - ဒီကညင်မြောင်မှာ မျက်စိလည်၊ လမ်းမှားပြီး ပထမနေရာ ပြန်ပြန်ရောက်ပြီး သုံးကြိမ်မြောက် ပြန်ရောက်လို့ကတော့ အန္တရာယ်ဆိုးနဲ့ ကြုံတာပ။ အန္တရာယ်ဆိုးတာ၊ ကျားကိုက်၊ မြွေကိုက်ပနော့။ အသေဆိုးပ။ ဒါပေမဲ့ - ထုံးစေတီပေါ်လာရင် ရှက်ချင်းဦးတိုက်ရင် လမ်းစပြန်တွေ့တာပ။ ဟို ကျွန်တော်တို့ ငယ်ငယ်က ကဗျာလေးလို အဆိုရှိတာပနော့"

"ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရား

မယ်နဲ့မောင် ဆုပန်တောင်း၊ ပေါင်းရစေသား"



ပနော့၊ ဒီမှာကတော့ ကျွန်တော့်အဘ (အဖေ)တို့ အဘိုးတို့ ပြောသွားတာပ။ ထိုစေတီလေးရဲ့ကဗျာကတော့ -

"ထုံးဖြူဖြူ တောင်ထွတ်ဖျား

လမ်းပျောက်ကာ ဘယ်သို့သွား

လမ်းညွှန်ပါ ဘုရား"

ပနော့၊ ကဗျာမရလည်း ဘုရားတပည့်တော်တို့ မျက်စိလည်၊ လမ်းမှားတာ၊ လမ်းပြတော်မူပါဘုရားလို့ ဆုတောင်းတာပ၊ ဘယ်ကမှန်းမသိတဲ့ ခေါင်းသံကြားတတ်တာပ။ ဘုရားကန်တော့ပြီး အရှေ့အရပ်ဘက် မျက်နှာမူထွက်ရင် ချက်ချင်းလမ်းပေါ်ပြန်ရောက်တာပနော့"

"ဒီ ဘုရားဘွဲ့တော်က လမ်းပြစေတီတော်ပနော့။ လူတိုင်း မတွေ့တတ်၊ ဝိဇ္ဇာလိုက်ကြီးတွေ အမြဲရှိနေတာပ"

ဟူသော စကားပြန်ကြားပြီး ကျွန်တော် မိုးကျော်အောင်နှင့် တင်မြတ်တို့ ကြားအောင် ဆုတောင်းရင်း ဦးသုံးကြိမ်ချစဉ် မနီးမဝေးမှ ရှမ်းခေါင်းသံ သုံးချက်ကြားသည်နှင့် ကျွန်တော်တို့ အရှေ့အရပ် မျက်နှာမူပြီးခရီးထွက်လိုက်သည်နှင့် နာရီဝက်ပင်မကြာ ထင်ရှားစွာ မိုးလင်းနေသလို နင်းမကျ၊ မြူမဖုံး ခန်ပါရွာခြေသို့ ရောက်ခဲ့လေပြီ။

ကျွန်တော့်အား တစ်ခါက ဆရာတော်တစ်ပါး မိန့်မှာကြားဖူး၏။ မြတ်စွာထံ ဆုပန်ပါက ဆုတောင်းပါက တစ်မျိုးတည်းသာ ဆုတောင်းရမည်။ သာ ကျွန်တော်တို့ တာဝန်အား နှောင့်ယှက်သော တောပိုင်တောင်ပိုင်လား၊ သို့မဟုတ် ကိုမရမ်နော်တို့ပြောသော နတ်ဆိုးလားမသိ၊ သူတို့အပိုင်ထဲ ရောက်၍ နှောင့်ယှက်နေမှုသည် ကြာလျှင် အန္တရာယ်ဖြစ်နိုင်သည့်အတွက် "ဘုရားတပည့်တော်တို့အား လမ်းပြတော်မူပါဘုရား" ဆိုသည့်အတိုင်း အမှန် အတယ် လမ်းပြန်တွေ့ခဲ့ပါပြီ။

စိတ်ထဲမှာ တစ်ခုဝမ်းသာမှုက ကြုံ၏။ မြော် - ဝါ မွေးနေ့၊ မွေးလတင် ချက်အစွန်းမှာ ကယ်တင်ရှင် ထုံးဖြူဖြူစေတီတစ်ဆူကိုဖြင့် ဦးတိုက်ခြင်း အတွက် မွန်မြတ်သော သဒ္ဓါတရား ရင်မှာပွားခဲ့ရလေ၏။

www.burmeseclassic.com

"ဆရာကျော် - စောစောက ကျွန်တော်တို့ ဖူးခဲ့ရတဲ့ စေတီလေးမှာ ဘယ်သူက ထုံးသင်္ကန်းလာကပ်သွားတာလည်း မသိဘူးနော်၊ နောက်ပြီး တော စံပယ်တွေလည်း တပ်တယ်နော်"


ချော့ချော့တန်တန် နေတတ်သော တင်မြတ် တစ်လမ်းလုံး တွေးလာပုံ ခေါက်ချိုး ဝေန်းရောက်သည်နှင့် အထက်ပါမေးခွန်းကို မေးလာလေသည်၊

"အင်း - တို့တစ်တွေ တောပစ်တာမှန်ပေမယ့် တာဝန်အရပဲလေ၊ နောက်တစ်ခုက အဲဒီ လမ်းညွှန်စေတီဆိုတာ တောထဲတောင်ထဲမှာ တကယ်ရှိတယ်တဲ့၊ ဒါပေမဲ့ - ဘယ်လောက်ရှာရှာ တွေ့ဖို့မလွယ်ဘူး၊ အခုလို အန္တရာယ်ကြုံပြီး ဒုက္ခနဲ့ ဆုံသူတွေအတွက် ကယ်တင်ရှင် မြတ်ဗုဒ္ဓရဲ့ မှန်မြတ်တဲ့ စေတနာတွေပေါ့ကွာ၊ စေတီလေးမှာ သုံ့တော်ကောင်း သူမြတ်လောင်း ပုဂ္ဂိုလ်ကြီးတွေ စောင့်ရှောက်နေလို့ တွေ့ဖို့မလွယ်ဘူး"

"ငါ မထွက်ခင်ကတည်းက မျက်နှာမကောင်းဖြစ်ရတာ တခြားမဟုတ်ဘူး၊ မနေ့က ငါနဲ့ ယု တိုင်ပင်ထားတယ်၊ ငါ့မွေးနေ့၊ မွေးလမှာ တိမ်းဖာတောင်သွား ဘုရားဖူးဖို့လေ၊ တာဝန်ဆိုတော့ ဘာတတ်နိုင်မှာလည်းကွာ၊ အေး - ဒီနေ့မနက်မှာ လမ်းညွှန်စေတီ ဖူးမြော်ရလို့ ငါကျေနပ်သွားတယ်ကွ"

ကျွန်တော့် ရင်ထဲမှာပေါ့သွားခဲ့သော ဖြစ်ရပ်တွေ ပြောပြရသည့်အတွက် ပိုမိုလန်းဆန်းခဲ့ရသည့်အပြင် စိတ်ထဲမှ နောင်မွေးနေ့မွေးရက်၊ မွေးလများရောက်တိုင်း မြတ်ဗုဒ္ဓခြေတော်ရင်းမှာ ဝပ်စင်းရပါလို၏ဟု တောင်တန်းကြီးတွေကြည့်ရင်း လမ်းညွှန်စေတီဘက်မှန်း၍ အာရုံပြုလိုက်မိပါတော့သည်၊

→ မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတွင်း သန္ဓေဆိုး

## [illegible]

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ - ဆရာ"

ရုပ်ရည်သနားကမားရှိသော လူငယ်တစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်လာပြီး အထက်ပါအတိုင်း ဝင်ခွင့်တောင်းပါသည်။ ထိုလူငယ်သည် ကျွန်တော့်အတွက် လူစိမ်းသက်သက် ဖြစ်ရုံသာမက နယ်ဒေသမှ ဖြစ်ပုံရများပါသည်။

"ထိုင်ပါ - ထိုင်ပါ"

ကျွန်တော်ကလည်း ကြိုဆိုလိုက်ပါသည်။ ကျွန်တော့်၏ ဖော်ရွေစွာ ကြိုဆိုမှုကို လက်ခံရရှိပြီးတော့ သူသည် ကုလားထိုင်လွတ်တစ်နေရာတွင် ဝင်ထိုင်လိုက်ပါသည်။

"ခြော် - ကျွန်တော့်နာမည်က စောလူးသယ်ပါ။ နေတာက ပျားစွဲတောင် ရွာကလေးက ကရင်လူငယ်ပါ။ အဲ - အဲ - ပျားစွဲတောင်ဆိုတာက ကျိုက်ထီးရိုး တောင်ရှိတဲ့ ပေါင်းလောင်းတောင်ရဲ့အရှေ့ဘက်အစွန်းမှာ ရှိတာပါ။ ဒါဆိုရင် ဆရာ သိလောက်ပြီပေါ့နော်"



ပျားစွဲတောင်ကို ကျွန်တော် ကောင်းကောင်းကြီး သိပါသည်။ ထိုတောင်၏ အစွန်းတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်း ရှိပါသေးသည်။ ထိုကျောင်းတွင် နံနက်စာအဖြစ် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ကို လည်း ရေနွေးကြမ်းသောက်ရင်း အဆာပြေစားခဲ့ဖူးပါသည်။

တောင်ခြေမှာတော့ ကရင်ရွာကလေးတွေ ရှိပါသည်။ သူတို့သည် ရာသီစာအဖြစ် ငှက်ပျော၊ သစ္စာ၊ ဘူး၊ ဖရုံတို့ကို စိုက်ပါသည်။ နှစ်ရှည်သီးနှံအဖြစ် ဒူးရင်း၊ ကွမ်း၊ ကွမ်းသီး၊ အုန်း၊ ငရုတ်ကောင်းတို့ကို စိုက်ပျိုးပါသည်။

"ဒါနဲ့ - ဘာကိစ္စနဲ့ ရောက်လာရတာလဲ"

"ဟုတ်ကဲ့ - ကျွန်တော် - ဆရာ့ရဲ့ လျှို့ဝှက်စုံထောက်ဝတ္ထုတွေကို ဖတ်ဖူးပါတယ် - ဆရာ"

ကျွန်တော် ခုတလော လျှို့ဝှက်စုံထောက်ဝတ္ထုတွေကို အရေးများပါသည်။ တကယ်အားသန်ပြီး အရေးများခဲ့တာက ရသစာပေဝတ္ထုများ ဖြစ်ပါ၏။ သို့သော် ကျွန်တော် ပင်စင်ယူပြီး အရေးများလာတာကတော့ လျှို့ဝှက်စုံထောက်ဝတ္ထုသာ ဖြစ်၏။

အကြောင်းမှာ လျှို့ဝှက်စုံထောက်၊ ဂမ္ဘီရ၊ ဘာသာရေးစသောအကြောင်းအရာများကို ဦးစားပေးဖော်ပြသော မဂ္ဂဇင်းတွေ၊ စာစောင်တွေ တိုးပွားများပြားလာခြင်းကြောင့် ဖြစ်သည်။ ထိုအထဲတွင် ဂမ္ဘီရစာပေကိုတော့ ကိုယ့်အဝခံယူချက်နှင့် ကိုက်ညီမှုမရှိ၍ မရေးဖြစ်ပါ။ ဒါကြောင့် ကျွန်တော်၏ လျှို့ဝှက်စုံထောက်ဝတ္ထုတွေကို သူ ဖတ်ဖူးသည်မှာ မဆန်းပါ။

"ဆုလွယ်၊ နပ်လွယ် ရေးရတာပါကွာ ..."

ကျွန်တော် အမှန်အတိုင်း ဝန်ခံလိုက်ပါသည်။ ကျွန်တော့်ပင်ကိုယ်စရိုက်အနေနှင့်ကတော့ ကာလိမ်ကကျစ်ဖတ်လမ်းမျိုး၊ သွေးညှီတွေ လွှမ်းနေသည့် ဇာတ်လမ်းမျိုး၊ မိန်းမနှင့်ယောက်ျား အိမ်ထောင်ရေး ဖောက်ပြန်တာမျိုး၊ အမွေကိစ္စမျိုး၊ တစ်ဦးနှင့်တစ်ဦး လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေသည့် ဇာတ်လမ်းမျိုးကို မရေးချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

လောကသဘာဝ၊ လောကအလှ ဘဝကြီးထဲမှာ လှလှပပနှင့် လှုပ်ရှားရှုန်းကန်နေသည့် ဘဝသရုပ်ဖော်အကြောင်းတွေကိုသာ ရေးချင်ပါသည်။ သို့ပါသော်လည်း ယခုလို လျှို့ဝှက်စုံထောက်တွေကို ရေးနေရတာကတော့ ယနေ့အချိန်အခါ အခြေအနေကြောင့်ပါ။

"ထားပါတော့လေ၊ ဆရာ့အကြောင်းနဲ့ ဆရာပေါ့၊ ဒါပေမဲ့ - ကျွန်တော် ဆရာ့ဆီမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အကူညီတောင်းထားလို့ပါ"

"အကူအညီ - ဟုတ်လား"

ကျွန်တော့်မှာ လူတစ်ဖက်သားကို ကူညီနိုင်လောက်သည့် အရည်အချင်းမရှိပါ၊ ယခင် ဝန်ထမ်းဘဝမှာဆိုလျှင်တော့ လုပ်ငန်းခွင်နှင့် ပတ်သက်ပြီး ကူညီနိုင်ကောင်း ကူညီနိုင်လိမ့်မည် ထင်ပါသည်။ ယခုလို ပင်စင်စား၊ မည်သည့်အဆက်အသွယ်လည်း မရှိ၊ တစ်ကိုယ်တည်း အေးအေးလူလူနေပြီး စာတွေချည်း ရေးနေသည့်အခါမို့ ဘာအကူညီမှ ပေးနိုင်တော့မည် မဟုတ်ပါ။

"အကူညီ မဟုတ်တောင်မှ အကြံဉာဏ်လေးများပေါ့ - ဆရာ"

သူက ရေးဆစ်သည့်အနေနှင့် စကားကို လျှော့ချလာပြန်သည်။ အကြံဉာဏ်ပါတဲ့၊ ကျွန်တော်လည်း ဘာပဲပြောပြော သူ့စကားကိုတော့ သဘောကျပါသည်။

"ဘာအကြံဉာဏ်လဲဗျာ၊ ဒါထက် - ဘယ်ပုဂ္ဂိုလ်ကများ အကူညီတောင်းခံထားလို့လဲ"

"ဒီလိုပါ - ဆရာ၊ ကျွန်တော်တို့ ပျားစွဲတောင်မှာ ဦးသိဒ္ဓိဆိုတဲ့ ရသေ့ကြီးရှိပါတယ်၊ သူ - အဲဒီဒေသကိုရောက်တာ ငါးနှစ်လောက်ရှိပြီ၊ ကျွန်တော်တို့ ဒေသက လူတွေနှင့် ဆရာဒကာအရင်းတွေ ဖြစ်နေပါပြီ၊ ရသေ့မဖြစ်ခင်ကတော့ အမှုထမ်း၊ ပြီးတော့ - ဆရာ့စာဖတ်ပရိသတ်တစ်ဦးပေါ့"

သူ့စကားကိုကြားမိတော့ ဦးသိဒ္ဓိကား တောထွက်ပုဂ္ဂိုလ်ကြီးဟု သိလိုက်ပါတော့သည်။ လူဆိုတာ ကျွတ်ချိန်တန်တော့ တရားတွေရပြီး ဘာသာရေး သာသနာရေးကို လိုက်စားတာပဲဟု လွယ်လွယ်နှင့် ကောက်ချက်ချမိသည်။



"သူ့မိသားစုကော ..."

"မရှိဘူး - ဆရာ၊ သူက လူပျိုကြီးပါ"

"သံယောဇဉ် အနှောင်အဖွဲ့ မရှိတော့လဲ ..."

"မဟုတ်ဘူး - ဆရာ၊ သူ - ရသေ့ဖြစ်တာ သံယောဇဉ်နှင့် မဆိုင်ဘူး ဆရာ"

"ဟုတ်လား - ဘယ်လိုအကြောင်းများပါလိမ့်"

ကျွန်တော်တအံ့တသြနှင့် မေးယူရပါတော့၏။ ကျွန်တော် နားလည်ထားတာက ဘဝမှာ စိတ်ပျက်စရာတွေ၊ နာကြည်းစရာတွေ၊ သံဝေဂရစရာတွေကို တွေ့မြင်မိပါက လက်ရှိသံယောဇဉ်တွေကို ပယ်ဖြတ်ပြီး တရားဘာဝနာဘောင်သို့ ကူးသွားသည်ဟု နားလည်ထားပါ၏။

"သူ့အဖြစ်က မယုံကြည်စရာ ဂမ္ဘီရဆန်နေတာမို့ ဆရာ့ဆီ အကြံဉာဏ်တောင်းရတာပါ - ဆရာ"

☑

အောက်တန်းစာရေးလေး ကိုမောင်မြင့်သည် မြေနီကုန်းရပ်ကွက်ရှိ ဒိုလ်မိုးလမ်းထဲသို့ အဲပတ်စဉ် ရုံးအား ရက်တိုင်းရောက်လေ့ရှိပါသည်။ ထိုရပ်ကွက်ထဲတွင် ကျောင်းဆရာလေး ကိုလှတင် ရှိပါသည်။ ထိုကိုလှတင်သည် သူ့သူငယ်ချင်းဖြစ်ပြီး အိမ်ထောင်ရှင်တစ်ဦးလည်း ဖြစ်သည်။ သူ့ဇနီးသည် အမိနာနှင့်လည်း ရင်းနှီးပါသည်။

သူ ရောက်ရှိလာရခြင်းကား ကိုလှတင်တို့လင်မယားအား မျောက်ပြဆန်တောင်းရုံမျှသာ ဖြစ်၏။ တကယ်တမ်း သူ့ရည်ရွယ်ချက်ကား ကိုလှတင်တို့အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်မှ ထွေးထွေးကို မြင်တွေ့လိုခြင်းကြောင့် ဖြစ်သည်။

ကောင်မကလေးကား ကိုးတန်း(ဟိုက်စကူးဖိုင်နယ်)နှစ်ခါကျ စနစ်ကြောင့် ကျောင်းမှ ထွက်ထားသူ ဖြစ်သည်။ ထွေးထွေးသည် မိန်းကလေး ပီသသည်၊ ဣန္ဒြေရှိသည်၊ ရှင်းရှင်းဆိုရသော် ကျက်သရေရှိလှသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အထင်အရှားဆုံးက နဖူးပြင်အထက်ရှိ ဆံစနေရာတွင်မှ မှဲ့နက်တစ်လုံး ထင်ရှားစွာ ရှိနေသည်။ ထိုမှဲ့သည်ပင် မျက်နှာအလှကျက်သရေ တိုးပါစေသည်ဟု ကိုမောင်မြင့် ထင်နေပါ၏။

ထွေးထွေးကို မြင်မြင်ချင်း ချစ်ကြိုက်မိသည်ဖြစ်၍ ရွှေစွန်ညိုပမာ လာရစ်ဝဲနေပါသည်။ သူ ရွှေစွန်ညိုဖြစ်နေသည်ကိုလည်း ထွေးထွေး သိပါသည်။ ထွေးထွေးနှင့်သူသည် မေးပြော၊ ခေါ်ထူးသည့်အဆင့်သို့ရောက်သည့်တိုင်အောင် တစ်ဦးအပေါ်တစ်ဦး ရင်တွင်းစကားကို ဖွင့်မပြောဖြစ်ပါ။ တစ်နေ့မှာတော့ ကိုလှတင်ဇနီး အမိနာက သူ့ကို ဖိတ်စာတစ်ခု ကမ်းပေးပါသည်။

"ဘာလဲ - အမိနာ"

"ထွေးထွေး - အင်ဂျင်နီယာတစ်ယောက်နဲ့ လက်ထပ်တော့မယ်တဲ့"

အမိနာပြောစကားနှင့်ပင် ဖတ်စရာ မလိုတော့အောင်ပင် လုံလောက်သွားပြီဖြစ်၏။ သူ့ရင်ထဲတွင် တစ်စုံတစ်ရာသည် ကြေမွကွဲအက်သွားသလို ခံစားလိုက်ရပါတော့သည်။ သူ အလိုလားဆုံး အရာဝတ္ထုတစ်ခု လက်ကြမ်းကြီးနှင့် အလုခံရသလို ဖြစ်နေပါ၏။ တမြည့်မြည့် တလှိုက်လှိုက် ခံစားနေရပါ၏။

သူ့ကိုယ်သူလည်း ဖြေတွေးလေး တွေးနေပါ၏။ မတတ်သာသည့်အရေးမို့ ဘဝပေးသမျှနှင့် ကျေနပ်လိုက်ရပါ၏။ တကယ်တမ်းဆို သူက အောက်တန်းစာရေးလေး ဟိုက်စကူးဖိုင်နယ်အောင်အဆင့်သာ ရှိသည်။ ထိုသူက မိမိထက် ပညာအရည်အချင်းမြင့်သော အင်ဂျင်နီယာအရာရှိဆိုတော့ အရာရာနိမ့်ပါးသူဖြစ်၏။ ဘာပဲဖြစ်ဖြစ် ချစ်သူကောင်းစားရေးဟု သဘောထားကာ ကျေနပ်လိုက်ပါတော့သည်။

ထွေးထွေးတို့လည်း လက်ထပ်ပြီး သူ့ဘဝကိုလည်း မြှင့်တင်သည့်အနေနှင့် ဆယ်တန်း(မက်ထရစ်)စာမေးပွဲကိုဝင်ဖြေသည်။ အောင်တော့ လုပ်သားများကောလိပ်သို့တက်ပြီး ဌာနဆိုင်ရာမှာလည်း ရာထူးတွေ အဆင့်ဆင့်တိုးလာခဲ့သည်။ ထွေးထွေးကိုလည်း မေ့ထားတာ ကြာပြီဖြစ်၏။ အိမ်ထောင်မရှိ၊ တစ်ကိုယ်တည်း ရှိနေဆဲ ဖြစ်၏။

☑



တစ်ခါမှာတော့ သူ မန်နေဂျာလုပ်နေသောဌာနသို့ အသစ်ရောက်ရှိလာသူ အထက်အရာရှိတစ်ဦးက သူ့နေရာမှာ သူ့လူကို အစားထိုးချင်၍ ရမည်ရှာပြီး သူ့ကို ပြောင်းလိုက်ပါသည်။ ထိုအခါမှ အထက်အရာရှိအသစ်နှင့် ဆရာတပည့် ပေါင်းသွားလေတော့၏။



သူက ကိုယ်သိလက်စွပ်တော့ အပြစ်ကျူးလွန်ပေမဲ့

သူ့ကို ချိုးဖဲ့ပြောဆိုရှုံ့ချ အပြစ်ဖြစ်သည်ဆိုတော့

သူကော အပြစ်တင်းရဲ့လား။ သူ့ခန္ဓာကိုယ်မှာတော့

ဘာအစောင့်တွေ ဝင်နေပြီး ဘယ်ပုဂ္ဂိုလ်တွေ

စီးနေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com

သူကတော့ စိတ်မကောင်းစွာနှင့်ပင် ဘေးထွက်သွားရတော့၏။ သူ ဘေးထွက်ပြီးတစ်ပတ်လောက်ကြာတော့အသစ်ရောက်လာသော အထက် အရာရှိလည်း တစ်နေရာသို့ ပြောင်းသွားပြန်တော့၏။ သူ့နေရာသို့ အရာရှိ တစ်ဦး ရောက်လာပြန်၏။ အသစ်ရောက်လာသူ အရာရှိရောက်လာခါမှ နိုင်ငံခြား ခဏခဏသွားရသော လုပ်ငန်းတွေ ပေါ်ပေါက်လာပါတော့၏။ ကိုမောင်မြင့်အား ပြောင်းရွှေ့အောင်လုပ်သော အရာရှိလည်း စိတ်မကောင်း ဖြစ်ကာ ကျန်ရစ်နေတော့၏။

ကိုမောင်မြင့်သည် အောက်လက်ဝန်ထမ်းများအား အစဉ်ညှာတာသူ ဖြစ်၏။ ဌာနဆိုင်ရာတွင် ကြီးသောအမှု သေးစေ၊ သေးသောအမှု ပ,ပျောက် စေရန် အမြဲတမ်း ဖုံးဖုံးဖိဖိ လုပ်ထား၏။

တစ်ခါတွင် ပျက်ကွက်မကြာမကြာ လုပ်တတ်ပြီး စည်းကမ်းပျက်သော ဝန်ထမ်းတစ်ဦးအား အထက်မှ ပြောင်းရွှေ့ပစ်လိုက်သည်၊ ပြောင်းရွှေ့ခံရ သော ဝန်ထမ်းကလည်း မသွားချင်ပဲ ဖြစ်နေသည်၊ ထိုအခါ သူက ကိုမောင် မြင့်အား တစ်ပတ်မျှ စာရွက်စာတမ်း သိမ်းဆည်းရန်အတွက် နေခွင့်ပြုပါရန် တောင်းခံ၏၊ သူကလည်း နောက်ဆုံးအခွင့်အရေး ပေးသည့်အနေနှင့် သူ့ အား လက်ခံထားလိုက်၏။

ဤသို့ ပြုရကောင်းလားဟုဆိုကာ အထက်ကာပုဂ္ဂိုလ်က ကိုမောင်မြင့် အား ဆူကြိမ်း ကြိမ်းပါ၏၊ ကြိမ်းမောင်းတာမှ အမိန့်ကို အာခံမှု၊ အထက်ကို မလေးစားမှု၊ ဤကိစ္စအတွက် ထုချေလွှာတင်ပါ၊ နောက်အပတ် အစည်း အဝေးမှာ ဌာနပြောင်းရွှေ့သည်အထိ အရေးယူမည်ဟု ပြောကြားပါသည်၊ ဤအခါလည်း ကိုမောင်မြင့်တစ်ယောက် စိတ်မကောင်းကြီးစွာ ဖြစ်ရပြန် သည်၊

သူ့ အကြောက်ဆုံးက သူ့အား ဌာနပြောင်းရွှေ့ခြင်းပင် ဖြစ်သည်၊ သို့ သော် ဌာနပြောင်းရွှေ့မှုတော့ မပြုလုပ်ရပါ၊ အကြောင်းမှာ သူ့အား ဌာနပြောင်း ရွှေ့ရန် လုပ်နေဆဲမှာပင် ထိုအရာရှိကြီးသည် ဆေးဝါးကုသခံယူရနေပါတော့ ၏၊ အဖြေကတော့ ကင်ဆာဟု သိလိုက်ရပြီး မကြာမီမှာပင် ကွယ်လွန်သွား ပါတော့သည်၊



တစ်ခါမှာတော့ ကိုမောင်မြင့်သည် ရုံးအားရက်ကြုံ၍ ပြည်တစ်ဖက်ကမ်း ထုံးဘိုသို့ အဖော်ကောင်းသည်နှင့် လိုက်သွားပါသည်၊ ကားကလည်း ဌာန ဆိုင်ရာ ကားဖြစ်၍ အကောက်တောင် ဘုရားသို့ ဘုရားဖူးသွားခြင်း ဖြစ် သည်၊

သူက ဘုရားဖူးသက်သက် ဘာတာဝန်မှ မပါပါ၊ ကားပေါ်မှာ ဌာနဆိုင်ရာ ပစ္စည်းတွေက ဘာကို ဘာကြောင့် အရေးကြီးနေရတာကိုလည်း သူ မသိပါ၊ ပြည်တစ်ဖက်ကမ်း နံဘေးရောက်တော့မှ (ထိုစဉ်က တံတားမဆောက်ရ သေးပါ)ပစ္စည်းက အရေးကြီးကြောင်း သိရပါသည်၊

ထို့ကြောင့် တာဝန်ရှိသူများက ပြည်ဖက်ကမ်းအထိ လိုက်လာကြပါ သည်၊ ပြီး - မျက်နှာလို မျက်နှာရလုပ်ပြီး အဆင့်မြင့် လူကြီးတစ်ယောက်က သူ့ကို လှမ်းမှိုဟောက်ပါသည်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုမောင်မြင့်ကို သူက ပစ္စည်းတာဝန်ခံဟု ထင်နေခြင်းကြောင့် ဖြစ်သည်၊ ကိုမောင်မြင့်ကလည်း သူ တာဝန်ခံမဟုတ်ကြောင်း၊ ခရီးကြုံလိုက်လာကြောင်းပြောတော့ ထိုသူ သည် ဒေါသထွက်နေရာမှ အရှက်ပါ ရလာလေသည်၊ ထို့ကြောင့် ရှက်ယမ်း သမ်းပြီး -

"မင်းမှာ ခရီးသွား ဝရမ်းပါလား"

"မပါပါဘူး"

"မပါဘဲ ခရီးထွက်လာရသလား၊ ဝန်ထမ်းလုပ်လာတာ နှစ်ပေါင်းသုံး ဆယ်ရှိပြီ၊ ဒါတောင် - မသိဘူးလား၊ မင်းကို အရေးယူမယ်"

စသည်ဖြင့် အထက်လူကြီး ရှေ့မှောက်မှာ ဘီလူးကြိမ်း ကြိမ်းပါလေ တော့၏၊ ရှိသမျှ အာဏာပါဝါတွေ ပြနေပါ၏၊ ထိုအမှုသည် ထိုမှာပင် အဆုံး သတ်ရတော့မလိုပင် ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် ထိုပြဿနာတွေကြုံ ရပြီး ထိုတစ်ဖွဲ့လုံးသည် ငွေကြေးအရှုပ်အထွေးတစ်ခုကြောင့် အလုပ်မှ ရပ် နားလိုက်ကြရ၏။

ထိုအဖြစ်အပျက်များ ဆင့်ကာ ဆင့်ကာ ဖြစ်ပေါ်လာပြီးနောက် ကိုမောင် မြင့် အသိတရားတစ်ခု သိရှိလာပါတော့သည်၊ သူ့အား လုပ်ငန်းခွင်မှာ ညှိနှိုက်ပုတ်ခတ်ကြသောသူများအကြောင်းပင် ဖြစ်၏၊



www.burmeseclassic.com

www.burmeseclassic.com

ဦးစွာ သူ့အား မန်နေဂျာအဆင့်မှ အခြားနေရာသို့ ပြောင်းရွှေ့လိုက်သောသူသည် တခြားအရေးမပါသည့်နေရာသို့ ရောက်သွားရသည်။ ထို့နောက် ရွှေ့ပြောင်းခံရသော ဝန်ထမ်းအား ငဲ့ညှာခြင်းကြောင့် သူ့အား ကြိမ်းမောင်းအပြစ်ဆိုသူပုဂ္ဂိုလ်သည် ကင်ဆာဖြစ်ပြီး သေသွားသည်။ ထို့ပြင် သူ့အစား မန်နေဂျာဖြစ်လာသူသည် ကိုမောင်မြင့်ကို အဆုံးတိုင် အရေးယူမည်ဆိုသည့်သဘောနှင့် အထက်ကို ကတုံးကတိုက်လုပ်ခြင်းကြောင့် သေဆုံးသွားသည်။ ယခုနောက်ဆုံး ငွေကြေးရှုပ်သူများအထိ အကြောင်းအရာပါနေပါ၏။

ထိုသို့ သူတို့တစ်တွေ အတိဒုက္ခရောက်ရသည်မှာ ဆန်းနေပါ၏။ တိုက်ဆိုင်မှုဆိုလျှင်လည်း တစ်ကြိမ်တစ်ခါ တိုက်ဆိုင်မှုဖြစ်ပါက မဆိုသာပါသော်လည်း အကြိမ်ရေတွေ ထပ်ကာ ထပ်ကာ ပွားနေခြင်းကြောင့် စဉ်းစားရကြပ်လာပါသည်။ ထို့ပြင် သူတို့ကိုယ်စား မိသားစုများကိုလည်း သနားနေမိသည်။ ဤအတိုင်း မှန်နေပါက သူ အပြစ်မှ လွတ်ပါရဲ့လား။ သူက ကိုယ်ထိလက်ရောက် အပြစ်မကျူးလွန်ပေမဲ့ သူ့ကို ချိုးဖဲ့ပြောဆိုရုံနှင့် အပြစ်ဖြစ်သည်ဆိုတော့ သူကော အပြစ်ကင်းရဲ့လား။ သူ့ခန္ဓာကိုယ်မှာတော့ ဘာအစောင့်တွေ ဝင်နေပြီး ဘယ်ပုဂ္ဂိုလ်တွေ စီးနေလို့လဲ။

သူသာ အများနှင့်သက်ဆိုင်သည့် အလုပ်ခွင့်တွင် ရှိနေပါက သူလည်း အပြစ်မကင်းရာဖြစ်မည်။ ခံရသူလည်း ကိုယ်စိတ်နှလုံး ဆင်းရဲရမည်ကိုသိ၍ ပင်စင်ယူကာ ရသေ့ဝတ်ခဲ့သည်။ ယခုအခါ ငါးနှစ်ကျော်ပါပြီ။

☑

"အဲသလိုပါပဲ - ဆရာ။ အဖြစ်တွေက ဂမ္ဘီရဆန်နေတယ် - ဆရာ"

"သူက ခုမှ ဘာကြောင့် မေးရကောင်းမှန်းသိလာတာလဲ"

ကျွန်တော်မေးသင့်မေးထိုက်သည့်မေးခွန်းဟုထင်ပါသည်။ သည်အဖြစ်အပျက်တွေက ဟိုးနှစ်ပေါင်းများစွာကတည်းက အဖြစ်အပျက်တွေ။ ပြီး - သူရသေ့ဖြစ်နေတာကလည်း (၅)နှစ်ရှိပြီ။ ခုမှ ဘာအတွက်ကြောင့် ဘာစိတ်ကူးပေါက်လို့ ကျွန်တော့်ကို လာမေးရသလဲ။

"ဘာကြောင့်လဲဆိုတော့ ဦးသိဒ္ဓိရသေ့ကြီး တစ်နေ့တော့ ဘုရားပေါ်မှာ သီလရှင်ဆရာကြီးတစ်ပါးကို တွေ့ရှိသတဲ့ - ဆရာ။ နှစ်တွေ ဘယ်လောက်ကြာကြာ စွဲလမ်းဖူးတဲ့အရာ၊ ဒါမှမဟုတ်လျှင် လူပုဂ္ဂိုလ်ရဲ့ ထူးခြားချက်တစ်ခုခုကိုတော့ မှတ်မိတယ်ဆိုရင် ဆရာ ယုံမှာလား"

သူကပင် ကျွန်တော့်အား သက်သေသက္ခာယအဖြစ် ဆွဲထည့်နေပါသည်။ ကျွန်တော်ကလည်း မယုံတစ်ဝက် ယုံတစ်ဝက်မို့ ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

"အဲဒါက - ဆရာကြီး၏ သီလတရားကြောင့် အရှယ်တင်တာရယ်၊ အသားအရေတွေက ကြည်လင်လန်းဆန်းနေတာရယ်။ ပြီးတော့ - သူ့နှုတ်ခမ်းပြင် အလယ်တည့်တည့်ဆံစမှာရှိတဲ့ မှဲ့နက်ကလေးကြောင့် ဦးသိဒ္ဓိဟာ တွေးတွေးနဲ့ သိတော့တယ်"

"သိတော့ - ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ - ဆရာရယ်။ သူတို့လို နေဝင်ချိန်ရောက်နေတဲ့ ပုဂ္ဂိုလ်များမှာတော့ တရားဘာဝနာ အများကြီးပွားနိုင်ကြပါစေလို့ ဆုတောင်းရုံကလွဲပြီး ဘာပြောရမှာလဲ - ဆရာ။ ဩော် - သူ သီလရှင်ဝတ်တာ နှစ်ပေါင်းလေးဆယ်ကျော်ပြီတဲ့၊ လက်ထပ်ပြီး နှစ်လအကြာမှာ သူ့ယောကျ်ားအားမှောက်လို့ သေသွားကတည်းက ဆိုပါတော့ - ဆရာရယ်"

ကျွန်တော် အံ့ဩသွားရပါတော့သည်။ သူနှင့် ပတ်သက်သော ကြမ္မာဆိုးက တွေးတွေးအပေါ်လည်း ကျရောက်သွားသေးသည်ဟု ယူဆလိုက်သည်။ ဂမ္ဘီရဆန်သော အဖြစ်ဆိုးများက ထိုကတည်းက စတင်လိုက်တာဟု ဆင်ခြင်နေ၏။ တစ်ဖန် နှုတ်ခမ်းတည့်တည့်ဆံစအောက်မှာ မှဲ့နက်ရှိနေတာကလည်း ကျွန်တော် သိပ်ဘဝင်မကျပါ။ အယူသည်းတာတော့ မဟုတ်။

မှဲ့သျှုတ္တရကျမ်းအလိုအရဆိုလျှင် ထိုသို့ မှဲ့ရှိနေသူ အမျိုးသမီးအတွက် အိမ်ထောင်ယောကျ်ားဖြစ်သူအား နိုက်တတ်သည်ဟု ဆိုထားခြင်းကြောင့်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အဝင်တော့ရခြင်းဖြစ်သည်။ ထိုအဖြစ်အပျက်များ တွေ့ကြုံရခြင်းကြောင့် ဦးသိဒ္ဓိသည် စောလူးသယ်အားလွှတ်ကာ အကျ ညီတောင်းခြင်းဖြစ်သည်။

ထို ဦးသိဒ္ဓိတစ်ဖြစ်လဲ ကိုမောင်မြင့်၏ အဖြစ်အပျက်သည် ဂန္ဓီရနယ်မှ အမေရှင်၏အဖြစ်အပျက်နှင့် တူနေသည်ဟု ကျွန်တော် ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အမေရှင်သည် ရိုးရိုးလူပုဂ္ဂိုလ်ဟု သူ့ကိုယ်သူ ထင်ထားသလို ပတ်ဝန်းကျင်ကလည်း သိထားပါသည်။ တကယ်ဆိုတော့ သူသည် ဝမ်းတွင်းစုန်းဟု ဇတ်ဖူးလှေ့လာဖူးပါသည်။

သူ့မိဘများသည် နန်းတွင်းအမှုတော်ထမ်းများဖြစ်သလို သူ့အစ်ကိုသည်လည်း တံခါးမှူးတစ်ဦးဖြစ်သည်။ သူကိုယ်တိုင်လည်း နန်းအတွင်းသို့ ဝင်ထွက်သွားလာနေသူဖြစ်သည်။ တစ်နေ့မှာတော့ သူ့အစ်ကိုအား တာဝန်ဝတ္တရားပျက်ကွက်မှုနှင့် ကြိမ်ဒဏ်စီရင်ချက် ချကြပါသည်။

"အေး – ငါ့အစ်ကိုကို ရိုက်ရဲရင် ရိုက်ကြည့်၊ နင်တို့လက်ကို ချိုးပစ်လိုက်မယ်"

သူ့အစ်ကိုကို ရိုက်မည့်နေရာသို့လာရင်း လမ်းခရီးမှာ ကြုံးဝါးသွား၏။ ထိုနေရာသို့ရောက်သောအခါ အာဏာသားများမှာ ရုတ်တရက် လက်တွေနာကျင်ကိုက်ခဲလာခြင်းကြောင့် လက်မှိုင်ချကာ ထိုင်နေတာကို တွေ့ရသည်။

နောက်တစ်ခါ ဘုရားဆွမ်းကပ်ရန် အပင်ပေါ်မှာ ထားရှိသော မာလကာသီး ပျောက်သွားတော့ သူ ဒေါသထွက်သွားသည်။ စားသူများ ဝမ်းကိုက်ဝမ်းနာ ဖြစ်ကြပါစေဟု ကျိန်ဆဲလိုက်တာ ခိုးစားသူမှာ ခဏချင်းအတွင်းမှာပင် အံမယ်လေး – အဘလေးအော်ကာ ဗိုက်နှိပ်နေရပါတော့၏။

ထိုအဖြစ်အပျက်များ ဆက်တိုက်ဆိုသလို ဖြစ်ပျက်နေကြခြင်းကြောင့် မှူးမတ်များ သူတို့မောင်နှမကို မထိရဲ၊ မကိုင်ရဲဖြစ်နေပါ၏။ ထို့ကြောင့် သူတို့မောင်နှမအား စုန်းဟူ၍ ဘုရင်ကြီးထံ သံတော်ဦး တင်ကြသည်။ ဘုရင်ကြီးကလည်း မယုံကြည်တာကြောင့် သူတို့ယူဆောင်လာသည့် ပစ္စည်းမှန်သမျှကို စစ်ဆေးရန် အမိန့်ပေးထား၏။



တစ်နေ့မှာတော့ သူတို့မောင်နှမနှစ်ယောက်သည် ဘုရင့်ထံ ဆက်သရည့်ရိက္ခာကို ထမ်းကာ ယူဆောင်လာခဲ့သည်။ မှူးမတ်များကလည်း အမိန့်တော် ရထားပြီမို့ စစ်ဆေးပါသည်။ သူတို့ကလည်း နေမပူပင် စားရမှာမို့ အလျှင်လိုကြောင်း ပြော၏။ မှူးမတ်များကလည်း အမိန့်အရဆိုပြီး ရိက္ခာထုပ်ကို အတင်းရှာကြသည်။ သည်တော့ စိတ်တိုတိုဖြင့် အမေရှင်ဖြစ်လာရည့်သူက –

"ပြောမရ၊ ဆိုမရနဲ့ ရှာချင်တယ်ဆိုရင် ရှာ၊ မြွေပဲ တွေ့မယ်"

ဟုပြောလိုက်ရာ တကယ်မြွေဖြစ်နေပြီး ဘုရင့်ကိုအကြောင်းစုံလျှောက်တင်လိုက်၏။ သည်တော့ ဘုရင်လည်း သူတို့မောင်နှမကို အဆုံးစီရင်လိုက်ရာ အမေရှင်ဖြစ်သွားပါလေတော့၏။

ကျွန်တော် ဇတ်ဖူး မှတ်ဖူးသမျှ စုန်းအမျိုးအစား၊ တိမ်ညွှန့်စား၊ အထက်တန်းစားစုန်းတွေမှ အနိမ့်ဆုံးချေးစားစုန်းတွေ ပါဝင်သည်။ ထိုအထဲတွင် ဝမ်းတွင်းစုန်းလည်း ပါနေပါ၏။ မိမိကိုယ်မိမိ မသိပေမဲ့ မည်သူမျှ ပြုပြင်ပေးနိုင်မှုမရှိပဲ စုန်းဖြစ်နေတာကို ဝမ်းတွင်းစုန်းဟု ခေါ်ကြမည် ဖြစ်၏။

ကျွန်တော်သည် ထိုအဖြစ်အပျက်ကို ရှင်းပြလိုက်ပါမှ စောလူးသယ် ငြိမ်သွားပါလေတော့၏။

→ မုဒ္ဒံ သုမွန်

www.burmeseclassic.com



တောကြောင်တစ်ကောင် နှင့် ညတစ်ည

မင်းထိုက်ပိုင် (မြရောင်မြေ)

# တောကြောင်တစ်ကောင် နှင့် ညတစ်ည

## မင်းထိုက်ပိုင် (မြရောင်မြေ)

ဒီရွာသားတွေ ညနေစောင်းပြီဆိုရင် ယောက်ယက်ခတ်နေကြ၏။ အကြောင့်များ ဒီလိုဖြစ်နေတာလဲ။ ဟိုအိမ်ကမီးတိုင် အစောကြီးမှုတ် တုတ်ထိုင်နေကြသလို၊ ဒီအိမ်ကလည်း ထိုနည်းအတူ တစ်ရွာလုံး အိမ် ခြံဆယ်လောက်ရှိသည်။ ဒီရွာရှိတဲ့ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး လုံး မီးရေနဲ့သတ်၊ ရှဲခနဲတောင် မမြည်၊ ဘာများဖြစ်ပါလိမ့်၊ သိပ်ထူးခြား ပဲ၊ ဒီလိုရွာမျိုးမှာ မလွှဲမရှောင်သာလို့ တည်းမိတာ ငါ့အမှား - ငါ့အမှား မြန်လင်းပါစေ ဘုရား - ဘုရား - ဘုရား။

"အုဝဲ - အုဝဲ - ဝဲ - ဝဲ - ဝဲ - ဝဲ - အား - အား - အ - အ"

"ဂီး - ဂီး - ဂီး - ဝွတ် - ညောင် - ဝေါင် - ဝေါင် - ညောင် - ညောင်"

ဟာ - ဒီအသံက ကလေးငိုသံ၊ ဟိုအသံက ငှက်အော်သံ၊ နောက်တစ်သံ ကြောင်အော်သံ၊ ကျွန်ုပ်အတွေးထဲ ဝင်လာတော့ နားထဲက စူးစူးဝါးဝါး နေရတယ်၊ ခန့်မှန်းခြေ ရွာလယ်လောက်ကပဲ ဖြစ်မှာပါ။

"ဟော့ - ကိုညို - ကိုညို ထပါဦးဗျ၊ ဟိုမှာ - စောစောတင် ကလေး တငိုငိုနေ ငိုလိုက်တာ ကြွက်ကြွက်ဆူနေတာပဲဗျို့"

www.burmeseclassic.com

"ဟာ - ကိုစော ကျုပ် မအိပ်သေးပါဘူးဗျ၊ နားထောင်နေတာ - ညွှန့်သည် လည်း အိပ်မယ်မထင်ဘူး"

"ဟုတ်တယ်ဗျား - ကိုညို၊ ကျုပ်တို့ရွာက ဒီလိုပဲ ညတိုင်းလိုလို ကလေးတွေ ပိုးသယ်ဗျ၊ အဲဒါ - တရွေ၊ မှင်စာကျွေး၊ သရဲစာပစ်လိုက်ရင် ကောင်းသွားပြန် ရောချင်၊ ဒီမကောင်းဆိုးဝါးကောင်ကလည်း ကလေးတွေမှ ဖမ်းစားတာ လူဆိုးတွေနဲ့ ခုတ်သတ်လိုက်မယ်"

"ဟုတ်ပ - ကိုစောရေ၊ ဒီနာနာဘာဝကောင်ကို ဘယ်လိုနှိမ်ရပါ့ဗျာ"

"စိတ်ညစ်ဖို့ အလွန်ကောင်းတာဗျ၊ ကျုပ်တို့ ရွာကျမှ ဖြစ်တာ"

ကျွန်ုပ်အိပ်ရာမှ လူးလဲထကာ သူတို့နှစ်ယောက် စကားပြောနေရာ အိပ်ရေးကွပ်ပျစ်ပေါ်သို့ သွားထိုင်မိ၏။

"ဟာ - ညွှန့်သည်လည်း မအိပ်သေးဘဲကို၊ အားနာပါတယ်ဗျာ"

"ဟုတ်ပါပြီ - ဘာမှ အားမနာပါနဲ့ဗျာ၊ အနာရှိသိရင် ဆေးရှိရမှာပေါ့"

"ဟုတ်ကဲ့ - ဆရာက ဒီဘက်ကလည်း စွမ်းတာလား"

"မဟုတ်ရပါဘူးဗျာ - ဒီလိုရှိတယ်၊ နာနာဘာဝတွေဆိုတာ ခုလို ရွာထဲ ဝင်နှောင့်ယှက်တယ်ဆိုတော့ ရွာထဲမှာ သူနေတယ်၊ သူကလည်း နယ်နယ် ရရတော့ ဟုတ်မှာမဟုတ်ဘူး၊ ဟို - စုန်းကဝေထဲက နိုင်းစေးလို့ရတဲ့ ဆရာကြီး အစောင့်အရှောက်တွေများ မွေးပြီးစေလွှတ်နေသလားလို့ ထင်တယ်"

"အဲ - ဖြစ်နိုင်တယ် - ဖြစ်နိုင်တယ်၊ ညွှန့်သည်ရေ - ဟိုရွာလယ်မှာ ပြော ရမှာတော့ မကောင်းပါဘူးဗျာ၊ မိကြောင်ကြီးလို့ ခေါ်တယ်၊ သူက စုန်းမကြီး တဲ့ဗျ၊ အဲဒါ - မသင်္ကာစရာ၊ ညဆိုရင် သူ့အိမ်ရှေ့က တောကြောင်ကြီးတစ် ကောင် ထွက်ပြီးရွာထဲလျှောက်အော်ရောဗျ၊ အဲဒါ - ဘယ်လောက်ကြာ ပြီလဲ"

"အင်း - အနှစ် နှစ်ဆယ်လောက်တောင် ရှိရောပေါ့၊ ညတိုင်း ဒုက္ခပဲဗျ ကျုပ်တို့လည်း စုံနေပြီ၊ ဟိုရွာထုံးစံအရ၊ ဆွမ်းတင်၊ နတ်တင်၊ ကိုးမြို့တင် ရှာသမီးစရာမတွေ့ဘူး၊ အဲဒါဗျာ - မရပါဘူး"



"ဟုတ်တယ် - ကိုစောရေ၊ ကျုပ်တို့ ရွာမှာက မိုးကျပြီဆို၊ အဲဒီကိစ္စကြီး ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်၊ ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့ရင် ဘယ် လောက်ကောင်းလိုက်မလဲ"

"ကဲ - ကိုစောနဲ့ ကိုညို၊ ခင်ဗျားတို့ရွာက အထူးအဆန်းဖြစ်နေတာ ကျုပ် တော့ ခုမှပဲ ကြားဖူးတော့တယ်"

"ညွှန့်သည်ရေ - ညဆိုရင် ဟို ကျုပ်တို့ရွာက အသူရကာယ် ရောက်နေ သလိုပဲ"

"ကိုညို၊ လာဗျာ - ဟို စောတင်ရဲ့ကလေးငိုတာ သွားကြည့်ရအောင်"

"ကိုစော - သွားရအောင်၊ ညွှန့်သည်လည်း အိပ်နှင့်ပါဗျာ၊ လိုက်မယ်ဆို လည်း လိုက်ခဲ့"

ကိုစောနှင့် ကိုညို မှောင်ကြီးထဲ မီးမထွန်းဘာမထွန်း ရွာလမ်းအတိုင်း ချမ်းသွားကြ၏၊ ထိုအချိန် ခွေးအူသံက စူးစူးဝါးဝါးအော်၏၊ မကြာမီ လင်ကောင်ပိုးငှက်က တဝှီးဝှီးနှင့် ရွာပေါ်ခေါက်တုံ့ခေါက်ပြန် ပျံသန်းနေ၏၊ ညအချိန် မှောင်နဲ့မည်းမည်း ရှေ့ဝါးနှစ်ရိုက်လောက်မှာ မီးရောင်နှစ်ရောင် စိမ်းနေတာက တစ်လုံး၊ နီနေတာက တစ်လုံး၊ ဒါပေမဲ့ - ဆူးချုံကွယ်နေတော့ ဘာမှ သဲသဲကွဲကွဲ မမြင်ရ။

"ကိုညို - ခင်ဗျားမှာ တုတ်ပါတယ်နော်၊ အသင့်ပြင်ထား ဒီကောင် ဘာ ကောင်လည်း မသိဘူး"

"ကိုစော - ကျုပ် ဆော်လိုက်ရမလား"

"ခဏလေးနေဦး - ကျုပ် ကြည့်ဦးမယ်၊ ဟာ - တောကြောင်ကြီးဗျ၊ ဗျာ - ဗျ"

"ဝရုန်း - ဗုန်း - ဗုန်း - ညောင် - ညောင် - ဝုန်း - ဝုန်း - ရှဲ - ရှဲ - ရှဲ"

"ဟာ - နည်းနည်းလေး လိုသွားတယ်၊ နည်းတဲ့အကောင်ကြီး မဟုတ် ဘူး ကျုပ်တော့ ကြက်သီးတွေထ ခေါင်းနားပန်းကြီးသွားတယ်"

"ကဲ - ကိုညို၊ စောတင်တို့အိမ် သွားကြမယ်"

"အုဝဲ - အုဝဲ - အုဝဲ - ဟီး - ဟီး - အင့် - အင့်"



www.burmeseclassic.com

www.burmeseclassic.com

"တော့ - စောတင်၊ မယ်ဥ နှင်တို့ကလေးက ငိုလှချေလားဟဲ့"

"ဟုတ်တယ်ဗျာ - ထိတ်ကို မတိတ်ဘူး၊ ချော့လို့လည်း မရဘူး"

"အီး - သားလေးရယ်၊ တိတ်ပါတော့၊ အာ - အာ - အာ - အို - အို - အိုအေ"

"ဟဲ - စောတင်၊ မင်း ထမင်းနဲ့ ဆန်ကောယူခဲ့၊ ငါးပိစိမ်းပါ ယူခဲ့ကွာ"

"ဟုတ်ကဲ့ - ကိုညို - ဟုတ်ကဲ့"

"ကိုစောရေ - ဟို ပန်းအနီ၊ အဖြူပေါ့ဗျာ - ခူးခဲ့ပါဦး"

"ကဲ - စောတင်၊ အဲဒါတွေ ဒီဆန်ကောထဲထည့်၊ ရေတစ်ခွက်ပါ ခပ်ကွာ၊ မင်းသားလေးကိုယ်စား ငါသွားပစ်ပေးမယ်၊ အဲ - အဲ - ယောက်မပါ ယူပါဦး"

ကိုညို ရွာပြင်ဘက်သို့ထွက်သွားပြီး ခဏအကြာပြန်လာပြီ၊ အိမ်ခြံရှေ့အရောက်၊

"လွတ်ပြီလား - ပျောက်ပြီလား"

"လွတ်ပြီ - ပျောက်ပြီ"

"လွတ်ပြီလား - ပျောက်ပြီလား"

"လွတ်ပြီ - ပျောက်ပြီ"

"လွတ်ပြီလား - ပျောက်ပြီလား"

"လွတ်ပြီ - ပျောက်ပြီ"

လို့ သုံးကြိမ်သုံးခါ အော်ပြောကြ၏၊ ကလေးက အငိုတိတ်သွားပြီး ခဏချင်း အကောင်းပကတိဖြစ်သွားတော့၏၊ သူတို့ရွာ သူတို့ ကလေးက တစ်ကျောင်းတစ်ဂါထာ ပါလားလို့ အောက်မေ့မိ၏၊

"ကဲ - စောတင်ရေ၊ငါတို့ ပြန်ဦးမယ်၊ ကလေးလည်း ကောင်းသွားပြီကွာ"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်၊ ကိုစောနဲ့ ကိုညိုရယ်"

ညက အဖြစ်အပျက်ကြောင့် သူတို့ အိပ်ရေးပျက်ကြ၏၊ ရွာထဲမှ မကြာခဏ ဒီလိုကူညီရ၏၊ ဒီရွာထဲမှာက ဘယ်လိုနာနာဘာဝ နှောင့်ယှက်မှု



မသိ၊ စုန်း၊ တစ္ဆေ၊ ကဝေ၊ အောက်လမ်းမိစ္ဆာတွေ နှောင့်ယှက်နေသလားပဲ၊ အမဲသားနဲ့ ကျွဲ၊ ဝက်သား၊ ကြက်သား၊ ငါးကြော်နဲ့ ကျွေးရတာလည်း အကြိမ်ပေါင်းမြောက်မြားစွာပဲ၊ လက်ကိုက်၊ ပေါင်ကိုက်၊ ခေါင်းကိုက်၊ အဲဒီလို ရောဂါတွေက ဟိုလူဖြစ်၊ ဒီလူဖြစ်၊ ကြာတော့ - အားလုံးစိတ်ညစ်နေကြပြီ၊ အားကိုးစရာ ဆရာပဲ ရှာနေကြတော့၏၊ အဲဒီအချိန်က ပဌာန်းတို့ ပရိတ်တို့ ရွတ်တာက ခပ်ရှားရှားရယ်၊

ဒီကြားထဲ ဆရာလိမ်၊ ဆရာကဝိန်တွေက ရောက်လာ၊ ပွဲပြင် ရာဇမတ်တာ၊ မီးထွန်းနဲ့ ရွာသားတွေ စုပေးရတဲ့ အသပြာကြေးက အကြိမ်ကြိမ်ဆိုတော့ ရှိစုမဲ့စု၊ ကိုယ်ရှာတာ ကိုယ်စားရတယ်ကို မရှိတော့ဘူး၊ ဆရာပြန်သွားတော့လည်း ဒုံရင်းက ဒုံရင်းပါပဲဗျာလို့ ကိုညိုကပြောပြတယ်၊

သူတို့ရွာအတွက်တော့ ကျွန်ုပ် တော်တော်စိတ်မကောင်းဖြစ်ခဲ့မိတယ်၊ ဒီလိုခေတ် နောက်ပြန်ဆွဲနေတဲ့ အဖြစ်မျိုးလည်း ရှိနေသေးပါလားလို့ တွေးနေမိတယ်၊ ကျွန်ုပ် ကိုညိုတို့ရွာကို အလည်ရောက်ခဲ့ပြီး နှစ်ပေါင်း (၂၀)ကျော်ကာလသို့ ရောက်ခဲ့ပြီး မရောက်တာကြာပြီဖြစ်တဲ့ ဒီရွာကလေးက ခုဆို ဒီအဖြစ်မျိုး ကင်းလွတ်ပြီထင်ပါရဲ့၊

ဟိုငယ်ငယ် ကြားဖူးခဲ့တာပါ၊ ဘာတဲ့ သေချင်ရင်စိန်မစားနဲ့၊ သစ်ငုတ်တောင်နဲ့ မယ်ကြက်မသွားတဲ့၊ ဘာလို့ လူကြီးတွေက ပြောခဲ့တာလည်းဆိုတော့ အဲဒီပညာသည်တွေ၊ စုန်းကဝေတွေ ပေါလို့တဲ့ဗျ၊

ကျွန်ုပ် - ကိုညိုတို့နဲ့ မတွေ့တာကြာပြီ၊ အကြောင်းတိုက်ဆိုင်တော့ ရောက်အောင်သွားဦးမယ်လို့ စိတ်ကူးထားမိတယ်၊ ခုတော့ - ပဌာန်းဆက်မကုန်သေးတဲ့ ဒီရွာနဲ့က သွားဖို့အကြောင်းဖန်လာတယ်၊ အဲဒါ - မြကြေးမုံစေတီတော်ကြီးရဲ့ မိုးကုတ်ဝိပဿနာ တရားစခန်းအောင်ပွဲမှာ တပေဟောပြောပွဲ မွေ့သဘင်ပွဲ၊ စာအုပ်မိတ်ဆက်ပွဲကြောင့် ဒီနှစ် တပေါင်းလထဲမှာ ရောက်ခဲ့ရတာပါ၊

ယခင်နဲ့မတူတဲ့ယခု၊ခေတ်မီလာတဲ့မြို့ပြအဆောက်အအုံတွေတိုးတက်ခဲ့ပြီးလာသလို ကျေးလက်ဒေသတွေမှာလည်း လမ်းတွေက ဖောက်ခင်း



www.burmeseclassic.com

ဒီလူ ကြက်သီးထသွားတော့၏။ သူ့ ရိုက်တံနှံက ဖား။

ဆောင်တော့ ချောင်းသံကြီး။ မီးခွက်တွန်း၊ မီးတောင်းထဲ

ဆည်ကြီး ချောက်တည့်တော့ ကန်သင်းဆုံမှာ ထိုင်နေတဲ့

ကြောင်မဲကြီးက မထိလေးစားနှုတ်လုပ်နေ၏။ သူ့ ပြေးလိုက်၊

ချောင်က ကုက္ကိုပင်ကြီးဆီပြေးပြီးနောက် ကြောင်ကြီးက

ဂူထိပ်က အပေါက်ထဲဝင်သွားတော့၏။



လမ်း၊ လျှပ်စစ်မီးတွေလင်းလို့၊ တောခေလှဲ့အရ နွားလှည်းတွေ နေရာမှာ ဒိန်းဒေါင်းထော်လာဂျီတွေ၊ စက်ဘီးနေရာ ဆိုင်ကယ်၊ ဟန်းဖုန်းတွေနဲ့ တော်တော် ဝမ်းသာစရာကောင်းနေပါတယ်ဗျာ။

ကျုပ်စိတ်ထင်မှာ မြခြေးမုံဘုရားကြီး ပရဝုဏ်ကန်တော်ကြီး အနီး တစ်ပိုက် တစ်ကိုယ်ထဲလမ်းလျှောက်နေမိတယ်၊ တမျှော်တခေါ် လှမ်းကြည့်တော့ ဟိုရှာက မယ်ကြက်မအိုင်၊ ဒါက ကျွဲခေါင်း၊ ဟိုဟာက သစ်ငုတ္တတောင်၊



ကျုပ်သိပြီးသား၊ ရောက်ဖူးပြီးသားရွာတွေ။ ဒီတော့ - ဟို - မယ်ကြက်မအိုင်ရွာကို သွားအမှတ်ရမိတယ်။ အဲဒီက ကိုစောနဲ့ ကိုညိုတို့ကို မျက်နှာတွေ ကွင်းခနဲ ပေါ်လာတယ်၊

"ကိုစံလေး - ကိုစံလေး - ခဏလာပါဦး"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

"အော် - ကိုသန်းငွေလည်း ပါလာတယ်"

"ဟုတ်တယ်ဗျ - စာရေးဆရာ"

"ဟိုဗျာ - မယ်ကြက်မအိုင်က ကိုစောတို့၊ ကိုညိုတို့ ရှိသေးလားဗျာ"

"ကိုစောက အနောက်ဘက်ပြောင်းသွားတယ်။ ကိုညိုက မနှစ်က ဆုံးသွားပြီ"

"ဟ - စိတ်မကောင်းစရာပဲ။ ဒါဆို - ဟိုအနှစ် (၂၀)လောက် သူတို့ရွာမှာ ညညဆို ကလေးတွေငို၊ စုန်းစာကျွေး၊ တစ္ဆေမှင်စာပစ်ရတဲ့အကျင့် ရှိသေးလား"

"ဆရာရေ - အဲဒါ ဟိုမှာကြည့်ပါဦး"

ကိုစံလေးက လက်ညှိုးထိုးပြတော့ ကျွန်ုပ်က လှမ်းကြည့်လိုက်မိတယ်။ တွင်းလယ်ခေါင်မှာ ဇရာမကုက္ကိုပင်ကြီးတစ်ပင် အဲဒီအပင်အောက်မှာ ဂူတစ်လုံးကို မြင်ရပါတယ်၊

"ဘာလဲ - ကိုစံလေးနဲ့ ကိုသန်းငွေ ခင်ဗျားတို့ပြတာ"

"အဲဒီအောက်က ဂူကြီးကိုပြောတာဗျာ"

"ဟုတ်လား - ဆိုစမ်းပါဦး၊ ကျုပ် သိချင်လို့ပါ"

"ပြောပြမယ် - ဆရာ၊ မှတ်ထား ဝတ္ထုလည်း ရေးရမှာပေါ့"

"တကယ့်ဖြစ်ရပ်ဆိုတော့ ဆရာက ဂမ္ဘီရတွေ နိုက်နိုက်ချွတ်ချွတ်ရှာ ရေးတာဆိုတော့ အံကိုက်ပေါ့ဗျာ"

"ဟုတ်တယ် - ဆိုစမ်းပါဦး"

"ဒီလိုဗျ - ဒီလိုဗျ"

☑



www.burmeseclassic.com

www.burmeseclassic.com

မှောက်မိုက်သော ညတစ်ည မိုးကလည်း တဖြောင်းဖြောင်းနဲ့ရွာလိုက်၊ လေက တဟူးဟူးနှင့်တိုက်လိုက်၊ ရေဘောင်ဘင် လယ်ကွက်တွေထဲမှာ ရေတွေပြည့်တော့ နွေအောင်းဖားတွေက သူတို့ချစ်ရေးငင်ပွဲ၊ ပျော်ပွဲ၊ ရေသဘင်ပွဲ အပျော်ကြီးပျော်နေကြ၏။ ဒီအခါမျိုးမှာ ဖားရိုက်သမားတွေအတွက် အတွက်ကောင်းဆိုတော့ ဖိုးထူးနှင့် ရွှေဖူးတို့နှစ်ယောက် ပလိုင်းကိုယ်စီ၊ မီးတောင်း၊ မီးတိုင်တွေနှင့် ကြိမ်လုံးကိုင်လို့ ကွင်းထဲဖားရိုက်ထွက်ခဲ့ကြတယ်။ မလှမ်းမကမ်း ရေအိုင်ထဲမှာ ဖားတွေက ဗလောင်ဆူနေတော့ တစ်ကောင်တစ်ချက်ရိုက်လိုက်တာ ဖားပလိုင်းပြည့်သွားပြီး ဖိုးထူးက ဆေးလိပ် သိပ်ကြိုက်တော့ သစ်ပင်ကြီးအောက် လေကွယ်ရာနေရာ၊ မီးခြစ်ကိုခြစ်ပြီး ဆေးလိပ်ဖွာရှိုက်နေမိ၏။ ရွှေဖူးကတော့ ဟိုကွင်းဘက် စုန်ဆင်းသွားရာ ပြန်မလာတော့၊ လမ်းကွဲသွားကြပါတော့၏။

ဘိုးထူး ဆေးလိပ်သောက်ပြီး၊ ဖားရိုက်ဖို့ပြင်၊ မိုးကာခြုံ၊ ဖားပလိုင်းလွယ်လိုက်တော့ ဖားတွေပျောက်နေပြီ။ အစို့လည်း ပွင့်နေ၏။ ဖားတစ်ဝက်လောက်မရှိတော့။

"တယ် - ဒီဖားတွေ ဘယ်ရောက်ကုန်လဲ"

"အုန် - အင် - အုန်အင် - ဗို့ - ဗို့ - ဗို့ - ဗို့"

တောင်ပို့နားက ဖားသံကြီးက အကျယ်ကြီး၊ စားဖားကြီး ငါးဆယ်သားထက် ကျော်ဦးမည်။ ဖိုးထူး နားစွင့်လိုက်၏။ မီးတောင်းကိုမြှောက်ကြည့်လိုက်တော့ဗိုက်သားကြီးက အဖွေးသား။ မီးတိုင်ကိုမှုတ်လိုက်၏။ ထိုင်ချောင်းနေရာ ပို့ - ပို့ - ပို့ နှင့် ညာသံပေးအော်နေ၏။ ဖိုးထူးကြည့်လိုက်တော့ ညမှောင်မှောင်ထဲ ဗိုက်ကြီးက ဖွေးနေ၏။ ကြိမ်လုံး ကျစ်ကျစ်ပါအောင်ကိုင်ပြီး အနားကပ်ကာ ရိုက်တော့၏။

"ဗုန်း - အင့် - ညောင် - ညောင် - ဗုန်း"

ဖိုးထူး ကြက်သီးထသွားတော့၏။ သူ ရိုက်တုန်းကဖား။ အော်တော့ ကြောင်သံကြီး။ မီးခွက်ထွန်း၊ မီးတောင်းထဲထည့်ပြီး မြှောက်ကြည့်တော့ ကန့်သင်းဆုံမှာ ထိုင်နေတဲ့ ကြောင်ဝံကြီး မထီလေးစားနှင့်လုပ်နေ၏။ သူ ပြေးလိုက်၊ ကြောင်က ကုက္ကိုပင်ကြီးဆီပြေးပြီးနောက် ကြောင်ကြီးက ဂူထိပ်



က အပေါက်ထဲဝင်သွားတော့၏။ ဖိုးထူးတစ်ယောက်ထဲမို့ ဘာမှမလုပ်တတ်၊ ကျစ်စာခဲများနှင့် ထိုအပေါက်ကိုဖို့ပြီး ဖနောင့်နှင့်ဆောင့် အသေပိတ်ခဲ့၏။ ကြိမ်းသေပြီဆိုတော့ မနက်ခါ ဒီတွင်းကိုလာတူးရင် ဟင်း ကောင်းကောင်းစားရမယ်လို့ ဝမ်းသာနေ၏။ ညဉ့်နက်လာပြီဖြစ်တော့ မိုးလင်းပိုင်းမစောင့်တော့ဘဲ ဖားပလိုင်းတစ်ဝက်နှင့် ပြန်ခဲ့တော့၏။ အိမ်ရောက်တော့ လင်းကြက်တွန်နေပြီ၊ သူ့မိန်းမက ဖားတွေကို ရောင်းဖို့ပြင်ဆင်နေချိန် ဖိုးထူး တခေါခေါနှင့် အိပ်ပျော်သွားတော့၏။

မိုးလင်းတော့ ရွှေဖူးဆီကိုသွားတော့ ဟိုကောင် အရက်မူးနေပြီ၊

"ဖိုးထူး၊ မင်း - ညက တော်တော်ရလား၊ ဘယ်လောက်ရလဲကွ"

"ငါ ညက ဖားတစ်ပလိုင်းကွာ၊ တစ်ဝက်ပဲ ရတော့တယ်"

"ဘာဖြစ်လို့လဲ - မှောက်သွားလို့လား၊ ရော့ - လက်ကျန်လေးချလိုက်ကွာ"

"အေး - အေး - ဂွတ် - ကလီ"

"ဘယ်ကလာကွာ - ဒီလိုကွ၊ မင်း - နားထောင်"

ဖိုးထူးက ဖြစ်ကြောင်းကုန်စင် ပြန်ပြောပါတော့၏။

"ဟာ - ဒါဆို မင်းနဲ့ငါ ညကျ သွားတူးမလား"

"တို့နှစ်ယောက်တည်းနဲ့ ရပ့ါမလား၊ ဟိုရွာထဲက လုပ်ရဲကိုင်ရဲတဲ့ ကိုယကွကြီး ခေါ်မယ်ကွာ၊ ကြောင်ကတစ်ကောင်ထဲ ဟုတ်ချင်မှဟုတ်မှာကွ"

"ကောင်းတယ် - မင်း စီစဉ်လိုက်၊ ရော့ - ချကွာ - နည်းနည်းလေး"

"ဒါဆို - တို့ ဒီည လုပ်ငန်းစမယ်၊ အိုကေ -"

"အိုကေ - အိုကေ"

ညမိုးချုပ်တော့ ရွှေဖူးရယ်၊ ဖိုးထူးရယ်၊ ကိုယကွကြီးတို့ တောအရက်ပုလင်း တစ်လုံးနှင့် ပေါက်တူး၊ ပေါက်ပြားတွေ၊ ဓားတွေ ကိုယ်စီယူပြီး ဂူဟောင်းကြီးဆီသို့ ခရီးဆက်ခဲ့ကြတော့၏။ ကုက္ကိုပင်ကြီးအောက်မှာ စခန်းချပြီး ဂူဟောင်းကြီးနေရာကြည့်တော့ ခြေရာလက်ရာမပျက်၊ ကယ်ပေါက်လည်းတစ်ပေါက်သည်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းစပြီ ပေါက်တူးနှင့် တူးကြ၏။ တဖြည်းဖြည်း တွင်းဝကြီး ကျယ်လာပြီး အထဲက အသံက တခွီးခွီးနှင့်အော်၏။ မီးတောင်းနှစ်လုံး ဆိုင်ထွန်းထား၏။ တူးသူက ကိုယက္ခကြီး၊ မောလိုက်၊ အရက်မော့လိုက်နှင့် ဂူကြီးထိပ်အပေါက်ဖောက်၊ တုတ်နှင့်ထိုး၊ တခွီးခွီးနှင့် မာန်ဖီသံကြားရ၏။ ဒါပေမဲ့ - ခြောင်ဆိုတစ်ကောင်မှကို မတွေ့ရ။ မြွေတွန်သံလိုလို ထင်ရ၏။

"နေဦးကွ - ငါ ဂူထဲခေါင်းဝင်ကြည့်ဦးမယ်၊ မင်းတို့ နစ်ယောက် အသင့်ပြင်ထား"

"ဟုတ်ကဲ့ - ကိုယက္ခ - ဟုတ်ကဲ့၊ ဟော့လူ - မြွေပေါက်လိမ့်မယ်"

"ဟာ - မျက်လုံးကြီးနှစ်လုံး ဝင်းနေတာပဲ၊ ဒီတော့ - ဟောဒီခေါင်းထဲမှာ ဝင်နေတယ်၊ မင်းတို့ ခေါင်းကိုအပြင်ဆွဲထုတ် ရအောင်ထုတ်"

"ကဲ - ဆွဲဟေ့ - ဆွဲ - ဆွဲ - လာလေ့ - လာလေ့"

"ဟာ - ထွက်လာပြီ - ထွက်လာပြီ"

"ဖွင့်ကွာ - ဖွင့် - ဖွင့် - ဒုတ် - ဒုတ် - ဒုတ်"

"ဟင် - ဟာ - အို - အမလေး - အမလေး - ဟာ - ဝေ့ - ထွီ"

သုံးယောက်သား ဖင်ထိုင်လဲကျသွားကြတော့၏။ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး တုန်နေကြတော့၏။ သူတို့မြင်လိုက်သောအရာကား။

လူခေါင်းကြီး…။ မိန်းမကြီးရဲ့ဦးခေါင်းဆံပင်တွေ ဖားလျားနှင့် သွားအကျဲသားအကောင်းပကတိ၊ ပိုထူးနေသည်က ပါးစပ်တွင် အစွယ်ကြီးနှစ်ဖက်က အဖွေးသား၊ အငေါသား အောက်ပိုင်းကတော့ အရိုးစုရှပ်ကလာပ်ကြီး၊ အနံ့က ပုပ်ဟောင်နေ၏။ မျက်လုံးနှစ်လုံးက မီးခဲလိုရဲနေတော့၏။

"ဟေ့ - ဟော့ကောင်တွေ၊ ဒါ - ဒါ - တို့ရွာကို ဒုက္ခပေးနေတဲ့ စုန်းမကြီးကွ"

"ဟုတ်လား - ကိုယက္ခကြီး၊ ကျုပ်တော့ ကြောက်တယ်ဗျာ - ဟီး - ဟီး"

"ရွှေဖူး - မင်း လုပ်ရဲလား၊ ဒါကြီးရှင်းမှ တို့ရွာသားတွေအတွက် စိတ်ချမ်းသာရမှာ၊ ဒီတော့ တို့ဘယ်သူမှလည်း မသိပါဘူးကွာ၊ လုပ်ကြစို့ - ရကြစို့ကွာ၊ တစ်ရွာလုံး ညတိုင်း ဒုက္ခပေးနဲ့ အောက်လမ်းမိစ္ဆာမကြီး တွေ့ကြသေးတာပေါ့ - ဟင်း - ဟင်း - ဟင်း"



"ကိုယက္ခကြီး - ချမယ်ဗျာ၊ ဖိုးထူး အရက်ယူခဲ့"

"ဂွတ် - ဂွတ် - ဂွတ် - ဂွီ - ဂွီ"

"အား - ရဲဆေးတင်လိုက်ပြီကွ၊ ချမယ်ဟေ့"

"ချကွာ - ဒုတ် - ဒုတ် - ရှမ်း - ရှမ်း - ရှမ်း"

"ရွှေဖူးခုတ် - ခုတ်ကွာ၊ ဒုတ် - ရှမ်း - ရှီး - ရှီး - ရှီး"

အစိတ်စိတ်အမွှာမွှာ ခုတ်ကြ၏။ ခေါင်းကြီးတစ်ခုလုံး ကြေမွတစ်စစီဖြစ်တော့ သွေးတွေက ချင်းချင်းနီလို့၊ သွားတွေက ဟိုတစ်ချောင်း ဒီတစ်ချောင်း အသားစတွေက တစ်စစီ၊ မျက်လုံးကြီးနှစ်လုံး မီးသေသွား၏။

"ကဲ - ဖိုးထူး၊ ရွာပြန် ကောက်ရိုးပွေ့ခဲ့ကွာ၊ မီးရှို့ပစ်မယ်"

"ဟုတ်ကဲ့ - ကိုယက္ခကြီး၊ ဟုတ်ကဲ့ - စိတ်ချ၊ ကျွန်တော် သွားမွေ့ယ်"

"အဲဒီည ဂူဟောင်းကြီးအနီး ကုက္ကိုပင်ကြီးအောက်မှာ မီးခိုးတွေလှိုင်လှိုင်နဲ့ မိစ္ဆာတို့ရဲ့ဇာတ်သိမ်းက အန္တိမအချိန်ဖြစ်ပါတော့တယ်ဗျာ"

"တိုစံလေးနဲ့ ကိုသန်းဇွေ ခင်ဗျားတို့ ဇာတ်လမ်းကလည်း တော်တော်နန်းတာပဲ"

"ဟုတ်တယ် - အဲဒီထဲက မကောင်းဆိုးဝါး မကပ်တော့ဘူးထင်ပါတယ်၊ ခုဆို ဘာသံမှကို မကြားတော့ဘူးဗျ၊ သူ့တပည့်သားမြေးတွေလည်း ကြည့်လုံကွယ်တောင် စုန်းတောက်စားတာ နည်းသွားတယ်"

"ဒါဆို - လွန်ခဲ့တဲ့ အနှစ် (၂၀)ကျော်က ဖြစ်တဲ့ အဖြစ်အပျက်က ခုမှဇာတ်သိမ်းသွားတာပေါ့ဗျာ၊ တောကြောင်တစ်ကောင်နဲ့ ညတစ်ညဇာတ်လမ်း နိဂုံးချုပ် သွားပြီပေါ့ဗျာ"

သတ္တဝါအားလုံး ရွှင်ပြုံးကျန်းမာကြပါစေ။

→ မင်းတိုင်ပင် (မြရောင်ဝေ)

www.burmeseclassic.com




# အကြွေးဆပ်ရသူ နှင့် အကြွေးကင်းသူ

မြှား ပုံ စိုး သား

သတ္တဝါတို့သည် ကံ,ကံ၏အကျိုးကြောင့်လည်းကောင်း၊ ဝိပါက်ကြွေးမှာ ငွေကြေးကြောင့်လည်းကောင်း၊ မီးစာမကုန်၊ ဆီမခန်းမီ ဥပစ္ဆေဒကကံ ခေါ် ရုတ်တရက် သေခြင်းမျိုး (တစ်စုံတစ်ရာပယောဂ)ဖြင့် မထင်မှတ်သော အကြောင်းတရားကြောင့် သေဆုံးတတ်ကြသည်၊ ဤသည်ကိုပင် ရပ်ရွာ အခေါ် အစိမ်းသေ သေသည်ဟူ၍ ဆိုတတ်ကြလေသည်၊ ဤသို့သော သေခြင်းတရားနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း တချို့မှာ ကံထူးကံကောင်း လှစွာ သေဘေးမှ ကြံဖန်၍ လွတ်မြောက်ခဲ့ကြသည်များလည်း ရှိသည်၊ ယခုနှစ်၏ အမြင်အရဆိုလျှင် အတိတ်ကံဝဋ်ကြွေး ပါရှိလာခဲ့ပါလျှင် မည်သို့မှ ထိုကံက လွတ်မြောက်နိုင်စရာ မရှိပါချေ၊ ထိုဝဋ်ကြွေးဆပ်ချိန် ရောက်လျှင် မလွှဲမသွေ ဆပ်ကြရမည်သာဖြစ်ပြီး ရှောင်ပြေး၍ မရသည်မှာ အသေအချာ ပင်ဖြစ်သည်၊ အတွေ့အကြုံများအရ ထိုသို့ ဝဋ်ကြွေးဆပ်ရသူများ၊ ဝဋ်ကြွေး ပေါ်လာခဲ့၍ ဥပစ္ဆေဒကကံမှ ကြံဖန်ပြီး လွတ်မြောက်ခဲ့ကြသူများကို ကြုံဖူးခဲ့ ပါသည်၊ လွတ်မြောက်ခဲ့ရသူ အချို့ထဲမှ ပြောစကားများအရ ယုံနိုင်ဖွယ်ရာ ဤ သိပ္ပံပညာနှင့်လိုက်၍ တိုင်းတာအဖြေထုတ်နိုင်စွမ်းမရှိသော အဖြစ်များ လည်း ဖြစ်သည်ဟု ဆိုရလျှင် . . .၊

☑

www.burmeseclassic.com



သူကြီးအုပ်ချုပ်သော ခေတ်ကာလမို့ ဖျာပုံခရိုင်၊ မရမ်းရွာကလေးမှာ ဦးလှမောင်ဟုဆိုလျှင် မိမိရွာတွင်သာမက ပတ်ဝန်းကျင်ပါ အာဏာစက်ပြင်းသော သူကြီးဟူ၍ နာမည်ကျော်သည်။ သူကြီးကတော် ဒေါ်မိဖွားသားယောကျ်ား မမွေးဖွားခဲ့ပဲ တစ်ဦးတည်းသော သမီးလေး လှလှကိုသာ မွေးဖွားခဲ့သဖြင့် လင်မယားနှစ်ယောက်စလုံး သမီးလေး လှလှကို မျိုထားမတတ် အချစ်သည်းခဲ့ကြသည်။ သမီးနှင့် ပတ်သက်လာလျှင် လိုလေသေးမရှိပြီး ပြည့်စုံစေခဲ့သည်။ သမီးကိုဆတ်ဆတ်ထိမခံသဖြင့်အပျိုအရွယ်ရောက်လာခဲ့သည်အထိ ရည်းစားသနာ မရှိခဲ့ရပါချေ။ သူကြီး၏ခြောက်ပေါက်ထိတ်တုံးကအကြောင်း သုံးပါးမရှေးသဖြင့် ကာလသားလူပျိုလေးများ၊ လူပျိုဟိုင်းများလှလှကိုဝေးဝေးရှောင်ကြသည်။ ရူးခွင့်မရှိသည့် ပန်းမို့လားမသိ၊ လှလှ၏ရုပ်ရည်ကလည်း တောသားများနှင့် လားလားမှမတိုက်။ မင်းကြိုက် စိုးကြိုက်ကတော်ဖြစ်ထိုက်သည့် ရုပ်ရည်မျိုးဆိုရလောက်အောင် အလှသရုပ္ပဆောင်းသည်။

ဖူးရာမှငုံ၊ ငုံရာမှပွင့်၊ ပွင့်ရာမှ စွင့်ကားလှပသည့် ကာလတစ်လျှောက်လုံး သူကြီးလင်မယားကို ကြောက်ရသဖြင့် ချစ်ခွင့်ပန်ရဲသူ မရှိသဖြင့် အချစ်ငတ်သူကလေး ဖြစ်နေလေတော့သည်။ လူ့သဘာဝဆိုတာက ချုပ်ထား၍မရ၊ ခမွတာသဘောအရ ချစ်စိတ်ကြိုက် စိတ်လေးများ နိုးကြားနေချိန် ရူးသူပန်သူမဲ့နေသူ လှလှမှာ ချစ်ရမည့်သူ ဖူးစာရှင်ဆိုတာ ဝေလာဝေးဘဝ၊ ဂုဏ်တစ်ထောင်စောင့်ကြပ်သည့်မဥ္စူသကနတ်ပန်းပွင့်သဖွယ် လှလှကိုမချစ်ရဲသူကာလသားများကြောင့် အထီးကျန်ဘဝကို နေ့စဉ်ဖြတ်သန်း လာရဖန်များတော့ ဗီပါများ၍ကြွလာသလို ရှန်းကန်ထွက်မိလေတော့သည်။

သူ့ရှန်းကန်မှုကလည်း သူကြီးလင်မယားကို မျက်ဖြူဆိုက် အမောဆို့သွားစေခဲ့သည်အထိ၊ ကြိုက်မယ့်ကြိုက်တော့ အိမ်မှာ နိုင်းထားသည့် သူရင်းငှားညွန့်တင်၊ ဆင်းရဲပေမယ့် ညွန့်တင်၏ ရုပ်ရည်က ဖြူဖြူချောချော သနားကမားလေးဖြစ်သည်။ မြင်ပါများတော့ ယဉ်ဆိုသလို လှလှ၏ မျက်စိထဲမှာ ညွန့်တင်သည်သာ မင်းသားလေးတစ်ပါး ဖြစ်နေခဲ့သည်မို့ မခွဲနိုင်မခွာရက်ဖြစ်မိပြီး လူလစ်ရင် လစ်သလို တိတ်တခိုးချစ်မိုးစွေခဲ့ကြသည်။ ဘူးတစ်ရာအပေါက်သာ ပိတ်၍ရမည်၊ လူ့ပါးစပ်တစ်ပေါက်ပိတ်ဖို့က မလွယ်ကူ၊ ကြာတော့ ပျက်နေသည့် သူတို့နှစ်ဦး၏ အချစ်ဇာတ်လမ်းကို လှလှ၏မိဘများ သိသွားခဲ့ကြသည်။ သူကြီး ဦးလှမောင်၏ ဒေါသက ဘဝင်တိုင်အောင် ဟုန်းဟုန်းထခဲ့လေပြီ၊ ခွေးထက်မိုက်တဲ့သမီး၊ ယောက်မမြင်းစီးထွက်တဲ့ ခွေးမ စသည့် ဒေါသစကားတွေနှင့် ဝုန်းဒိုင်းကြဲရင်းက လက်ပါ ပါခဲ့သည်။ ဖခင်၏ ရိုက်နက်သည့်ဒဏ်ကို လှလှအတော်ကြီး ခံလိုက်ရရှာသည်။ ညွန့်တင်ကိုလည်း တွေ့ရာသချိုင်း၊ မားမဆိုင်း အမိန့်ထုတ်လိုက်သဖြင့် ညွန့်တင်သည်လည်း ကြောက်ကြောက်လန့်လန့်နှင့် ဝေးရာသို့ ပြေးလေပြီတည်း။

တစ်ယောက်ဆိုတစ်ယောက်သာ ချစ်ခဲ့ဖူးသူ လှလှမှာ ပဋာမြေလူး အရှုံးပိုင်း ခံစားလိုက်ရရှာတော့သည်။ မိခင်ကြီးက ဖျောင်းဖျနားချပါသော်လည်း ချစ်ဒုက္ခအပူမီးကို လောင်မြိုက်ခံစားရင်း အစားမမှန်၊ အအိပ်မမှန် အပူသည်ဘဝက တိုးတက်မှုရှိမလာခဲ့၊ သည်လိုနှင့် ဆယ်ရက်ခန့်အကြာမှာ...

“သမီးလေး – လှလှ၊ သမီးလေး – တံခါးဖွင့်ပါဦးကွယ်”

မိခင်ကြီးက အခန်းတံခါးကို အဆက်မပြတ်ခေါက်ရင်း အော်ခေါ်နေသည်။ လှလှ ထမင်းမစားဘဲနေသည်မှာ တစ်ရက်ကျော်သွားပြီမို့ ချော့မော့ပြီး ထမင်းကျွေးရန်လာခဲ့သည်။ အတွင်းမှ တံခါးချက်ကို မိမိရရထိုးမထားသဖြင့် ခဏအကြာမှာ တံခါးပွင့်သွားခဲ့လေတော့သည်။ အခန်းအတွင်းမှာ အလင်းရောင်က နည်းသည်။ ပြတင်းတံခါးကိုလည်း ပိတ်ထားသည်ဖြစ်၍ တံခါးမကြီးမှ အလင်းရောင်သာရှိသည်။ သို့သော်လည်း ထိုအလင်းရောင် လောက်နှင့်ပင် အထဲမှမြင်ကွင်းကို ထင်ထင်ရှားရှား မြင်လိုက်ရသည့်အခါ အမိဖွားရင်ဝကို ဆောင့်ကန်ခံလိုက်ရသလို ခံစားလိုက်ရပါတော့သည်။ ထုပ်တန်းပေါ်မှာ ကြိုးတစ်ချောင်း ချည်နှောင်ပြီး တစ်ဖက်အစကို ကွင်းလုပ်လျက် လည်ပင်းစွပ်ကာ ကြိုးဆွဲချအဆုံးစီရင်ရန် ပြုလုပ်နေသည့် လှလှကို ခုံလေးထက်မှာအပေါ် မတ်တတ်ရပ်လျက်သား အသည်းထိတ်စဖွယ် မြင်ကွင်း။





www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး – လာကြပါဦးတော့၊ သမီး ကြိုးဆွဲချနေပြီ – ကယ်ကြပါဦး"

အသံကုန်အော်ဟစ်ရင်း လက်ထဲမှ ထမင်းဟင်းများကိုပစ်ချကာ လှလှဆီသို့ အပြေးအလွှားသွားလိုက်သည်၊ သမီးဖြစ်သူ၏ လည်ပင်းမှ ကြိုးကွင်းကိုဖြုတ်ရန် အနီးရှိစားပွဲခုံတစ်ခုံအား တွန်းယူကာ တက်လိုက်တော့သည်၊ တုန်ရီသော လက်အစုံဖြင့် ကြိုးဆီသို့ လက်လှမ်းလိုက်သောအခါ၌တွင်ကား ...

"အမလေး – မြွေကြီး – မြွေကြီး – သမီးလည်ပင်းမှာ ပတ်နေပြီ၊ လုပ်ကြပါဦးတော့ –"

မည်သို့ ဖြစ်သွားသည်ကို ဒေါ်မိဖွား မတွေးတတ်နိုင်တော့၊ လှမ်းမည့်လက်က တွန့်ဆုတ်သွားခဲ့ရပြီ၊ မတွေ့စဉ်က ကြိုးတစ်ချောင်း လည်ပင်းစွပ်လျက်ရှိနေသည့်လှလှ၊ ယခုတွေ့လိုက်ရသည်က လှလှ လည်ပင်းမှာ စွပ်နေသည်က ကြိုးမဟုတ်တော့ဘဲ မြွေတစ်ကောင်ဖြစ်ပါပကောလား၊ အကြောက်လွန်ပြီး ဒေါ်မိဖွား စားပွဲပေါ်မှ ပြုတ်ကျသွားချိန်နှင့် လှလှ ခြေထောက်က ခုံကလေးကို ကန်ထုတ်လိုက်ချိန်က ချိန်သားကိုက်ထားသလို လှလှလည်ပင်းကြိုးတန်းလန်းနှင့် လေထဲမှာ တွဲလောင်းကြီးဖြစ်ပြီး ခန္ဓာကိုယ်လေးတစ်ခုလုံး တဆတ်ဆတ်တုန်ခါနေလေတော့သည်၊

သူကြီးနှင့် အိမ်သားများ အပြေးအလွှား ရောက်ရှိလာချိန်တွင်တော့ ဒေါ်မိဖွားက ကြမ်းပြင်ပေါ်မှာ သတိလစ်လျက် လှလှကား ကြိုးတန်းလန်းနှင့် သေဆုံးနေရှာပြီ၊ ဒေါ်မိဖွားကို သတိရအောင်လုပ်ပြီး သူကြီးက မေးမြန်းစုံစမ်းလေသောအခါ ဒေါ်မိဖွားက သူကြုံတွေ့ခဲ့ရသမျှ အားလုံးကို ပြောပြသည်၊ ထို့ကြောင့် အခန်းအနှံ့အကြိုအကြားမကျန် ပိုင်း၍ရှာကြပါသော်လည်း မြွေနှင့်တူတာဟူ၍ ဘာကိုမှမတွေ့ခဲ့ကြပါချေ၊ ဒေါ်မိဖွားကလည်း အခိုင်အမာပြောဆိုသည်မို့ လူတွေအားလုံး ဘယ်လိုနားလည်ရမှန်း မသိကြတော့ပါ၊

အကယ်၍သာ လှလှ လည်ပင်းမှာ စွပ်နေသည့်ကြိုးကို မြွေတစ်ကောင်အဖြစ် မမြင်မိပါက သမီးဖြစ်သူ၏ အသက်ကို ကယ်နိုင်ခွင့် ကြုံရပါဦးမည် ဖြစ်သည်၊ ယခုတော့ လက်လှမ်းလိုက်မှ ကြိုးမဟုတ်တော့ဘဲ မြွေတစ်ကောင်က လှလှ လည်ပင်းမှာ ပတ်နေသည်ကို မြင်လိုက်ရခြင်းကြောင့်သာ ဒေါ်မိဖွား လက်အစုံတွန့်သွားခဲ့ရပြီ၊ ကြောက်လန့်ကြီးစွာဖြင့် ခုံပေါ်မှပြုတ်ကျ၍ သတိလစ်မေ့မြောသွားခဲ့ရခြင်းပင် ဖြစ်သည်၊ ကွယ်ရာ၌ ရွာသားအချို့က ဒေါ်မိဖွား သူ့အပေါ်မှာ အပြစ်ပုံချခံရမည်စိုး၍ လိမ်လည်ပြောဆိုခြင်းသာ ဖြစ်မည်ဟု ထင်ကြေးပေး ပြောဆိုကြသည်၊ ဒေါ်မိဖွားကမူ မည်သည့်အချိန်မှာပဲ မေးမေး ထိုမြင်ကွင်း၏ အဖြေက မပြောင်းလဲခဲ့ဘဲ ဒီအတိုင်းသာ ဖြေကြားမြဲ ဖြစ်သည်၊

ဤဖြစ်ရပ်ကို ဆင်ခြင်သုံးသပ်ကြည့်သည့်အခါ လှလှမှာ အတိတ်က ပါလာသည့် အကြွေးကို ယခုဘဝ၌ မည်သို့မျှ ရှောင်လွှဲ၍မရနိုင်တော့ဘဲ သေရာပေါက်ပေးဆပ်လိုက်ရမည့်သူသာ ဖြစ်သည်ဟု ဆိုရပါတော့သည်၊ ထို့ကြောင့်ပင် မိခင်ကြီး ကယ်တင်ခွင့်မရနိုင်ခဲ့ဘဲ မိမိရကြီး အကြွေးဆပ်လိုက်ရခြင်းသာ၊ အတိတ်က အကုသိုလ်ကံကြွေးသာ မရှိခဲ့လျှင် တစ်နည်းနည်းဖြင့် ဥပစ္ဆေဒက ကံမှ ကြံဖန်ပြီး လွတ်မြောက်ရမည်သာဖြစ်သည်၊ ယခုတော့ ဒီဘဝ ဒီမျှနှင့်ပဲ ပြီးပြတ်ပါစေတော့ဟု၍ မရမ်းရွာတစ်ရွာလုံး ဆုတောင်း မိကြပါတော့သည်၊

☑

**အကြွေးတင်သူ....**

လေတပ်ဘူတာနံ့ဘေးရပ်ကွက်ကလေးမှာ ဒေါ်ဖွားခင်ဆိုလျှင် မသိသူ မရှိသလောက်ဖြစ်သည်၊ နေထိုင်လာခဲ့သည့် နှစ်ကလည်း ကြာခဲ့ပြီ၊ မြို့ပတ်ရထားလမ်းနံ့ဘေးမှာ ရှိသဖြင့် ရပ်ကွက်သားတိုင်းလိုလို ရထားကိုသာ အစီးတထား စီးသွားလာကြသည်၊ နံနက်စောစော ဝေလီဝေလင်းအချိန်မှာ လေတပ်ဘူတာမှ မြို့ပတ်စီး၍ မင်္ဂလာဒုံဈေးဘူတာမှာဆင်းပြီး မင်္ဂလာဒုံဈေးကြီးမှာ ငါးပိ၊ ငါးခြောက်ရောင်းချသူမို့ ဒေါ်ဖွားခင်သည်လည်း နေ့စဉ်

www.burmeseclassic.com

ရထားကိုသာ အသုံးပြုနေရသူ ဖြစ်သည်။ ညနေစိမ်းသိမ်းလျှင်လည်း ဈေးဘူတာမှပင် ရထားစီးပြန်ရမြဲ။ မြို့ပတ်နှင့်မဆုံလျှင် မင်္ဂလာဒုံမှနေ၍ မိမိနေထိုင်ရာရပ်ကွက်သို့တစ်ဘူတာစာ လမ်းလျှောက်ရသည်က အစဉ်အလာတစ်ခုလိုဖြစ်သည်။ နှစ်ရှုဝ ပြုလုပ်မြဲမို့ လမ်းလျှောက်ပြန်ရခြင်းကလည်း သိပ်ပြီး ပင်ပန်းလှသည်တော့ မဟုတ်ပါချေ။

ဝေလတပ်ဘူတာနှင့် မင်္ဂလာဒုံဘူတာဆိုတာ သိပ်ပြီးအဝေးကြီးမဟုတ်၍ မင်္ဂလာဒုံဘူတာမှ မိမိနေထိုင်ရာ ရပ်ကွက်ထိပ်ရောက်ရန် အချိန်အနည်းငယ်သာ ကြာမြင့်ပါသည်။

ရပ်ကွက်ထိပ်မှ တစ်ဖန် မိမိနေထိုင်ရာ အိမ်ကလေးဆီကို ဆက်လျှောက်ပြီး ပြန်လာလျှင် ကြာသည့်အချိန်နှင့် နောက်ရထားစောင့်ရမည့် အချိန်ကပို၍ကြာတတ်သည်။ ထို့ကြောင့် ဒေါ်ဖွားခင်မှာ ရထားမကြုံလျှင် လမ်းလျှောက်ပြီး ရထားအဆင်သင့်လျှင် စီး၍ အိမ်ပြန်ခရီးကို ပြုလုပ်နေပြီဖြစ်တော့သည်။ နောက်ရထားသာစောင့်ပြီးစီးလျှင် မိုးစုပ်စုပ်ချုပ်သွားနိုင်သည်။ ထို့ကြောင့် ခေါင်းလှည့်ရထားနှင့် ကြုံတိုင်း လမ်းလျှောက်ပြန်စမြဲ။

အိမ်သားများကလည်း ဒေါ်ဖွားခင် ပြန်လာချိန်ကို မမှန်းဆနိုင်၍ အိမ်အပြန်ခရီးမှာ ကြိုသူမဲ့ခဲ့သည်။ နေ့စဉ် ဈေးထွက်နေကြ ဈေးသည်တစ်ဦးဘဝမှာ ဒေါ်ဖွားခင် မည်သည့်အန္တရာယ်မှ မကြုံတွေ့ခဲ့ဘဲ အေးအေးချမ်းချမ်းနှင့် ဖြတ်သန်းလာခဲ့သည်မှာ ကြာခဲ့ပြီ။ ဈေးထွက်ခါစက ခင်ပွန်းဖြစ်သူ ဦးဝင်းလှိုင် အကြိုအပို့ လုပ်ခဲ့သော်လည်း ယခုအချိန်မှာတော့ လေဖြတ်ဝေဒနာကြောင့် မကြိုမပို့နိုင်တော့သည်မှာ နှစ်နှစ်ခန့် ရှိချေပြီဖြစ်သည်။

တစ်နေ့တွင်တော့ ဤလမ်း ဤခရီး ဤသွားရိုးသွားစဉ်မှာပင် ရင်တုန်အသံတုန် ရင်လှိုက်သည်းဖို ချောက်ချားဖွယ် ဖြစ်ရပ်ကြီးတစ်ခုနှင့် တည့်တည့်ကြီး တိုးမိပါလေတော့၏။

"အမေ - သည်ကနေ့ ပြန်တာနောက်ကျလိုက်တာ အဖေရယ်။ မြို့ပတ်များ စောင့်ပြီးစီးနေသလား မသိပါဘူး"



ဒေါ်ဖွားခင် အိမ်ပြန်နောက်ကျသဖြင့် သမီးကြီးဖြစ်သူက သူ့အဖေကို ပြောလိုက်သည်။ ဒီအချိန်ဆို ပြန်ရောက်နေသင့်ပြီလေ။ ထိုသို့ သားအဖတွေ မျှော်နေကြဆဲမှာပင် ချွေးသံတရွှဲရွှဲ မောကြီးပန်းကြီးနှင့် အိမ်ခြံဝင်းထဲ မပြေးရုံတမယ် ဝင်ရောက်လာသည့် ဒေါ်ဖွားခင်ကို တွေ့လိုက်ကြရလေသည်။ သူ့နောက်မှာလည်း တောင်းကလေးတစ်လုံးကိုင်လျက် လိုက်ဝင်လာကြသည့် မိမိတို့လမ်းထိပ်မှာနေထိုင်သည့် ကိုကျော်မိုးနှင့် ကိုဘာဘူတို့ ညီအစ်ကိုပါ တွေ့လိုက်ရသည်။

ဒေါ်ဖွားခင်က မည်သူ့ကိုမှ စကားမဆိုဘဲ ဘုရားကျောင်းဆောင်ရှေ့ကိုသာ ဦးတည်သွားခဲ့သည်။ ဘုရားကျောင်းဆောင်ပေါ်မှာရှိနေသည့် ပရိတ်ရေမန်းပုလင်းကို ယူလိုက်ပြီး တဂွပ်ဂွပ်မော့သောက်နေသည်ကို တွေ့မြင်ရသည်။ ရေမန်းသောက်ပြီးမှ ဘုရားကျောင်းဆောင်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ဘုရားဝတ်ပြုနေလေတော့သည်။ အိမ်သားများအားလုံး အံ့အားသင့်ပြီး ကြောင်နေကြသည်။ ဒေါ်ဖွားခင် ဘာတွေဖြစ်လာသလဲဟု၍လည်း သိချင်နေကြသည်။ ဘုရားဝတ်ပြုပြီးမှ ဒေါ်ဖွားခင် ကျော်မိုးတို့ ညီအစ်ကိုနှင့်အတူ ဝိုင်းထိုင်လိုက်ကြပြီး ဇာတ်စုံခင်းပါလေတော့၏။ ကိုကျော်မိုးက -

"ဒီလို - ဦးလေးဝင်းလှိုင်ရေ၊ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ရထားလမ်းဘေးမှာ နွားစာမြက်ရိတ်နေတုန်း အဒေါ်မဖွားခင် တောင်းလေးရွက်ပြီး မင်္ဂလာဒုံဘက်ကနေ လာနေတာတွေ့လိုက်ရတယ်။ ခါတိုင်းလည်း ဒီလိုလမ်းလျှောက်ပြန်ပြန်နေတာ မကြာခဏတွေ့နေရတာပဲ။ ဒါပေမဲ့ - ဒီကနေ့တော့ နည်းနည်းထူးနေသလိုမျိုး ဖြစ်နေတယ်ဗျ။ ဘာပြုလို့လည်းဆိုတော့ သူတာ ခါတိုင်းလို လမ်းဘေးက ဆင်းမလျှောက်ဘဲ ဇလီဖားတုံးတွေပေါ်နင်းပြီး သံလမ်းရဲ့ အလယ်ခေါင်က လျှောက်လာနေတာကိုး။ ကိုဘာဘူက ဟာ - မွှားကြီး ဇလီဖားတုံးပေါ်က လျှောက်နေတာ ရထားလာရင်တော့ ဒုက္ခပဲလို့ ပြောသေးတယ်။ ဒါပေမဲ့ - သူလျှောက်တဲ့လမ်းက မျက်နှာချင်းဆိုင်ကလာရှင်ဆိုတော့ ရထားမြင်ရင် လမ်းဘေးဆင်း လျှောက်မှာပါလို့လည်း ပြောတယ်"

www.burmeseclassic.com

ကိုကျော်မိုးက ခဏအမောဖြေလိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်သည်။ အားလုံးက စိတ်ဝင်တစား နားထောင်နေကြရာမှ ပြတ်သွားသော စကားစအတွက် မရှုံ့မရဲ ကိုဘာဘူက ဆက်၍ပြောပြသည်။

"ကျွန်တော် – ဆက်ပြောမယ် ဦးလေး၊ အစက ရထားမျက်နှာချင်းဆိုင်က လာရင် လမ်းဘေးကို ဆင်းရှောက်မှာပဲလို့ ထင်ထားတာ၊ ဘယ်ဟုတ်ပါ့မလဲဗျာ၊ လေတပ်ဘူတာဘက်က ရထားတစ်စီးလည်း လာရော၊ ကြီးဒေါ်က လမ်းဘေးကို မဆင်းတဲ့အပြင် မတ်မတ်ကြီးစုံရပ်လို့ ရထားလာရာဘက်ကို မလှုပ်မယှက် ကြည့်နေလိုက်တာမှ တောင့်တောင့်ကြီးဗျ"

"ဟယ်"

"အမလေး – လေး"

"အို – ဒုက္ခပါပဲ"

"ဘုရား – ဘုရား"

ဦးဝင်းလှိုင်တို့အားလုံးထိတ်လန့်တကြား အာမေဍိတ်သံတွေပလှုပ်ကျန်ကြတော့သည်။

"ကျွန်တော်တို့လည်း ကြောင်ပြီး ကြည့်နေမိကြတယ်၊ နောက်တော့ ရထားကနီးလာနေ၊ ဒေါ်ဖွားခင်ရဲ့အနေအထားကလည်း ဗိုလ်စံအတိုင်းပဲရပ်နေပြီး ရှောင်မယ့်ပုံမမြင်တော့ဘူးဗျာ၊ ရထားကြီးကို စိုက်ပြီးကြည့်နေလိုက်တာ မကြောက်မရွံ့တဲ့အတိုင်း။ ကျွန်တော်တို့ ညီအစ်ကိုလည်း အော်ဟစ်ပြီးပြောရင်း အပြေးအလွှား သူ့အနားကို သွားကြရတာပေါ့"

ကိုဘာဘူ ခဏနားလိုက်ပြီး ကိုကျော်မိုးက ဆက်ပြောပြပြန်သည်။

"ငှုငှုကြီး ရပ်နေတဲ့ သူ့အနားလည်းရောက်ရော လက်ကိုအတင်းဖမ်းဆွဲပြီး လမ်းဘေးကို ခေါ်ချရတယ်၊ တောင်းကိုလည်း ယူခဲ့ရတာပေါ့။ ကျွန်တော်တို့ ဆွဲခေါ်တာကိုတောင် မလိုက်ချင်တဲ့သဘောနဲ့ ဝူးဝူးဝါးဝါးပြောပြီး အတင်း ရုန်းကန်နေတယ်ဗျာ – အံ့ရော၊ ရထားကြီးက စက်ခေါင်းမောင်းသူလည်း ကျွန်တော်တို့ကို မြင်ရလို့လားမသိဘူး။ ဥသြကို ဆွဲနေတဲ့အသံက ဆူညံနေတာပဲ၊ ကျွန်တော်တို့လည်း လမ်းဘေးရောက်လို့ စတ္တန့်ပိုင်းပဲရှိမယ်၊ ရထားကြီးက ဖြတ်သွားခဲ့တာ၊ အဲဒီလိုသာ ကြီးဒေါ်ကို ဆွဲမခေါ်လာရင် ခုလောက်ဆို၍ လမ်းမှာ အပိုင်းပိုင်းပြတ်နေလောက်ပြီဗျို့"



ကျုပ်ကိုလည်း လိုက်မသွားနဲ့ ဒီကို မြန်မြန်လာခဲ့ပေါ့လို့
ဆိုပြီး အော်ခေါ်နေလိုက်တာ အော်ခေါ်တဲ့အသံကလေးလည်း
အကျယ်ကြီးပဲ တော်။ အဲဒီနောက် ကျုပ် သတိပြန်လည်
သလိုဖြစ်သွားပြီး ကြည့်လိုက်တော့ ရထားလမ်းဘေးမှာ
ကျုပ်လက်တွေကို ကျော်မိုးတို့ ညီအစ်ကိုက
ချုပ်ကိုင်ထားတာတွေ့ လိုက်ရတယ်။





www.burmeseclassic.com

www.burmeseclassic.com

"ဘုရား - ဘုရား - တဲ့ကြီးလို့ပါလား အမေရယ်၊ မသေကောင်း မပျောက်ကောင်း ကိုဘာသုတို့နဲ့ တွေ့လို့သာပေါ့နော်၊ မျက်စိထဲမှာ မှန်းဆကြည့်ရင် ကောင်းအသည်တော့နဲ့ အုတုန်စရာကြီးပါလား။

ဦးခင်လှိုင်တို့ မိသားစုအားလုံး ဘုရားတ.လိုက်မိကြပါတော့သည်၊ တစ်ချိန်လုံး ငြိမ်နေပြီး နားထောင်နေခဲ့သည့် ဒေါ်ဖွားခင်ကလည်း ယခုမှ စိတ်နည်းနည်းတည်ငြိမ်မှု ရှိလာဟန်နှင့် စကားစပြောလာလေသည်၊

"ကိုဝင်းလှိုင်ရယ် - ကျုပ်လည်း ကလေးလေးမှ မဟုတ်တာ၊ ဒီလောက်မိုက်မဲတဲ့အလုပ်ကို လုပ်ပ့ါမလားတော်၊ ပထမ စလျှောက်တုန်းကတော့ ရထားလမ်းဘေးကပါ ဘယ်လိုကဘယ်လို ဇလီဖားတုံးပေါ် ရောက်သွားသလဲဆိုတာတောင် မသိတော့ဘူး၊ အဲ့သလို လျှောက်လာနေရင်းက ကျုပ် မျက်နှာမူရာဘက်မှာ ထူးခြားတာတစ်ခု တွေ့လိုက်ရတယ်ရှင့်၊ ဘာလဲဆိုတော့ အသက်အရွယ်ခပ်ကြီးကြီး အသားမည်းမည်း၊ ဝဝဖိုင့်ဖိုင့်၊ မိန်းမကြီးတစ်ယောက်က ရှေ့ဆုံးကနေ ကန်တော့ပွဲကြီးရွက်လို့ သူ့အနောက်မှာလည်း သက်န်းပရိက္ခရာတွေ ကိုင်သူကကိုင်၊ သပိတ်လွယ်သူကလွယ်၊ ကွမ်းတောင် ပန်းတောင်ကိုင်တွေနဲ့ ရွှေထီးတွေ တဝင်းဝင်း ရှင်လောင်းလှည့်လာကြတာကို တွေ့လိုက်ရတယ်၊ အိုးစည်၊ ဒိုးပတ်ဝိုင်းတွေကလည်း အတီးအမှုတ်သံတွေ ဆူညံလို့ ပျော်စရာကြီးတော်၊ လူတန်းကြီးလည်း အရှည်ကြီးစည်လိုက်တာ မပြောပါနဲ့တော့ရှင်"

သူ့စကား ခဏအရပ်မှာ စကားဝိုင်းမှာ ရှိသူတွေအားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြလေတော့သည်၊ ရထားလမ်းပေါ်မှာ ဘယ်လိုကဘယ်လို ရှင်လောင်းလှည့်ပွဲ ရောက်လာရသလဲဆိုသည်က ပဟေဠိတစ်ခုလိုပါကလား၊ ဒေါ်ဖွားခင် ဆက်ပြောပြသည်၊

"အဲဒီလို ကြည့်နေရင်းက ကျုပ်နဲ့ နီးသထက်နီးလာတယ်၊ ထင်ထင်ရှားရှား မြင်ရတဲ့နေရာလည်း ရောက်ကရော၊ ကန်တော့ပွဲရွက်လာတဲ့ မိန်းမကြီးက လက်လှမ်းပြပြီး ခေါ်နေတာတွေ့လိုက်ရတယ်၊ ကျုပ်ကလည်း ဒီမခေါ်ခင်ကတည်းက သွားချင်စိတ်တွေ ပေါ်နေတာ၊ သူလည်း လှမ်းခေါ်ရော၊ သွားမယ်လို့ ခြေလှမ်းအပြင်လိုက်မှာ ကျုပ် လက်ကို ဆောင့်ဆွဲတာ သိလိုက်ရတယ်၊ ဘယ်သူတွေ လာဆွဲတယ်ဆိုတာကိုတော့ မသိဘူး၊ ကျုပ်က ဆွဲလာတဲ့ လက်ကို အတင်းရုန်းနေတယ်ဆိုတာ သတိပြုမိပါရဲ့၊ ဒီမှာတင် ဟိုမိန်းမကြီး မျက်နှာပျက်သွားတာ တွေ့လိုက်ရပြီး ကျုပ်ကိုလည်း လိုက်ခဲ့သွားနဲ့၊ ဒီကို မြန်မြန်လာခဲ့ပေါ့လို့ ဆိုပြီး အော်ခေါ်နေလိုက်တာ အော်ခေါ်တဲ့အသံကလည်း အကျယ်ကြီးပဲ တော်၊ အဲဒီနောက် ကျုပ်သတိပြန်လည်သလို ဖြစ်သွားပြီး ကြည့်လိုက်တော့ ရထားလမ်းဘေးမှာ ကျုပ်လက်တွေကို ကျော်မိုးတို့ ညီအစ်ကိုက ချုပ်ကိုင်ထားတာ တွေ့လိုက်ရတယ်၊ စောစောက လှမ်းခေါ်နေတဲ့ ကန်တော့ပွဲရွက်တဲ့ မိန်းမကြီးရယ်၊ ရှင်လောင်းလှည့်တဲ့ လူတန်းကြီးရယ်က ဘယ်ပျောက်သွားသလဲ မသိတော့ဘူး၊ ရထားကြီး ကြသံတွေ ဆူညံပြီး တဝုန်းဝုန်း ဖြတ်သွားနေတာပဲ မြင်လိုက်ရတော့တယ်၊ အဲဒီတော့မှ ကျုပ်ရင်တွေပန်းတွေတုန်ပြီး ကြောက်လိုက်တာ မပြောပါနဲ့တော့၊ တော်ပြီ - တော်ပြီ - နောက်ကို ဘယ်တော့မှ ကျုပ်လမ်းလျှောက် မထွက်တော့ဘူး၊ မြို့ပတ်ရထားကိုပဲ စောင့်ပြီး စီးတော့မယ်၊ အိမ်ပြန်မိုးချုပ်တာလည်း ချုပ်ပလေ့စေတော့"

ဒေါ်ဖွားခင်၏ စကားအဆုံး အနီးရှိ လူအားလုံး သက်ပြင်းကိုယ်စီ ချလိုက်ကြပါလေတော့၏၊ ရထားလမ်းဆိုသည်က ရထားတိုက်ခံရပြီး ကွယ်လွန်ခဲ့ကြသူတွေ ရှိခဲ့ကြမှာ အမှန်ပင်၊ ထိုအထဲမှာမှ မကျွတ်မလွတ်နိုင်ကြသေးသည့် အနေအထားက ပြိတ္တာဘဝရောက်ရှိနေသူတွေ အမြောက်အမြားရှိနေကြဦးမှာပေါ့။

ဘီလူးစီးဖြစ်၍ နေဝင်ရီတရော မှောင်ရိပ်ပျိုးစ ငွားရိုင်းသွင်းချိန်မှာ သူတို့တစ်တွေ လှည့်လည်ကြ၊ အစာရှာထွက်တတ်ကြသည်၊ ကုသိုလ်ကံနိမ့်ပါးနေသည့် အချိန်ခွင်မှာ သူတို့နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့သွားခဲ့ပုံရသည်၊ ပြိတ္တာကြောင့်ပင် အာရုံလွဲ အမြင်လွဲဖြစ်ပြီး သူတို့ခေါ်ရာနောက်ကို လိုက်ပါသွားမိခဲ့လျှင် ဘာဖြစ်ခဲ့ရပုံက မတွေးဝံ့စရာကြီး ပါပေတကား။





www.burmeseclassic.com

www.burmeseclassic.com

ဥဝဏ္ဏအတာ ဘဲဆိုးကြီးဖြင့် သေဆုံးရမည့် အတိတ်ကံကြွေးပါမလာခဲ့၍ ဒေါ်ဖွားခင် အသက်ချမ်းသာရာ ရခဲ့ခြင်းဟု ဆိုရပေတော့မည်။ ဒေါ်ဖွားခင်တို့အချိုးမိုးတို့ ညီအစ်ကိုက ကယ်တင်နိုင်ခဲ့မှုကြောင့် ပရလောကသားတို့လည်း ကြိုဆိုဆောင်ခြင်း ဘေးဆိုးကြီးမှ လက်မတင်သီသီကလေး ရုန်းထွက်ခဲ့ခြင်းသာ ဖြစ်သည်။

သေရွာသည်ကတော့ ဒေါ်ဖွားခင်မှာ အကြွေးကင်းခဲ့သူဖြစ်သည်ဟု၍သာ။

[မှတ်ချက်]

➤ လေတပ်ဘူတာဖျက်သိမ်းပြီး ရထားလမ်းပြုပြင်ဖောက်လုပ်ခဲ့သဖြင့် ထိုရပ်ကွက်လေးမှလူများ ပုလဲမြို့သစ်သို့ ပြောင်းရွှေ့သွားခဲ့ကြသည်များ ကာလအတန်ကြာခဲ့ပြီ ဖြစ်ပါသည် ⮜

→ ဖျာပုံ စိုးသား

**စာမူရှင်များသို့**

**'ဂမ္ဘီရဓဝ္ဝဓိး'** တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်စမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များ အနေနှင့် ရုံးကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် မဂ်ဂဇင်းစာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရမဂ္ဂဇင်း



www.burmeseclassic.com

# သူငယ်ချင်း

**ကျော်မင်းဆွေ့ (ဗျည်းရေး)**

[ တစ် ]

တစ်နေကုန်ဖွေနေသောမိုးက ဝုန်းခနဲ ရွာချလိုက်သည်။ နံနက် (၇း၃၀) နာရီကတည်းက ပျဉ်းမနားမှ ရန်ကုန်သို့ မော်တော်ကားကို တောက်လျှောက် မောင်းလာခဲ့သော သိန်းထွန်းလတ်၊ မိုးက ဖွေလိုက် ဖွဲဖွဲချလိုက်ရှိ နေရာမှ သို့နယ် ရေတံခွန်မှ သွန်ချလိုက်သည့်အလား ရွာသွန်းလာခြင်းပင်။

သူ့ (FIAT)ကားလေးက မိုးလုံသည်။ ပြီး - သည်ခရီး သည်လမ်းကို တစ်ဦးတည်း နှင်လာခဲ့သူ။ ရန်ကုန်မြို့မှ သူ့စီးပွားရေးကိစ္စများကို နေပြည်တော်တွင် တစ်ပတ်တိတိ ရုံးကိစ္စများ လုပ်ရှားပြီးစီးခဲ့၍ ပြည်တော်ပြန်လာခြင်းပင်။

သားမယားမရှိ၊ တစ်ကိုယ်တော်စီးပွားရေးသမားဖြစ်၍ တပည့်ကျော်စိုးမောင်က အဖော်လိုက်ပေးရန်အသင့်။

တပည့်ကျော်စိုးမောင်ကလည်း သူ့နှယ် သင်းကွဲ၊ သူ့ တပ်ထဲမှ ထွက်လာကတည်းက စိုးမောင်လည်း ဆရာသမားကို သံယောဇဉ်ကြီး၍ လိုက်လာခဲ့သူ။ မအောင်မြင်သော စီးပွားရေး ပေါက်စလေးဘဝကတည်းက နေရာအနှံ့ တစ်ကိုယ်တော် လှုပ်ရှားခဲ့သောအကျင့်ရှိနေ၍ စိုးမောင်ကို ကုမ္ပဏီမှာပင် ထားခဲ့သည်။

နောက်ပြီး နိုင်ငံရေးအခြေအနေကလည်း ယခင်ကာလများနှယ် လက်နက်ကိုင်အဖွဲ့အစည်းများ သူ့တစ်လူ ငါတစ်မင်းမဟုတ်တော့ဘဲ နိုင်ငံတော်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပငြိမ်းချမ်းရေး တည်ဆောက်၊ ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်နေချိန်။ မည်သည့်ဘေးအန္တရာယ်မှ မရှိတော့။

မြူမှောင်ကင်း၍ လမင်းသာနေချိန်။

ကားမောင်းလာရင်းမှ ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ မည်းနက်နေသော မိုးသားတိမ်လိပ်တို့က ရပ်ရှစ်ခွင်လုံး ဖျူဟာခင်းထားပြီး လျှပ်စီးတို့က ဝင်းခနဲ၊ လက်ခနဲ။

လက်မှ နာရီကို ကြည့်လိုက်သည်။ ညနေ (၆း၃၀) နာရီ။

ရောက်နေသည်က အင်းတကော်မြို့။

နံနက်စာကို တောင်ငူမြို့တွင် နေ့လယ် (၁၁း၀၀)နာရီက စားထားပြီး တစ်နေကုန် ကားမောင်းလာခဲ့ရသဖြင့် ဗိုက်က ဆာလာသည်။ ခရီးစဉ်က အင်းတကော်ပြီးလျှင် လှည်းကူး၊ လှည်းကူးရောက်လျှင် ရန်ကုန်ရောက်ပြီ ပဲလေ။

မူလက အင်းတကော်တွင် ညစာ ထမင်းစားရန် စိတ်ကူးခဲ့သော်လည်း ကြာမိ လှည်းကူးရောက်တော့မည်။ လှည်းကူးမြို့အဝင် “ဒရယ်ဘိုကျေးရွာ” အဝင်လမ်းနံဘေးရှိ ငယ်သူငယ်ချင်း “ကျော်ထွန်းကြီး” ကို သတိရသွားသည်။

သည်ကောင်ကြီးကလည်း သူ့နှယ် တစ်ကောင်တည်း။ ဒါပေမဲ့ ခြံသုံး ရှိသော လူစား၊ တကယ့် အထီးကျန်။

မိမိကမှ ချစ်ရမည့်ချစ်သူ နီလာဦး ရှိနေသေးသည်။ နီလာဦးက ပုဂ္ဂလိက ဆေးခန်းမှ စာရင်းကိုင်ချုပ်ဖြစ်ပြီး မိသားစုကိုင်၍ သူနှင့် လက်ထက်ရန် ဆိုင်းငံ့ နေသူ။

www.burmeseclassic.com

သည်ကောင်ကြီးစိုးမောင်က ဘဝကြမ်းသည် ဆိုရမည်လားမသိ။ အမိအဖနဲ့ တကယ့်တစ်ကောင်ကြွက်။ ဦးရိုးတော် ဆရာတော်ဘုရားက ငယ်စဉ်မှ ထိန်းသိမ်း ကျောင်းထားပေးခဲ့ရသူ။

သူနှင့် လှည်းကူး(အ.ထ.က)တွင် ဆယ်တန်းအထိ ကျောင်းနေခဲ့ဖူးသည့် ငယ်သူငယ်ချင်း။

"အချစ်ဆိုတာနဲ့ ပတ်သက်ရင် ငါ့ဘဝမှာ အချိန်မပေးနိုင်ပါဘူး သူငယ်ချင်း၊ ခါးသီးတဲ့လောကဓံတရားကို ခါးစည်းခံမနေဘဲ ငါ့ဘဝအတွက် တိုက်ပွဲတွေ ဝင်ရဦးမယ်သူငယ်ချင်း၊ လောကဓံတရားဆိုတဲ့ ဝေါကို ခပ်ညှံ့ညှံ့ ငနဲတစ်ကောင်လို သဘောထားပြီး ငါ့ဘဝမှာ ရုန်းကန်နေတာကွ၊ ထမင်းရည်အတူလျက်တယ်ဆိုတာ သီချင်းထဲက စာသားတွေပါ၊ ငါ စိတ်ကူးမယဉ်နိုင်ပါဘူး၊ ငါ့ဘဝမှာ လူတစ်လုံးသူတစ်လုံးဖြစ်လာမှ ကျန်တာတွေ စဉ်းစားတော့မယ်ကွာ"

စိုးမောင်က သည်လိုလူစား။

တကယ်လည်း ကြိုးစားရုန်းကန်ခဲ့သည်၊ ယခုဆိုလျှင် ဒရယ်ဘိုရွာ အဝင်ရှိ အိမ်ကလေးတစ်လုံး၊ ကျွဲနွားနှင့် လယ်ကေ ၂၀ - ဗိုင်နေပြီ၊

ထုံးစံအတိုင်း ဘဝကြင်ဖော် မရှိရာသေး။

လွန်ခဲ့သော ဆယ်နှစ်ကျော်က သိန်းထွန်းလတ်ကိုယ်တိုင်ပင် အာရှဘဏ်များ၏ စီးပွားရေးဒက်ကြောင့် အလူးအလဲခံရစဉ်က စိုးမောင်ကြီး မြို့ထဲတွင် ဆယ်ရက်စန့်အရှိန်ဖြန့်၊ သူငယ်ချင်းနှစ်ယောက် အပြန်အလှန် အားပေးခဲ့ဖူးသည်။

ဒရယ်ဘိုနှင့် အင်းတကော် ဘာမှဝေးသည်မဟုတ်၊ သိန်းထွန်းလတ် စားသောက်ဆိုင်တစ်ခုရှေ့တွင် ခေါက်ဆွဲကြော်၊ အသားကင်၊ အသားသုပ်များနှင့် ဝီစကီအကြီးတစ်လုံး ဝယ်လိုက်သည်။

အစားအသောက်များကို စောင့်နေရင်းမှ ကြက်ဆီဘူးနှစ်ကင်နှင့် ဝီစကီသုံးပက် အစာအိမ်ထဲ သွင်းလိုက်သည်။

☑



[ နှစ် ]

ကောင်းလိုက်သည့်မိုး။

တစ်လမ်းလုံး သေားရှင်း၊ လူရှင်း။

တရစပ် ပစ်ခတ်လျှက်ရှိသည့် မြားတံများပမာ မိုးစက်မိုးပေါက်တို့က ရှေ့မှန်သို့ တပေါက်ပေါက်။

ရေသုတ်တံ (wiper)ပင် မနိုင်ချင်၊

သည်ကြားထဲ တဝုန်းဝုန်း တဂျိန်းဂျိန်း မိုးခြိမ်းသံ၊

တဒိုင်းဒိုင်း ဆင့်ကဲဆင့်ကဲ ပစ်ချလိုက်သည့် မိုးကြိုးပစ်သံ၊ ကားအတွင်းမှာသာ ရှိမနေလျှင် တကယ့်ရေစိုကြွက်စုတ်ဖြစ်မည်ကေန်၊

တော်သေးရဲ့။

ပတ်ဝန်းကျင်က အေးစက်နေသော်လည်း ရင်တွင်းမှ ဝီစကီသုံးပက်ကြောင့် ခပ်နွေးနွေးရယ်၊

မနစ် တန်ဆောင်တိုင်တုန်းက စိုးမောင့်တဲတွင် လွတ်လွတ်လပ်လပ်ပျော်ပါးသောက်စားခဲ့ရသည်ကို ပြန်တွေးမိသည်၊

လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်နေ၍ ရန်ကုန်တွင် အနေအထိုင် သိက္ခာကို ထိန်းသိမ်းရသည်၊ မလွတ်လပ်၊

ငယ်သူငယ်ချင်းနှင့် ပြန်တွေ့လျှင်မှ တကယ့်မူလတန်းကျောင်းသားသယ်လေးများနယ်၊ ပီဘိကလေးငယ်၊

ဘဝတွေ အခြေအနေတွေ ဘယ်လိုပင်ပေးပေး၊ သူငယ်ချင်းဟာ သူငယ်ချင်းပါပဲကွာဟု နှုတ်မှ အသံထွက်ပြောရင်း မှောင်မည်းနေသော အားလမ်းတစ်လျှောက် ရှေ့မီးနှစ်လုံးဖွင့်၍ တည်ငြိမ်စွာ မောင်းလာခဲ့တော့သည်၊

☑



www.burmeseclassic.com

www.burmeseclassic.com

တတီတီ ကားဟွန်းသံကြောင့် စိုးမောင်ကိုယ်တိုင် အပြေးထွက်လာသည်၊

"သူငယ်ချင်း မင်း လာမယ်ဆိုတာ ငါကြိုသိနေတယ်၊ အားလုံး အဆင်သင့်ပဲကွ"

သိန်းထွန်းလတ် တကယ့်ကို အံ့ဩသွားသည်၊

စိုးမောင် တဲထဲတွင် ထမင်းစားပွဲကြီးတစ်လုံး၊ ပူပူနွေးနွေး ထမင်းဟင်းများ၊

"ဒီနေ့ လယ်ရေသွင်းရင်း ရိုးပေါက်ကို ဖက်လိုက်တယ်၊ ကကတစ်နဲ့ ပုစွန်တုပ်ကြီး တွေ့ရတယ်၊ ပုစွန်အစိမ်းကို သံပရာရည်နဲ့နယ်ပြီး အကွင်းလိုက်လှီးထားတယ်၊ မင်းအကြိုက် ငါသိပါတယ်ကွာ၊ ဒီမှာ မီးတောက်တစ်လုံး"

"ဟကောင် - ငါလည်း ဝီစကီတစ်လုံးနဲ့ စားစရာတွေ ပါသေးတယ်"

"ဟာ - ဒီညတော့ ဗိုက်ခွေးနမ်းပဲကွ၊ ချမယ်ကွာ"

သူငယ်ချင်းနှစ်ယောက် ပြောပြောဆိုဆို ထမင်းစားပွဲတွင် ထိုင်ကြသည်၊

စိုးမောင်က သိန်းထွန်းလတ်အား တစ်ချက်ကြည့်လိုက်ပြီး -

"သူငယ်ချင်း - မင်းတစ်ကိုယ်လုံး ရေတွေရွှဲနေတယ်၊ ရော့ - လုံချည်နဲ့ အကျီ လဲထား၊ တော်ကြာ အအေးပတ်နေဦးမယ်"

သိန်းထွန်းလတ်က စိုးမောင်ပေးလာသည့် ရုပ်တိုလက်ပြတ်နှင့် လုံချည်ကြမ်းတစ်ထည်စွပ်၊ သူ့အကျီနှင့် လုံချည်ကို ခါလိုက်ပြီး တဲထရံတွင် ချိတ်၊ လုံချည်ကို လှန်းထားလိုက်သည်၊

ရာသီဥတုက မိုးအေးအေးနှင့် ကိုယ့်ဘက်ပါနေသည်၊ စားကောင်း သောက်ကောင်း စကားကောင်းကောင်းဖြင့် ဝီစကီတစ်လုံး ပြတ်သွားပြီ၊

သိန်းထွန်းလတ် ရီဝေဝေဖြစ်လာပြီ၊

နောက်ထပ် စိုးမောင်ကြီးချပေးသည့် မီးတောက်ကို ထပ်ဖြုတ်ကြသည်၊

"မင်း ဒီလိုပဲ တစ်သက်လုံးနေမှာလား စိုးကြီး"

သူ့အမေးကို အစားပလုတ်ပလောင်းစားနေသော စိုးမောင်ကြီးက -



သူငယ်ချင်း၊ မင်း နားကြည်းလောက်စရာစကား၊
မင်းနဲ့ မင်းဂုဏ်သိက္ခာ၊ မင်းအလုပ်ကို ထိခိုက်စေမယ့်
စကား ငါတစ်လုံးမှ မပြောလိုက်ဘူး။ မင်းအိမ်မှာ
ဘုရားမတွေ့မိလို့ မေးမိတာကို မင်း ဒီလောက်
ဒေါသတကြီး ဖြစ်သွားရလောက်အောင်
ဖြစ်သွားတယ်ဆိုရင် ငါတောင်းပန်တယ်။



"ငါ့ဘဝက မွေးကတည်းက အထီးကျန်ပါပဲကွာ"

"မင်းမှာ အခု လယ်နဲ့ယာနဲ့ အိုးနဲ့အိမ်နဲ့ ဖြစ်နေပြီပဲ၊ အိမ်ထောင်ပြုသင့် ...ပြီ သူငယ်ချင်း"

"ဟား ဟား ဟား၊ မင်းလို ငါက စိန်မရှား မြမရှား အလွန်ပင်များတဲ့သူ ...ဘောင် မိန်းမ မရသေးတာ၊ ငါ့လို ဖွတ်ကြားကို ဘယ်မိန်းမက စိတ်ဝင်စားမှာ ...ပဲ သိန်းထွန်းလတ်ရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဟေ့ကောင်၊ ငါ့ကို မင်းနဲ့ မနိုင်းနဲ့၊ မင်းသာ ဒီအချိန်ထိ ရည်စားသနာ ချစ်ရမယ့်သူမရှိသေးတာ၊ ငါ့မှာက ပညာတတ်ရုပ်ချော၊ နီလာဦး ရှိတယ်ကွ၊ သိရဲ့လား"

"ဒါဆိုလည်း မင်းတို့နှစ်ယောက် စိန်စီမြရှယ်ပြီး ပန်းခင်းတဲ့လမ်းကို လျှောက်၊ ငါကတော့ လယ်ထဲယာထဲမှာ ထွေးညီမရှိရင် ရှင်နှောင်းမရှိရင် တစ်ကိုယ်တည်း နေရဦးမှာပေါ့ကွာ"

သေရည်ဝင်လာ၍ လျှာလေး ဘာလေး စကားများ၊ တောင်စဉ်ရေမရစကားများ။

တစ်ချိန်တွင် သိန်းထွန်းလတ် မျက်စေ့အစုံက တဲခေါင်းရင်း ရောက်သွားသည်။ ဘုရားခန်း၊ ဘုရားခန်းမရှိတော့ပါလား။

သူ့သူငယ်ချင်း စိုးမောင်၊ ဘာသာမဲ့ဝါဒီ ဖြစ်သွားပြီလား။

သိန်းထွန်းလတ် လျှာလေး၊ အာလေးဖြင့် -

"ဟေ့ကောင်၊ စိုးမောင် မင်းအိမ်ကဘုရား ဘယ်ရောက်သွားလဲ၊ မင်း ဗုဒ္ဓဘာသာ မဟုတ်ဘူးလား၊ ဒါက ဘာသဘောလဲ"

သိန်းထွန်းလတ် အမေးအဆုံး၊ စိုးမောင်ကြီးက "ဝုန်းခနဲ" ထလိုက်ရာ စားပွဲခွန်နှင့်တိုက်မိ၍ စားပွဲပေါ်ရှိ ထမင်းပန်းကန်၊ ဟင်းပန်းကန်များ၊ အရက်ပုလင်းနှင့် အရက်ခွက်များ၊ အမြည်းပန်းကန်တို့ မှောက်ကုန်ကြတော့သည်။

"ဝုန်း - ဒိုင်း - ဂလွမ်"

သိန်းထွန်းလတ်က ဣန္ဒြေရရ ထိုင်ရာကပင် မထ၊ မျက်စိနှစ်လုံးပြူးခါးထောက်၍ သူ့အား မကျေမနပ်ကြည့်နေသော စိုးမောင်ကြီးအား -

"သူငယ်ချင်းမင်း နားကြည်းလောက်စရာစကား၊ မင်းနဲ့ မင်းဂုဏ်သိက္ခာ မင်းအလုပ်ကို ထိခိုက်စေမယ့်စကား ငါတစ်လုံးမှ မပြောလိုက်ဘူး။ မင်းအိမ်မှာ ဘုရားမတွေ့မိလို့ မေးမိတာကို မင်းဒီလောက် ဒေါသတကြီး ဖြစ်သွားရလောက်အောင် ဖြစ်သွားတယ်ဆိုရင် ငါတောင်းပန်တယ်"

သိန်းထွန်းလတ်၏ စကားကြောင့် စိုးမောင်ကြီးက ထောက်ထားသောလက်နှစ်ဖက်ကို ခါးထက်မှချ၊ သက်ပြင်းတစ်ချက်နှင့်အတူ ပြုံးရွှင်သောမျက်နှာထားကို မြင်လိုက်ပြီး -



"အေး - ငါ ရုတ်တရက် ဒေါသဖြစ်သွားတယ်၊ ခွင့်လွှတ်ကွာ - နော်"

အရက်သမားစကား ပြီးပြီးပျောက်ပျောက် သဘောထားလိုက်ပြီး နှစ်ယောက်သား ထွေရာလေးပါး၊ တောရောက်တောင်ရောက်၊ အရည်မရ၊ အဖတ်မရ၊ ရှာရှိုးကိုးပေါက်စကားများ ပြောကြဆိုကြ ရယ်မောကြနှင့် ငယ်သူငယ်ချင်းတွေပဲလေ။

သိန်းထွန်းလတ် မူးနေ၍ထင့်။

တစ်ချီတစ်ချီတွင် သူ့ကိုစိုက်ကြည့်လိုက်သော စိုးမောင်ကြီး၏ မျက်စိအစုံက ပြူးလိုက်ကျယ်လိုက် သေးလိုက်ကြီးလိုက်၊

ပြောမနာဆိုမနာ ငယ်သူငယ်ချင်းများလည်းဖြစ်၊ လက်ရှိန်လည်းနေပြီဖြစ်သော သိန်းထွန်းလတ်က စိုးမောင်ကြီးအား -

"ဟေ့ကောင် - မင်း ငါ့ကို အဲသလို မျက်လုံးကြီးပြူးကြည့်လို့ ဘာမှ မဖြစ်ဘူးကွ၊ အဲ - မိန်းမပျိုလေးတွေကိုတော့ သွားမကြည့်နဲ့၊ အဲဒါ ခေါ်တောတစ်ထောင်အား မျက်စိကွ ဟား ဟား ဟား"

အရက်လည်းကုန်၊ အမြည်းလည်း လက်ကျန်မရှိတော့မှ သူငယ်ချင်းနှစ်ယောက် ဖက်လျက်သား အိပ်ပျော်သွားကြတော့သည်။

သိန်းထွန်းလတ် ဘာမှမသိတော့။

☑

[ သုံး ]

"ရှို့ - ဆရာကြီး၊ ဘယ်နှယ့် မိုးရေထဲ အိပ်နေရတာလဲဗျ၊ အအေးပတ်ပြီး ကျရောက်တော့မှာပဲ၊ ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ၊ ထဗျာ၊ လူမြင်လို့ကောင်းပါဘူး"

အိပ်ပျော်နေစဉ် သူ့ပခုံးနှစ်ဖက်ကို ကိုင်လှုပ်၍ မေးနေသူ၏ အသံကြောင့် သိန်းထွန်းလတ် နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် - ဗုဒ္ဓေါ"

သူ ဘုရားတ,လိုက်မိသည်။ မ,တ၍မရတော့။ ညက သူနှင့် စိုးမောင်ကြီး အိပ်ခဲ့သော အိမ်ဆိုသည်က လေတိုက်၍ အမိုးအကာများလွင့်စဉ်သော အချင်ဝါးလေးငါးလုံးနှင့် နံရိုးပြိုင်းပြိုင်း တဲလေးတစ်လုံး။

ထိုတဲပျက်ရှေ့တွင် သူ့ FIAT ကားလေးက ရပ်လျက်။ အခွံသာကျန်တော့သည့် ဝီစကီပုလင်းခွန်၊ အင်းတကော်မှဝယ်လာခဲ့သည့် ခေါက်ဆွဲထုပ်မှ စက္ကူစများ၊ ကြွပ်ကြွပ်အိတ်များက တဲနဘေးချုံများ တွယ်ကပ်ငြိလျက်။

သူ့အင်္ကျီနှင့်လုံချည်က တဲနံရံ ဝါးလုံးတိုင်တွင် လေနှင့်အတူ တလူလူ။

"ဟင်"

ညက မိုးစို၍ လဲဝတ်ထားသော စိုးမောင်ကြီး၏ စွပ်လျက်နွမ်းနှင့် လုံချည်စုတ်ကို သူလဲဝတ်ထားသည်။ ယခုမှ သူ့ကိုယ်သူ ပြန်ကြည့်မိသည်။

ဘောင်းဘီတိုလေးနှင့် ဂုန်နီအိတ်ဟောင်းခြုံလျက်။

☑

"ကျွန်တော်တို့ ဒီရွာသားတွေပါ ဘာများ အကူအညီပေးရမလဲ"

ရွာသားနှစ်ယောက်၏ အမေးကို သူ မဖြေနိုင်သေး။ အင်္ကျီနှင့် လုံချည်ကို ကောက်စွပ်ပြီးမှ -

"ဒီ - ဒီတဲကုန်းက စိုးမောင်ကြီး တဲကုန်းနော်"

"ဟုတ်ပါတယ်၊ ဆရာကြီးက ဦးစိုးမောင်ကြီးကို သိလို့လား"

"ဟာ - သိတာပေါ့ဗျာ၊ ငယ်သူငယ်ချင်းတွေပဲ၊ ညက ဒီမှာ နှစ်ယောက်သား သောက်စားပြီး အိပ်ကြတာပဲ"

သိန်းထွန်းလတ်၏ စကားကြောင့် ရွာသားနှစ်ယောက် အူကြောင်ကြောင် ဖြစ်သွားပုံရသည်။

သိန်းထွန်းလတ်က အခြေအနေကို ရိပ်မိ၍ မနေ့ညက သူ ဖြစ်ကြောင်း ရယ်ကုန်စင်ကို ရှင်းပြမိတော့သည်။



ပြီးတော့မှ -

ရွာသားနှစ်ယောက်၏ အကူအညီနှင့် သူ့မော်တော်ကားနှင့် ကားပေါ်ပါ ပစ္စည်းပစ္စယများကို စစ်ဆေးမိတော့သည်။

ဘာမှ အပျောက်အဆုံးမရှိ။

သိန်းထွန်းလတ်၏ ရှင်းပြချက်နှင့် စစ်ဆေးမှုများအဆုံး ရွာသားနှစ်ယောက်၏ပြောစကားကြောင့် သိန်းထွန်းလတ် ထိုနေရာမှ အမြန်ဆုံး ကားကို မောင်း၍ ထွက်ခွာခဲ့ရတော့သည်။

"ဆရာကြီး ပြောတော့လည်း ကြားရတာပေါ့ဗျာ၊ ကျွန်တော်တို့ တစ်ရွာလုံး သိထားတာက ဆရာကြီးသူငယ်ချင်း ဦးစိုးမောင်ဟာ လွန်ခဲ့တဲ့သုံးလက ဒီတဲမှာပဲ တစ်ယောက်တည်း အသက်ပျောက်နေလို့ ရဲနဲ့တာဝန်ရှိသူတွေ စစ်ဆေးကြတော့ ဦးနှောက်ကြောပြတ် သေဆုံးတာတဲ့။ သွေးတိုးထင်ပါရဲ့ဗျာ၊ ကနေ့ သူ့ရဲ့သုံးလပြည့် သဝိတ်သွတ်၊ ရွာက စုပေါင်းပြီး ရွာဦးကျောင်းမှာ လုပ်ကြတယ်။ ကျွန်တော်တို့က အဲဒီကို သွားကြမလို့ပါ၊ ဆရာကြီး လိုက်ခဲ့ဦးမလားဗျ"

သိန်းထွန်းလတ် ပါးစပ်အဟောင်းသား၊ မတ်တတ်ရပ်နှင့် မေ့နေသည်။ နောက်မှ အသက်ဝင်လာကာ . . .

"နေရစ်ခဲ့တော့ သူငယ်ချင်းရယ် အမျှ - အမျှ - အမျှ"

FIAT ကားလေးက ရန်ကုန်မြို့သို့ ဦးတည်လျက် . . .

→ ကျော်မင်းညွန့် (လှည်းကူး)

www.burmeseclassic.com




# ကျိန်မိမှား၍

• ကြည်ပြာ (သချာ)

ကျွန်မသည် HIV, AIDS ရောဂါကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွင် ာဝန်ထမ်းဆောင်နေသော NGO ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ မိတ္ထီလာ ွင် တာဝန်ကျသည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီ ဖြစ်ပါသည်။ ရွာများသို့ ွင်းဆင်းရသည့်အခါတွင် ကွင်းဆင်းလုပ်သားများဖြစ်သော မာလာနှင့် ာတို့အပြင် ကျွန်မ၏ အထက်အရာရှိဖြစ်သူ ဒေါက်တာ မချစ်စုတို့နှင့် ထု တာဝန်ကျရာ ရွာများဆီသို့ လာခဲ့ရပါသည်။

HIV, AIDS ရောဂါ ကာကွယ်နည်းကုသနည်းများနှင့် အခြားနစ်သိမ့် ွေးနွေးပညာပေးခြင်းများကို ရွာသူရွာသားများ သိရှိသဘောပေါက်စေရန် ွေးနွေးသွားရမည် ဖြစ်ပါသည်။ ရွာလူကြီးများကလည်း အတူပူးပေါင်းပါဝင် ကြသဖြင့် အခက်အခဲမရှိခဲ့ပါ။

ယနေ့ တာကြီးရွာ၌ ပို့ချဆွေးနွေးရမည်ဖြစ်ပြီး ဤရွာတွင် ညအိပ်ရမည် ါသည်။ တာကြီးရွာသည် မိတ္ထီလာ - ကျောက်ပန်းတောင်း ကားလမ်းမှ ွင်းသို့ (၄)မိုင်ခန့်ဝင်ရပြီး ဤရွာသည် အနီးပတ်ဝန်းကျင်မှ ရွာများနှင့်

www.burmeseclassic.com

မတူဘဲ မြေပဲထွက်အလွန်ကောင်းပါသည်။ ရွာသူရွာသားများသည် ကိုင်းစိုက်ပျိုးခြင်းကိုသာ အဓိကထားစိုက်ပျိုးကြပြီး တချို့တလေသော စပျစ်စိုက်ကြပါသည်။

ရွာ၏ အရှေ့ဘက်တွင် သဲချောင်းရှိပြီး သဲချောင်းမှ ရေစုပ်စက်ဖြင့် ရေတင်ကာ ဂန္ဓမာပန်းစိုက်ပျိုးသူလည်း ရှိပါသည်။ သဲချောင်းပေါ်တွင် သစ်သားတံတားလေးရှိပြီး ဆိုင်ကယ်တစ်စီးစာ ကောင်းကောင်းမောင်းနိုင်သည့်အတွက် ခိုင်ခံ့စွာဆောက်ထားသည်ဟု ဆိုရပါမည်။ တံတားလက်ရန်းနှင့် ကပ်လျက် ထိုင်ခုံတန်းလျားလေးများ ပြုလုပ်ထားပြီး ထိုတန်းလျားပေါ်တွင်ထိုင်၍ အရှေ့ဘက်သို့ မျှော်ကြည့်ပါက ပုပ္ပါးတောင်ကလပ်ကို ခပ်ရေးရေး မြင်တွေ့ရပါသည်။

အညာနွေသည် နေထွက်ချိန်မှစ၍ ပူပြင်းလွန်းလှပေသည်။ နေပူသည်ကတစ်မျိုး တိုက်သည့်လေ ပူသည်က တစ်ဖုံဖြစ်၍ နေနှင့်လေတို့အပူပြိုင်နေကြသလားဟုပင် ထင်မိပါသည်။ သို့သော် ညနေခင်းရောက်လျှင်ဖြင့် နေမင်းကြီးကလည်း ဒေါသမာန်လျှော့၍ တောင်စွယ်နောက်သို့ဝင်လျှင် အပူရှိန် လျော့သွားသကဲ့သို့ သဲချောင်းပေါ်မှဖြတ်၍ တိုက်လာသော လေနအေးတို့သည်လည်း ဆံနွယ်များကို ကလူကျီစယ်ကာ တစ်နေ့တာလေပူတိုက်ခဲ့သမျှ ချော့မြူနေသည့်နယ်ပင်။

ကျွန်မလည်း တစ်နေ့တာ ပင်ပန်းခဲ့သမျှ လေကောင်းလေသန့်ရှူရင်း ရန်ကုန်မြို့ကြီးတွင် တွေ့ရခဲ့သော ရှုခင်းများတွင် နစ်မျောနေမိပါသည်။ သဲချောင်းတံတားပေါ်တွင် ရပ်နေရာမှ တန်းလျားတွင် ထိုင်ချလိုက်ပြီး နေလုံးကြီး တဖြည်းဖြည်းဝင်သွားသည်ကို ထိုင်ကြည့်နေမိပါသည်။ နေဝင်သွားသော်လည်း အလင်းရောင်ကျန်ပါသေးသည်။ ပုပ္ပါးတောင်ကလပ်ကိုလည်း မမြင်တော့ပါ။ လျှပ်စစ်မီးမရသော ရွာတို့၏ ထုံးစံအတိုင်း ရွာထိပ်ရှိအိမ်တွင် ဘက်ထရီမီးချောင်း ထွန်းထားသည်ကို မြင်နေရပါသည်။



ယနေ့သည် တပေါင်းလပြည့်ကျော် (၁၀)ရက်နေ့ ဖြစ်သဖြင့် လရောင်အောက်တွင် တစ်ဝကြီးထိုင်ပစ်လိုက်မည်ဟုဆုံးဖြတ်ပြီး စိတ်အေးလက်အေး ထိုင်နေမိပါသည်။ ထိုစဉ် လူတစ်ဦး ပေါက်တူးထမ်းလာပြီး တံတားအရှေ့ဘက်မှ တက်လာသည်ကိုအလင်းရောင်မကုန်သေးသဖြင့်မြင်နေရပါသည်။ အနားရောက်၍ ကြည့်မိရာ ရွာလယ်မှ စပျစ်ခြံပိုင်ရှင် ဦးဖြိုးဖြစ်နေပါသည်။ ဦးဖြိုးက -

"ဆရာမလေး - ဘာထိုင်လုပ်နေတုံးဗျ"

"ရန်ကုန်မှာမရှိတဲ့ သဘာဝအလှတွေကို ကြည့်နေတာပေါ့ - ဦးဖြိုးရဲ့၊ ဦးဖြိုးရော ဘယ်ကပြန်လာတာလဲဟင်"

"စပျစ်ခြံ ရေသွန်း (ရေသွင်း) ပြီးပြန်လာတာဗျ။ ကျုပ်အခင်း (ယာခင်း) က ဒီနှစ်ဂလဘဲ (ကုလားပဲ) ညှံ့ရိုက်ဗျာ၊ တစ်ကေကို ငါးတင်းတောင် ပြည့်အောင်မထွက်ဘူး၊ ကျုပ်ဖြင့် ရင်းနှီးခဲ့တာတွေကိုထညော (နမြော) လိုက်တာဗျာ၊ ဒါနဲ့ စပျစ်ဘက်လှည့်ပြီး ဂရုစိုက်နေရတာပ - အရာမလေးရယ်"

"ဟိုတစ်နေ့က အိုင့်ရွာဘက်ကလာတော့ ဦးဖြိုးရဲ့ စပျစ်ခြံကို တွေ့ခဲ့ပါသယ်၊ တော်တော်ဖြစ်နေပါပြီ၊ ဒီတိုင်းဆို ဒီနှစ်စပျစ်အတွက် ကောင်းမှာပါ"

"ကျုပ်လည်း ဒီလိုတွေးရတာပဲဗျို့။ ကဲ - ကဲ ကျုပ်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါလား၊ ညမိုးချုပ်ရင် ဒီနားဝန်းကျင်က အနေဆိုးတယ်ဗျ"

"ဟုတ်ကဲ့"

ကျွန်မသည် ရွာတွင်းသို့ဝင်စဉ် ဦးဖြိုးကို မေးမိပါသည်။

"ဆရာမလေးတို့လို မြို့သူပညာတတ်တွေက ယုံမယ်မထင်ပေါင်ဗျာ၊ ရွာထဲက သေသွားတဲ့မိန်းကလေးက မကျွတ်မလွတ်ဖြစ်ပြီး ဒီတံတားပေါ်မှာ လမ်းလျှောက်နေတာကို ရွာထဲက လူတော်တော်များများက မြင်ကြတယ်လို့ပြောတယ်၊ ကျုပ်တော့ ကိုယ်တိုင်မမြင်ရပေမဲ့ မယုံဘူးလို့မပြောချင်ဘူးဗျ၊ ဘာလို့တုံးဆို ဒီမိန်းကလေးက နာနာကြည်းကြည်းနဲ့ သေခဲ့ရတော့လည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်ပါတယ်၊ ဆရာမလေးက အရီးတင်နအိမ်မှာ တည်းရမယ်မှတ်တယ်၊ ရောက်ပြီဗျို့၊ ကျုပ်တော့ ဆက်သွားတော့မယ်နော်"

"ဟုတ်ကဲ့ - ကျေးဇူးပဲ ဦးဖြိုးရေ"

ကျွန်မ တည်းမည့်အိမ်သည် ရွာ၏အရှေ့ဘက် ထိပ်ဆုံးတွင်ရှိပြီး မြေလည်းကျယ်၊ အိမ်ကလည်း ကျယ်ဝန်းပြီး အရီးတင်နနှင့် ခင်ပွန်းဦးသန်းမြင့်တို့သာ နေကြသဖြင့် ရွာလူကြီးက ကျွန်မတို့အဖွဲ့ကို တည်းစေခြင်းပင်၊

အိမ်ပေါ်သို့ ရောက်မဆိုက်ပင် ကျွန်မတို့ အဖွဲ့သားများက ကျွန်မကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြပါသည်၊ မာလာက -

"အမယ်လေး - အစ်မရယ်၊ တံတားပေါ်ကို တစ်ယောက်တည်းသွားရသလား၊ အခုပဲ ကျွန်မတို့ လိုက်ခေါ်ကြမလို့ လုပ်နေတာ"

"ဦးဖြိုးနဲ့ ပြန်လိုက်လာတာပါ၊ တံတားပေါ်က ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဟုတ်ပါဘူး ညီမရယ်၊ ကလေးတွေက စိတ်ပူလို့ပါ၊ ကဲ - အိပ်ရာဝင်ကြရအောင်၊ မနက်ကျရင် ဟိုဘက်ရွာကူးရဦးမှာနော်"

"ဟုတ်ကဲ့ - ဆောရီးပါ မမချစ်၊ နောက် - မမချစ်ကို စိတ်ပူအောင် မလုပ်တော့ပါဘူးနော်"

ဒေါက်တာ မချစ်စုက ဝင်ပြောလိုက်သဖြင့် စကားပြတ်သွားပါသည်၊ ဦးဖြိုးထံမှ တစ်စွန်းတစ်စ ကြားထားပြီးဖြစ်၍ တံတားကိစ္စကို စိတ်ဝင်စားနေသည့်အထဲတွင် ယခုကဲ့သို့မာလာတို့က စိုးရိမ်တကြီးဖြစ်နေကြသည်ကိုမြင်ရပြန်တော့ ကျွန်မပို၍သိချင်လာပါသည်၊ သို့သော် အထက်လူကြီး မမချစ်ကို အားနာသဖြင့် အရီးတင်နကို မနက်ကျမှ မေးပါတော့မည်၊

☑



"ဟင့် - ဟင့် - ဟီး - ဟီး - ဟင့်"

ကျွန်မ ရုတ်တရက် လန့်နိုးချိန်တွင် ပီပီသသကြားလိုက်ရသော မိန်းကလေးတစ်ဦး၏ငိုသံဖြစ်ပါသည်၊ ငိုသံကြောင့်လန့်နိုးသည်လား၊ လန့်နိုးပြီးမှ ငိုသံကြားသည်လား မသိပါ၊ သေရျာစွာ နားထောင်ကြည့်သော် ငိုသံသည် အရှေ့အရပ်မှ ဖြစ်ပါသည်၊ အရီးတင်နခြံသည် ရွာ၏အရှေ့ထိပ်ဆုံးတွင် ရှိသဖြင့် ယခုအိမ်၏ အရှေ့ဘက်တွင် အိမ်မရှိတော့ပါ၊ လေအောက်ဘက် ကျနေ၍လော မသိ၊ ငိုသံသည် ပိုကျယ်လာသည်ဟု ထင်ရပါသည်၊

အရှေ့ဘက်တွင် သဲချောင်းသာရှိပြီး သဲချောင်းကျော်၍ လမ်းအနည်းငယ်လျှောက်သွားလျှင် ဘုန်းကြီးကျောင်းကို ရောက်ပါသည်၊ သဲချောင်းဟုဆိုမှ ကျွန်မသည် မာလာ့ အနားပို၍တိုးကပ်မိပါတော့သည်၊ ဦးဖြိုးပြောသည့် တံတားပေါ်က အသံများပေလောဟု တစ်ယောက်တည်းတွေးမိပါသည်၊ တန်းဖုန်းကိုဖွင့်၍ နာရီကြည့်သော် နံနက်(၂)နာရီ ဆယ်မိနစ်သာ ရှိပါသေးသည်၊ တစ်အိမ်လုံး တိတ်ဆိတ်လျက် အိပ်မောကျနေကြပြီး ကျွန်မသာလျှင် အတွေးများဖြင့် အိပ်မရဖြစ်နေပါသည်၊ မာလာနှင့် ကျွန်မက ခြင်ထောင်တစ်လုံးတွင် အိပ်ပြီး မမချစ်နှင့် သန္တာက ခြင်ထောင်တစ်လုံးဖြင့် ခွဲ၍အိပ်ကြပါသည်၊ ငိုသံမှာ မိန်းကလေးတစ်ဦး၏ ကြေကွဲဝမ်းနည်းစွာ ရှိုက်ငိုသံဖြစ်၍ ကြားရသည်မှာ စိတ်ချမ်းသာဖွယ်မရှိပါ၊ တဖြည်းဖြည်း ငိုသံတိုးသွားပြီး လုံးဝမကြားရတော့သည့်အခါမှ ကျွန်မလည်း ပြန်အိပ်ပျော်သွားပါသည်၊

"ညီမလေးတို့ - ထကြတော့လေ၊ မနက် ဆယ်နာရီအရောက် ထဘော (သန်းတော) ရွာကို အရောက်သွားရမှာ"

မနက် ငါးနာရီတွင် မမချစ် နိုးသဖြင့် ကျွန်မတို့ အိပ်ရာမှ ထကြပြီး ရေချိုး၍ အဝတ်အစားလဲပြီးချိန်တွင် ရွာလူကြီးအိမ်သို့ မနက်စာစားရန် ဖိတ်ခေါ်သဖြင့် ထွက်ခဲ့ကြပါသည်၊ အညာကျေးရွာတို့၏ ထုံးစံမှာ မနက်စောစောအဘာပြေဆိုသော်လည်း ထမင်းကိုဟင်းနှင့်အဝစားကြပါသည်၊ ယခုလည်း



www.burmeseclassic.com

www.burmeseclassic.com

ငါးရံ့ခြောက်ဖုတ်ဆီဆမ်း၊ လက်ဖက်ပဲလှော်သုပ်၊ အိမ်တွင် ကိုယ်တိုင်ကျိုချက်သုတ်ထားသော တို့ဟူးသုပ်၊ ခရမ်းချဉ်သီးအစပ်ချက်၊ သခေါ်ပွင့်သုပ်နှင့် ဖရုံညွန့်ဟင်းချိုတို့ဖြင့် ဖွယ်ဖွယ်ရာရာ ကျွေးသည့်အပြင် လက်ဖက်ရည်ကြမ်းနှင့် အိမ်တွင်ပင် ကြော်ထားသော မတ်ပဲကြော်ကိုမြည်းရင်း စကားပြောဖြစ်ကြပါသည်။

ဥက္ကဋ္ဌအမည်မှာ ဦးစိန်ရွှေဖြစ်ပြီး ဇနီးဒေါ်မြင့်နှင့် သားတစ်ဦးရှိပါသည်။ အညာဒေသအခေါ်အဝေါ်မှာ ဦးလေး၊ ဒေါ်လေးတို့ကို အမည်ရှေ့တွင် လေးလေးဟု တပ်ပြီးခေါ်ကြသဖြင့် ဦးစိန်ရွှေကို လေးစိန်ရွှေဟုခေါ်ကြပြီး ဒေါ်မြင့်ကို လေးမြင့်ဟု ခေါ်ကြပါသည်။ လေးစိန်ရွှေက -

"ဆရာမတို့ရေ - အားလည်းနာပါရဲ့၊ ကျွန်တော် ရုံးသွားရဦးမယ်ဗျ - နော့"

"ဟုတ်ကဲ့ - ရပါတယ် လေးလေး၊ သွားစရာရှိတာ သွားပါ၊ အားမနာပါနဲ့"

လေးမြင့်က ကျွန်မတို့ကို ဆက်ပြီးဧည့်ခံနေပါသည်။

"မဆရာမလေးတို့ ညက ကောင်းကောင်းအိပ်ရရဲ့လား"

ကျွန်မ ညက ငိုသံကြားသည်ကိုပြောလျှင် ယုံကြပါ့မလားဟု တွေးနေစဉ် သန္တာက -

"အိပ်လို့ကောင်းတုန်း ကောင်မလေးတစ်ယောက် ငိုသံကြားလို့ လန့်နိုးသွားတယ် လေးမြင့်ရဲ့၊ ညကြီးမင်းကြီး ဘယ်ခြံကလဲဟင်"

"ဆရာမလေးတို့ ကြားသွားကြပြီကိုး၊ နှင်းနှင်းခမျာ သေတဲ့အထိ ဝဋ်ကြွေးမကုန်သေးဘူး ထင်ပါ့တော်"

ဒီတစ်ခါ ကျွန်မက အလျှင်ဦးအောင် မေးလိုက်ပါသည်။

"နှင်းနှင်းက ဘယ်သူလဲဟင်"

"ဆရာမလေးတို့သိချင်ရင် ကျုပ်ပြောပြပါ့မယ်တော်၊ နှင်းနှင်းလေးက လှတ်သနားဖို့ကောင်းတဲ့ မိန်းကလေးပါ၊ သူသေတော့ သူ့အမေကို ကျုပ်ဖြင့်



ဒေါသထွက်လွန်းလို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောပစ်ခဲ့တာ၊ မိဘတွေ ရက်စက်ပုံကလည်း မိုက်ချက်တော်"

☑

မိတ္ထီလာတစ်ခွင်၌ တာကြီးရွာက ဦးတာနှင့် ဒေါ်မမဆိုလျှင် မသိသူ မရှိ၊ လယ်ကေများစွာ ပိုင်ဆိုင်သည့်အပြင် မွေးထားသော နွားများကို ရောင်းပစ်ခြင်း မရှိပေ၊ နွားများသေလျှင်ပင် ရောင်းမစားဘဲ မြေမြှုပ်ပစ်သဖြင့် ခြံတွင်း၌ နွားကောင်ရေ ငါးဆယ်ကျော်ရှိပါသည်။ နွားနို့ညှစ်ရာတွင်လည်း နွားငယ်လေးများ နို့ဝစေရန် အနည်းငယ်သာ ရောင်းစေသဖြင့် နွားရောင်စုံတို့မှာ လုလုဝဝများဖြစ်ကြပါသည်၊ သားယောကျ်ားလေးသုံးယောက်နှင့် သမီးထွေးလေးတစ်ယောက် ရှိကြပါသည်၊ သမီးထွေးလေးကို နိုက်နိုက်တုန်အောင် အေးသော အညာဆောင်း၏ နံနက်အရုဏ်တက်တွင် မွေးဖွားသဖြင့် "နှင်းဝေဝေ" ဟု အမည်ပေးလိုက်ကြပါသည်။

"ဟ - မွား (နွား)၊ ဘေ (ဘယ်) တုံးဟ"

သူရင်းငှား မိတိုးက မနက်စောစော နွားလွှတ်ကျောင်းရန် နွားများကို မြင်သို့ထုတ်နေစဉ် နှင်းနှင်းက မြင်၍ -

"မတိုးရေ"

"တော့ - မမနှင်း"

"မနေ့ညနေက မတိုး ကလေးတွေ စာသင်ဖို့ မလာကြပါလား"

"အိမ်မှာ ဟင်းစားမရှိလို့ တောထဲမယ်ဟင်းရွက်ခူးခိုင်းလိုက်လို့ပါတော့"

"ဟင်းစားမရှိရင် အိမ်ကချက်ပြီးသား ယူသွား၊ ကလေးတွေကို ညနေစာသင်ဖို့ လွှတ်လိုက်ပါ"

www.burmeseclassic.com

"ဟုတ်တဲ့ - မမနှင်း"

နှင်းနှင်းသည် မိတိုးထက် ငယ်သော်လည်း အလုပ်ရှင်ဖြစ်၍ ရှိသေစွာ မမနှင်းဟုပင် ခေါ်ပါသည်၊ နှင်းနှင်း၏ ဘေးတွင်လက်ဖက်ရည်ကြမ်း ထိုင်သောက်နေသော မိခင် ဒေါ်မမက -

"သမီးရယ် - ပေါက်နေတဲ့အိုးဆိုတာ ဘယ်လောက်ဖြည့်ဖြည့် ပြည့်မလာဘူးကွယ့်၊ မိတိုးကိုလည်း သမီးက ဘယ်လောက်ပေးပေး သူတို့မိသားစုတစ်အုပ်တစ်မကြီးအတွက် လောက်ငမှာမဟုတ်ဘူး"

"ကုသိုလ်ပေ့ါ - အမေရယ်၊ ကမ္ဘည်းတင်မှ အလှူမဟုတ်ပါဘူး၊ သဒ္ဓါရှိသလောက် လိုတဲ့သူကို ပေးရတာလည်း အလှူပါပဲ"

"အေးပါ - စိတ်နှလုံးကောင်းတဲ့ ငါ့သမီးလေးအတွက် တူတဲ့အကျိုးပဲ ပေးမှာပါတော်"

ဒီလိုနှင့် နှင်းနှင်းတစ်ယောက် ဆယ်တန်းအောင်ပြီးသော် ရန်ကုန်မှ အကြီးအိမ်တွင်နေ၍တက္ကသိုလ်တက်ရန် ရွာမှထွက်ခွာသွားပါသည်၊ စာသင်နှစ်ပြီးတိုင်း ပြန်လာသော နှင်းနှင်းကို အစ်ကိုများက သည်းသည်းလှုပ်လွမ်းဖြတတ်၍ မိခင်နှင့်ဖခင်တို့မှာ အထူးကျေနပ်နေကြလေသည်၊ ဒီလိုနှင့် နှင်းတစ်ယောက် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီးသော်လည်း နှင်းနှင်း ရန်ကုန်တွင် အလုပ်လုပ်မည်ကို အစ်ကိုများက ကန့်ကွက်ကြသဖြင့် ရွာသို့ အပြီးပြန်ရောက်လာပါသည်၊ တာကြီးရွာမှ မိတ္ထီလာမြို့ပေါ်သို့ ကျောင်းသွားတက်ကြသော ကလေးများကို အိမ်တွင်ခေါ်၍ စာသင်ပေးခြင်း၊ အင်္ဂလိပ်စကားပြောအခြေခံမှစ၍ သင်ပေးခြင်းတို့ကိုသာ ငွေကြေးမယူဘဲ စေတနာအပြည့်ဖြင့် သင်ကြားပေးနေပါတော့သည်၊

☑



ယနေ့သည် နှင်းနှင်း၏ ဘဝကို ပြောင်းလဲစေမည့်နေ့ပင်ဖြစ်ပါသည်၊ အဘယ်ကြောင့်မူ ရန်ကုန်မှ ဘကြီးသည် ရွာအထိလာပြီး ဘကြီး၏ သူငယ်ချင်းဖြစ်သူ အရာရှိကြီး၏သား မင်းဓိမောင်က နှင်းနှင်းကို အိမ်ထောင်ဖက်အဖြစ် လာရောက်တောင်းရမ်းမည့်အကြောင်းကို ရှေ့ပြေးသတင်းစကားပါးလာခြင်းကြောင့်ပါပေ၊ မင်းမောင်သည် သခော်အရာရှိဖြစ်ပြီး နှင်းနှင်းနှင့်လည်း



နှင်းနှင်း သစ္စာပျက်မယ်နော်။ တပည့်တော်မသည် ကိုမင်းမောင်ကို အသက်နှင့်ထပ်တူ သစ္စာရှိ ချစ်မြတ်နိုးပါတယ် ဘုရား။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကိုမင်းမောင်က ကျွန်မထက် အရင်ဦးစွာ သေမည်ဆိုပါက တပည့်တော်မလည်း ထက်ကြပ်မကွာ လိုက်ပါသေဆုံးရပါစေ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

သတ္တုခြောင်းခင်းကြောင်းတို့ နှင်းနှင်းရှေ့တွင် ပြောသဖြင့် နှင်းနှင်းသည် ရှက်ပြီး အခန်းတွင်းသို့ ဝင်ပြေးသွားပါသည်။ သည်ကနေ့မှစ၍ ဦးတာနှင့် ဒေါ်မမတို့ အိမ်ကို သန့်ရှင်းရေးလုပ်ခြင်း၊ ဆေးသုတ်ပြင်ဆင်ခြင်းနှင့်ခြံတွင်း၌ ရှင်းလင်းပြီး သစ်ဝင်ပန်းမန်များဖြင့် အလှဆင်ခြင်းတို့ကို ရွာရှိလူများက ပျော်ရွှင်စွာ လုပ်ကိုင်ပေးကြပါသည်။

ဒီလိုနှင့် ၁၉၇၉ – ခုနှစ် နွေဦးပေါက်တွင် သဘော်အရာရှိ မင်းမောင်နှင့် နှင်းနှင်းတို့၏ မင်္ဂလာပွဲကို တာကြီးရွာတွင် တစ်ပွဲ၊ ရန်ကုန်မြို့တွင် တစ်ပွဲ ကြီးကျယ်ခမ်းနားစွာ ကျင်းပကြပြီး ကြင်စဦး ဇနီးမောင်နှံသည် နှင်းနှင်း၏ မိဘများရှိရာ တာကြီးရွာသို့ အလည်တစ်ခေါက် ပြန်ရောက်လာကြပါပြီ။

"ကိုရေ – မိတ္ထီလာမြို့ထဲတော့ နှံ့အောင်လည်ပြီးပြီ၊ ဒီနေ့ ကျောက်ပန်းတောင်းဘက်ကို သွားမယ်နော်"

"နှင်း သဘောပါပဲဗျာ"

"ကိုက ရှေ့က ဆိုင်ကယ်မောင်း၊ နှင်းက နောက်ကထိုင်ပြီး လမ်းပြမယ်နော်"

မိတ္ထီလာ – ကျောက်ပန်းတောင်း ကားလမ်းမပေါ်တွင် ဆိုင်ကယ်လေးတ တရိပ်ရိပ်ပြေးနေပါသည်။

"ကိုရေ – ရှေ့နားရောက်ရင် ညာကွေ့လိုက်နော်"

ဆိုင်ကယ် ရပ်လိုက်ချိန်ဝယ် ရှေးဟောင်းအဆောက်အအုံပြိုပျက်နေသကဲ့သို့ အုတ်ခုံအောက်ခြေတစ်ခုကို တွေ့ရပါသည်။ ဘုရားတစ်ဆူလည်း ရှိပါသည်။

"ဒါကပဲသီတာသိမ်လေ အစ်ကိုရဲ့ အနော်ရထာမင်းကြီး တည်ခဲ့တာပေါ့ ခေတ်အဆက်ဆက်ပြောင်းပြီး စောင့်ထိန်းမှုနည်းလို့ ဒီလိုဖြစ်ရတာပေါ့ ရှေးဟောင်းယဉ်ကျေးမှုတွေကို ဒီလိုမြင်ရတာ နှင်းတော့ အရမ်းနမြောတာပဲ"



"ဟုတ်တယ်နော်၊ အနော်ရထာမင်း လက်ထက်ကဆိုတော့ တော်တော်ကို ကြာပြီပေါ့၊ တကယ့်ကို တန်ဖိုးရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်ပဲ"

"ဟုတ်တယ် – ဒီထက် အံ့ဩစရာကောင်းတာ ပြောပြဦးမယ်၊ နှစ်တွေ ဘယ်လောက်ပဲကြာကြာ အခုချိန်ထိ တန်ခိုးကြီးတုန်းပါပဲ၊ မှန်ကန်တဲ့ အကြောင်းအရာတစ်ခုကို သစ္စာပြုပြီး တိုင်တည်ရင် တကယ်ဆုတောင်း ပြည့်တယ်လို့ ပြောကြတယ်"

"ဟုတ်လား – ကိုယ်တို့လည်း ဆုတောင်းကြမယ်လေ"

"ဒါဆို – အရင်ဆုံး ငါးပါးသီလခံယူပြီး ကိုယ့်ဆုတောင်းနဲ့ကိုယ် သစ္စာဆို ကြမယ်လေ"

နှစ်ဦးသား ငါးပါးသီလကို လေးလေးနက်နက် ခံယူဆောက်တည်ကြပြီး နောက် မင်းမောင်ကစ၍ –

"ကျွန်တော်သည် နှင်းနှင်းကို စစ်မှန်သော မေတ္တာဖြင့်ချစ်ပါသည်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျွန်တော်နှင့် နှင်းနှင်းတို့ ဘဝဆက် တိုင်း ပေါင်းရပါစေသား"

"နှင်းနှင်း သစ္စာပြုမယ်နော်၊ တပည့်တော်မသည် ကိုမင်းမောင်ကို အသက်နှင့်ထပ်တူ သစ္စာရှိ ချစ်မြတ်နိုးပါတယ် ဘုရား၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကိုမင်းမောင်က ကျွန်မထက် အရင်ဦးစွာ သေမည်ဆို ပါက တပည့်တော်မလည်း ထက်ကြပ်မကွာ လိုက်ပါသေဆုံးရပါစေဘုရား"

မင်းမောင်သည် အလန့်တကြား ဖြစ်သွားပြီး –

"နှင်းနှင်း – ဘာလို့ ဒီလိုပြောရတာလဲ"

"သစ္စာဆိုတာပဲဟာ – ဘာဖြစ်လို့လဲ ကိုရဲ့"

"နှင်းနှင်းက သစ္စာဆိုတာမှ မဟုတ်တာ၊ ကိုယ့်ကိုယ်ကိုယ် ကျိန်လိုက် တာပဲ နှင်းရဲ့"

"ကိုက အသက်တစ်ရာကျော် နေရမှာပဲဥစ္စာ၊ စိတ်ထဲ မထားပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ – မင်းမောင်ရင်ထဲတွင်တော့ မရှင်းလင်းတော့ပါ။ ဘာကြောင့်မှန်း မသိ အပြစ်ကင်းစင်သော နှင်း၏မျက်နှာလေးကိုသာ စိုက်ကြည့်နေမိပါတော့သည်။

“ကိုရေ – မုန့်တိုင်ဆည်ဘက်ကို သွားရအောင်”

နှင်းနှင်းသည် ရှေ့မှလက်ဆွဲခေါ်သွားသဖြင့် မင်းမောင်လည်း နောက်မှ ပါသွားရပါသည်။ မိတ္ထီလာမြို့မှ ကျောက်ပန်းတောင်းမြို့ဘက်သို့ ဆယ်မိုင်ခန့်သွားလျှင် မုန့်တိုင်ဆည်ကို ရောက်ပါသည်။ မုန့်တိုင်ဆည်သည် သဘာဝ ပတ်ဝန်းကျင်သာယာခြင်းကြောင့် ပျော်ပွဲစားထွက်ကြသော သူများအပြင် အပျော်တမ်း ငါးမျှားသူများဖြင့် စည်ကားနေပါသည်။ မုန့်တိုင်ဆည်သည် နွေရာသီ၌ မိတ္ထီလာကန်ကြီး ရေမလျော့စေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် ရေပေးပါသည်။

နှစ်ဦးသား ကန်ပေါင်ပေါ်တွင် ထိုင်ရင်း –

“နှင်း – သစ္စာဆိုတာကြီးကို စိတ်ထဲမကောင်းဖြစ်နေတယ်ကွာ”

“ကိုက ဒါပဲပြောနေတာပဲ။ ကို့အသက် တစ်ရာ့နှစ်ဆယ်ကျော် ရှည်မှာ ပါဆို။ နှင်းက ကို့ကိုချစ်ကြောင်း သက်သေပြတာပါ ကိုရဲ့”

“နှင်းက ကျိန်စာလို ရွတ်လိုက်တာပါ။ သက်သေပြချင်ရင် တခြား နည်းတွေ ရှိပါတယ်နှင်းရယ်။ နှင်းမကြိုက်ရင်တော့ ကိုယ် မပြောတော့ ပါဘူး”

ညနေစောင်းတော့ နှင်းနှင်းတို့ရွာသို့ပြန်လာပါသည်။ ရွာ၌ရှိစဉ် အချိန် တွင် ညနေအေးပြီဆိုပါက နှင်းနှင်းတို့စုံတွဲကို တဲတားပေါ်တွင် နေ့စဉ်တွေ့ ရပါသည်။ တစ်ခါတစ်ရံ မတ်တတ်ရပ်လျက် တစ်ခါတစ်ရံတွင်ထိုင်လျက် ပြုံးပျော်နေကြပုံမှာ မြင်ရသူအပေါင်းကိုလည်း သူတို့ထံမှ အပျော်များ ကူးစက်သွားစေပါသည်။ ရွာတွင် သုံးလခန့်နေပြီး ရန်ကုန်သို့ ပြန်သွားကြ ပါသည်။ ရွာရှိမိသားစုများနှင့် ဖုန်းဆက်ခြင်း၊ လူကြုံပါးခြင်းတို့ဖြင့် အဆက်



အသွယ်မပြတ်ပါ။ ရန်ကုန်တွင် တစ်နှစ်ကျော်ခန့် နေပြီးသောအခါတွင် မင်းမောင် သင်္ဘောပြန်တက်သွားသည့် သတင်းနှင့် တစ်ဆက်တည်း နှင်းနှင်း နှင့်ခွင့်သွေးလွယ်ထားရပြီဟူသော မင်္ဂလာသတင်းပါ ကြားရပါသည်။ နှင်းနှင်း သည် ယောက္ခမများအိမ်တွင် ကျန်ခဲ့သော်လည်း အားလုံးက သမီးအရင်း ကဲ့သို့ ချစ်ကြသဖြင့် ပျော်ရွှင်မှုအပြည့်ရရှိပါသည်။ ရွာမှမိသားစု ဆွေမျိုးများ ကလည်း ကိုယ်ဝန်ဆောင်နှင်းနှင်းကို နေ့စဉ်ဖုန်းဆက်ကြ၍ ဂရုစိုက်ကြပါ သည်။

☑

သို့သော် ကံကြမ္မာဆိုသည်မှာ ချိုတစ်လှည့်၊ ခါးတစ်လှည့်ဟူသော စကား အတိုင်းပါလေ။ နှင်းနှင်းအတွက် အသက်နှစ်ဆယ်ကျော်အထိ ချိုမြှေးလာ သော ကံကြမ္မာသည် ရုတ်တရက်အကြောင်းမကြားပါဘဲ ခါးသက်သော အရ သာသို့ ရုတ်ခြည်း ကူးပြောင်းသွားသည်မှာ မယုံချင်စရာပါ။

“အမယ်လေး – ကံဆိုးလိုက်တဲ့ သားလေးရဲ့”

အော်ဟစ်ငိုရင်း သတိမေ့သွားသော ဒေါ်မမကို အိမ်ရှိအလုပ်သမား များက ပွေ့ထူ၍ နာနပ်သူ၊ ယပ်ခပ်ပေးသူတို့ဖြင့် ပျာယာခတ်သွားပါသည်။ ကြားရသူတို့က ဒေါ်မမထံ လာရောက်သတင်းမေးကြလေသော် –

“မမနှင်း ယောက်ျားကိုမင်းမောင် သင်္ဘောပေါ်က ပြုတ်ကျလို့တဲ့။ မြန်မာ ပြည်ကို အလောင်းပြန်ပို့ပေးမယ်လို့ ပြောတယ်”

မင်းမောင် သင်္ဘောပေါ်တက်သည်မှာ တစ်ပတ်ပင် မပြည့်သေးပါ။ ကြားရသူအပေါင်းမှာလည်း စိတ်မကောင်းကြပါ။ ဒေါ်မမတို့လည်း ရန်ကုန် သို့သွားရန် ပြင်ဆင်ကြပါတော့သည်။ ကွယ်လွန်သူ၏ ရုပ်ကလာပ်ကို လေယာဉ်ဖြင့် ပို့ပေးမည်ဟုသိရပြီး တစ်လခန့်ကြာမှ မြန်မာနိုင်ငံသို့ ရောက်မည်ဟု ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရန်ကုန်မှာ ရက်လည်ပြီးတဲ့အထိပဲ နေကြမှာလား၊ အလောင်းမြေကျပြီးတဲ့အထိ နေကြမှာလား"

ရွာဦးကျောင်းဆရာတော်၏ အမေးကို ဦးတာမှ -

"ရက်လည်ပြီးတဲ့အထိပဲ နေပါ့မယ် ဘုရား၊ နင်းနင်းကိုတော့ အလောင်းမြေကျပြီးမှပဲ တစ်ပါတည်း ခေါ်ခဲ့ပါ့မယ်"

"ဒကာကြီးတို့ စဉ်းစားကြပါဦး၊ နင်းနင်းက ယောက္ခမအိမ်မှာ နေတာက ပိုကောင်းပါတယ်။ ကာယကံရှင်ရဲ့ ဆန္ဒကိုရော၊ ခမည်းခမက်တွေရဲ့သဘောထားကိုပါ သိအောင်မေးပြီးမှ ဆုံးဖြတ်ကြပါ။ ရန်ကုန်မှာနေရင် ကျန်းမာရေးအတွက် စိတ်ချရတာပေါ့"

နင်းနင်း၏ အစ်ကိုအကြီးဆုံးဖြစ်သူ ကိုမြက -

"တပည့်တော်ကတော့ ညီမလေးကို သူစိမ်းတွေနဲ့ မထားခဲ့ချင်ဘူး ဘုရား"

"အိမ်း - စဉ်းစားကြပေါ့ - ဒကာတို့ရယ်"

☑

ရက်လည်ဆွမ်းသွတ်ပြီး ပြန်လာချိန်တွင် နင်းနင်းကိုပါ ခေါ်လာခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ရပ်ကလာပ်ရောက်လာမှ ပြန်သွားမည်ဖြစ်ကြောင်း ပြောပါသည်။ နင်းနင်းသည် ကိုယ်ဝန်နှစ်လကျော်ရှိပြီဟု ပြောသော်လည်း အပျို့ဗိုက်ဖြစ်၍ မသိသာလှသေးပါ။ စိတ်ဆင်းရဲမှုကြောင့် ချောင်ကျသွားသော မျက်နှာသည် သွေးမရှိသကဲ့သို့ ဖြူရော်သော အသားအရေရှိပြီး ယခင်တောက်ပသော မျက်ဝန်းများမှာလည်း မျက်တွင်းချောင်ကလေးနှင့် ဖြစ်နေရှာပါသည်။

ခရီးရောက်မဆိုက်ပင် ဘုန်းကြီးကျောင်းသို့သွား၍ ဆွေမျိုးလည်းဖြစ် ရွာဦးဘုန်းကြီးကျောင်း၏ ကျောင်းထိုင်လည်းဖြစ်သော ဆရာတော်ထံ ဦးတာမှတင်လျှောက်ပါသည်။



"ညညဆို မင်းမောင်လာတယ်ဆိုပြီး ကယောင်ကတမ်းတွေ ပြောနေလို့ ရွာကိုပြန်ခေါ်ခဲ့တာပါဘုရား"

"အခု - ဒကာမလေးကျောင်းကို ပါလာသလား"

"နောက်မှာ သူ့အမေနဲ့ လာပါလိမ့်မယ် ဘုရား၊ တပည့်တော်က ကြိုပြီး လျှောက်လို့ရအောင် အရင်လာခဲ့တာပါဘုရား"

"ပြောစမ်းပါဦး - ဦးတာရယ်"

"တပည့်တော်တို့ ရန်ကုန်က ခမည်းခမက်တွေအိမ်ကို ရောက်တာနဲ့ သူတို့က တန်းပြီးပြောတာပါဘုရား။ နင်းနင်းက မင်းမောင် သူ့နားလာနေတယ်ဆိုပြီး ညဘက် မအိပ်ဘူးတဲ့၊ နင်းနင်းကလည်း တပည့်တော်တို့ကို အတိုင်းပဲ ပြောပါတယ်ဘုရား။ ခမည်းခမက်တို့ကလည်း ပြန်ခေါ်သွားစေချင်တယ်လို့ ပြောတော့ တပည့်တော်တို့လည်း ပြန်ခေါ်လာတာပါဘုရား"

ကျောင်းပေါ်သို့ နင်းနင်းနှင့်အတူ အစ်ကိုနှစ်ယောက် တက်လာပါသည်၊ မိခင် ဒေါ်မမကိုတော့ မတွေ့ပါ။

"ဒကာမလေး - နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ် - ဘုရား၊ ကိုမင်းမောင်ကိုကျောင်းထဲဝင်ခိုင်းလို့ မရဘူး ဘုရား"

"မရဘူး - ဒကာမလေး၊ သူနဲ့ ကျုပ်တို့က ဘဝချင်းတွေ ခြားကုန်ပြီ၊ သူ့သူ ပြန်ပါစေ"

"တပည့်တော်မပါရင် သူပြန်မှာ မဟုတ်ဘူးဘုရား"

"ဘာဖြစ်လို့လဲ - ဒကာမလေး၊ ကျုပ်ကို အမှန်အတိုင်းပြောပြပါလား"

"တပည့်တော်တို့နှစ်ယောက် ပဲသီတာသိမ်မှာ သစ္စာဆိုခဲ့ပါတယ် ဘုရား၊ ရင် တပည့်တော်ကိုပါ ခေါ်ပါလို့"

"ဖြစ်ရလေ - သမီးရယ်"

ခင်ဖြစ်သူ ဦးတာသည် ယောက်ျားကြီးတန်မဲ့ဖြင့် ငိုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး - ကျုပ် မေးပါရစေဦး၊ ဒကာမလေးက အဲဒီအချိန်က ပြောခဲ့တာ မဟုတ်လား၊ အခု ဒီစိတ်မရှိတော့ဘူး မဟုတ်လား"

"မရှိတော့ဘူးလို့ပြောရင်လည်း မရတော့ပါဘူး ဘုရား၊ တပည့်တော်မှာ သူ့ခွေးသားကိုပါ လွယ်ထားရလို့ပါဘုရား"

နင်းနင်းကိုကြည့်လျှင် သာမန်ပင်၊ ပြောပုံဆိုပုံကလည်း လူကောင်းတစ်ယောက်လိုပင်၊ သို့သော် သူ့အကြည့်များက အသက်မပါသကဲ့သို့ ရွေ့လျားခြင်း မရှိပေ၊

"တပည့်တော် အိမ်ပြန်လိုက်ဦးမယ် ဘုရား"

နင်းနင်းက ပြောပြောဆိုဆိုထပြီး မပြေးရုံတစ်မည် ခြေလှမ်းများဖြင့် ကျောင်းအောက်သို့ ဆင်းသွားပါသည်၊ ဖခင်နှင့် အစ်ကိုနှစ်ယောက်လည်း အပြေးအလွှားလိုက်ကြပါသည်၊

ကျောင်းတွင် အလှူကိစ္စဖြင့် ရောက်နေသော ဦးမောင်ကြီးက -

"နင်းနင်းက ဆရာတော်ကို ဦးချတာ မမြင်မိဘူး ဘုရား"

"ဖြစ်ရလေ ဒကာမလေးရယ် - ဒုက္ခ - ဒုက္ခ"

နင်းနင်းသည် အိမ်ပြန်ရာ လမ်းတစ်လျှောက်တွင် မည်သူ့ကိုမျှ စကားမဆိုဘဲ ပြုံးပြုံးလေး လျှောက်နေပါသည်၊ တံတားပေါ်အရောက်တွင်တော့ ...

"ကိုကြီးတို့ သွားနှင့်ကြနော်၊ ဒီမှာ ကိုမင်းမောင်နဲ့ နေလိုက်ဦးမယ်၊ သူ ဒီနေရာကို သဘောကျတယ်တဲ့"

အစ်ကိုနှစ်ယောက်နှင့် ဖခင်ဖြစ်သူတို့မှာ စိတ်မကောင်းကြီးစွာဖြင့် မသွားကြသေးဘဲ ရပ်ကြည့်နေကြပါသည်၊ ရန်ကုန်တွင် ရက်သတ္တတစ်ပတ်လုံး ပင်ပန်းခဲ့သည့်အပြင် တစ်ညလုံးကားစီးလာပြီး မိုးလင်းမှရောက်သဖြင့် ခရီးပန်းနေကြသောကြောင့်လည်း နားချင်နေကြပြီဖြစ်ပါသည်၊

နောက်ဆုံးတွင် ဖခင်က "ထားခဲ့လိုက်ပါ" ဟု ပြောသဖြင့် အိမ်သို့ပြန်ခဲ့ကြပါသည်၊ အိမ်ရောက်သော် ဒေါ်မမသည် အိမ်ရှေ့ကျပေါ်တွင် လှဲနေပြီး ဘေးတွင်လူများ ဝိုင်းထိုင်နေသည်ကို တွေ့ရပါသည်၊



"အဖေရေ - ကျွန်တော်လည်း အဖေ့ကို ပြောမလို့ဘဲ၊ ပြောမထွက်လို့ပါ၊ အမေ့ကိုသာ မေးကြည့်ပါတော့"

ဒေါ်မမက -

"ကျုပ် နင်းနင်းကို ဘုရားသောက်တော်ရေတိုက်မလို့ သောက်တော်ရေခွက် ယူနေတုန်း အခု ရှင်ရပ်နေတဲ့နေရာမှာ တော်ရေ - မင်းမောင်က ကျုပ်ကို ခေါင်းထောက်ပြီးကြည့်နေတာတော့၊ ပြီးတော့ - နင်းနင်းက ကျုပ်ကို လှည့်ကြည့်ပြီး ပြောသွားတယ်၊ အမေ မဟုတ်တာလုပ်ရင် ကိုမင်းမောင်က နေမှာမဟုတ်ဘူးတဲ့တော်ရေ၊ ကျုပ်တို့ သမီးလေး ကျုပ်တို့ကိုထားပြီး သွားတော့မယ်နဲ့တူပါရဲ့"

ပြောရင်းနှင့် ဒေါ်မမ ငိုနေပါတယ်၊ ထမင်းစားရန်ပြင်ဆင်နေစဉ် နင်းနင်းပြန်လာပါသည်၊ မျက်နှာကလည်းပြုံးလို့၊ ဒေါ်မမ လှဲနေသည်ကိုမြင်သော် -

"အမေ - ဘာဖြစ်တာလဲဟင်"

ဒေါ်မမသည် ထထိုင်လိုက်ပြီး -

"သမီး - အမေနဲ့အတူ ထမင်းစားကြမယ်လေ"

"ဟုတ်ကဲ့"

အလုပ်သမားများက ထမင်းပွဲပြင်ပေးပြီး သားအမိနှစ်ယောက် ထမင်းအတူစားကြပါသည်၊ နင်းနင်းက ပုံမှန်ပြန်ဖြစ်သွားပါပြီ၊ ဘာမျှမပြောတော့ပါ၊ အိမ်သားအားလုံးလည်း ထမင်းစားပြီးသော် ပင်ပန်းလှပြီဖြစ်သဖြင့် နားနေကြပါပြီ၊

တစ်နေ့လုံးနှင့် တစ်ညလုံး အိပ်ရေးဝဝ အိပ်ကြရပြီး ဘာမျှမဖြစ်ခဲ့ပါ၊

☑



www.burmeseclassic.com

www.burmeseclassic.com

"ညက ထွေန်းတို့ကာလသားတစ်အုပ် လူပျိုလှည့်ပြန်လာတော့ တံတားပေါ်မှာ မင်းမောင်ရပ်နေတာကိုတွေ့လို့ တံတားနဲ့ ဝေးဝေးရှောင်းထဲကနေ ရေကူးပြီးပြန်ခဲ့ကြရတယ်တဲ့"

"မနက်က အရိုးဒေါ်မမအိမ်မှာ နွားနို့ညှစ်ဖို့လာတဲ့ ကိုတင်စန်းလည်း တံတားပေါ်က တန်းလျားမှာထိုင်နေတဲ့ ကိုမင်းမောင်ကိုတွေ့လို့ ဘုန်းကြီးကျောင်းထဲ ဝင်ပြေးရတယ်တဲ့"

မနက် အိပ်ရာနိုးသည်နှင့် ကြားရသော သတင်းများပါ ဒေါ်မမက နှင်းနှင်းရှေ့တွင် မပြောကြရန် ပြောပါသည်။ သားအမိနှစ်ယောက် မနက်စာ ထမင်းအတူစားကြပါသည်။ ထမင်းစားပြီး၍ လက်ဖက်ရည်ကြမ်းသောက်နေကြစဉ် အနောက်ရွာမှ လက်သည် ဒေါ်ကြင်ပိုရောက်လာပြီး ဒေါ်မမနှင့် တီးတိုးပြောကြပါသည်။

အတန်ကြာသော် - ဒေါ်မမက -

"နှင်းနှင်းရေ - သမီး ကိုယ်ဝန်ကို စမ်းကြည့်ရအောင်၊ ဒေါ်ကြင်ပုကို ခေါ်ထားတယ်"

ပြောဆိုပြီးသော် နှင်းနှင်းနှင့် ဒေါ်ကြင်ပို အခန်းတွင်းသို့ ဝင်သွားကြပါသည်။ အတန်ကြာသော် -

"အမယ်လေး - အမေရေ"

နှင်းနှင်းအော်သံကြောင့် အိမ်သားများ ပြေးလာကြသော်လည်း အခန်းထမှ ဒေါ်မမက အားလုံးကို လက်ကာပြပြီး အခန်းတွင်းသို့ ဝင်သွားပါသည်။

"ရက်စက်လိုက်တာ အမေရယ်၊ အမေတို့ကိုငဲ့ပြီး သမီးက ကိုမင်းမောင်ကို တံတားပေါ်မှာတင် နေခဲ့ဖို့ပြောထားတာ။ ရှတော့ - ဟီး - ဟီး"

နှင်းနှင်း၏ ချုံးပွဲချငိုသံနှင့်အတူ လက်သည်ဒေါ်ကြင်ပို အခန်းတွင်းမှ ထွက်လာပြီး ကိုယ်လက်ဆေးကြောသန့်စင်ရန် အိမ်နောက်ဖေးသို့ ဝင်သွားပါသည်။ အဖြစ်အပျက်များသည် ဆက်တိုက်ဖြစ်ပြီး မြန်ဆန်လွန်းလှသဖြင့် စဉ်းစား၍ မပြီးခင်မှာပင် -

"အု - ဝူး - ဝူး"



နေ့ခင်းကျောင်းတော်ရွာအရှေ့ဘက်မှ ခွေးများစုပြီး ကြောက်စရာ အူသည် တဖြည်းဖြည်းခြံရှေ့သို့ ရောက်လာသည်။ ခြံရှေ့တွင် စုဝေး၍ အူနေကြသဖြင့် အိမ်ပေါ်ရှိ သတင်းမေးရန် လာသူများလည်း အလျှိုလျှိုရှောင်ထွက်သွားကြပါတော့သည်။ အခန်းတွင်းမှ နှင်းနှင်းက -

"အစ်ကိုရေ - ကိုမင်းမောင် - မလာခဲ့ပါနဲ့"

"ဝုန်း - ဝွမ်း"

ခြံဝတွင်ရှိသော သရက်ပင်တွင် မှီ၍ထောင်ထားသည့် လှည်းဘီးကြီး လဲကျခြင်းနှင့်အတူ သောက်ရေအိုးစင်ပေါ်မှ ရေအိုးသည်လည်း ပြုတ်ကျကာ အစိပ်စိပ်အမွှာမွှာ ကွဲသွားပါသည်။ ဆရာတော်သည် မင်းမောင် ညက တံတားပေါ်တွင် ရှိသည်ဆိုသော ကိစ္စကိုပြောရန်လာစဉ် ယခုကဲ့သို့ မျက်မြင်တွေ့ရလေသောအခါ အိမ်ပေါက်ဝမှ ရပ်၍ -

"ဒကာလေး - မင်းမောင်ရေ - ဒကာလေးဟာ လူ့ဘဝမှာ ရှိစဉ်က ကောင်းမှုတွေနဲ့ မွေ့လျော်ခဲ့တဲ့သူပါ။ အခုလည်း ဒကာမလေးကိုမနှောင့်ယှက်ပါနဲ့တော့၊ လွတ်ရာကျွတ်ရာသွားပါ ဒကာလေး"

ဘုန်းကြီးစကားမဆုံးမီပင် အိမ်နောက်၌ ကိုယ်လက်ဆေးကြောနေသည့် လက်သည်ဒေါ်ကြင်ပိုသည် အိမ်ရှေ့သို့ ပြေးထွက်လာပြီး -

"မင်းမောင် - အိမ်နောက်ဖေးမှာ ရောက်နေတယ်"

ဟု ပြော၍ အိမ်ပေါ်မှ ဆင်းပြေးပါလေတော့သည်။ ဆရာတော်လည်း အိမ်ပေါ်တက်၍ ထိုင်ပြီးသော် -

"ဒီလိုနဲ့တော့ မဖြစ်ပေဘူး။ အခုပဲ အန္တရာယ်ကင်း ပရိတ်ရွတ်ရတော့မယ်၊ ပြင်ကြတော့ပေ"

ဟု မိန့်တော်မူပါသည်။ အခန်းတွင်း၌ နှင်းနှင်းနှင့်အတူ ဒေါ်မမ၏ ငိုသံတိုပါ စိတ်မချမ်းမြေ့ဖွယ် ကြားနေရပါသည်။

"အမေရယ် - ရက်စက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"အမေ မှားပါတယ်တော်၊ အမေက သမီးကိုချစ်လို့ ကလေးမရှိတော့ရင် မောင်မင်းမောင် မနှောင့်ယှက်တော့ဘူးဆိုတဲ့ စိတ်နဲ့ အမေ လက်သည် ဒေါ်ကြင်ပိုနဲ့ စီစဉ်လိုက်ရတာပါ သမီးရယ်"

ဆရာတော် ရောက်နေ၍လားမဆိုတတ်၊ မင်းမောင် ငြိမ်နေပြန်ပါပြီ။ သည်လိုနှင့် တစ်အိမ်လျှင် ပရိတ်ပန်းတစ်အိုးစီဖြင့် ခြံဝင်းထဲတွင် ပြင်ဆင်ပြီးပါပြီ။ ဆရာတော်မှာ ပရိတ်တရားနာမည့် နေရာရှိ ကုလားထိုင်ပေါ်တွင် ထိုင်ကာ အခြားဘုန်းကြီးများနှင့်အတူ ပရိတ်တရားဖေးခြင်းကို စတင်ပါတော့သည်။ ဦးတာတို့ မိသားစုတွင် နှင်းနှင်းမှလွဲ၍ ကျန်မိသားစုအားလုံး ရှေ့ဆုံးတွင်ထိုင်ပြီး ပရိတ်တရားနာယူကြပါသည်။

☑

နှင်းနှင်းတို့ဘေးမှ စောင့်ရှောက်ပေးရန် ဒေါ်မြင့်က နှင်းနှင်း၏နံဘေးတွင် ထိုင်ပြီး စိတ်မကောင်းစွာ ကြည့်နေမိပါသည်။ နှင်းနှင်း၏ ပုံမှာ မဟန်တော့ပါ။ စိတ်ရောကိုယ်ပါပင်ပန်းပြီး အားနည်းနေချိန်တွင် ခန္ဓာကိုယ်အတွင်းမှ အသွေးအသားတို့ကို ထုတ်ယူခံလိုက်ရသည့်အတွက် စိတ်ထောင်းကိုယ်ကျေဆိုသလို ထပ်မံခံစားနေရပါသည်။ မျက်စိတစ်မှိတ် အတွင်း၌ပင် ဆိုးရွားသော အခြေအနေသို့ ရောက်ရှိသွားသဖြင့် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်နေပြီဆိုသည်ကို ဒေါ်မြင့်သိပါသည်။ ဆေးရုံသို့ပို့ရန် ပြောသော်လည်း မိသားစုဝင်များက လက်မခံပါ။ ထိုခေတ်က ဆေးရုံများတွင် ထိုကိစ္စမျိုးကို လက်မခံ၊ တာဝန်ရှိသူများသိလျှင် ဖမ်းဆီးအရေးယူ ခံရတတ်သည်ဟူသော မှားယွင်းသည့် အတွေးများကြောင့်လည်း ရေတိမ်နစ်ရသူ များလှပါပြီ။

ယခုလည်း ဆေးရုံသာ အချိန်မီမပို့နိုင်ပါက နှင်းနှင်းသည် အသက်ဆုံးရှုံးနိုင်ပါသည်။ မျက်လုံးဖွင့်လာသည်နှင့် မင်းမောင်အမည်ကိုသာ တမ်းတမ်းတတခေါ်ပြီး မှိန်းနေပါသည်။ တောခေလ့အရ တိုင်းရင်းဆေးများ တိုက်သော်လည်း နှင်းနှင်းမသောက်ပါ။ မင်းမောင်၏ တစ်ချက်တစ်ချက် အိမ်ထရံကို ပုတ်သံက ဒေါ်မြင့်အတွက် ကြောက်စရာမကောင်းသည့်အပြင် သူတို့နှစ်ယောက်လုံးကို သနားစိတ်ဖြစ်ပြီး မျက်ရည်ကျမိပါသည်။

"ဘုတ် - ဘုတ် - ဘုတ် - ဘုတ်"

"ကိုလား - ဟင်၊ ကိုမင်းမောင်"

နှင်းနှင်း မလန့်စေရန် နှင်းနှင်း၏အနားကိုကပ်ပြီး သူပြုခဲ့သည့် ကောင်းမှုများကို အာရုံတွင်ပေါ်အောင် ပြောပြခြင်းနှင့် အိမ်ရှေ့တွင်ဟောကြားနေသော ပရိတ်တရားတို့ကို နာကြားစေသော်လည်း နှင်းနှင်း၏ နှုတ်မှ "ကိုမင်းမောင်" ဟူသည့် စကားတစ်ခွန်းသာ သဲ့သဲ့ကြားရပါသည်။

အိမ်ရှေ့တွင် ပရိတ်တရားနာပြီး၍ အမျှဝေရန် ဦးတာမှ မင်းမောင်၏ အမည်ကို သုံးကြိမ်တိတိ ခေါ်သံကိုကြားရပါသည်။ ထိုစဉ် -

"ဝုန်း - ဝုန်း - ဝုန်း"

"အမယ်လေး - တော့"

သွပ်ဖြင့်မိုးထားသော ခေါင်မိုးပေါ်သို့ အရှိန်ပြင်းစွာ ထုရိုက်လိုက်သော အသံများနှင့်အတူ တရားနာပရိသတ်အချို့ထ၍ပြေးကြသောကြောင့် အမျှဝေ အခန်းတွင် ပရိသတ်နည်းပါးသွားရပါသည်။

ဘုန်းကြီးက အမျှဝေနေစဉ် မည်သည့်အသံကိုမျှ မကြားရပါ။ အမျှဝေ ချိန်တွင် အိမ်ခြံဝမှစ၍ ခြံပတ်လည်တစ်ခုလုံးကို ပရိတ်ရေဖြင့်လိုက်၍ ဖြန်းပက်စေပါသည်။ ထို့နောက်တွင်မှ ခွေးများသည် နားမစံသာအောင် ကြက်သီးထစဖွယ် အူကြပြီး တဖြည်းဖြည်းရွာပြင်ဖြစ်သော ရွာ၏အရှေ့ဘက် တောအနီးအရောက်တွင် အူသံများ ရပ်တန့်သွားပါသည်။

"ကဲ - နှင်းနှင်းကိုသာ ဂရုစိုက်လိုက်ကြပါတော့"

ဆရာတော်မှ မိန့်ကြားပြီး ပြန်ကြွသွားကြပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

နင်းနင်း၏ အခြေအနေသည် တစ်နေ့တခြား ပိုဆိုးလာပါသည်။ အစာမဝင်တော့ပါ။ မင်းမောင် အမည်ကိုလည်း မခေါ်တော့ပါ။ သို့သော် ဖြူရော်ဆုပ်အသားအရေသည် ခန္ဓာကိုယ်တွင် သွေးနည်းနေပြီဖြစ်ကြောင်း ပြဆိုနေပါသည်။ ဗိုည်သည်အလာများသဖြင့် အခန်းကို သန့်ရှင်းစွာထားပေးပြီး တံခါးဖွင့်၍ ကန့်လန့်ကာသာ ချထားပါသည်။

ယနေ့ဆိုလျှင် မင်းမောင်ဆုံးပြီး နှစ်ဆယ့်ငါးရက်မြောက်နေ့ ဖြစ်ပါသည်။ ထိုစဉ် မိတ္ထီလာမြို့ပေါ်တွင်နေသော ဒေါ်မိမိ၏ အစ်ကိုတော်သူ ဦးဝင်း ရောက်လာပါသည်။

"ငါတို့ အိမ်ကို ရန်ကုန်က ဖုန်းဆက်တယ်။ အခုပဲ မင်းမောင်ရဲ့ ရှင်အလောင်းရောက်လာလို့ သန်ဘက်ခါ မြေချမယ်လို့ပြောတယ်။ သွားနိုင်ရင်လည်း သွားကြပေါ့။ နင်းနင်းကို နေကောင်းရဲ့လားလို့ မေးတော့ ငါကလည်း ကောင်းပါတယ်လို့ပဲ ပြောလိုက်တယ်"

ဟု ဦးတာက ပြောလိုက်ပါသည်။ ဦးဝင်းသည် ဈာပေါ်တွင် ထိုင်နေရာမှ ထ၍ -

"ငါ့ကို ဆရာတော် ခေါ်ထားလို့ သွားလိုက်ဦးမယ်"

ထိုစဉ် ဒေါ်မမ ရောက်လာပြီး -

"အစ်ကို - တူမကို ကြည့်ပါဦးတော့"

"အေးအေး - နင်းနင်း ဘယ်မှာလဲ"

"ဒီမှာပါ - အစ်ကို"

ဒေါ်မမက ကန့်လန့်ကာကိုဟ၍ ရှေ့မှ ဝင်သွားပါသည်။ ဦးဝင်းသည် နင်းနင်းကိုမြင်သည်နှင့် အံ့ဩစွာ -

"ဟ - ငါ့တူမကြီး ဘယ်လိုဖြစ်တာတုံး"

"အစ်ကို့ကို အစ်မစောမြကမပြောဘူးနဲ့တူပါရဲ့။ ကျုပ်ပဲ ပြောပါတော့မယ်၊ အစ်ကို ဆူရင်လည်း ခံရမှာပဲတော်"



ဒေါ်မမသည် အစအဆုံး ပြောပြလိုက်ပါသည်။

"ဩော် - ငါကတော့ နင်းနင်းဆီကို မင်းမောင်နောက်က လိုက်လာလို့ နေမကောင်းဖြစ်တယ်ပဲ မှတ်နေတာ"

ဦးဝင်းက ပြောရင်းနှင့် ခေါင်းကို တွင်တွင်ခါယမ်း၍ -

"တူမကြီး ဘကြီးလာတယ်လေ၊ ဘကြီးဝင်းလေ တူမကြီးရဲ့"

နင်းနင်း မျက်လုံးကို အားယူဖွင့်ကြည့်ပြီး လက်နှစ်ဖက်လှုပ်လာသဖြင့် ဒေါ်မြင့်က လက်နှစ်ဖက်ကိုယူကာ လက်အုပ်ချီပေးလိုက်ပါသည်။

"တူမကြီးကို ဘကြီးခေါ်သွားမယ်။ ဆေးရုံအမြန်တက်လိုက်ရင် တူမကြီး မြန်မြန်ကောင်းသွားမှာပါ၊ ဘကြီးနဲ့လိုက်ခဲ့"

ဦးဝင်းမှ တစ်ဆက်တည်း -

"လှည်းကောက်ကြတော့ - ဒီဘက်လမ်းက ဆိုးလို့ ကျောက်တိုင်ကုန်းမှာ ငါ့ဂျစ်ကားထားခဲ့တယ်။ လှည်းနဲ့ ဂျစ်ကားထားခဲ့တဲ့ ပွဲအိမ်ကို သွားကြမယ်"

အစ်ကိုဖြစ်သူ၏ စကားကို မပယ်ရှားဝံ့သဖြင့် ဒေါ်မမတို့သည် နင်းနင်းကို လှည်းဖြင့်တင်၍ ရွာမှထွက်လာကြပါသည်၊ လှည်းကို တံတားဘက်မှ မသွားဘဲ အနောက်ဘက်မှပတ်၍ သဲချောင်းကိုဖြတ်ပြီး သွားစေပါသည်။ ဒေါ်မြင့်မှာ အိမ်ပြန်အဝတ်အစားပင် မလဲနိုင်ဘဲ နင်းနင်းနောက်သို့သာ လိုက်သွားရပါသည်။

"မမနင်းက သူတော်ကောင်းမကြီးပါတော်"

မိတိုးတို့ သားအမိတစ်တွေသည် နင်းနင်းကို ဆေးရုံပို့ရန် လှည်းကောက်ထိုးတုကြားသဖြင့် နွားကျောင်းနေရာမှ နွားများကိုထားခဲ့ပြီး ပြန်လာခဲ့ကြသော်လည်း လှည်းမှာ ထွက်သွားပြီဖြစ်ပါသည်။ နင်းနင်းက အိမ်သို့ခေါ်၍ သင်ပေးခဲ့သော ကလေးများမှာလည်း တရှုပ်ရှုပ်နှင့် ဖြစ်နေကြပါသည်။

"မမနင်းကို ကျေးဇူးလေးတော့ ပြန်ဆပ်ချင်ပါသေးတယ်တော်"



www.burmeseclassic.com

www.burmeseclassic.com

"မမနင်းရေ - နေကောင်းလို့ပြန်လာရင် မမနင်းကြိုက်တဲ့ လက်သည်းနီ ပန်းဆီရောင်လေး ဝယ်ပေးပါ့မယ် ပြန်လာခဲ့ပါ တော့"

"ရန်ကုန်က ရွှေတိဂုံဘုရားကြီးအကြောင်း ကျုပ်ကိုယ်တိုင် ဖူးမြော်ဖြစ် ရသလို ပြောပြတဲ့ မိနင်းရေ - ကျုပ် မသေခင်ထပ်နားထောင်ချင်သေးတယ် တော့"

"ငါတို့ ဒီလိုငိုနေရုံနဲ့ မပြီးသေးဘူး၊ အနောက်ကျောင်း (အနောက်အရပ် တွင်ရှိသော ဘုန်းကြီးကျောင်း)က ဘုရားလေးမှာ ဆုတောင်းပေးကြ အောင်"

ဆယ်တန်းဖြေထားသော မိုးမိုး၏စကားအတိုင်း ကလေးများသည် လမ်းတွင်တွေ့သော ပန်းများကိုခူး၍ ဘုရားကပ်လှူပြီး ဘုရားရှိခိုးဆုတောင်း ပေးနေသော ကလေးများကိုကြည့်ကာ ဘုရားတွင် သန့်ရှင်းရေးလုပ်ရန် ရောက်နေသော ဒေါ်မှုန်မှာလည်း ကျလာသော မျက်ရည်တို့ကို အတို လက်မောင်းစနှင့် သုတ်နေရှာပါသည်၊

☑

လှည်းဆောင့်မည်စိုး၍ လှည်းကို တဖြည်းဖြည်းချင်း မောင်းလာရသဖြင့် ခရီးမတွင်ပါ၊ ကျောက်တိုင်ကုန်းရွာရောက်သော် ဂျစ်ကားပေါ်ပြောင်းတင် ကြပါသည်၊ ဆေးရုံရောက်သည့်အခါ ဦးဝင်းက လိုအပ်သည်များ ဆောင် ရွက်ပေးပြီး အရေးပေါ်ခန်းသို့ တင်လိုက်ရပါသည်၊ ထိုစေတ်က နယ်မြို့များ တွင် သွေးလှူရှင် ရှားပါးသည့်အတွက် မြို့ပေါ်တွင်နေသော ဦးဝင်းက လိုအပ်သမျှကို အဆင်ပြေအောင် ဆောင်ရွက်ပေးသွားပါသည်၊

ဆေးရုံတက်ပြီးနောက်တစ်ရက်၌ ဆေးရုံသို့ လာကြသော နင်းနင်း၏ ဆွေမျိုးတို့သည် အတော်ပင် ပုံဖမ်းယူမှသာ နင်းနင်းဟု သိနိုင်ကြောင်း အချင်းချင်း ပြောဆိုနေကြပါသည်၊ နင်းနင်း၏ အခြေအနေသည် တိုးတက်



လာခြင်းမရှိပါ၊ ဆရာဝန်များက အစွမ်းကုန်ကုသကြသော်လည်း အလာ နောက်ကျ၍ ရောဂါဆိုးနေပြီဖြစ်ကြောင်းပြောပြီး အိမ်သို့ပြန်ခေါ်လိုက ခေါ်နိုင် ကြောင်း ပြောပါသည်၊

မိသားစုများ တိုင်ပင်ကြရပြန်ပါသည်၊ အသက်ထွက်ပြီးမှ ရွာသို့ခေါ်ပါက ရွာပြင်တွင် ထားရမည်ဖြစ်၍ ယခုအသက်ရှိစဉ်ကပင် ပြန်ခေါ်သွားကြမည်ဟု အားလုံးက ဆုံးဖြတ်ပြီး ရွာသို့ပြန်ခေါ်လာကြပါသည်၊ နောက်တစ်နေ့တွင် ခင်းမောင်၏ ရှာပနနေ့ဖြစ်သော်လည်း နင်းနင်းသည် ဆေးရုံတွင် အရေးပေါ် ကုသနေရကြောင်းပြော၍ မည်သူမျှမသွားနိုင်သည့်အတွက် ရန်ကုန်ကို ဖုန်းဆက်၍သာ အကြောင်းကြားနိုင်ပါတော့သည်၊

ရွာသို့ပြန်ရောက်လေသော် နင်းနင်းကို အိမ်ရှေ့တွင်သာ သက်သောင့် သက်သာဖြစ်စေရန် ပြင်ဆင်၍ နားစေပါသည်၊ ဆရာတော်ကလည်း နင်းနင်း ၏ နံဘေးမှ နင်းနင်းပြုခဲ့သမျှ ကောင်းမှုအလှူအတန်းများကို အမှတ်ရစေရန် နားကပ်၍ တရားဟောကြားပေးပါသည်၊ နင်းနင်း၏ တပည့်တစ်သိုက်နှင့် မိဘတို့ သားအမိမှာ အိမ်အောက်တွင် ကြိတ်ငိုနေကြပါပြီ၊ နင်းနင်း ချစ်သော ငှက်များကလည်း သူတို့သခင်မ၏ အခြေအနေကို သိ၍ထင်ပါသည်၊ အသံ တစ်ချက်မှ မထွက်ဘဲ မလှုပ်မယှက် ငြိမ်ချက်သားကောင်းနေပါသည်၊

သည်လိုနှင့် နေဝင်ခါနီး၌ ဧည့်သည်များအလျှိုလျှိုပြန်ကုန်ကြ၍ မိသားစု နှင့် ဆွေမျိုးတချို့သာ ကျန်ပါတော့သည်၊ လသာသည့်နေ့ ဖြစ်သောကြောင့် လည်း လရောင်အောက်တွင် စကားစမြည်ပြောဆိုကြပြီး ညဦးအတော်နက် အားလုံးအိပ်ပျော်သွားကြပါသည်၊ တစ်ရေးမျှသာ ကြာမည်ထင်ပါသည်၊ ခြံဝင်းအတွင်းမှ -

"ဝမ်း - ဘဲ - ဝမ်း - ဘဲ"

"အု - အူး - အူး - အု"

ငှက်များ၏ အလန့်တကြားအော်သံနှင့် ခွေးအူသံတို့ကြောင့် အိမ်ရှိလူကုန် နိုးကုန်ကြပါသည်၊ နင်းနင်းကို ကြည့်လိုက်သည့်အခါတွင်တော့ နင်းနင်း



www.burmeseclassic.com

www.burmeseclassic.com

ခမျှာ အသက်မရှိရှာတော့ပါ၊ နာရီကိုကြည့်သော် ဆယ့်နှစ်နာရီကျော်ပြီး၍ သုံးဆယ့်ငါးမိနစ်ဖြစ်ပါသည်၊ နှင်းနှင်း၏ နံဘေးတွင် ကပ်လျက်အိပ်နေသော ဒေါ်မမှာ -

"သမီးရဲ့ - အမေ့ကိုတောင် နှုတ်ဆက်မသွားပါလားဟဲ့"

ငိုရင်းနှင့် သတိလစ်သွားပါတော့သည်၊ ဦးတာနှင့် သားများကတော့ ယောကျာ်းများ ဖြစ်ကြသဖြင့် ဆို့နင့်ကြေကွဲမှုကို အံကြိတ်၍သာ ဖြေသိမ့်နေကြပုံပေါ်ပါသည်၊ အားလုံးကလည်း မင်းမောင်နှင့် နှင်းနှင်းကို တစ်နေ့တည်း သင်္ဂြိုဟ်ပေးလိုက်ကြရန် ဆုံးဖြတ်ကြပါသည်၊ ချက်ချင်းပင် မြို့တွင်း၌ ကနားဖျင်းထိုးခြင်းနှင့် အခြားဆောင်ရွက်ဖွယ်ရာများကို လူအင်အားများစွာဖြင့် လုပ်ကိုင်ကြပါတော့သည်၊

"အမယ်လေးဗျ"

မြို့နောက်ဘက်၌ မီးဗိုလုပ်ရန် ပြင်ဆင်နေသော ကောင်လေးက အော်ပြီး ပြေးလာသဖြင့် အားလုံးစုဝေး ရောက်ရှိသွားပါသည်၊

"ကျုပ် ကျောကုန်းကို လာရိုက်တယ်ဗျ၊ အိမ်ပြန်ချင်တယ် လိုက်ပို့ပေးကြပါဗျ"

ကြောက်လန့်တုန်ရီစွာ ပြောနေသူ မောင်ကြီးကိုရေဝိုက်ပြီး ကာလသားအချို့က မောင်ကြီးအိမ်သို့ ပြန်လိုက်ပို့ပေးကြပါသည်၊ ထိုစဉ် -

"ဗုန်း - ဗုန်း - ဗုန်း"

အိမ်ထရံကို ပြင်းထန်စွာ ရိုက်သံများပေါ်လာသဖြင့် အားလုံးကြောက်လန့်နေကြသည်မှ မပြီးသေးခင် -

"ဟင့် - ဟင့် - ဟီး - ဟင့်"

ငိုသံသဲ့သဲ့ကို ကြားရပြန်ရာ မြို့တွင်း၌ရောက်နေကြသူများမှာ နေစရာမရှိအောင် ကြောက်နေကြပြီ ဖြစ်ပါသည်၊

ဒေါ်မမသည် သတိပြန်ရနေပြီဖြစ်၍ အိမ်ပေါ်မှဆင်းပြီး -



"လူတွေ ကြောက်ကုန်ပါ့မယ် သမီးရယ်၊ မလုပ်ပါနဲ့တော့"

ဟု ပြောခါမှ -

"ဝုန်း - ဝုန်း - ဝုန်း"

အိမ်ခေါင်မိုးသွပ်ပြားများကို ရိုက်သံက ဟုဖြည်းဖြည်းဆိုးလာပါတော့သည်၊

"ညည်းကို စိတ်နာနေတာအေ့၊ ညည်းအသံ မထွက်စေနဲ့"

ဟု ဆွေမျိုးတစ်ဦးက ပြောသည့်အခါ ဒေါ်မမက -

"အမေ့ရဲ့ အပြစ်တွေပါ သမီးရဲ့၊ အမေ့ကိုပါ ခေါ်သွားပါတော့"

ဟု ငိုယိုပြောဆိုနေပါတော့သည်၊

အလုပ်လုပ်နေသူများကိုရေမရှိသောနေရာတွင် ရေဖြင့်ပက်ခြင်း၊ သဲဖြင့် ...ခြင်း၊ အိမ်ခေါင်မိုးပေါ်သို့ ခဲဖြင့်ပေါက်ခြင်းများကို ဆက်တိုက်လုပ်နေ...ငှ့် မည်သူမျှ အလုပ်မလုပ်ရဲတော့ဘဲ တစ်နေရာတည်းတွင်စု၍ မိုးလင်း...ည်အထိ ထိုင်နေကြရန် ဆုံးဖြတ်လိုက်ရပါတော့သည်၊

☑

နက်မိုးလင်းသည့်အခါ ရွာပြင်သုသာန်၌ သင်္ဂြိုဟ်ရန် ပြင်ဆင်နေချိန် ...တွင်းရှိ ပစ္စည်းများကို ဆွဲချခြင်း၊ ပန်းကန်ခွက်ယောက်များကို ဆွဲချ...ပါ လုပ်လာသဖြင့် ချက်ပြုတ်လုပ်ကိုင်သူများမှာ နီးစပ်ရာခြံဝင်းများ...ာ ပြောင်းရွှေ့လုပ်ကိုင်ကြရပါတော့သည်၊

...မြှုပ်သင်္ဂြိုဟ်ပြီးချိန်တွင် ခြံဝင်းအတွင်း၌ လူတစ်ယောက်မျှ မနေရဲ ...အမျိုးစုံခြောက်လှန့်နေသဖြင့် ဧည့်သည်များကို နီးစပ်ရာခြံများတွင် ...ည့်ခံရသည့်အဆင့်ထိ ရောက်နေပါသည်၊ နှင်းနှင်း ကွယ်လွန်ပြီး ...ပြည့်သောနေ့တွင်မှ ရက်လည်ဆွမ်းသွတ်စဉ်တွင်း အစ်ကိုဖြစ်သူ ...တရားပေးမည့် ဆရာတော်အား -

www.burmeseclassic.com

"ဆရာတော်ဘုရား - နှင်းနှင်းကို တရားနာပြီးတာနဲ့ ကမ္မဝါဖတ်ပေးဖို့ လျှောက်ပါတယ် ဘုရား"

"ဟဲ့ - ကမ္မဝါဆိုတာ ဒီလိုလျှောက်ရုံနဲ့ လွယ်လွယ်ဖတ်လို့ ရတာမဟုတ်ဘူး၊ ဒကာကြီးတို့ စဉ်းစားကြည့်ပါဦး၊ နှင်းနှင်း အသက်ရှိစဉ်က ချစ်လိုက်ကြတာ၊ အသက်လည်းမရှိရော အိမ်က နှင်ချချင်လို့ ဖြစ်မလား"

"ဒီတိုင်းဆိုရင်တော့ ရက်လည်ဆွမ်းသွတ် တရားနာပြီးတာတောင် အိမ်မှာ နှင်းနှင်းက ဒီလိုပဲလုပ်နေရင်တော့ အဖေအမေတို့ရဲ့ ကျန်းမာရေး ထိခိုက်တော့မှာပါ ဘုရား"

"ကဲ - ကဲ - ဒါဆိုရင် ကမ္မဝါတော့ မဖတ်နဲ့၊ ညနေ ပရိတ်တရားနာလှူကြတာပေါ့ ဒကာရယ်"

"တင်ပါ့ဘုရား - ညနေ ပြင်ထားလိုက်ပါ့မယ် ဘုရား"

သည်လိုနှင့် ရက်လည်တရားနာ အမျှပေးသော်လည်း ထူးခြားမှုမရှိ ခြောက်လှန့်နေဆဲပင်၊ ညနေ ပရိတ်တရားနာချိန်တွင်လည်း အိမ်ထရံများ ရိုက်ပုတ်၍ သူ မကျေနပ်ကြောင်း ပြသနေဆဲပါ၊ ပရိတ်တရားနာ အမျှပေးပြီး ဆရာတော်က ပရိတ်သဲနှင့် ပရိတ်ရေတို့ကို နှင်းနှင်းအစ်ကိုဖြစ်သူ ကိုကိုဦးဆောင်စေပြီး မြံ့ဝင်းတစ်လျှောက် ဖြန်းပက်စေပါသည်၊ အိမ်ရှေ့ဝင်းထဲမှ စပြီး ပရိတ်သဲနှင့် ပရိတ်ရေကို ပက်ဖြန်းရာ နောက်ဆုံးအိမ်ခြံဝရောက်ချိန်တွင်မှ ရွာတွင်းရှိ ခွေးများက ရွာပြင်အရှေ့သဲချောင်းရှိရာဆီသို့ ဦးတည်၍ ဆွဲဆွဲငင်ငင် အူကြပါသည်၊

ထိုသို့ အခြောက်အလှန့်ကြမ်းသည်ကို ကိုယ်တိုင်ကြုံတွေ့ကြရသည့် ကာယကံရှင်များသာ အသိဆုံးဖြစ်ကြပါသည်။

"ဒီလိုနဲ့ နှင်းနှင်းလည်း ရွာပြင်ရောက်သွားတယ်ဆိုပါတော့အေ၊ ကြားထဲက ပြောဖို့ ကျန်သွားသေးတယ်၊ မင်းမောင်ကို ပရိတ်ရွတ် အမျှဝေပြီးတော့လည်း မင်းမောင်ကို ညညဆိုတံတားပေါ်မှာ တွေ့လိုက်၊ သဲချောင်းနားမှာ တွေ့လိုက်နဲ့ မကျွတ်ပါဘူးအေ၊ နှင်းနှင်းဆုံးပြီးတော့ နှစ်ယောက်အဖော်ရသွားတာပေါ့အေ"

"မနှင်းနှင်းရဲ့မိသားစုတွေ အခုဘယ်မှာလဲဟင်"

"ဒေါ်မမက နှင်းနှင်းစိတ်နဲ့ပဲ နှင်းနှင်းဆုံးပြီး လေးလလောက်အကြာမှာ ဆုံးသွားပါပြီ၊ သူ့အဖေက တချို့ပစ္စည်းတွေရောင်းချပြီး သူ့ဇာတိမြင်းခြံမှာ ဘုန်းကြီးကျောင်းဆောက်လှူပြီး ဘုန်းကြီးဝတ်သွားတယ်၊ သူ့အစ်ကိုတွေထဲကတော့ တစ်ယောက်ကဆုံးသွားပါပြီ၊ ကျန်တဲ့နှစ်ယောက်က သူ့အဖေနဲ့ပဲ နေတယ်၊ ဒီမှာ ကျန်သေးတဲ့ ယာခင်းတချို့ကိုတော့ ရွာထဲကလူတွေနဲ့ အဖက်ဆပ် (အလုပ်လုပ်သူနှင့် တစ်ဝက်စီမျှယူခြင်း) ပြီးထားခဲ့ကြတယ်အေ၊ အားလုံး တစ်ကွဲတစ်ပြားဖြစ်ကုန်တာပေါ့"

တကယ်ကြားရပြန်တော့မနှင်းနှင်းကိုမကြောက်သည့်အပြင် သနားလာသည်၊

"မိတိုးရေ - ဒီဝင်ပါဦးဟ"

"တော့် - မမမြင့်"

ပြန်ထူးသံနှင့်အတူ အသက်ခြောက်ဆယ်ခန့်ရှိ မိန်းမကြီးတစ်ယောက် ထွက်လာပါသည်၊

"ညည်းရဲ့ မမနှင်းအကြောင်းကို ဒီဆရာမလေးတွေကို ပြောပြနေတာ"

"အိုတော် - မမနှင်းအကြောင်းကိုတော့ ဘယ်အချိန်ပြောပြော ကျုပ်ကတော့ ညည်းကျတုန်းပဲတော့"

ပြောရင်းနှင့် ထဘီအထက်ဆင်စဖြင့် မျက်ရည်သုတ်နေပါသည်၊ ပြီးမှ -

www.burmeseclassic.com

"မမနှင်းတို့ ရွာပြင်ထုတ်ဖို့ ပရိတ်ရွတ်တော့ ဘယ်အကောင်က လ တညော့(ကမြင်း)ပြီး သံပုံးစ,တီးလိုက်တယ်မသိပါဘူးတော့၊ ကျွန်တဲ့လူ ကလည်း ဝိုင်းပြီးတွေ့ရာမြင်ရာတွေကို ထုကြတဲ့အသံတွေကို ကြားရ ကျုပ်ဖြင့် ကျုပ်ရဲ့ကိုယ်ထဲက ကလီစာတွေကို ထုရိုက်နေသလိုပါပဲတော်"

ပြောရင်းနှင့် ငိုပါတော့သည်။ ဆက်၍ -

"မသေခင် ရက်ပိုင်းမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားပေမယ့် သေပြီး သူ့တပည့်လေးတွေက အကုန်ဝိုင်းပြီး အလှဆင်းပေးကြတာများ လက်သည်းနီခြေသည်းနီ အရောင်ရယ်၊ နှုတ်ခမ်းနီအရောင်ရယ်က ရောင်တည်းတော်၊ ပါးနီလေးလည်း ဆိုးပေးထားသေးတယ်။ အင်္ကျီက အ အဝါရောင်လေးနဲ့ ထဘီက ရိုတ်ထဘီအဝါရောင်လေး၊ သူ စေ့စပ်တဲ့နေ့ ဝတ်တဲ့ အဝတ်အစားတွေပေါ့အေ၊ ကျေးဇူးရှင်မကြီး မမနှင်းရေ၊ ဆက်တိုင်း ဒီလိုအဖြစ်ဆိုး မကြုံရပါစေနဲ့လို့ ကျုပ် ဆုတောင်းပါရဲ့တော်"

ဒေါ်တိုး၏ ရိုးရှင်းသော အပြောနှင့် အငိုကြောင့် ကျွန်မတို့လည်း မျက်ရည်မထိန်းနိုင်ကြတော့ပါ။ မာလာမှာမူ အသံထွက်၍ပင် ငိုနေပါပြီ။

"လေးမမြင့်တို့က တံတားနားမှာ ပရိတ်လေးဘာလေး မရွတ်ပေး ဘူးလား"

"အဲလို သက်သက်ကြီးတော့ မလုပ်ဖြစ်ပါဘူးအေ၊ နှစ်ဆန်းတစ် နေ့လို နေ့မျိုးမှာတော့ နာမည်ခေါ်ပြီး အမျှဝေပေးတယ်။ ဒါပေမဲ့ - သူတို့ ယောက်က အရိပ်အယောင် ပြရုံအပြင် ဘာမှမနှောင့်ယှက်တော့လည်း သားတွေအဖို့ ရိုးနေပါပြီတော်"

"ဟိုမှာ - ထတော (ထန်းတော)ရွာက ဆိုင်ကယ်တွေနဲ့ လာခေါ်နေ"

မာလာက မျက်ရည် ကမန်းကတန်းသုတ်၍ ပြောလေသော် ကျွန် လည်း မျက်ရည်စများသိမ်းကြပြီး ရွာသားများကို နှုတ်ဆက်လိုက်ပါသည် ဒေါက်တာ မချစ်စုက -

"လေးလေးတို့ရေ - အားလုံးပဲ နှုတ်ဆက်ခဲ့ပါတယ်နော်၊ ကျွန်မတို့ ညတာ တည်းခိုချိန်မှာ အရာရာဂရုစိုက်တဲ့အတွက် အားလုံးကို ကျေးဇူး ပါတယ်လို့ ပြောပါရစေနော်"

"ရပါတယ် - ဆရာမလေးတို့ရယ်၊ နောင်ကြုံခဲ့ရင်ဖြစ်ဖြစ်၊ တမင်ပဲ ဖြစ် လာလည်ကြပါဦးနော်"

အားလုံးကို နှုတ်ဆက်ပြီး ဆိုင်ကယ်များဖြင့် ထွက်လာကြချိန်တွင် ဆိပ်ရောက်လေသော် တိုင်ပင်ထားခြင်းမရှိဘဲ တံတားလေးဆီသို့ ကြည့်ရောက်သွားကြပါသည်။

ကျွန်မ၏ စိတ်တွင် တံတားပေါ်မှ မနှင်းနှင်းနှင့် ကိုမင်းမောင်တို့ နှစ် ာက်သား ကျွန်မတို့ကိုကြည့်၍ လက်ပြနေသည်ဟုပင် ထင်မြင်မိပါ သည်။

"နေရစ်ခဲ့ပါတော့ မနှင်းနှင်းနဲ့ ကိုမင်းမောင်ရယ်"

တခြားသူတွေ၏ စိတ်တွင်း၌ မည်သို့ရှိမည်မသိသော်လည်း ကျွန်မ လူ့ဘဝတွင် ခဏတာသာနေခဲ့ရပြီး ဘဝကူးမကောင်းခဲ့သော မနှင်းနှင်း ကိုမင်းမောင်ကို ဤအဖြစ်ဆိုးမျိုးကိုဖြင့် ဤဘဝ ဤမျှနှင့်ပင် ကြေကြေ ကြောင်း ရင်တွင်းမှ ဆုတောင်းပေးနေမိပါတော့သည်။

→ မကြည်ပြာ (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



# ချိုးမြကျွန်က
# အချစ်စာတော်လမ်း

ထောင်မှူးကြီး သိန်းဝင်း



ညား၊ သရဲ၊ တစ္ဆေဆိုသည်ကိုတော့ ဘုရားရှင်လက်ထက်ကတည်းက
ကြားထားသည့် တရားတော်များတွင် ပါရှိသဖြင့် ယုံကြည်ပါသည်။
ောင့်ဆိုသူကိုတော့ ကျွန်တော် လက်တွေ့မကြုံဘူး၍ မယုံကြည်ပါ။
ဝင်ပူးပြီး ပြောလိုရာပြောသည်ဆိုတာမျိုးတော့ ကြားဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

# ချိုးဖြူကန်က အချစ်ဇာတ်လမ်း

## ထောင်မှူးကြီး ဆိန်းခင်

ယခင်ခေတ်ဟောင်းကဉစ္စာစောင့်ဇာတ်လမ်း ကိုဘုန်းကြွယ်နှင့်မမြစိမ်း ဇာတ်လမ်းကိုနားထောင်ဖူးသည်၊ သားရှင်ပြုခါနီး သိုက်ဆရာနှင့် ကြုံသဖြင့် မမြစိမ်းအား သိုက်နန်းက ပြန်ခေါ်သော ဇာတ်လမ်းဖြစ်သည်၊ အဖွား ဇာတ်လမ်းဖြစ်ရာ အလွန်နားထောင်၍ ကောင်းသည်၊ ကျွန်တော်တို့ ငယ်စဉ်ကလည်း ဆရာကြီးမြစကြာ၏သရဲတစ္ဆေဝတ္ထုဇာတ်လမ်း၊ ဆရာကြီး မော်စကော်ရှင်၏စုန်းကဝေဇာတ်လမ်းများကိုဖတ်ခဲ့ရပြီးဒေါ်မြလေးနှင့်တာတေ ကြီးတို့ပါဝင်သော သိုက်သမိုင်းရုပ်ရှင်ဇာတ်ကားများကိုလည်း ကြည့်ခဲ့ရ ပါသည်၊ ကြည့်၍တော့ ကောင်းပါသည်၊ သို့သော် ခေတ်လူငယ်ပီပီ မယုံ ကြည့်ခဲ့ပါ၊

သို့သော်ယခုကျွန်တော်ကြုံခဲ့ရသောအဖြစ်အပျက်ကတော့သိုက်နန်း အကြောင်းလား၊ စိတ္တဇဆန်နေသည်လားတော့ ကျွန်တော် မဝေခွဲတတ်နိုင် ပါ၊ ထူးဆန်းသည်ကတော့အမှန်ပင်၊ သိုက်နန်းကမို့လား၊ စိတ္တဇဝေဒနာသည် ဖြစ်သဖြင့်လားတော့ မသိပါ၊ ကျွန်တော့်အား အိပ်မက်ပေး၍ စကားပြော သည်၊ ချိန်းဆိုသည်၊ လူချင်းလည်း တွေ့ခဲ့ရ၍ ချစ်သူရည်းစားပင် ဖြစ်ခြ



သေးသည်၊ တကယ်တမ်း လက်ထပ်မည့် အရေးကြုံတော့ မိန်းကလေးက စိတ္တဇဝေဒနာသည်တစ်ယောက် ဖြစ်နေသည်၊ ယခုလို တိုးတက်ခေတ်မီ သောခေတ်ကြီးတွင် အထူးကုဆရာဝန်ကြီးများဖြင့် ပြသပြီး "ကုပါရစေ" ဆို သော်လည်း မိန်းကလေး၏ အုပ်ထိန်းသူများက ခွင့်မပြုဘဲ ခြေရာဖျောက်၍ သွားတော့သဖြင့် ကျွန်တော် အတော်ခံစားလိုက်ရသည်၊

သို့သော် နှစ်နာကြေး၊ လျော်ကြေးဆိုပြီး ကျွန်တော့်အား ရွှေဒင်္ဂါးပြားများ ပုံပေးသွားသည်၊ ထူးဆန်းသည်ကတော့ ထိုမိန်းကလေး၏ ကိုယ်သင်းနံ့ မွှားပါးသော ကြာညိုနံ့ သင်းနေသည်၊ မိန်းကလေးက တောသူလေး၊ သနပ် ခါးကလွဲ၍မိတ်ကပ်ပင်သုံးစွဲလေ့မရှိပါ၊ ကြာညိုနံ့ရေမွှေးလည်းမပေါ်သေးပါ၊ မိန်းကလေး၏ကိုယ်သင်းနံ့သက်သက်သာဖြစ်သည်၊ မြန်မာအဝတ်အစား ဖြင့် အလွန်တင့်တယ်လှပသည်၊ ထို့ကြောင့် ကျွန်တော်က သူမအား "နန်းကြာညို" ဟု ချစ်သူချင်း အမည်သစ်ပေးရာ သူမကလည်း လွန်စွာ နှစ်သက်ပုံရသည်၊ သူမ စကားပြောလျှင်လည်း "ကြာညိုကလေ" ဟုထည့်၍ ပြောတတ်သည်၊

တကယ်တမ်း ဤဇာတ်လမ်းအားပြောရလျှင် အိပ်မက်ဆန်လှသည်၊ ကျွန်တော် ဤဝတ္ထုတိုလေးအား ရေးသားနေရင်း ဝတ္ထုခေါင်းစဉ်ပေးရန် ခေါင်းစားရာ စိတ်ကြိုက်မတွေ့၊ ကိုယ်တွေ့ဝတ္ထုဖြစ်သဖြင့် လေးလေးနက်နက် ဝတ္ထုဇာတ်လမ်းနှင့် ကိုက်ညီဆီလျော်အောင် ပေးလိုပါသည်၊ ထို့ကြောင့် ကျွန်တော် ဇာတ်လမ်းကို အစအဆုံး ခင်းပြသည်ကို စာဖတ်သူက ဖတ်ရှု ပေးလှာပါ၊ ကျွန်တော်ကလည်း ဇာတ်လမ်းဆုံးမှ ဝတ္ထုခေါင်းစဉ်ကို ပေးပါ မည်၊ စာဖတ်ပရိသတ်နှင့် စာရေးသူ အံဝင်ခွင်ကျဖြစ်.မဖြစ် စမ်းစစ်ကြည့် ကြရအောင်ပါဗျာ – နော်၊

☑



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် (၁၉၇၁ - ၇၂) ခုနှစ်၊ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရတော့ ထိုခေတ်.ထိုအချိန်အခါက အလုပ်က အလွန်ရှားပါးသည်၊ ကုမ္ပဏီများလည်း မထွန်းကားသေးတော့ အစိုးရအလုပ်ကိုပဲ လုယက်လျှောက်ကြရသည်၊ ဌာနတစ်ခုတွင် အောက်တန်းစာရေး တစ်နေရာရဖို့ပင် မလွယ်ကူပါ၊ ကျွန်တော်ကလည်း ကျွန်တော်ပါပင်၊ အောက်တန်းစာရေးတော့ မလုပ်လို၊ တန်း၍ အရာရှိဖြစ်ချင်သူဖြစ်သည်၊ ထို့ကြောင့် ယူနီဖောင်းဝတ်ဖြစ်သော စစ်ဘက်နှင့် ရဲအရာရှိ၊ ထောင်အရာရှိဖြစ်ရန် မျှော်မှန်းထားသည်၊ စစ်ဘက်ကိုတော့ မိခင်က သဘောမတူသဖြင့် မဝင်ခဲ့ရ၊ ရဲကိုလည်း ခွင့်မပြု၊ တုတ်ကိုင်ပြီး ယူနီဖောင်းဝတ်ရသည်၊ ထောင်အရာရှိဆိုတော့မှ မိခင်က ခွင့်ပြုသည်၊ ဒါတောင် နယ်မသွားရ၊ အင်းစိန်ထောင်၌ပင် တာဝန်ထမ်းဆောင်ရမည်၊ အိမ်ကနေ ရုံးတက်ရမည်ဟု သတ်မှတ်ချက် ချသေးသည်၊

ကျွန်တော် ရည်မှန်းချက်ရှိသော်လည်း အလုပ်မရခင်စပ်ကြား နိုင်ငံခြားဘာသာသိပ္ပံတွင် ဂျပန်ဘာသာဒီပလိုမာတက်ရင်း တက္ကသိုလ်တုန်းက အတန်းတူ၊ လေးနှစ်လုံးလုံးတွဲခဲ့သည့် တိုက်ကြီးမြို့မှ သူငယ်ချင်း ကိုစောကျော့လေ အလည်ခေါ်သဖြင့် ရန်ကုန်မြို့အား ရေပေးဝေနေသည့် ချိုးဖြူကန်သို့ အလည်ရောက်ရှိခဲ့ပြီး ဤဖာတ်လမ်းဖြစ်ပေါ်ခဲ့ရပါသည်၊ ချိုးဖြူကန်မှာ တိုက်ကြီးမြို့နှင့် (၁၀) မိုင်ကျော်ခန့် ဝေးပြီး ရန်ကုန်မြို့နှင့်တော့ မိုင် (၇၀) ကျော်ဝေးပါလိမ့်မည်၊

သူငယ်ချင်း ကိုစောကျော့လေ၏ရည်းစားမှာ ချိုးဖြူကန်ပိုင်ကြီး ဦးကျော့၏သမီး၊ ဆရာမ နော်အားဆာ ဖြစ်သည်၊ ဖအေတူသမီး၊ ကရင်လူမျိုးပီသ အသားအရေ ဖြူဝင်းပြီး ပြည့်ပြည့်ဖြိုးဖြိုးရှိသည်၊ ကျွန်တော်က ငယ်စဉ်ကပင် အမဲလိုက်ဝါသနာပါပြီး တောတောင်ကိုချစ်သောကြောင့် ကျောင်းပိတ်ရက်တိုင်း ချိုးဖြူကန်သို့ အလည်ရောက်သဖြင့် ကျွန်တော်နှင့် ကန်ပိုင်ကြီး ဦးကျော့၊ ဆရာမ နော်အားဆာတို့ အလွန်ခင်မင်ကြသည်၊ တောကောင်မျိုးစုံ သား၊ တောစာ၊ တောင်စာ စားရင်း ကျွန်တော် ချိုးဖြူရေစစ်ကန်ပေါ်တွင် ပျော်နေမိသည်၊



စနေ၊ ကျောင်းပိတ်ရက်တစ်ရက် ကျွန်တော် ဦးကျော့တို့အိမ်တွင် ညအိပ်ရာထူးဆန်းသော အိပ်မက်တစ်ခုကိုမက်သည်၊ ရေစစ်ကန်ပေါ်ရှိ ဧည့်ဂေဟာအနောက်ဘက်လျှိုစောင်းတွင် ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်နေစဉ် ကညင်ပင်ကြီးအောက်၌ ရှေးဟောင်းမင်းသား၊ မင်းသမီးအဝတ်အစားဖြင့် မောင်နှမနှစ်ဦး၊ ကုလားမစည်းနှင်းတမ်းကစား၍ ထွေပစ်နေသည်ကို တွေ့ရသည်၊ သူတို့ပစ်နေသော ထွေ (ဒိုး) က ရွှေပြားကြီးများဖြစ်သည်၊ ကျွန်တော် ရပ်ကြည့်နေမှန်းသိတော့ မင်းသားအဝတ်အစားနှင့်ကလေးက -



အဲ - ပြောစရာကျန်နေသေးတယ်၊
ချိုးဖြူကန်ကြီးဆည်ဖို့တော့
ရေမလုံဘူး၊ စိမ့်တယ်၊
ကညင်ပင်အောင်နှမကို
ပွဲပေးရမယ်လို့ ရပ်ရွာ
မင်းကြီးကပြောတော့ အင်္ဂလိပ်
အင်ဂျင်နီယာတွေက မယုံကြဘူး။
မြန်မာအလုပ်သမားတွေကပါ
ငိုးပြောမှ လုပ်ကြတာ။
ပွဲပေးပြီးတာနဲ့ ကန်မကြီး (အစိတ)
တာပေါင်ကြီး ရေလုံသွားတယ်၊ ဘယ်လောက်
အထိ လုံသလဲဆိုရင် ဒုတိယကမ္ဘာစစ်အတွင်းမှာ
ဂျပန်တွေက ချိုးဖြူကန်ပေါင်ကြီးကို ဗုံးကြဲပြီး
စက်သေနတ်တွေနဲ့ ပစ်တာတောင်
မကျိုးမပေါက်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုတော် - လာဝင်ကစားမလား" တဲ့လေ။

ကျွန်တော်က ခေါင်းယမ်းပြတော့ မင်းသမီးအဝတ်အစားနှင့် ကောင်မကလေးက -

"မောင်ကြီး - လာဝင်ကစားပါလား။ မောင်ကြီးကို လက်ဆောင်ရွှေပြားတွေ ပေးမယ်လေ" တဲ့။

ကျွန်တော်ကခေါင်းယမ်း၍ - "မင်းတို့ကလေးတွေပဲကစားကြပါ။ အစ်ကိုကြီးက အသက်ကြီးတော့ အဲ့လိုကစားဖို့မကောင်းတော့ဘူး" ဆိုတော့ သူတို့က တခစ်ခစ်ရယ်ကြရင်း -

"ညီတော်တို့ မောင်နမလည်း ကလေးတွေ မဟုတ်တော့ပါဘူး။ အပျို လူပျိုဖြစ်နေပါပြီ၊ ကစားတာပဲ အရွယ်နဲ့ ဆိုင်သလား" လို့ မေးတယ်။

"ဆိုင်တယ် - ညီတော်၊ အသက်အရွယ်၊ ယဉ်ကျေးမှုအရ ကစားနည်းတွေ ပြောင်းသွားတယ်" လို့ ပြောတော့ ယောက်ျားလေးက -

"ညီတော်တို့တော့ ထွေပစ်ကစားနည်းပဲ ကြိုက်တယ်" လို့ ပြန်ပြောတယ်။

အဲ့လိုနဲ့ ကစားနေကြရင်း ကောင်ကလေးက -

"ဟေ့ - ညီမတော် - အဘိုးခေါ်နေပြီ၊ သွားကြရအောင်"

ကျွန်တော် အဘိုးခေါ်သံကို မကြားရပါ။ ထိုစဉ် ကောင်မကလေးက -

"ရော့ - မောင်ကြီးအတွက် အမှတ်တရလက်ဆောင်" ဟုဆိုကာ သူ့တို့တွေ (ဒိုး) ပစ်တမ်းကစားနေသော တစ်ဆယ်သားခန့်ရှိ ရွှေပြားကြီးနစ်ပြားကိုပေးရင်း -

"မောင်ကြီး - ညီမတော်တို့မောင်နမကို "ကညင်ပင်မောင်နမ" လို့လည်း ခေါ်တယ်၊ နောင် - မောင်ကြီး - ညီမတော်တို့ကိုတွေ့ချင်ရင် ဒီကညင်ပင်ကြီးအောက်ကို လာခဲ့ပါ" လို့ပြောတော့ ကျွန်တော်က အလိုလို ခေါင်းညိတ်ပြီးသား။ လွန်စွာလည်း အံ့ဩနေမိပါသည်။ မိန်းကလေး ကျွန်တော့်အနားကပ်၍ ရွှေပြားကြီးနစ်ပြားကိုပေးစဉ် ထူးဆန်းသော ကြာညိုသင်းနံ့ကိုရသည်။ ထို့ကြောင့် ကျွန်တော်က "နန်းကြာညို" ဟု ခေါ်မိသည်။



ကျွန်တော်အိပ်ရာက လန့်နိုးတော့ ဇဝေဇဝါဖြစ်နေမိသည်။ အိပ်မက်တာ အထင်အရှားမြင်မက်ခြင်းဖြစ်သည်။ ကျွန်တော် ပြန်စဉ်းစားနေမိရင်း အိပ်ရာက အတော်နှင့် မထဖြစ်၊ အချိန်က မနက် (၇) နာရီခန့်၊ ဆောင်းဦးပေါက်ရာသီဖြစ်၍ သစ်တော၊ သစ်ပင်များ ပေါများသော ချိုးဖြူရေစက်ကန်ပေါ် ဒြနှင်းမှုန်များက ဝေဆဲ၊ ကျွန်တော် အိပ်ရာက ထ၍ မျက်နှာသစ်လိုက်သည်။ ဆရာမ နော်အားဆာက -

"မောင်သိန်းဝင်း - မနက်စာ စားရအောင်"

"ဟုတ်ကဲ့ - မမ"

သူတို့ ခလေ့ကတစ်မျိုး၊ တစ်နေ့ ထမင်းကြီး (၃) နပ် စားသည်။ (Breakfast) အစား ထမင်းပိုင်းကြီးနှင့် အဝစားရသည်။ ပြီးနောက် - အသီးအနှံများ စားပြီးသည်နှင့် အသီးအသီး အလုပ်သွားကြသည်။ နေ့လယ်စာ ထမင်းကိုတော့ နေ့လယ် (၁၂) နာရီနှင့် မွန်းလွဲ (၁) နာရီအတွင်းစားပြီး ညစာကိုတော့ ည (၇) နာရီတွင် စားသည်။ စားသောက်ပြီး အချိုတည်းကြစဉ် ကျွန်တော်က ညက ကျွန်တော် ထူးဆန်းစွာဖြင့် မက်ခဲ့သော အိပ်မက်အကြောင်း ပြောပြရာ ဆရာမ နော်အားဆာက -

"မောင်သိန်းဝင်း - အဲ့ဒီကလေးတွေက "ကညင်ပင်မောင်နမ" တဲ့လား။ အဲဒါဆိုရင်တော့ - ရွှေချိုးဖြူ မူလခဲသိုက်နန်းကပဲ၊ မင်းကို ချစ်ခင်လို့ အိပ်မက်ပေးတာဖြစ်မယ်၊ အဲ့ဒီမောင်နမနဲ့က ပဌာန်းဆက်ရှိမှ တွေ့ရတယ်လို့ ကြားဖူးတယ်"

ထိုစဉ် ဖထီးဦးကျော့က -

"တူမောင် - ရွှေချိုးဖြူ မူလခဲ အဓိကသိုက်နန်းက ကန်မကြီးရေလယ်ခေါင်ကျွန်း၊ ကညင်နှစ်ပင်ကျွန်းမှာရှိတာ၊ အင်္ဂလိပ်ခေတ်က ချိုးဖြူကန်မကြီးကို ဆည်ထုတ်၊ ဆည်ဖို့တော့ အစိုးရပိုင်နက်ထဲ သူတို့သိုက်နန်းရောက်သွားလို့ ဘိုကလေးဘက် ပြောင်းသွားတယ်လို့လည်း ပြောကြတယ်၊ သူတို့မောင်နမက ကညင်ပင်အလွန်ချစ်တော့ ဟိုးရှေ့က ညှော်ဂေဟာနောက်ကကျော



www.burmeseclassic.com

www.burmeseclassic.com

ကညင်ပင်လျှိုထဲမှာလည်း နေကြတယ်ပြောတာပဲ၊ အဲ - ပြောစရာကျန်နေ သေးတယ်၊ ချိုးဖြူကန်ကြီး ဆည်ဖို့တော့ ရေမလုံဘူး၊ စိမ့်တယ်၊ ကညင်ပင် မောင်နှမကို ပွဲပေးရမယ်လို့ ရပ်ရွာမှုဆိုးကြီးကပြောတော့ အင်္ဂလိပ်အင်ဂျင် နီယာတွေက မယုံကြဘူး၊ မြန်မာအလုပ်သမားတွေကပါ ဝိုင်းပြောမှ လုပ်ကြ တာ၊ ပွဲပေးပြီးတာနဲ့ ကန်မကြီး(အဓိက)တာပေါင်ကြီး ရေလုံသွားတယ်၊ ဘယ့်လောက်အထိလုံသလဲဆိုရင် ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်တွေက ချိုးဖြူကန်ပေါင်ကြီးကို ဗုံးကြဲပြီး စက်သေနတ်တွေနဲ့ ပစ်တာတောင် မကျိုး မပေါက်ခဲ့ဘူး၊ ဖထီးတို့က ကရင်လူမျိုး ခရစ်ယာန်ဘာသာဝင်တွေပါ၊ ခရစ် တော်ကလွဲလို့ အယုံအကြည်မရှိပါဘူး၊ ဒါပေမဲ့ - ဖထီးက ဒီချိုးဖြူကန်ကြီး ဆောက်ကတည်းက ကလေးဘဝနဲ့ မီခဲ့တာဆိုတော့ ရွှေချိုးဖြူ မှုလခ သိုက်နန်းအကြောင်းကို လက်တွေ့မှီ ယုံတယ်၊ ချိုးဖြူကန်ဆိုတာလည်း အဲ သိုက်နန်းအမည်ပဲလေ၊ အစုမှတူမောင်နဲ့ ဆက်စပ်မိတာဆိုတော့ အကြောင်း တော့ ရှိလိမ့်မယ်"

"ဟုတ်ကဲ့ - ဖထီး"

ကျွန်တော် မနက်စာ စားပြီးသည်နှင့် လမ်းလျှောက်ရင်း ဧည့်ဂေဟာ အနောက်ဘက်ရှိ ကညင်ပင်လျှိုဘက်သို့ လမ်းလျှောက်ထွက်ခဲ့ပါသည်၊ လျှိုကြီးမှာ အတော်နက်သော်လည်း အထဲ၌ကျယ်ပြန့်သည်၊ ကလေးကစား ကွင်းသဖွယ်၊ အလယ်၌ မြေပြောင်ပြောင်ဖြစ်နေသည်၊ ကညင်ပင်ကြီး လူနှစ်ဖက်စာခန့် လျှိုထဲမှ အထက်သို့ပေ(၁၀၀)ခန့်မြင့်မားစွာ ပေါက်ရောက် နေပြီး ကညင်ပင်များထုံးစံအတိုင်း အခြေမှ အထက်ပေ(၅၀)ကျော်ခန့်အထိ ပြောင်ရှော၊ အထက်ကျမှ အကိုင်းအခက်များ ဝေဆာနေသည်၊ ထီးသဖွယ် ပင် ဖြစ်ပါသည်၊ အရိပ်က ကလေးကစားကွင်းပေါ်သို့ မိုးထားပေးသည့် သဘာဝကြီး အလွန်ဆန်းကြယ်ပါသည်၊ ကျွန်တော် လျှိုပေါင်လမ်းပေါ် လျှောက်တော့ လမ်းမှာ လူသွားလမ်းယောင်ယောင်ကလေးပါ၊ လူသွား လာနည်းသဖြင့် မြက်ရှည်ပင်များနှင့် ကြွက်နားရွက်ချုံများက ဖုံးလွှမ်း

သည်၊ လျှိုစောင်းက ကညင်ပင်ကြီးအောက်ရောက်တော့ အောက်ဆင်း သည်၊ မြေလမ်းကလေးကို တွေ့ရသည်၊ အဆင်းအတက်များ၌ မြေလမ်း ကလေးက ပုံနေသည်၊ ကျွန်တော် အိပ်မက်ထဲကအတိုင်း ကလေးကစား ကွင်းအထိ ဆင်းကြည့်တော့ မြေပေါ်တွင် တုတ်နှင့်ခြစ်၍ စာရေးထားသည် ကို တွေ့ရသည်၊

☑

"လပြည့်နေ့ ဘုရားပွဲမှာ ဆုံကြမယ်"

လပြည့်နေ့က နောက်အပတ်ထဲ ဖြစ်သဖြင့် ကျွန်တော် သိသည်၊ သောကြာနေ့ဖြစ်သဖြင့် စနေ၊ တနင်္ဂနွေ ဆက်နေသောကြောင့် ကျောင်းသုံး ရက်ပိတ်သည်၊ ဘုရားပွဲ ဘယ်မှာရှိမှန်းတော့ မသိ၊ ကျွန်တော် ဆရာနော် အားဆာကို မေးရပေဦးမည်၊ ကျွန်တော်တည်းအိမ်သို့ ပြန်ခဲ့သည်၊ အိမ် တွင် ဦးဂျော့နှင့် ကိုစောဂျော့လေက မရှိ၊ ကန်မကြီးဘက်သွားသတဲ့၊ ဆရာမ တော့ နေ့လယ်စာထမင်းဟင်း စီစဉ်နေပါသည်၊ သူတို့က လက်ထပ်ပြီး အိမ်ထောင်ဦးဖနီးမောင်နှံ၊ မိဘအိမ်တွင် ဆက်နေကြခြင်းဖြစ်သည်၊ ကိုစောဂျော့လေက တိုက်ကြီးမြို့နယ်၊ သမဝါယမဌာနတွင် ဌာနတွင်းစာရင်း လျှောက်ထားသဖြင့် အရွေးခံရသော်လည်း အလုပ်မဝင်ရသေးပါ၊

"မမ - ဒီအနီးအနားမှာ လပြည့်နေ့ညလုပ်မယ့် ဘုရားပွဲက ဘယ်နားမှာ လဲ"

"အဲ - ငါ့မောင်က ဘုရားပွဲလည်တာ ဝါသနာပါလို့လား၊ လေးအိမ်စုရွာ ဘုရားမှာ အဘိုးကျောင်းဘုရားပွဲလေ၊ လပြည့်နေ့ သောကြာနေ့ (တန်ဆောင် မုန်းလပြည့်ည)မှာလုပ်မှာ၊ ကျောင်းသုံးရက် ဆက်ပိတ်တော့ လာနိုင်မှာပါ၊ ...တင်းလွတ်တော့ အလွန်စည်ကားပြီး ပျော်ဖို့ကောင်းပါတယ်၊ အစ်မတို့ ...မှာတော့ တစ်နှစ်တစ်ခါ ဒီပွဲပဲ ရှိတယ်"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - မမ၊ ကျွန်တော် လာပါ့မယ်"

ကျွန်တော် အကျိုးအကြောင်း မမကို မပြောတော့ပါ၊ ဂျပန်ခန်းကျိုးစာ များကိုသာ ရေး၍ လေ့ကျင့်နေမိသည်၊ မမက ဆက်မမေး၍ တော်ပါသေး သည်၊

တစ်ည အိပ်ပြီး တနင်္ဂနွေ နေ့လယ်စာ စားပြီး ကျွန်တော် ရန်ကုန်သို့ ပြန်ခဲ့သည်၊ ကျောင်းပြန်တက်သည်၊ သို့သော် စိတ်စောနေ၍လားမသိ၊ ဤအပတ်က တစ်ရက်ကုန်ရန် အလွန်အချိန်ကြာသည်၊ စောင့်ဆိုင်းနေရ သော အချိန်တို့က အလွန်ကုန်ခဲလှသည်၊ အလွန်ဝါသနာကြီးလှသော ဂျပန် စာသင်ရသည်ကိုပင် ကျွန်တော်စိတ်မဝင်စားနိုင်တော့၊ နေ့စဉ်မှတ်တမ်းရေး သူပီပီ တစ်နေ့ကုန်၍ တစ်ခါမှတ်တမ်းရေးပြီး မိမိကိုယ်မိမိ သုံးသပ်ဆင်ခြင် မိတော့မှ ကျွန်တော်အမည်ပင်မသိရသေးသော ကောင်မကလေးကို စွဲလမ်း ပြီး စိတ်ဝင်စားနေမိပြီဖြစ်ကြောင်း အဖြေသိရတော့သည်၊ တက္ကသိုလ် ကျောင်းတော်ကြီးတွင် ပေါများလှပသော မိန်းမပျိုများကို စိတ်မဝင်စား၊ အသက်(၂၀)ကျော်သည်အထိ ရည်းစားသနာပင် မရှိခဲ့ဘူးသော ကျွန်တော် အချစ်နတ်ဖမ်းစားလေပြီဟု ခံစားမိရတော့သည်၊

စောင့်ရ အလွန်ကြာသော သောကြာနေ့ရောက်တော့ ကျွန်တော်မိခင် အား ခွင့်ပန်ပြီး မနက်စောစော ကားဖြင့် တိုက်ကြီးမြို့သို့ ထွက်ခဲ့သည်၊ မနက် (၁၀)နာရီ၊ ချိုးဖြူကန်ပေါ်တက်သည့်ကားကို မီသည်၊ ယနေ့ ဘုရားပွဲနေ့ဖြစ် သဖြင့် ချိုးဖြူကန်ပေါ်တက်သည့်ဧည့်သည်များနှင့် ဈေးသည်များက အလွန် များသဖြင့် ချက်ဗလက်ဝိုက်ပူကားကြီးမှာ ပြည့်ကြပ်နေသည်၊ အနောက်စွန်း ထိုင်ခုံတွင် နေရာကလေးတစ်နေရာရ၍ တော်ပါသေးသည်၊ ကားခေါင်မိုး ပေါ်၌လည်း ကုန်များနှင့် လူများက အပြည့်၊ တောင်တက်လမ်းဖြစ်သဖြင့် အလွန်အန္တရာယ်များလှပါသည်၊

တိုင်းဗဟို၏ ကြက်ခြံရှေ့ရောက်တော့ ကျွန်တော့်အနီးတွင် ကပ်ထိုင် နေသော အဒေါ်ကြီးက ကျွန်တော့်အား စေ့စေ့ကြည့်ပြီး -

"ကန်ပိုင်ကြီး ဦးရော့ဂျ္စတို့အိမ် လာ,လာလည်တဲ့ဆရာကလေး မှတ် တယ်"

"ဟုတ်ပါတယ် - အဒေါ်"

"သူတို့လင်မယား ရေစစ်ကန်ပေါ်မှာ မနေကြတော့ဘူးကွဲ့၊ ပြောင်းသွား ကြပြီ"

"ခင်ဗျာ - ဘယ်ကိုပြောင်းသွားတာလဲ၊ ဘာဖြစ်လို့လဲ ခင်ဗျာ"

"ကိုစောရော့ဂျ္လေက တိုက်ကြီးမြို့ သမဝါယမဌာနမှာ အလုပ်ရသွား တော့ ဆရာမက လေးအိမ်စုရွာ မူလတန်းကျောင်းမှာ ကျောင်းအုပ်ဖြစ်သွား လို့ ပြောင်းသွားကြပြီလေ"

"လေးအိမ်စုရွာက ဒီလမ်းဘေးက ရွာမဟုတ်လား"

"ဟုတ်တယ် - ဆရာလေး၊ အဘိုးကျောင်းနားက ရွာလေ"

"ဟာ - ဒါဆို အတော်ပဲ၊ ကျွန်တော်က အဘိုးဘုရားပွဲကိုလာတာ၊ ရေစစ်ကန်ပေါ်ကနေလာရရင်ဝေးတယ်၊ အခုတော့ - သူငယ်ချင်းလင်မယား အိမ်မှာတည်းရင်း ပွဲလည်လို့ ရပြီပေါ့"

"အော် - အဲ့လိုလား၊ ရှေ့မှာ ရောက်တော့မယ်၊ ဆရာလေး - ကားက ချင်တော့ အသင့်ပြင်ထား"

"ဟုတ်ကဲ့ - အဒေါ်၊ ကျေးဇူးတင်ပါတယ်"

ကားရပ်သည်နှင့် ကျွန်တော် ခုန်ဆင်းတော့ မူလတန်းကျောင်းကလေး မျက်နှာချင်းဆိုင်တည့် ကိုစောရော့ဂျ္လေနှင့် မမနော်အားဆာက ကျွန်တော့်အား ကြိုနေသည်၊

"မောင်လေး - လာ - လာ၊ ဒီကိုပြောင်းမှန်း ဘယ်လိုသိတာလဲ"

"ကားပေါ်က အဒေါ်တစ်ယောက်ပြောလို့ သိတာပါ - မမရယ်၊ အဒေါ်ကြီး မပြောရင် ကျွန်တော် ရေစစ်ကန်ပေါ်တက်ရဦးမှာ"

"ကဲ - ခဏနားပြီး ရေချိုး၊ ပြီးရင် - နေ့လယ်စာ ထမင်းစားရမယ်၊ အိမ်က ဟင်းလျာဆိုပေမယ့် ကျွယ်ဝန်းပါတယ်"





www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် - မမရယ်၊ သဘာဝကျတာပေါ့"

လေးအိမ်စုရွာအရှေ့တွင် ကားလမ်း၊ ကားလမ်းတစ်ဖက်၌ ချိုးဖြူ... ပိုက်လုံးကြီးအနောက်ဘက်၌ လယ်ကွင်းများနှင့် ခပ်လှမ်းလှမ်း၌ ဝါးရုံတန်း... ကွယ်နေသော လိမ္မော်ခြံရွာ ရှိသည်၊ ကျွန်တော် ဖရချိုးပြီး ထမင်းစား... တော့ ဆရာမက ကျွန်တော့်အကြိုက် ပဲကြီးနှပ်ဟင်းနှင့် ကြက်ဘူးသီး ကာလ... သားချက်ဟင်း၊ ငါးပိရည်နှင့် တို့စရာက တောသဘာဝ စုံလင်လှသည်၊ လယ်... ကွင်းဘက်မှလာသော ရိုးပြတ်နံ့သင်းသင်း၊ သဘာဝလေကို ရှူရင်း ထမင်း... စားရသည်မှာ အလွန်မြိန်လှသည်၊

ထမင်းစားအပြီး ကိုစောရျော့လေနှင့် ရေနွေးကြမ်းသောက်ရင်း သူ... အလုပ်အကြောင်း ပြောကြသည်၊ သူ့အလုပ်က နယ်လှည့်စာရင်းစစ် ရွာရ... ရပ်ကွက်များ၊ သမဝါယမအသင်းများသို့ ဆင်း၍စစ်ရာ ဟိုက ထမင်းအ... ယမကာဖြင့်ပါ ဧည့်ခံသည်၊ ကိုစောရျော့လေက ကရင်လူမျိုးဖြစ်သည့်အပြ... နဂိုကတည်းက ကြိုက်ပြီးသားဆိုတော့ အရက်သမားကြီးဖြစ်သွားမှာ ကျွန်... တော် စိုးရိမ်မိသည်၊

☑

ညနေနေဝင်ခါနီးတွင် စည်ကားလှသော ဘုရားပွဲဈေးတန်းကြီး လျှော... ရင်း ကျွန်တော်နှင့် ကိုစောရျော့လေ ဘူးသီးကြော် စားကြသည်၊ စား... သောက်ရင်း ကျွန်တော် အိပ်ကပ်ထဲမှ ဖိတ်ခေါ်ထားသော မိန်းကလေး... တမ်းတစွာ ရှာမိသည်၊ စောသေး၍ ဖြစ်မည်၊ လူသူဟူ၍ မတွေ့ရ၊ အိမ်ပြ... ညစာစားပြီးတော့ စောရျော့လေတို့လင်မယား ဘုရားပွဲသို့သွားကြသည်... ကျွန်တော်က ညဥ့်နက်မှ တစ်ပတ်လှည့်၍ရှာရန် အကြံအစည်ဖြင့် အိမ်... ကျန်ခဲ့ပြီး ဂျပန်စာ "ခန်းကျီး" စာလုံးများအား ရေးဆွဲ လေ့ကျင့်နေမိသည်... ညဥ့်(၉)နာရီခန့်တွင် အစ်မ နော်အားဆာအသံကြားရပြီး -



"မောင်သိန်းဝင်းရေ - ခဏတံခါးဖွင့်ပါဦး၊ ဒီမှာ - အစ်မတပည့်မတစ်... ယောက် ဗိုက်အောင့်နေလို့ လာပို့တာ၊ မင်းမှာက ဆေးအစုံပါတယ်မဟုတ်... လား၊ ဆေးတိုက်ပြီး အတွင်းခန်းက မမတို့အိပ်ရာမှာ နားပါစေ"

"ဟုတ်ကဲ့ပါ - မမ"

ကျွန်တော် သောက်ရေခပ်ပေးပြီး အသင့်ပါလာသည့် အစာကြေဆေး... ...တိုက်သည်၊ မီးမှန်အိမ်အလင်းရောင်ကလေးက အလွန်အားနည်းသဖြင့် ...န်းကလေးကို သဲကွဲစွာ မမြင်ရ၊ ချောမောသည့်မိန်းကလေးတစ်ယောက် ...မှန်းတော့ သိသည်၊ ဆရာမတပည့်မဆိုသဖြင့် ကျွန်တော် အသေအချာ ...ည်း မကြည့်မိပါ၊ မိန်းကလေး အတွင်းခန်းဝင်သွားပြီး အိပ်နေသည်၊ ...ျွန်တော်ကတော့ "ခန်းကျီး" စာလုံးများအား ဆက်၍လေ့ကျင့်နေမိပါသည်၊ ...စဉ် -

"အောင်မယ်လေး ရှင် - လုပ်ပါဦး"

ဟု အော်သံကြား၍ ကျွန်တော် ထ,အရပ်လိုက်၊ မိန်းကလေးက ကျွန် ...တ့်အား ပြေးဖက်သဖြင့် ကျွန်တော်လည်း အလိုက်သင့် ရင်ခွင်ထဲတွင် ...ထားရင်း -

"ဘာဖြစ်လို့လဲ - မိန်းကလေး"

"ဟိုမှာ - ဟိုမှာ"

သူမ လက်ညှိုးထိုးပြသည်က မြေကြွက်ကြီးအား ကြောင်ဖားကြီးက ...ခြင်းဖြစ်သည်၊ ကျွန်တော် သူမအား နှစ်သိမ့်၍ အကြောက်ပြေစေရန် ...တိုင်ရေတိုက်တော့မှ ကြာညို့နံ့သင်းသင်းရသဖြင့် -

"ကြာညို မဟုတ်လား ဟင်"

ဟု ကျွန်တော်က စိတ်ထဲက အမည်ကို ခေါ်မိတော့ -

"ဟုတ်ပါတယ် - မောင်မောင်"

ထိုညက ကျွန်တော်နှင့် မကြာညိုတို့ အချစ်ဖွင့်လမ်း စခြင်းဖြစ်သည်၊ ...တော်တို့ အိပ်ပျော်သွားကြတော့ သန်းခေါင်ကျော်ချေပြီ၊ မနက်... လင်း



www.burmeseclassic.com

www.burmeseclassic.com

ခါနီး ကိုစောရျော့လေတို့ လာနှုတ်ဆက်တော့ မကြာညို မရှိတော့ပါ။ ဆရာမက မေ တော့ ပြန်သွားပြီဟူ၍သာ ကျွန်တော်ဖြေနိုင်ပါတော့သည်။ နောက်တစ်နေ ညတွင် မကြာညို ချိန်းသွားသော ချုံးဖြူပိုက်လုံးကြီးအနောက်ဘက် ခ တောတွင် ည(၈)နာရီခန့်၌ ကျွန်တော်တို့ ချိန်းတွေ့ကြသည်။ မကြာညို အလွန်ချစ်စရာကောင်းသော ယဉ်ကျေးသိမ်မွေ့သည့်မိန်းကလေးဖြစ်သည် ထိုညက ကျွန်တော့်အား ရွှေဒင်္ဂါး(၅)ပြား လက်ဆောင်ပေးသည်။ ကျွန်တော် အတွက် ကျောင်းအသုံးစရိတ်တဲ့။

နောက်တစ်ပတ်တွင် သူတို့အိမ်ဖြင့် အလှမ်းနီးသော ချုံးဖြူရေစစ်တ ပေါ် ကညင်ပင်ကြီးအောက်သို့ လာရန်ချိန်းသည်။ အပြန် ကျွန်တော်လိုက် မည်ဆိုတော့ သူမက လက်မခံပါ။ ကျွန်တော်သာ ကိုစောရျော့လေတို့အိမ် ပြန်၍အိပ်သည်။ သူတို့အိမ်က တဲသာသာအိမ်သာဖြစ်၍ ချက်ထိုးမထား တံခါးက စေ့ရုံသာ စေ့ထားသဖြင့် ကျွန်တော် အသာပင် ဝင်အိပ်သည် နောက်တစ်နေ့ မနက်စာ စားပြီး ကျွန်တော် အိမ်အလုပ်များလုပ်ရန် ရှိသေ သဖြင့် ရန်ကုန်သို့ စောစောပြန်ခဲ့ပါသည်။ ကိုစောရျော့လေက နောက်အပ တနင်္ဂနွေနေ့တွင် ရေစစ်ကန်ပေါ်၌ ဘုရားဝတ်ပြုဆုတောင်းပွဲရှိသဖြင့် စနေ နေ့ည ဖထီးအိမ်တွင် ညအိပ်သွားကြမည်ဟု ကြိုတင်ဖိတ်ခေါ်ထားပါသည်

☑

နောက်တစ်ပတ် စနေနေ့တွင်လည်း ကျွန်တော် ဝီရိယကောင်းစွာဖြ ရန်ကုန်အိမ်မှ စောစောထွက်ခဲ့ပြီး ရေစစ်ကန်ပေါ်ရှိ ဖထီးဦးရျော့တို့အိမ် တန်းသွားသည်။ နေ့လယ်(၁၂)နာရီခန့်ရောက်သွားရာ မနက်ဖြန် ဝတ်ပြ ဆုတောင်းပွဲအတွက် အမဲလိုက်အဖွဲ့က အမဲလည်ထားရာ သားကောင်စုံ စွာ ရရှိသဖြင့် ချက်ပြုတ်ရန် ပြင်ဆင်နေကြစဉ်ဖြစ်သည်။ ဖထီးတို့အဖွဲ့ တောကောင်ကလီစာဟင်းများ ချက်ထားရာ ကျွန်တော့်အတွက် နေ့လ စာ အဆင်ပြေသွားသည်။



နေ့လယ်စာ စားပြီး အားလပ်နေသဖြင့် ကျွန်တော် လမ်းလျှောက်ရင်း ချုံးဖြူရေစစ်ကန်ကညင်ပင်လျှိုဘက်သို့ ချည့်ဂေဟာကိုပတ်ပြီး ထွက်လာခဲ့ သည်။ လျှိုထိပ်ရောက်သည်နှင့် ကညင်ပင်ကြီးခြေရင်း ရေကန်ကလေးအနီး ၌ တစ်စုံတစ်ရာ လှုပ်ရှားနေသည်ကို တွေ့ရသည်။ အသေအချာကြည့်မိ တော့မှ မကြာညိုဖြစ်နေသည်။ ကျွန်တော် လျှိုစောင်းကိုပတ်၍ ကညင်ပင် ကြီးခြေရင်းမှ လျှိုထဲဆင်းလိုက်တော့ -

မကြာညိုထမိတိုတိုဝတ်၍ခြေမျက်စိများသာမြုပ်သော ရေကန်ကလေး ထဲ၌ ကြာကန်ကလေးတစ်ခု ဖန်ဆင်းနေသည်။ ကြာရွက်ကလေးများက အလွန်လှသော်လည်း လက်ဖဝါးခန့်ပင် မရှိ၊ အသေအချာကြည့်တော့မှ ကညင်ပင်လျှိုကုန်းအဆင်း လမ်းနံဘေး၌ ပေါက်နေသည့် နဘူးချုံပေါ်မှ အရွက်ကလေးများကို သွားသတိရမိသည်။ အိပ်မွေ့သီးပင်ခေါ် တောင်ကြာ ညင်မှ အရွက်ကလေးများ ဖြစ်သည်။ ကြာညိုပန်းပွင့်ကလေးများကတော့ ဆေးငယ်ပြီး ပြန့်ကားသော အညိုရောင်အပွင့်ကလေးများ ဖြစ်ကြသည်။

"မကြာညို - ဘာလုပ်နေတာလဲ"

"မောင်မောင့်ကို သတိရလို့ ကြာညိုကန် လုပ်နေတာလေ"

"အပွင့်က ဘယ်ကရသလဲ၊ အရွက်ကတော့ မောင်မောင်သိတယ်"

သူမက မိုးပေါ်သို့ လက်ညှိုးထိုးပြသည်။ ကျွန်တော်မြင်သည်ကတော့ အရွက်ဝေဆာပြီး ဖြောင့်တန်း၍ ထီးမိုးထားသကဲ့သို့ရှိသော ကညင်ပင်ကြီး၊ ဒီစဉ် လေရဟတ်လို့ ချာချာလည်၍ ဝဲပျံကျလာသော ကညင်ပွင့်ကလေး၊ အောက်၌အစေ့အိတ်အလုံးကလေး ပါသည်။ ပြန့်ကားနေသော ပွင့်ဖတ်က ကြာပွင့်သဖွယ် ပွင့်ချပ်ကလေး သုံးခု ပါသည်။ အညိုရောင်အပွင့်ကားကား ကလေး။

"မကြာညိုက အရမ်းစိတ်ကူးကောင်းတယ်နော်"

"မောင်မောင် သင်ပေးတာရယ်လေ"

"ဘယ်တုံးက မောင်မောင်သင်ပေးဖူးလို့လဲ - မကြာညိုရယ်၊ ပြောစမ်း ပါဦး"

www.burmeseclassic.com

"မောင်မောင့်ကို ချစ်မိတာနဲ့ အဲ့လိုတတ်သွားတာ - အဟုတ်"

ကျွန်တော် မကြာညို့ကို ရင်ခွင်ထဲ ဆွဲထည့်၍ ဖက်ထားမိသည်။

"မောင်မောင်ရယ် - လွှတ်ပါ - လူမြင်ကွင်းကြီး။ ပြီးတော့ - ကြာညို့ခြေ တွေ၊ လက်တွေမှာ ရွှံ့တွေနဲ့၊ မောင်မောင့်ကို ပေကုန်ပြီ"

"ပေပါစေကွာ"

ကျွန်တော် အတင်းကဲမယ်လုပ်တော့ မကြာညို့က ရုန်းကန်ပြီး -

"ဟော့ - အဘိုးခေါ်နေပြီ - မောင်မောင်၊ ကြာညို့ကို လွှတ်ပါ၊ ညကျ တော့မှ ဟိုး - အရှေ့ဘက် လျှိုစောင်းမှာ နစ်ထပ်အိမ်ကြီးတစ်လုံးရှိတယ်၊ ကြာညို စောင့်နေမယ်၊ အဘိုးကလည်း မောင်မောင့်ကို တွေ့ချင်တယ်ပြော တယ်၊ အစ်ကိုတော်က ဘိုကလေးမြို့က မိဘတွေဆီ ပြန်နေတယ်၊ ကြာညို့ အဘိုးကိုမောင်မောင့်အကြောင်း ပြောပြပြီးပြီ၊ ဒါကြောင့် - အဘိုးက တွေ့ချင် နေတာ၊ မောင်မောင် - ဆက်ဆက်လာခဲ့နော်၊ ကြာညို - မျှော်နေမယ်"

မကြာညို သုတ်ခနဲ ထ.ပြေးသွားသဖြင့်ကျွန်တော်ငေးကြည့်နေမိသည်၊ အုပ်ထိန်းသူ သူ့အဘိုးအား အသိပေးပြီးပြီတဲ့၊ ဒါလည်း ကောင်းပါသည်၊ တရားဝင် ဖြစ်သွားတာပေါ့၊ ကျွန်တော်ကလည်း ကျောရရုံကြံခြင်းမဟုတ်၊ လက်ထပ်ရန် ကြံထားခြင်းဖြစ်သည်၊ အလုပ်အကိုင်ရသည်နှင့် လက်ထပ် မည်ဟု ရည်ရွယ်ထားသည်၊ ကျွန်တော် လှိုပေါ်တက်၍ တည်းအိမ်သို့ ပြန်ခဲ့ ပါသည်၊ ဦးရေချ့တို့အိမ်တွင် မနက်ဖြန် ဘုရားကျောင်းဝတ်ပြုပွဲအလို့ အတွက် စီစဉ်ချက်ပြုတ်နေကြသဖြင့် လူစည်ကားပြီး ဆူညံနေသည်၊ ထို့ ကြောင့် ကျွန်တော် နေ့လယ်စာ စားပြီးသည်နှင့် ရေစစ်ကန်ပေါ်တက်၍ အရိပ်ကောင်းရာ သရက်ပင်အောက်တွင် ဖျာခင်းကာ ဂျပန်စာများ လေ့ကျင် ရင်း အနားယူအပမ်းဖြေနေမိသည်၊ ရေစစ်ကန်တောင်မှာ အတော်မြင့်သဖြ အေးချမ်းပြီး လေကလေး တဖြူးဖြူးဖြင့် အလွန်နေ၍ကောင်းသည်၊ တော တောင်မြင်ကွင်းစိမ်းစိမ်းကိုလည်း အပေါ်စီးမှ မြင်ရသဖြင့် မျက်စိအေးလှ သည်၊



ညနေစောင်းတော့ ဖထီးဦးရေချ့တို့အိမ်ရှေ့တွင် ကရင်ဒုံးယိမ်းတိုက်နေ ကြပြန်သည်၊ မနက်ဖြန် လုပ်မည့်ပွဲမှာ ခရစ်ယာန်ဘာသာရေးပွဲကြီးဖြစ်ပုံရ သည်၊ ကျွန်တော် ရေမိုးချိုး၊ အဝတ်အစားသန့်သန့်လဲ၍ ဧည့်သည်မဟုတ် တော့သဖြင့် ဆရာမအား ပြောပြီး ညနေစာထမင်းစောစောစား၍ လက်နှိပ် ဓာတ်မီးတစ်လက်ဆွဲကာ ညမှောင်ရီပျိုးစ၌ပင် မကြာညို့တို့အိမ်ဘက်သို့ ထွက်ခဲ့ပါသည်၊ အချစ်၏ ခွန်အားကြောင့် မြွေကင်းမကြောက်၊ သရဲတစ္ဆေ ဆိုသည်ကို ဂရုမထား၊ လူသွားလူလာပြတ်သော တောချုံအတိပြီးသော လမ်းကို မှန်းဆ၍ လာခဲ့သည်၊

ကညင်ပင်လျှိုကျော်တော့ ကုန်းမော့မော့ကလေးကို တက်ရသည်၊ ထံမြေကုန်းဖြစ်သဖြင့် ကုန်းပေါ်တွင် တောင်မရိုးပင်နှင့် ဆီးဖြူပင်၊ ချုံပင် ကလေးများသာ ဟိုတစ်ရုံ၊ သည်တစ်ရုံ ပေါက်နေသည်၊ အရှေ့ဘက်တွင် ကြာညို့ညို့မှိုင်းမှိုင်းကျွန်းတောကြီး၊ ကျွန်းတောကြီးအဆုံးတွင် နစ်ထပ် သစ်သားအိမ်အိုကြီးကို တွေ့ရသည်၊ တစ်ဖက်လျှိုနှင့် တောတောင်များ ဘက်သို့ မျက်နှာလှည့်ထားသဖြင့် အိမ်ခေါင်းရင်းမှ အိမ်ရှေ့သို့ပတ်၍ သွားရ သည်၊ အိမ်ရှေ့ဝရံတာစည့်ခန်း၌ မီးမှန်အိမ်ကလေးတစ်လုံး စားပွဲပေါ် တင် ထားပြီး သစ်သားထိုင်ခုံတစ်လုံး၌ အုပ်ပေါင်း ပေါင်းထားသော ရှေးအဘိုး ကြီးပုံစံ လူကြီးတစ်ဦး ထိုင်နေသည်၊ ကျွန်တော်က အပေါ်တက်သည့် လက် ရန်းပြုလျက်နေသည့် လှေကားတံခါးခြေရင်းရောက်တော့ - "အိမ်ရှင်တို့" ဟု အသံပြုလိုက်ရသည်၊ အိမ်ရှင်အဘိုးကြီးက -

"လူကလေး - တက်လာခဲ့၊ လှေကားလက်ရန်းက ပြိုနေပြီ၊ အားမပြုနဲ့"

"ဟုတ်ကဲ့ - အဘိုး"

ကျွန်တော့်အား သစ်သားကုလားထိုင်ဟောင်းတစ်ခုတွင် နေရာပေး သဖြင့် ထိုင်ရသည်၊ ထိုအခါမှ အဘိုးကြီးက -

"လူကလေးကို အဘိုး စောင့်နေတာပါ၊ မြေးမကလေးက အကုန်ပြော ပြလို့ အဘိုးသိနေပါပြီ၊ ဒါပေမဲ့ - လူကလေး - အဘိုးတို့က အနတ္တအဖြ



www.burmeseclassic.com

တွေ၊ အမြဲမရှိနိုင်ဘူး၊ နေ့မြင်ညပျောက်ပဲ၊ မလူးပါဘူးကွယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အဘိုးတို့က သိုက်စောင့်အဆက်တွေပါ၊ လူအစစ်တွေ မဟုတ်ကြပါဘူး၊ လူကလေးရဲ့ရိုးသားမှု၊ သစ္စာရှိမှုကိုသိပေမယ့် လူကလေးတို့ မေတ္တာဇာတ်လမ်းက မဖြစ်နိုင်ပါဘူးကွယ်"

"ခင်ဗျာ - ဘာဖြစ်လို့လဲ၊ ကျွန်တော့်ဘက်က အလုပ်ရတာနဲ့ မကြာညို ကို မိသားဖသားပီပီ လက်ထပ်ယူမှာပါ - အဘိုး"



လူကလေး အစောကတက်လာခဲ့တဲ့
လှေကားထစ်အလယ်ထစ်အောက်မှာ ရတနာသေတ္တာ
ရှိတယ်။ သိုက်နန်းက မဟုတ်ပါဘူး။ အင်္ဂလိပ်တွေ
စစ်အပြေး မြှုပ်နှံသိုဝှက်ထားခဲ့တဲ့ ရွှေဒင်္ဂါးပြားတွေပါ။
လူကလေး ထုဖော်ယူပြီး သုံးလိုရာ သုံးပါ။
လှူလိုရာ လှူပါ။ ကဲ-လူကလေး
ပြန်ပါတော့။ အဘိုး-မေတ္တာရပ်ခံတာပါ။



"အဲ့ဒါပြောတာ - လူကလေး၊ အထက်က ခွင့်မပြုဘူး၊ အခုတောင် လူကလေးရဲ့နမ အအေးမိ၊ အပြင်းဖျားပြီး သတိလစ်နေပြီ၊ သတိရလာလို့လည်းစိတ်ကမှန်တော့မှာမဟုတ်ဘူး၊ လက်လျှော့လိုက်ပါတော့ - လူကလေးရယ်"

"အဘိုး - ကျွန်တော့်မေတ္တာက လေးနက်ပါတယ်၊ ကျွန်တော် အလူးကုသမားတော်တွေနဲ့ ကုသပါရစေ၊ ကျွန်တော့်ကို တွေ့ခွင့်ပေးပါ"

"အင်း - ခက်တော့တာပဲ၊ ဒီကလေး - တယ်စွဲကောင်းတာကိုး၊ ဟဲ့ - မယ်ယက္ခ - ခဏဆင်းခဲ့စမ်း"

"ဟုတ်ကဲ့ပါ - အဘိုး"

မျက်ထောင့်နီကြီးဖြင့် ရုပ်ကြမ်းကြမ်းမိန်းမကြီးတစ်ဦး အပေါ်ထပ်က နှမ်းမီးအိမ်ကလေးဆွဲ၍ ဆင်းလာသည်၊

"ဒီက လူကလေးကို မြေးမနဲ့ ပေးတွေ့လိုက်၊ ဆေးကော တိုက်ပြီးပြီလား"

"ဟုတ်ကဲ့ - အဘိုး၊ သတိရလို့ ဆေးတိုက်ပြီးတာနဲ့ အိပ်ပျော်နေပါသယ်"

"အေး - အေး - လိုက်သွား - လူကလေး"

ကျွန်တော်၊ အဒေါ်ကြီးနောက်က အပေါ်ထပ်သို့တက်ရသည်၊ အထက်လှေကားထိပ်အနီး အခန်းတစ်ခုဖ၏ ခုတင်ပေါ်၌ မကြာညို အိပ်ပျော်နေပါသည်၊ အဝတ်အစားများက နေ့လယ်က တွေ့ရသော အဝတ်အစားများ မဟုတ်၊ ပထမဆုံးတွေ့ခဲ့ရသော မင်းသမီးအဝတ်အစားမျိုးဖြစ်သည်၊ ကျွန်တော်မကြာညိုအား ပွေ့၍နဖူးကိုစမ်းကြည့်သည်၊ ကိုယ်က ချစ်ချစ်တောက်နေသည်၊ ကျွန်တော်နှိုးသော်လည်းမနိုး၊ အိပ်ဆေးတိုက်ထားဟန်ရှိသည်၊ သူမ ကိုယ်က ကြာညိုနံ့ကလေးကတော့ သင်းပျံ့နေဆဲ၊ ထိုစဉ် အဒေါ်ကြီးက -

"ကဲ - ကောင်ကလေး - ပြန်တော့"

"အဲ - ကျွန်တော် - မကြာညိုအနားကို စောင့်ပါရစေဗျာ"

www.burmeseclassic.com

"မရဘူး၊ အဘိုးက စိတ်ကျေနပ်အောင် ခဏပဲ ပေးတွေ့တာ၊ နောက် လည်း မလာနဲ့တော့၊ လာရင်လည်း တွေ့ရတော့မှာ မဟုတ်ဘူး"

မတတ်နိုင်ပါ၊ ကျွန်တော် မကြာညီ၏နဖူးကလေးကို နှုတ်ဆက်နမ်းပြီး အသာအယာချ၍ အောက်ထပ်ဆင်းခဲ့ရတော့သည်၊ အောက်ထပ်ထိုင်း ပေါ်တွင် အဘိုးက နေရာတွင် ထိုင်နေဆဲ၊

"ကဲ - လူကလေး - မြင်ရပြီမဟုတ်လား၊ သိုက်အဆက်တွေက လူတွေ နဲ့ လက်ထပ်လို့မရပါဘူး၊ အထက်က ခွင့်မပြုဘူး၊ ဒါပေမဲ့ - လူကလေး - မနစ်နာအောင် လျော်ကြေးပေးပါ့မယ်၊ မနက်ဖြန်မနက် ဒီအိမ်ကြီးကို လာ ပါ၊ အဘိုးတို့တော့ ရှိတော့မှာမဟုတ်ဘူး၊ လူကလေး အစောကတက်လာ ခဲ့တဲ့ လှေကားထစ်အလယ်ထစ်အောက်မှာ ရတနာသေတ္တာ ရှိတယ်၊ သိုက် နန်းက မဟုတ်ပါဘူး၊ အင်္ဂလိပ်တွေ စစ်အပြေး မြှုပ်နှံသိုဝှက်ထားခဲ့တဲ့ ရွှေ အင်္ဂါးပြားတွေပါ၊ လူကလေး တူးဖော်ယူပြီး သုံးလိုရာ သုံးပါ၊ လှူလိုရာ လှူပါ ကဲ - လူကလေး ပြန်ပါတော့၊ အဘိုး - မေတ္တာရပ်ခံတာပါ"

☑

ကျွန်တော် စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြန်ခဲ့ရတော့သည်၊ လမ်းကို မှန်းဆ၍ပြန်ခဲ့သည်၊ လက်နှိပ်မီးကို မသုံးတော့၊ လပြည့်ကျော် လတစ်ခြမ်း ကလေးက ရေးရေးအလင်းရောင် ပေးနေသည်၊ ကိုက်လိုသော မြွေဆိုးများ ကိုက်၍ သေချင်ရင်လည်း သေပစေတော့၊ ရင်ထဲတွင် ကြပ်တည်းပြီး မျက် ရည်များ ကျလာသည်၊ သို့သော် မြွေတွန်သံများ ကြားရသော်လည်း ကျွန် တော့်အား တစ်ကောင်မျှ လာမထိကြပါ၊

ကျွန်တော် ကန်ပိုင်ကြီးဦးရျော့အိမ် ပြန်ရောက်တော့ စားသောက်နေ ကြဆဲ ဖြစ်သည်၊ သူငယ်ချင်း ကိုစောရျော့လေက -

"သူငယ်ချင်း - ဘယ်ပျောက်သွားတာလဲ၊ မျက်နှာလည်းမသာမယာနဲ့ လာပါ - အတူသောက်ရအောင်"



ထိုညက စိတ်ညစ်ညစ်ဖြင့် ကျွန်တော် အရက်တော်တော်များများ သောက်ပြီး အိပ်ပစ်လိုက်သည်၊ အိပ်မက်ထဲ၌ မကြာညီက ကျွန်တော့်အား ...၍ နှုတ်ဆက်ပြီး သူတို့ အဝေးကို ပြောင်းရွှေ့ရတော့မည်ဖြစ်ကြောင်း ...သည်၊ ကျွန်တော်ကလည်း ရင်ထဲရှိသမျှ မချွင်းမချန် ဖွင့်ပြောမိပြီး နှစ်ဦး ...း ခေါင်းချင်းဆိုင်၍ အပြိုင်ငိုကြရာ ကျွန်တော် အိပ်ရာကနိုးတော့ ခေါင်း ...ကြီးမှာ မျက်ရည်များ ရွှဲနစ်၍ စိုရွှဲနေသည်၊

နောက်တစ်နေ့မနက်မနက်စာဝိုင်းတွင် ကျွန်တော်က အကျိုးအကြောင်း ...တ်စုံစင်းပြရာ အိမ်သားများအားလုံး အံ့သြကြသည်၊ မနက်(၉)နာရီခန့် ...ကျောင်းတက်ကြကာ ဆုတောင်းပွဲအပြီး၌ ကျွန်တော်နှင့် ကိုစောရျော့ ...း ဦးရျော့တို့ ညှိပရိသတ်အား ဆရာမနှင့်အဖွဲ့ ညှိစံကျွေးမွေးနေစဉ် ...သာလျှိုထွက်လာ၍ဦးရျော့အိမ်မှ ပေါက်တူး၊ ဂေါ်ပြား၊ တူးရွင်းများ ယူကာ ...ည့်င်ပင်လျှိုဘက်သို့ ထွက်ခဲ့သည်၊ နှစ်ထပ်အိမ်အိုကြီးသို့ရောက်တော့ ...ပေါ်၌ လူတစ်စုံတစ်ဦးမှ မရှိတော့၊

ကျွန်တော်တို့ ညက အဘိုးပြောသော တတိယလှေကားထစ်အောက် ...ကြရာ ကျည်ဆန်သေတ္တာပုံးကြီးကို တွေ့ရပြီး အထဲ၌ ရျော့ခေါင်းတုံး ...အင်္ဂါးပြား တစ်ဝက်တိတိကို တွေ့ရသည်၊ ကျွန်တော်က (၄)ပုံ ပုံ၍ (၂)ပုံ ...တော် ယူပြီး ကျန်(၂)ပုံအား ဖထီးဦးရျော့နှင့် သူငယ်ချင်း ကိုစောရျော့ ...အား ခွဲဝေပေးလိုက်ပါသည်၊ ကျွန်တော်က တစ်ပုံကို ရွှေတိဂုံဘုရားသို့ ...၍ ကျန်တစ်ပုံအား ကျွန်တော် သုံးမည်ဖြစ်ပါသည်၊ အားလုံးလည်း ကျေ ...ကြသည်၊

သို့သော် ကျွန်တော် ယနေ့အထိ ဝေခွဲမရသည်က ဥစ္စာစောင့်ကိစ္စ ဖြစ် ...ည်၊ ရွှေငွေပေးခြင်းမှာလည်း သူတို့သိုက်ပစ္စည်းမဟုတ်၊ အင်္ဂလိပ်များ ...နှံခဲ့ခြင်း ဖြစ်သည်၊ မည်သည့်အတွက်ကြောင့် ပုန်းရှောင်သွားကြခြင်း ...သလဲ၊ ဒါလည်း အဖြေရှိသည်၊ ရာဇဝတ်မှုနှင့်မကင်းသောကြောင့် ပုန်း ...င်နေထိုင်ခြင်း ဖြစ်နိုင်သည်၊ ပတ်ဝန်းကျင်နှင့်လည်း မဆက်ဆံခြင်းက



www.burmeseclassic.com

www.burmeseclassic.com

သံသသယဖြစ်စဖွယ်။ သို့သော် မကြာညို၏ကိုယ်သင်းနံ့(ကြာညိုပန်းရနံ့)က တော့ ထူးဆန်းလှသည်၊ သဘာဝရနံ့ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် အချိန်အားလပ်၍ ရိုးမြို့ကန်ပေါ်သို့ ရောက်လေတိုင်း မကြာညိုအား တ,၍ကြာညိုကန်ကလေး ဖန်ဆင်းသဲ၊ မကြာညိုအား မျှော်လင့်ဆဲ ဖြစ်ပါတော့သတည်း။

→ ထောင်မှူးကြီး သိန်းဝင်း

**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈ / ၅၁၂)၊ (၂ / ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

# အပင်း

ညွန့်မောင်ဦး



www.burmeseclassic.com

www.burmeseclassic.com

# အပင်း

**ဆွန့်မောင်ဦး**

ရှေးအခါက တောရွာတွေမှာ စုန်း၊ ကဝေ၊ တစ္ဆေများရှိကြောင်း ယုံကြည်ကြသည်။ ကြောက်လည်း ကြောက်ကြသည်။ ရွာတွေမှာ စုန်း၊ ကဝေ၊ တစ္ဆေများရှိကြောင်းကိုလည်း ရှေးလူကြီးများက ရွာတစ်ရွာမှာ အနည်းဆုံး စုန်းတစ်ယောက်မရှိလျှင် ရွာတည်မရ၊ ရွာပျက်တတ်ကြောင်းပြောခဲ့သည်အထိ စွဲလမ်းယုံကြည်ကြသည်။ သို့သော် လူဦးရေထူထပ်သော မြို့များ၊ ရွာများ နေထိုင်ကြသူများမှာ စုန်း၊ ကဝေ၊ တစ္ဆေများကို မယုံကြည်ကြသည့်အပြင် ရှိသည်ကိုပင် လက်မခံကြပါ။ ကျွန်တော်တို့အပါယ်လေးဘုံမှာ နေထိုင်ကြသူများထဲတွင် အောက်ဘုံမှာ နေထိုင်သူများအဖြစ် စုန်း၊ ကဝေ၊ တစ္ဆေများ ပါဝင်ကြသည်ဟု ကျွန်တော်တို့ ကိုးကွယ်သော ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ဟောခဲ့ပြောခဲ့သည်။ ဟောပြောခဲ့ကြောင်း ဇာတ်တော်များနှင့် နိပါတ်ပုံပြင်များမှာ တွေ့ရပါသည်။

တစ်ဖန် စုန်း၊ ကဝေ၊ တစ္ဆေများ ပတ်သက်ပြီး ရှေးအခါက ထင်ပေါ်ကျော်ကြားခဲ့သော သားမှဲ့ဆရာတော်ကြီးက စုန်း၊ ကဝေ၊ တစ္ဆေများအကြောင်း



နှင့် ၎င်းတို့လူများကို ဖမ်းစားပြုစား ဒုက္ခပေးတတ်ပုံများအကြောင်းနှင့် ၎င်းတို့ကို ဆုံးမနိုင်သော ဆေးနည်းများ၊ အင်းများ၊ ဖော်စပ်နည်းများကိုလည်း ဖော်ပြထားသော "ကဝေသာရကျမ်း" ကြီးနှစ်တွဲကိုလည်းရေးသားခဲ့ပါသည်။ ထိုကျမ်းမှာ ဖော်ပြချက်အရ စုန်းမျိုး (၇) မျိုး၊ ကဝေ (၉) မျိုးနှင့် စုန်းမျိုး (၆၆) ပါး ရှိကြောင်း ဖော်ပြထားပါသည်။ ၎င်းတို့ထဲမှ စုန်း၊ ကဝေ (၉) မျိုးအမည်များမှာ -

မှော်ဝင်စုန်း၊ မှော်စုန်း၊ နတ်စုန်း၊ မှော်စုံစုန်း၊ ဘီလူးစုန်း၊ သိုးမှော်စုန်း၊ မှော်ပါစုန်း၊ မှော်သိမ်းစုန်း၊ မှော်ဝင်စုန်းတို့ ဖြစ်သည်။ ၎င်းအပြင် တန်ခိုးကြီးသော စုန်းလေးမျိုးကိုလည်း ဖော်ပြထားသည်။ ထို့ပြင် နာနာဘာဝရုပ်များ ဖန်ဆင်းနိုင်သော စုန်းများအကြောင်းကို ဖော်ပြထားသည် (စုန်းဘီလူး) မှာ နာနာဘာဝရုပ် (ရုပ်ပြောင်း) (၃၀) ဆယ် ဖန်ဆင်းနိုင်သည် အမှောက် (၃၀) စီ ကြသည်။ ကဝေမြောက်စုန်းနှင့် အိမ့်ဒလိမ့်စုန်းတို့မှာ ထဘီစောက်ထိုး ပြောင်းပြန်ဝတ်တတ်သည်။ လူကို အပင်းများသွင်းနိုင်သည့် ကဝေမြောက်စုန်းမှာ အနောက်ကတော် - မြောက်ဘက်ရှင်မ - ဖော်ကနီ - ဖော်ဂနက် တို့ကို စေနိုင် နိုင်းနိုင်သော တန်ခိုးရှိသည်ဟု ဆိုပါသည်။ ထိုစုန်းများအပြင် စုန်းမျိုး (၆၆) ပါးတွင် ရှေးစားစုန်း၊ ကိုယ်စုန်း၊ ရွာသူ စသည့် စုန်းမျိုးစုံရှိကြပြီး စုန်းများမှာ အောက်လမ်းဆရာများနှင့်လည်း အပေါင်းအသင်းဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး ကူညီကြသည်။ ယခု တင်ပြမည့်အကြောင်းမှာ ရွာတစ်ရွာမှာ အပင်းသွင်းခံရသော အမျိုးသမီးတစ်ယောက်အကြောင်း ဖြစ်သည်။

တစ်ခါက ကရင်ပြည်နယ် တောရွာတစ်ရွာမှာ ဖိုးလူနီအမည်ရှိ အောက်လမ်းဆရာကြီးတစ်ဦး ရှိသည်။ ဖိုးလူနီမှာ ဝဲယ်စဉ်ကပင် မျက်လုံးတစ်လုံး ကန်းပြီး ကျောကုန်းမှာလည်း ဖုကြီးတစ်လုံးရှိနေ၍ လမ်းသွားရာမှာ ခါးကုန်း နေသည်။ ဖိုးလူနီမှာ ခါးကုန်းနေသော်လည်း သူ၏ မျက်လုံးမှာ အမြင်အား ကောင်း၍ ညမှောင်ထဲမှာပင် လမ်းသွားနိုင်သည်။ ဖိုးလူနီမှာ ဖနီးစုံးသွား၍

www.burmeseclassic.com

သားနှင့်အတူနေသည်။ သားဖြစ်သူမှာ အိမ်ထောင်ရှိ၍ သားလေးတစ်ယောက်ရှိသည်။ ဖိုးလူနီမှာ မြေးကလေးကို အလွန်ချစ်သော်လည်း ချွေးမနှင့်မတည့်ပါ။ ဖိုးလူနီကို ရွာထဲမှ သူများက အောက်လမ်းဆရာဖြစ်၍ မဆက်ဆံကြပါ။ ကလေးများကပင် ကြောက်၍ အနားမကပ်ပါ။ သို့သော်လည်း တချို့ အောက်လမ်းပညာကို ယုံကြည်သော ကာလသားအချို့က မိမိတို့ ပိုးပန်းနေကြသော မိန်းကလေးကိုရလို၍ ဖိုးလူနီကို အကူအညီတောင်းလျှင် ဖိုးလူနီက လုပ်ပေးသည်။ ဖိုးလူနီမှာ အရက်အလွန်ကြိုက်တတ်၍ အရက်တစ်ပုလင်းပေးရုံနှင့် လုပ်ပေးသည်။ ဖိုးလူနီမှာ ချွေးမနှင့်မတည့်၍ အိမ်နောက်ဖေးမှာ တဲထောက်နေသည်။ သူ့တဲအနောက်မှာ သချိုင်းရှိနေ၍ ငှက်ပျောတောကို သချိုင်းနားအထိ စိုက်ထားသည်။ ယခု သူ့တဲကို ရောက်လာသော ကာလသား (၂)ယောက် စောလဖော်နှင့် စောထီးတို့ဖြစ်သည်။ သူတို့နှစ်ယောက်မှာ သူတို့ရွာမှ ကရင်အမျိုးသမီးကလေးနှစ်ယောက်ကို ပိုးပန်းမရ၍ ဖိုးလူနီကို အကူအညီလာတောင်းကြခြင်း ဖြစ်သည်။

"မင်းနာမည် - ဘယ်လိုခေါ်လည်းပြော၊ မင်းကြိုက်နေသည့် ကောင်မလေးအမည်လည်းပြော"

"ကျွန်တော့်အမည် - စောလဖော်၊ ကောင်မလေးက နော်သဲမြ၊ တောင်ယာတဲမှာနေတယ်"

"အဲဒီ နော်သဲမြက တောင်ယာတဲမှာ အိပ်လား၊ ရွာမှာ ပြန်အိပ်လား ပြော"

"ရွာက အိမ်မှာ ပြန်အိပ်တာ"

"ဒါဖြင့် တစ်နေ့လုံး တဲမှာရှိနေတယ်ပေါ့"

"ဟုတ်ကဲ့ - တဲမှာ တစ်နေ့လုံး ရှိတယ်"

နောက်တစ်ယောက် ...

"မင်း နာမည်နှင့် မင်း ကြိုက်နေသည့် ကောင်မလေးနာမည်ပြော"



"ကျွန်တော့်နာမည် စောထီး။ ကောင်မလေးက ပိုးဥလို့ခေါ်တယ်၊ တစ်ရွာတည်း နေကြတယ်"

"ကောင်းပြီ - မင်းတို့နှစ်ယောက်ကို အပျိုမ ခတ်ဆေးပေးလိုက်မယ်၊ ရလည်းရ ရမယ်"

"အပျိုမ ခတ်ဆေးအကြောင်း ငါ နောက်တော့ ရှင်းပြမယ်၊ ဒါနဲ့ ကောင်လေးအိမ်ကို မင်းတို့သွားပြီး သူတို့သောက်တဲ့ ရေအိုးထဲ သွားထည့်ရမယ်၊ ထည့်ရဲလား"

"ထည့်ရဲတယ်"

နောက်တစ်ယောက်က ...

"ကျွန်တော် - မထည့်ရဲဘူး၊ သူ့အစ်ကို ကျွန်တော် ထိုးမှာကြောက်တယ်"

"ထည့်ရဲတဲ့ စောထီးက ဒီဆေးမှုန့်ယူသွား၊ မထည့်ရဲတဲ့ စောလဖော်ကို ငါ ထည့်နိုင်းပေးမယ်၊ လာ - ငါတို့ အရက်သောက်ကြရအောင်"

ဖိုးလူနီမှာ အပေါင်းအသင်း လုပ်သူမရှိ၍ ယခုတွေ့သော လူငယ်နှစ်ယောက်နှင့် အတူတူအရက်သောက်သည်။ အရက်သောက်ရင်း သူမှာ သရဲကောင် မွေးထားပြီး ခိုင်းစားနေသည့်အပြင် ရွာထဲမှာရှိနေသော ကဝေမနှင့် ဝှန်းမကိုလည်း စေခိုင်းနိုင်ကြောင်း ပြောပြသည်။ လူငယ်နှစ်ယောက်အနက် စောလဖော်မှာ အလုပ်အကိုင်မရှိဘဲ အရက်ကြိုက်သူဖြစ်၍ ဖိုးလူနီနှင့် ခင်သွားသည်။ စောထီးမှာ အရက်သောက်ပြီးသည်နှင့် ဆေးထုပ်ယူပြီး ပြန်သွားရာ ဖိုးလူနီက ဆေးအသုံးပြုရမည့်နည်းပြောပြပြီး ကောင်မလေးက ချစ်ကြိုက်လာသည်နှင့် ခိုးပြေးရန် မှာလိုက်သည်။

"ဒီဆေးက လွယ်လွယ်နှင့် မရဘူး။ ငါ ကိုယ်တိုင် လမိုက်ညမှာ သချိုင်းသွားပြီး အစိမ်းသေအပျိုမနဲ့ကို ညှစ်ခိုင်းပြီး အမှုန့်လုပ်ထားတာ သောက်တဲ့ မိန်းကလေးတိုင်း ရည်းစားနောက် လိုက်တာပဲ။ ရသွားကြတာ လေးငါးခု ရှိပြီ"

www.burmeseclassic.com

"ရည်းစားနှင့် မတွေ့ရင် ဘယ်လိုလုပ်မှာလဲ"

"မနေနိုင်ဘူးလေ၊ တွေ့တဲ့လူနှင့် လိုက်တယ်၊ ဒါကြောင့် – ဆေးခတ် သူက အနားမှာ ရှိနေရတယ်"

"ဒီလိုဆို ကျွန်တော်ရမှာမဟုတ်ဘူး၊ နော်သဲမြ အစ်ကိုက သူ့ညီမနား မှာ အမြဲရှိနေတယ်"

"အားမငယ်ပါနှင့်ကွာ – ငါ ရအောင်လုပ်ပေးမယ်၊ စောထီး – မင်းရရင် ငါ့ကို အရက်လာတိုက်"

"စိတ်ချ – ဆရာကြီး၊ အရက်သုံးလုံးနှင့် ကြက်တစ်ကောင် လာပေး မယ်"

ဖိုးလူနီမှာ စောလဖော်တို့ပြန်သွားပြီးနောက် အိမ်ပေါ်ကို ထမင်းစား တက်သွားရာမှာ အိမ်ပေါ်မှာ သူ့ဖမြေးကလေး အိပ်ပျော်နေသည်ကိုမြင်၍ ကလေးပါးကို သွားကိုင်ကြည့်ရာမှာ ကလေးက လန့်နိုး၍ငိုသည်၊ ထိုအချိန် မှာ မီးဖိုထဲမှ ထမင်းချက်နေသော ချွေးမက စိတ်ဆိုးပြီး ဖိုးလူနီကို ဆဲရေး တော့သည်၊

"အလကား – ငမူးကြီး၊ ငါ့ ထမင်းစားနေပြီး ငါ့ကို ဒုက္ခလာပေးတယ်၊ ကလေးနိုးသွားပြီ၊ ငါ ဘယ်လိုလုပ်ပြီး ဖျာရက်ရမှာလဲ"

"ငါ့မြေးကို ချစ်လို့ကိုင်ကြည့်တာ၊ နင် အဖြစ်သည်းတယ်"

ချွေးမသည် ရိုင်းစိုင်းစွာဖြင့် . . .

"ငါ့သား ငါအဖြစ်သည်းတာ နင်နှင့် မဆိုင်ဘူး၊ ဆင်းသွား – ငါ့ ထမင်း လည်း လာမစားနှင့်"

"ဒါ – ငါ့အိမ် – စားတာ ဘာဖြစ်လဲ"

"အချိန်တိုင်း အရက်သောက်နေသည့် ငမူးကြီး၊ ငါ နင့်ကို မကြောက် မသဒ္ဒါဘူး သိလား"

"ဟေ့ – ကောင်မ – နင် သိပ်ရိုင်းပါလား၊ ငါ နင့်ကို သတ်မိမယ်"


"မကြောက်ဘူး သတ်လိုက်၊ နင် မသတ်လည်း ငါ ဒီမှာ မနေဘူး၊ ရွာ ပြန်မယ်"



"နင် လျှာမရှည်နဲ့၊ ကလေးကို နို့ဝအောင်တိုက်၊ နင့်ကို ငါသတ်မယ်"

ရန်ဖြစ်နေကြစဉ်မှာ ကလေးကငိုနေ၍ အမျိုးသမီးက ကလေးကို ကောက်ချီပြီး နို့တိုက်နေသည်၊ ထိုအချိန်မှာ ဖိုးလူနီက တဲကိုပြန်သွားပြီး ဆောင်မားကို ကိုင်လာပြီး အမျိုးသမီးကို မေးလိုက်သည်၊

"ငါ့မြေးကို နို့တိုက်ပြီးပြီလား"



www.burmeseclassic.com

"ပြီး ပြီး၊ နင် ဘာလုပ်ချင်လို့လဲ"

"ဒုတ် - ဗုန်း"

"အား - အမလေး"

အမျိုးသမီးက ပြန်မေးလိုက်ချိန်မှာ ဖိုးလူနီ လွှားခနဲ ခုန်ဆင်းသွားပြီး အိမ်ရှေ့မှ ၄က်ပျောပင်ကို ဓားနှင့်ပိုင်းချလိုက်ချိန်မှာ အမျိုးသမီးလည်း ဖက်ကျိုးကျသွားသည်။ ဖိုးလူနီလည်း တခြားကို ထွက်ပြေးသွားသည်။

ဖိုးလူနီကို ရွာသားများ လိုက်ဖမ်းကြသော်လည်း မတွေ့ကြ၍ လက်လျှော့လိုက်ကြသည်။ သေသွားသော အမျိုးသမီးကိုယ်ပေါ်မှာလည်း ဘာဒဏ်ရာမှ မတွေ့ရ၍ ဖိုးလူနီကို အပြစ်ရှာရခက်နေကြသည်။ ဒီလိုနှင့် ဖိုးလူနီ သူ့မြေးကလေးကို သတိရသည်ဆိုပြီး ရွာကိုပြန်လာသည်။ ထိုအချိန်မှာ ဖိုးလူနီကို ရွာသားများက ပို၍ကြောက်နေကြသည်။ ဖိုးလူနီ ရွာပြန်ရောက်သောအခါ သူ့တပည့် စောလဖော်က ရောက်လာပြီး ပီယဆေးအကြောင်းပြောသည်။

"ဆရာကြီး ဆေးက စောထီးအတွက်ပဲ၊ သူ့ကောင်မလေးကို ရသွားပြီး ကျွန်တော် ဘာမှမရဘူး"

"ဆေးအတွေ့တွေ့ပေးလိုက်တာ မင်းက သောက်ရေအိုးထဲ မထည့်ရဲလို့ ငါ့ ကဝေမကို ထည့်နိုင်းတာတောင် မင်း မရဘူးလား"

"ဆရာကြီး ပြောလိုက်သည့်အတိုင်း ကျွန်တော် နော်သဲမြ တဲကိုသွား ကြိုးစားပါတယ်။ ဒါပေမဲ့ - နော်သဲမြ အစ်ကိုက တဲပေါ်မှာ ရှိနေတယ်။ သူ့ သူငယ်ချင်း ငတာဆိုသည့်ကောင်ကလည်း နော်သဲမြနားမှာ ရှိနေတယ်။

"အဲဒီတော့ ဘာဖြစ်လည်း ပြောစမ်း"

"ငတာက နော်သဲမြကို ခိုးသွားတယ်။ အဲဒါ မခံနိုင်လို့ ကျွန်တော် အရက် သောက်ပြီး ဆရာကြီးဆီကို အရက် (၂)လုံး ယူပြီး ထွက်ခဲ့တာ"

"ငါလည်း သောက်ချင်နေတယ်။ လာ - သောက်ကြမယ်၊ သောက်ရင်း နော်သဲမြအကြောင်း ပြောကွာ"



စောလဖော်မှာ နော်သဲမြ လင်နောက်လိုက်သွား၍ အသည်းကွဲပြီး ဖိုးလူနီ အိမ်မှာပဲ နေသည်။ ဖိုးလူနီကလည်း သံယောဇဉ်ရှိနေ၍ စောလဖော်ကို လက် ခံပြီး တူတူစား၊ တူတူသောက်နေသည်မှာ အိမ်ကိုမပြန်တော့ပါ။ စောလဖော် မိဘများမှာ ငွေကြေးရှိ၍ သုံးနိုင်ဖြုန်းနိုင်ပြီး စောလဖော်က လက်ကြောတင်း အောင်မလုပ်ဘဲ အရက်ချည်းသောက်နေသည်။

"နော်သဲမြလေးဟာ ငယ်ငယ်က ကျွန်တော့်ကို ကြိုက်ပြီး ကြီးလာမှ ဘိုကောင်နှင့် ညားသွားတာ ကျွန်တော် မခံချင်ဘူး။ အဲဒါ - ဆရာကြီး ဆေး မကောင်းလို့ ဖြစ်သွားတာ"

"မင်း - ငါ့ပညာကို မစော်ကားနှင့်၊ ခုဟာက မင်းအသုံးမကျ မပြောရဲလို့ ဖြစ်တာပဲ"

"ကျွန်တော် ပြောမလို့ဘဲ။ သူ့အစ်ကို ထိုင်နေလို့ အနားမသွားရဲတာ"

"ဒါဖြင့် - မင်း နော်သဲမြကိုရရင် ပြန်ယူရဲလား၊ ငါ လုပ်ပေးမယ်"

"ဟင့်အင်း - သူများ ယူပြီးသား ပြန်မယူဘူး။ ဒီကောင်မကို သတ်ချင်တယ်"

"မင်း သတ်ချင်ရင် ငါသတ်ပေးမယ်။ သဘောတူလား - ပြော"

"သဘောတူတယ်၊ သူတို့ လင်မယားနှစ်ယောက် ကျွန်တော့်ရှေ့မှာ နေသွားတာ မမြင်ချင်ဘူး။ ရွာထဲက လူတွေကလည်း ကျွန်ရစ်လို့ခေါ်တာ မခံ ချင်ဘူး"

"ကောင်းပြီ - ဒီကောင်မကို ငါ သတ်ပေးမယ်"

"ဆရာကြီး သွားသတ်ရင် အပြစ်ဖြစ်မှာပေါ့"

"အပြစ်မဖြစ်သည့်နည်း ငါ့မှာရှိပါတယ်။ ငါ့ရွှေမကို သတ်တာ မင်းမကြား ဘူးလား။ ခုနည်းက အပင်းသွင်းနည်းနှင့်သတ်ရင် လူမသိဘူး"

"ဒါနှင့် ဆရာကြီး ရွှေမကို ဒဏ်ရာမပေါ်ဘဲ သတ်သည့်နည်း ပြောပြပါ။ ကျွန်တော် သိချင်လို့"

"လွယ်လွယ်လေးပဲ၊ ငါ မွေးထားသည့် သရဲနီတာကို ကုတ်ချိုးခိုင်းလိုက် တာပေါ့"

www.burmeseclassic.com

"ဆရာကြီးက သရဲကိုလည်း နိုင်းလို့ရတယ်၊ အဲဒီပညာတွေ ကျွန်တော့်ကို သင်ပေးပါလား၊ ကျွန်တော် သင်ချင်တယ်"

"မင်း သင်ချင်ရင် သင်ပေးမယ်၊ ငါ့မှာ အမွေဆက်ခံသည့် တပည့်မရှိဘူး၊ စုန်းတွေ၊ ကဝေတွေဆိုသူတို့ သမီးတွေကို အမွေပေးခဲ့တာ"

"ဆရာကြီးပညာ – ကျွန်တော် အမွေခံမယ် သင်ပေးပါ"

"သင်ပေးမယ်၊ ဒါပေမဲ့ – မင်း မကြောက်ရဘူး၊ နောက်ပြီး ငါ့အပေါ်မှာ သစ္စာရှိရမယ်"

"မကြောက်ဘူး – သစ္စာလည်း ရှိပါ့မယ်"

ဖိုးလှူနီမှာ သူ့တပည့် စောလဖော်အတွက် နော်သဲမြကို အပင်းသွင်းပေးသည်၊ ထိုအချိန်က နော်သဲမြ မိဘများမှာ တောင်ယာပိုင်ရှိပြီး နော်သဲမြ ယောကျ်ား တောမှာ မိဘများ ငွေကြေးရှိသည့်အပြင် တောကလည်း အလုပ်ကြိုးစား၍ နှစ်ဖက်မိဘများက သဘောတူပြီး အိမ်ခွဲဆောက်ပေးထားသည်၊ ထိုသို့ ချစ်ချစ်ခင်ခင်နေကြသည်ကို စောလဖော်က မကြည့်နိုင်၍ သူ့ဆရာ ဖိုးလှူနီကို မြှောက်ပေးခြင်းဖြစ်သည်၊ ဖိုးလှူနီက အမဲသားကို စီရင်ပြီး အပေါင်းအသင်းကဝေမကို သွင်းခိုင်းလိုက်သည်၊ ကဝေမက မွေးဟန်ဆောင်၍ ယူသွားပြီး နော်သဲမြ စားမိအောင် လုပ်ပေးသည်၊ ဖိုးလှူနီမှာ စောလဖော်ကို ပညာပေးရန် စမ်းသပ်သည့်အနေနှင့် သူမွေးထားသော သရဲနှစ်ကောင်နှင့် တွေ့ခိုင်းသည်၊ ညဘက်တွေမှာလည်း သချိုင်းထဲကို ခေါ်သွားသည်၊ စောလဖော်ကလည်း ကြောက်ကြောက်နှင့် လိုက်ရသည်၊

"စောလဖော် – ငါ ဒီည သရဲ(၂)ကောင်ကို အစာကျွေးရမယ်၊ အဲဒါ မင်းကျွေးပေး"

"ကျွန်တော် – ကြောက်တယ်၊ မကျွေးရဲဘူး"

"မင်းပညာတတ်ချင်ရင် မကြောက်ရဘူးလို့ ပြောထားတယ် မဟုတ်လား"



"ကျွန်တော် တစ်ခါမှမတွေ့ဘူးလို့ ကြောက်တယ်၊ ဆရာကျွေးတာ ကြည့်ပြီးမှ ကျွေးပါရစေ"

"ကောင်းပြီ – ဒီည ငါကျွေးတာကိုကြည့်ပြီး နောက် မင်းကျွေးရမယ်"

"ဟုတ်ကဲ့ – ကျွေးပါ့မယ်"

မှောင်မိုက်သော လမိုက်ညတွင် ဖိုးလှူနီက အမဲသားတွဲကြီးဆွဲ၊ ပါးစပ်က တွတ်တွတ်ပြောနေသည့် စောလဖော်က အနားမှာနေပြီး အမှောင်ထဲကို ကြည့်နေသည်၊ ခဏကြာသောအခါ လေတိုးသံကြားရပြီး အရပ်မြင့်မြင့် သရဲကြီးနှစ်ကောင် ဖိုးလှူနီနားမှာ လာရပ်သည်၊ ဖိုးလှူနီက သရဲ (၂)ကောင်ကို ကြည့်ပြီး ပြောသည်၊ အကောင်အထည်ကိုမြင်ရ၍ စောလဖော်က ကြောက်နေပြီ၊

"နီတာကြီးနှင့် ငမည်းကောင်၊ မင်းတို့ (၂)ကောင် သူ့ကို မှတ်ထားကြ၊ မနက်ဖြန်ညကစပြီး စောလဖော်တဲ့၊ နောက်ကို ငါ့အစား သူ မင်းတို့ကို အစာကျွေးလိမ့်မယ်"

"စောလဖော်လည်း မှတ်ထား၊ လတိုင်း လကွယ်ညမှာ တစ်ကောင်ကို အမဲသားတစ်ပိဿာစီ ကျွေး"

"အမဲသား မကျွေးရင် ဘာဖြစ်မှာလဲ ဆရာ"

"မကျွေးရင် မင်းကို စားမှာပေါ့"

"အာ – ကြောက်တယ် ဆရာမကျွေးရဲဘူး"

"ဒီကောင်ကို ပြောနေလို့ မဖြစ်ဘူးဟေ့၊ မင်းတို့ (၂)ကောင် သွားကြတော့"

ဒီအချိန်မှာ နော်သဲမြမှာ စားမဝင် အိပ်မပျော်ဖြစ်လာပြီး ဗိုက်ကလည်း ကြီးလာသည်၊ မိဘများက ကိုယ်ဝန်ရသည်ဆိုပြီး အစားအသောက်များ အမျိုးမျိုး ချက်ကျွေးကြသော်လည်း စားမဝင်ပါ၊ ယောကျ်ားဖြစ်သူ တောလည်း မနိုင်သည့်ဘက်မှ အားပေးပြုစုရှာသည်၊ ရွာထဲမှ လက်သည်များက ကိုယ်ဝန်မဟုတ် ဝထမကိုယ်ဝန်ရသည်ဟု ပြောကြပြီးနောက်ပိုင်း ဘာမှ မပြောကြ



www.burmeseclassic.com

www.burmeseclassic.com

တော့ပါ။ ဗိုက်ကလည်း တစ်နေ့တခြား ပူလာပြီး အစားမစားနိုင်၊ မအိပ်နိုင် ဖြစ်လာသည်။ ရောဂါရှာမရ။

ထိုအချိန်မှာ သူတို့ရွာကို ဆရာတစ်ယောက် ရောက်လာသည်။ ထိုဆရာမှာ ရွာဦးကျောင်းဆရာတော်ကျောင်းမှာ ခေတ္တတည်းခိုနေပြီး တောင်ပေါ်မှာရှိသော စေတီမှာ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ရန် ရောက်လာခြင်းဖြစ်သည်။ ထိုဆရာ ခေတ္တနေထိုင်စဉ်မှာ ရွာထဲမှ နော်သဲမြအကြောင်း ကြားရ၍ ရွာသားတစ်ယောက်နှင့် သွားကြည့်သည်။ ရွာသားက နော်သဲမြမိဘများကို ဆရာ့အကြောင်း ပြောပြမိတ်ဆက်ပေးပါသည်။

"ဆရာ့ကို အပ်ပါသည်၊ ကယ်နိုင်ရင် ကယ်ပေးပါ။ ကျွန်တော့် တတ်နိုင်သလောက် ကန်တော့ပါ့မယ်"

"ကျွန်တော် ငွေကြေးအဓိက ထားသူမဟုတ်ပါဘူး။ ကာယကံရှင်များ ခွင့်ပြုရင် မေတ္တာနှင့် ကုသကြည့်ပါ့မယ်"

"ဆရာတွေလည်း စုံနေပြီး ဆရာ့ကို အပ်ပါတယ် ကုပေးပါ"

"ကြည့်ရတာ – ရောဂါတော်တော်ကျွမ်းနေပြီ။ လူနာကံ၊ ကျွန်တော့်ကံ ပေါ့ဗျာ။ ကုကြည့်မယ် – ကျွန်တော် လိုချင်တာတွေသာ လုပ်ပေးပါ"

"ဆရာလိုအပ်တာပြောပါ – လုပ်ပေးပါ့မယ်"

"လောလောဆယ် ကန်တော့ပွဲတစ်ပွဲနှင့် ဘုရားပန်းတွေလဲပြီး ဘုရားကျောင်းဆောင်ကို သန့်ရှင်းရေးလုပ်ပေးပါ။ သောက်တော်ရေ ဆီမီးမပြတ်အောင် ပူဇော်ပါ။ နောက်ပြီး – အိမ်ကိုလည်း သန့်ရှင်းအောင်လုပ်ပြီး နံ့သာရည်ဖျန်းပေးပါ"

"ဟုတ်ကဲ့ – လုပ်ပေးပါ့မယ်"

"နောက်တစ်ခုက လူနာကို သန့်ရှင်းအောင်လုပ်၊ အဝတ်အစားလဲပြီး ဘုရားကျောင်းဆောင်ရှေ့ထုတ်ထားပေး၊ ဘုရားအာရုံပြုပါစေ"



ဆရာက ကန်တော့ပွဲကိုယ်တိုင်ပြင်ပြီး လည်ပင်းမှာ ဆွဲထားသော ပုတီးကိုပွဲထဲထည့်လိုက်ပြီး ဆီမီးများထွန်းပွဲကိုလှူသည်။ ထိုလူနာအား ဘုရားကိုအပ်သည်။ ထို့နောက် လူနာအနားသွားပြီး ပြောစရာရှိသည်တို့ကို ပြောသည်။

"ငါနမ – ခုချိန်ကစပြီး ဘုရားကို စိတ်ထဲကနေ ရှိခိုးနေပါ။ ကိုယ်လည်း မသေဘူးလို့ မှတ်ထားရမယ်။ ပြောတာကို ကြားလား"

"သူ စကားမပြောနိုင်သော်လည်း သတိကောင်းတယ်။ ဆရာပြောတာ ကြားပါတယ်"

"ကျွန်တော် အဓိဋ္ဌာန်ဝင်နေစဉ်မှာ တတ်နိုင်ရင် အိမ်သားတွေလည်း ဘုရားရှိခိုးပုတီးစိပ်ပါ"

"ဟုတ်ကဲ့ – ကျွန်တော်တို့အားလုံး ရှိခိုးပါမယ်"

"ဆရာ ကုသတာ ပျောက်၊ မပျောက်ဆိုတာကိုတော့ မနက်ဖြန်မှ ပြောပါ့မယ်။ ကဲ – ခုချိန်ကစပြီး အဓိဋ္ဌာန်ဝင်မယ်။ စကားမပြောကြပါနှင့်"

မှာစရာရှိသည်တို့ကို မှာကြားပြီး ဆရာစပြီး အဓိဋ္ဌာန်ဝင်သည်။ အဓိဋ္ဌာန်ဝင်ပြီး နာရီဝက်ကျော်ကျော်မှာ အိပ်ရာက မထနိုင်သော လူနာမှာ ကုန်းထနေသည်ကို အိမ်သားများကတွေ့၍ အနားသွားပြီး ပိုင်းထူပေးကြသည်။ လူနာက ထိုင်မခံဘဲ ရုန်းပြီး အသံမာမာနှင့် ရန်တွေ့သည်။

"ငါ့ကို မကိုင်ကြနှင့်၊ ငါ ထနိုင်တယ် ဖယ်ပေး၊ နောက်ဖေးသွားမလို့"

"အမိုးပို့ပေးမယ်လေ၊ အားမရှိဘူး လဲကျသွားလိမ့်မယ်"

"ငါ နေကောင်းချင်ရင် ဟိုဆရာကို မောင်းထုတ်လိုက်၊ ငါ့ကို ဒုက္ခပေးမှာချည်ပဲ"

"ဆရာ့ကို မပြောပါနှင့်၊ သူက သူတော်ကောင်းပါ"

"အမိုး – ဆရာက ထလာပြီ။ ဘာမှမပြောဘဲ တိတ်တိတ်နေပါ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာက အစိဋ္ဌာန်ဝင်နေရာမှကြား၍ လူနာအနားကို ရောက်လာသည်။ ဆရာ ရောက်လာသည်နှင့် လူနာမှာ မေ့လဲကျသွားပြီး သတိမေ့သွားသည်။ တောက လူနာကို ပွေ့ထားရာမှ အိပ်ရာမှာ ပြန်သိပ်ပေးလိုက်သည်။

"ဆရာမသိဘဲ ဘယ်မှမထသွားစေနှင့်၊ အဲဒါခင်ဗျားတို့ သမီးမဟုတ် ဘူး၊ "ကဝေမ" အပြင် ခေါ်ထုတ်သွားပြီး သတ်လိုက်လိမ့်မယ်၊

"ဟုတ်ကဲ့ – ဆရာ၊ ကျွန်တော် နားလည်ပါတယ်၊ အသံက ကျွန်တော် မိန်းမအသံမဟုတ်ဘူး"

"ဆရာပြောတာ သေသေချာချာနားထောင်၊ ခုချိန်ကစပြီး သူ့ကို ချ တော့မယ်၊ သူ ဘာပဲပြောပြော လုပ်မပေးနှင့်၊ လုပ်ပေးရင် ခင်ဗျား မိန်း သေလိမ့်မယ်"

ဒီလိုနှင့် နံနက်လင်းသောအခါ ဆရာက အိမ်ရှင်ထံမှ ထွေးခံတစ် တောင်း၍ လူနာကို အနန်းစိုင်းသည်။

"ခင်ဗျား – သေသေချာချာ နားထောင်ပါ၊ ဆရာက မေတ္တာသမား လို့ ဒုက္ခမပေးချင်ဘူး၊ ခု – ခင်ဗျား ပညာတွေကို အကုန်ပြန်ထုတ်ပါ၊ မထု ရင် အာဋာဝကအင်းနှင့် တိုက်မယ်"

"တစ်ကြိမ်တစ်ခါ သူများကို အကူအညီပေးမိတာပါ၊ ခု – ထုတ်ပေး မယ်၊ အာဋာဝက အင်း – မတိုက်ပါနှင့်"

ဆရာ အမိန့်ပေးလိုက်သည်နှင့် နော်သဲမြ အဆက်မပြတ် အန်ရ ရာ သွေးများနှင့်အတူ အမဲသားတုံးကြီး ကျလာရာ ထွေးခံတစ်လုံးမ အန်ပြီးသည်နှင့် ဗိုက်မှာ ယခင်အတိုင်း ကောင်းသွားသည်၊ ဆရာက သေ ချာချာကြည့်ပြီးနောက် ကဝေမကို အောက်ပါအတိုင်း ပြောသည်၊

"လူနာနှင့် အငြိုးအတေးမရှိဘဲ လုပ်သည့်အတွက် ဒီရေမန်းကို သော ပြီးမှ သွားရမယ်၊ ဘယ်လိုလဲ – သောက်မှာလား"

"သောက်ပါ့မယ် – ဆရာနှင့်တွေ့ပြီးနောက် ဒီပညာနှင့် လုပ်ကိုင်မစား တော့ဘူးဆိုတာ ကျွန်မ ကတိပေးပါတယ်၊ ကျွန်မ ဘယ်သူဆိုတာတော့ မပြောဖို့ တောင်းပန်ပါတယ်"

"ဒီအတွက် မပူနှင့် စိတ်ချ၊ ဆရာလည်း ခုပဲ ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ တောင်ပေါ်ကို သွားတော့မယ်"

နော်သဲမြ နေကောင်းသွား၍ အိမ်သားများက ဆရာကိုငွေများ၊ အဝတ် အစားများနှင့် ကန်တော့ကြသည်၊ ဆရာက လက်မခံပါ၊ ထိုအခါ နော်သဲမြနှင့် တောက ဆရာ့ကို ကန်တော့ကြပြီး ဆရာသွားလိုသော တောင်ခြေရင်း ကို လှည်းနှင့် လိုက်ပို့ပေးကြသည်။

မေတ္တာစေတနာဖြင့် အရာရာကို အောင်နိုင်ရမည်သာတည်း။

→ ညွန့်မောင်ဦး

စာမူရှင်များသို့

ရွေးချယ်သောစာမူများဆို ငြန်သည်ဝေးဖို့ ညီတော့တ်ဝါ၍ စိတ်ပျူပြားထားကြောဝါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




# လပြည့်ညအောက် လှိုင်းပေါ်ကလှေ

သန့်လျှင် လှဝင်း (ပြည့်ချစ်ညီ)

သခုဇာတ်လမ်းနှစ်ပုဒ်မှာ ကျွန်ုပ်၏ ကိုယ်တွေ့ဇာတ်လမ်းများ ဖြစ်ပါ
ည်၊ တဖတ်သူ ဗဟုသုတရစေရန် မရှုံးမချန် ဖော်ပြလိုက်ပါသည်၊
၁၉၅၀ - ပြည့်နှစ်က ဖြစ်သည်၊

ကျွန်ုပ်နာမည် မောင်မဲဖြစ်၏၊ မိဘများပြော၍ ကျွန်ုပ် အသက် (၂၀) ရှိပြီ
ဆိုရပြီး ကျွန်ုပ်က အသားမည်း၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ဇလ
င်းကောင်း ဖြစ်သည်၊ ကျွန်ုပ်နေတာက မြန်မာပြည်အလယ်ပိုင်း၊
င်တွင်းကြီးမြို့နယ်အတွင်းရှိ ဆတ်သွားရွာတွင် နေထိုင်၏၊ မိဘများမှာ
ယ်စဉ်ထဲက သူရင်းငှား (စာရင်းငှား) စပါးပေးဖြင့် လယ်အငှားလုပ်
၊ ဆင်းရဲပြီး ယနေ့ချိန်ထိ ဘုန်းတော်ကြီးကျောင်းပင် မနေရ၊ စာနင့်
ဘ်၍ ဘာမှမသိ၊ ကျွန်ုပ် (၁၀) နှစ်သားအရွယ်မှစပြီး မိဘ လယ်
ငှားလုပ်ရာတွင် ဝိုင်းကူလုပ်ခဲ့ရ၏၊ ရွာမှာ အိမ်ခြေ (၁၅၀) ခန့်ရှိပြီး
လယ်၊ ကိုင်းလုပ်ကိုင်ကြသည်၊ ကျွန်ုပ်မှာ ညီအစ်ကိုမောင်နှမလည်း
မျိုးသားချင်းလည်း ဆင်းရဲလွန်း၍ အခေါ်အပြော၊ အသွားအလာ
ပြီဖြစ်၍ ဆွေပြတ်မျိုးပြတ်လို ဖြစ်နေ၏၊ ကျွန်ုပ်သိတတ်တဲ့ (၅) နှစ်၊

www.burmeseclassic.com

(၆)နှစ်အရွယ်မှစပြီး ယခုထိ ဆွေမျိုးသားချင်း မတွေ့ဘူးခဲ့ပါ၊ တစ်ရွာလုံးက ကျွန်ုပ်ကို "ငမဲ" ဟု ခေါ်၏။

ကျွန်ုပ် ရွာမှာ သူငယ်ချင်းတစ်ယောက် ရှိသည်၊ မောင်စိန်(ခေါ်)ငစိန် ဖြစ်၏။ သူလည်း ကျွန်ုပ်လို ဘဝတူပဲဖြစ်ပြီး မိုးကျလျှင် ဖားရိုက်၊ ငါးရှာ၊ နွေ ရောက်လျှင် ကြွက်ထိုး၊ တောတန်းဝင် များဖွပ်၊ ငှက်ပစ်ခြင်းဖြင့် သံသ လည်ခဲ့၏။ ငစိန်မှာ ကျွန်ုပ်နဲ့ သက်တူရွယ်တူခန့်ဖြစ်ပြီး ကျွန်ုပ်ထက် ခန္ဓာကိုယ် အနည်းငယ်သေးပြီး အသားညိုဖြူ သတ္တိရှိ၏။ ကျွန်ုပ်က တစ်ခုထူးသည် ကျွန်ုပ်မျက်နှာမှာ ကျောက်ပေါက်မာ ရှိုင့်ခွက်များရှိပြီး ငယ်စဉ်ကျောက်ပေါ ရောဂါဖြင့် သေပြီထင်၍ ကျွန်ုပ်မိဘ နှစ်ဦးတည်း သုသာန်ပို့စဉ် မြေကျင်း ရောက်မှ လှုပ်လာ၍ သေတွင်းထွက်ဟု မိဘပြော၍ သိရ၏။ ဒါကြောင့် ကျွ ယနေ့အချိန်ထိ ကြောက်စိတ်ဆိုတာ ဘာလဲဟု သိချင်၏၊ မေးလိုက် တော့သည်၊

ငစိန်နှင့် ကျွန်ုပ်တို့အိမ်က ရွာအစွန် လယ်ကွင်းစပ်မှာ တဲထိုးပြီး မ မကမ်းမှာ နေကြသည်၊ ကျွန်ုပ်တို့နှစ်ဦးမှာ အရုပ်ဆိုတာလည်း မသိ၊ ဓ ဆိုတာ မိဘမှလွဲ၍ ကျွန်ုပ်တို့ ဘာမှမသိ၊ ဒါပေမဲ့ – ဘုရားတော့ ကျွန် သိသည်၊ ကျွန်ုပ် မူးလျှင်ဖြစ်စေ၊ မမူးလျှင်ဖြစ်စေ ညအိပ်လျှင် အိပ်လ နဖူးပေါ် လက်တင်ပြီး ဘုရားနှင့် မိဘအား အမြဲကန်တော့၏။

ကျွန်ုပ်နဲ့ ငစိန်က ထန်းရည်,ချက်အရက်သောက်ရင်လည်း အတူ မူးချင်၍ သောက်ရန်ငွေမရှိလျှင် အခြားရွာများမှ ကောက်ညှင်းစပါး ကောင်းသည့် လယ်ကွက်ကိုရှာပြီး ညအချိတ် ကတ်ကြေးဖြင့် အနံ ဖြတ်ခိုးသည်၊ များများရလျှင် ပြန်ရောင်း၏၊ ဒါ့အပြင် အခြားရွာမှ ခိုး၍သတ်ပြီး အသားရောင်း၏၊ ၎င်းအသားဖြင့် အမြည်းလုပ်တ ကျွန်ုပ်က နွားအရှင်တစ်ကောင်ကို ထမင်းတစ်အိုးချက်အတွင်း အ ခြေလက်စဖျောက်ပြီး အသားထုတ်ပြီးသည်အထိ မြန်ဆန်စွာ လု ရှိ၏၊ သို့ရာတွင် ကျွန်ုပ်တို့နှစ်ဦးမှာ စည်းရှိသည်၊ ကျုပ်တို့ရွာသ လယ်နှင့်နွားများကို ဘယ်တော့မှ မခိုး၊ မသတ်ဖြတ်ခြင်းဖြစ်၏ ခပ်ဝေးဝေးရွာမှ ကျွန်ုပ် မသိသူများ၏ လယ်နှင့်နွားကိုသာ လုပ်ေ





အဲ့ဒီညကိုတော့ ကျွန်ုပ်တစ်သက်နှင့်အမျှ ဘယ်တော့မှ မမေ့၊ နေ့ခင်း လောက်မှာ ကျွန်ုပ်နဲ့ ငစိန်ဆုံပြီး ငွေလည်းမရှိ၊ နွားခိုးပေါ်ရောင်းရန်လည်း ခိုးရန်နွားလည်း မတွေ့သေး၍ အခက်ကြုံနေ၏၊ ငစိန်မှ –

"ဟိုဘက် နှစ်ရွာကျော်မှာ ထန်းညီနောင်လယ်ကွက်အနီး ကောက်ညှင်း ပါးကွက်က စပါးနှံတွေ အသီးကောင်းတယ်၊ လယ်စောင့်တဲလည်း မရှိတာ ကို လွန်ခဲ့တဲ့နှစ်ရက်က ဖြတ်သွားတုန်း သတိထားမိခဲ့တယ်ကွ၊ လူသွားလူ လာလည်း မရှိတော့ ဒီနေ့ည သွားခိုးကြမယ်ကွာ"

"အင်း ..."

ကျွန်ုပ်လည်း စဉ်းစားရ၏၊ ထန်းညီနောင် လယ်ကွက်မှာ ကျွန်ုပ် ငယ်စဉ်က အဖေနဲ့အတူ တစ်ခါဖြတ်သွားဖူးသည်၊ အခြားဝန်းကျင်နေရာများ ကျွန်ုပ် မရောက်ဘူးတာမရှိ၊ အဖေနဲ့ပါလာတဲ့ မိတ်ဆွေက –

"ဒီလယ်ကွက်ဝန်းကျင်က ထန်းညီနောင်လယ်ကွက်ဝန်းကျင်လို့ ခေါ် တယ်၊ မြေကြမ်းတယ်ပြောတာပဲ၊ လယ်ပိုင်ရှင်က လယ်စိုက်ပြီး ပစ်ထားတာ၊ ပိုင်းပဲ လာကြည့်တယ်၊ သူရင်းငှားတောင် သိပ်မလုပ်ချင်ကြဘူး၊ လယ် ချိန်,စပါးရိတ်ချိန်၊ သီးနှံစိုက်ချိန်တွေမှာ အသီးအနှံကောင်းအောင်၊ တော့ – လူနဲ့တိရစ္ဆာန် မဖျက်ဆီး မခိုးအောင် အသားစိမ်း၊ ငါးစိမ်းတွေနဲ့ အတကျွေးတယ် ပြောကြတယ်ဗျ၊ အင်း – ညပိုင်းသွားလာရင် ဒီဝန်းကျင် ရှောင်သွားကြတာများတယ်"

ဟု ပြောသည်ကို ကျွန်ုပ် သတိရမိ၏၊ ညပိုင်း လူသွားလူလာ မရှိသည်ကို ကျွန်ုပ် သဘောကျ၏၊ ကောက်ညှင်းစပါးနှံများ စိတ်ကြိုက် ဖြတ်ခိုးနိုင်သည်၊ သည်လည်း လပြည့်ညဖြစ်၍ လသာမည်၊ အမြင်ရှင်းကောင်းစွာ ကျွန်ုပ် ယနေ့ညခိုးရန် သဘောတူလိုက်၏။

နေဝင်ချိန်တွင် ကျွန်ုပ်သည် ဂုန်နီအိတ်အကြီးအပေါင်း(၂)လုံး၊ သံချိတ် တတ်ကြေးကြီးတစ်လက်၊ ကြွက်ထိုးရာတွင်သုံးသည့် တစ်လုံးထိုး ချောင်း၊ မြွေအန္တရာယ်ကာကွယ်ရန် ကျုပ်အဖေ စစ်အတွင်း ရခဲ့



www.burmeseclassic.com

သည့် ဂျပန်စစ်ဗိုနပ်ကြီးအဟောင်းအားစီး၍ အသင့်လုပ်ထား၏။ နေရောင် ပျောက်ပြီး လရောင်အလင်းရောက်ချိန်တွင် ဇေိနိရောက်လာသည်။ ဇေိန် တွင်လည်း ကျွန်ုပ်လို ပစ္စည်းအစုံ ပါလာပြီး ချက်အရက်တစ်ပိုင်း ဘယ်က ရသည်မသိ၊ ကျွန်ုပ်ကို ပေး၏။ ကျွန်ုပ်လည်း အားရဝမ်းသာနဲ့ အမြည်းမပါ ရေမရောဘဲ သုံးကြိမ်မော့သောက်လိုက်၏။ ကျွန်ုပ်မှ အမေ့အား အလုပ် ကြောင်းပြောပြီး နှစ်ဦးသား ထွက်ခဲ့တော့သည်။ ကျွန်ုပ်အမေက ကျွန်ုပ် ဘာလုပ်မည်ကို ကြိုတင်သိပြီးဖြစ်မည်၊ အဖေက အိမ်ပြန်မရောက်သေး ကျွန်ုပ်နဲ့ဇေိန် လပြည့်ည လ.အလင်းရောင်ဖြင့် ဇေိန် ရှေ့မှဦးဆောင်ပြီး မြောက်ဘက်လယ်ကွက်များ၊ တောတန်းများဖြတ်ပြီးအတော်သွားခဲ့ကြ၏ ကျွန်ုပ်တို့ နှစ်နာရီကျော်ခန့်သွားပြီး တောတန်းတစ်ခု တွေ့လိုက်ရသည် ဇေိန်မှ –

"ဒီတောတန်းကျော်ရင် ထန်းညီနောင်လယ်ကွက်ပဲ"

ဟုပြော၏။ ကျွန်ုပ်တို့ခဏအကြာ တောတန်းလွန်သည်နှင့် စပါးပင်များ နှင့် လယ်ကွင်းကြီးအား တွေ့လိုက်ရသည်။ လ.အလင်းရောင်ဖြင့် တွေ့လိုက် ရသည့် စပါးနံများမှာ ကောင်းလိုက်သည်ဖြစ်ခြင်း။ ကောက်ညှင်းစပါးနံ့အ မွှေးကလည်းလေနဲ့အတူပါလာ၍ကျွန်ုပ်တစ်ဝကြီးလေရှူပစ်လိုက်၏။ကျွ တို့နှစ်ဦးခေတ္တထိုင်၍ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကိုယ်စီသောက်လိုက် သည်၊ ပတ်ဝန်းကျင်လေ့လာရာ ခပ်လှမ်းလှမ်းလယ်ကွက်တွင်း ထန်း ပင် တွေ့ရ၏၊ ကျွန်ုပ်တို့ညာဘက်မှ ထန်းပင်သည် အနည်းငယ် နိမ့်သည် မှတ်သားထားလိုက်သည်၊ ကျွန်ုပ်မှာရေဘူးပါမလာ၍ဇေိန်၏ဘူးသီးခြော ရေဘူးအား တောင်းသောက်လိုက်၏။ ကျွန်ုပ်တို့နှင့်အနီးဆုံး စပါးခင်း ကောက်ညှင်းစပါးဖြစ်ကြောင်း သိလိုက်သည်၊ ကျွန်ုပ်နဲ့ ဇေိန်လည်း လ ကွက်တစ်ကွက်စီ ခွဲလိုက်ပြီး တစ်ဦးနဲ့တစ်ဦး လေချွန်အချက်ပေး ပြောလိုက်၏။

ကျွန်ုပ်လည်း တစ်ဖက်ရှိလယ်ကွက်သွားပြီး အကောင်းဆုံး၊ အအော ဆုံးကောက်ညှင်းစပါးနံ့အား ကတ်ကြေးဖြင့် ကိုက်ဖြတ်တော့၏၊ ကျွ



စပါးနံ့များ ဖြတ်လိုက်၊ အိတ်အတွင်း ထည့်လိုက်၊ ကောင်းသည့် စပါးအခင်း ရှာလိုက်နှင့် အတော်ကြာသွားပြီး ချွေးရွှဲလာ၏။ လပြည့်ညဖြစ်၍ အလင်း အားကောင်းသည်၊ ကျွန်ုပ်လည်း ရံဖန်ရံခါ စပါးနံ့အိတ်အတွင်းထည့်ရင်း လေချွန်အချက်ပေး၏၊ တစ်ဖက်ခပ်လှမ်းလှမ်းမှ လေချွန်သံ ပြန်ကြား၏၊ တစ်ခါတစ်ရံ တစ်ဖက်မှ လေချွန်၏၊ ကျွန်ုပ်ကလည်း ပြန်အချက်ပေး၏၊ ကျွန်ုပ်နှင့် ဇေိန် သိပ်မဝေးဘူးဟု ထင်ရသည်။



ကျွန်ုပ်လည်း ရေသောက်ပြီး၍ အနီးမှတ်ကွက်လောက်ကို ရှေ့မှတ်နှင့် နီးရေအိုးအဖုံးအား ဖွင့်လိုက်ရာ ရေအိုး အတွင်းမှ ဆံပင်ရှုပ်ပွားပြီးထန်သော အပုပ်နံ့ကြီး ထောင်းခနဲရပြီး သောက်တောင်မွှေးမွှေးများ ရေအိုးနှုတ်ခမ်းပေါ် ပြေးနေသည်ကို ထိတ်ခနဲ တွေ့လိုက်ရ၏။

www.burmeseclassic.com

ကျွန်ုပ် စပါးနှံဖြတ်သည့်အရေအတွက်သည်မနည်းတော့၊ အချိန်လည်း အတော်ကြာလာ၏၊ ဂုန်နီအိတ်တစ်အိတ် မပြည့်သေး၊ ကျွန်ုပ် ဇဝေဇဝါဖြစ်လာ၏၊ အိတ်များ အပေါက်ပါသလားဟု ပြန်ကြည့်မိ၏၊ အိတ်မပေါက်၊ စပါးနှံအိတ်တစ်ဝက်ပဲ ရှိသေးသည်၊ ကောင်းကင်ကြည့်ရာ ခုနစ်စင်ကြယ်ပြောင်အမြီးထောင်ပြီဖြစ်၍ ည(၁၂)နာရီ (သန်းခေါင်)ရောက်ပြီဖြစ်ကြောင်း သိလိုက်သည်၊ ၎င်းအချိန်တွင် တိမ်တိုက်များ အုပ်လာ၍ အတော်မှောင်သွား၏၊ ကျွန်ုပ်လည်း ဒီအချိန်နှင့် စပါးနှံ အိတ်တစ်ဝက်သာရတာ မဖြစ်နိုင်၍ဘေးဘယ်၊ညာကြည့်လိုက်၏၊ လေလည်းရှူးလိုက်သည်၊ တစ်ဖက်မှ ဘာသံမှမကြား၊ ကျွန်ုပ် ခပ်ကျယ်ကျယ် လေချွန်လိုက်၏၊ ဘာသံမှ ပြန်မကြား၊ ကျွန်ုပ် သတိရ၍ ထန်းညီနောင်နှစ်ပင်အား ကြည့်လိုက်ရာ ထန်းနှစ်ပင်မှာ လေမတိုက်ပဲ တစ်ပင်နှင့်တစ်ပင် ယှက်၍ယိမ်းထိုးနေ၏၊ "ဟဲဟဲ - ဟဲဟဲ" အသံအကျယ်ကြီး ကြားရ၏၊

ကျွန်ုပ် တစ်သက် တစ်ခါမှ မကြုံဘူး၊ မဖြစ်ဘူးသော ကျွန်ုပ်ကိုယ်လုံး ဖောင်းကြွသွားပြီး ဆံပင်မွေးများ ထောင်မတ်သွား၏၊ ထန်းနှစ်ပင်မှာ ဘယ်ညာယိမ်းနွဲ့ပြီး မကောင်းဆိုးဝါးနှစ်ကောင် က,နေသလို ဖြစ်နေသည်၊ ကျွန်ုပ်လည်း ငစိန်အား လေချွန်မနေဘဲ "ဟေး" ဟု အချက်ပေး၏၊ ဘေးပတ်လည်မှ "ဟေး" "ဟေး" ဟု လေးငါးနေရာမှ ပြန်အော်၏၊ တစ်ခုခု တော့ဖြစ်ပြီဟု သိလိုက်ပြီး စပါးနှံအိတ်တစ်ဖက်အား ဆွဲလိုက်ပြီး လယ်ကွင်းထဲမှ ထွက်ခဲ့၏၊ ငစိန်အား ဝန်းကျင်ရှာဖွေရာ လှုပ်ရှားမှုမတွေ့ရ၊

ကျွန်ုပ်တို့လာစဉ် တောတန်းအားကြည့်ရာ ဘာမှမတွေ့၊ ဝန်းကျင် လယ်ကွင်းများသာ ဖြစ်နေ၏၊ ကျွန်ုပ် ကြည့်ရင်း ကြည့်ရင်း လမ်းလွဲပြီဟု သိလိုက်ပြီ၊ ထန်းနှစ်ပင်မှာ ငြိမ်သွား၏၊ ထန်းနှစ်ပင်မှ အနည်းငယ်နိမ့်သည့်အပင်မှာ ကျွန်ုပ်ဘယ်ဘက်တွင် ရှိနေ၏၊ ကျွန်ုပ်လည်း ဆန့်ကျင်ဘက်ဖြစ်သွားပြီဖြစ်၍ တစ်ဖက်သို့သွားရန် ထန်းနှစ်ပင် ခပ်လှမ်းလှမ်းမှ ကွေ့ပိုက်သွားစဉ်မီးအနည်းငယ်လင်းနေသည့်တဲတစ်တဲအား တွေ့လိုက်၏၊ ကျွန်ုပ်တို့လာခဲ့သည့် တောတန်း မတွေ့ရ၊ ကျွန်ုပ်တို့လာစဉ် ထိုတဲအား မတွေ့ရ၊ ကျွန်ုပ်လည်းရေလည်းဆာ၊ လမ်းအားမေးရန်၎င်းတဲနားသို့သွားခဲ့၏၊ တဲအနီး



ရောက်စဉ် ကျုပ်တစ်ကိုယ်လုံး အလိုအလျောက် ကြက်သီးမွေးညင်း ထ,ပြန်၏၊ ကျွန်ုပ် မကြောက်ပါ၊ လက်တွင်း ကြွက်ထိုးသည့်မှိန်းအား ဆုပ်ကိုင်ထား၏၊

ကျွန်ုပ် တဲအနီး ဝါးတစ်ပြန်အရောက် "အိမ်ရှင်တို့ - အိမ်ရှင်တို့" ဟု လှမ်းခေါ်ရာ တဲအတွင်းမှ "ဟူး" ဟု ပြန်ထူး၏၊ ကျွန်ုပ်လည်း တဲနားကပ်၍ ငုံ့ကြည့်ရာ မီးခွက်တစ်ခုဖြင့် မိန်းမတစ်ဦး ထမီရင်လျားဖြင့် တဲဝင်ပေါက် ကျောမှိန်း၍ ဆံပင်ဖားလျားချ ခြေဆင်းထိုင်သည်ကို တွေ့ရ၏၊ သေချာကြည့်မှ ကလေးတစ်ဦး နို့တိုက်နေသည်ကို တွေ့ရ၍ -

"ကျွန်ုပ် လမ်းပျောက်ပြီး ရေဆာလာလို့ ရေတစ်ခွက်တိုက်ပါ"

ဟု ပြော၏၊ ၎င်းမှ "အင်း" ဟုပြောပြီး တဲစက်မြိတ်အောက်ရှိ ရေအိုးအား လက်ညှိုးထိုးပြ၏၊ ကျွန်ုပ်လည်း ရေသောက်လို၍ အုန်းမှုတ်ခွက်လက်ကိုင်ရေမှုတ်နှင့် နီးရေအိုးအဖုံးအား ဖွင့်လိုက်ရာ ရေအိုးအတွင်းမှ ဆိုးရွားပြင်းထန်သော အပုပ်နံ့ကြီး ထောင်းခနဲရပြီး လောက်ကောင်ဖွေးဖွေးများ ရေအိုးနှုတ်ခမ်းပေါ်ပြေးနေသည်ကိုထိတ်ခနဲ တွေ့လိုက်ရ၏၊ ကျွန်ုပ်လည်း ချက်ချင်း တဲအပေါက်ရှိမိန်းမအား ကြည့်လိုက်ရာ ကျုပ်တစ်သက် မကြုံဘူး၊ မမြင်ဘူးသော တစ်ကိုယ်လုံး အမွေးအမှင်များဖြင့် နားရွက်ကြီးကြီး၊ မျက်လုံးပြူးပြူးနီကြောင်ကြောင်အကောင်ကြီး နှစ်ကောင်နှင့် အကောင်လေးနှစ်ကောင်အား ပြူးခနဲတွေ့လိုက်ရ၏၊

ကျွန်ုပ်လည်း ခေတ္တကြောက်စိတ်ဝင်သွားပြီးမှိန်းအားလက်မှ ကျစ်ကျစ်ပါအောင်ဆုပ်၍ "အောင်မာ - ငါ့ကိုများ စမ်းနေတယ်၊ မှိန်းစာမိသွားမယ် - တာစမ်း" ဟု ပြောလိုက်စဉ် ၎င်းလေးကောင့်မှာ တဖြည်းဖြည်း ကြီးလာပြီး တဲအပြင် ထွက်လာ၏၊ ကျုပ်ထံ လက်လှမ်းပြီး သွားဖြဲပြရာ သွားအစွယ်များ တော်တော်ကြီးပြီး လ,အလင်းရောင်ဖြင့် ဖွေးခနဲ၊ လက်ခနဲ တွေ့လိုက်ရသည်၊ ကျုပ်လည်း ကျုပ်ထက် အဆမတန်အကောင်ကြီးသော သတ္တဝါလေးကောင်အား မည်သို့မျှနိုင်မည်မဟုတ်မှန်းသိ၍ အိတ်များချခဲ့ပြီး မှိန်းကိုင်၍ တစ်ဖက်သို့ စွတ်လှည့်ပြေးခဲ့တော့၏၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် အတော်လန့်သွားသည်။ ကျုပ်နောက် ခပ်လှမ်းလှမ်းမှ အကြီး နစ်ကောင် လိုက်လာသည်ကို ပြေးရင်း လှည့်ကြည့်မိ၏။ ကျွန်ုပ် ဘယ်ပြေး နေမှန်းမသိ။ လ.အလင်းရောင်ပြန်လင်းလာပြီး အလင်းရောင်ဖြင့် ရင်း နစ်ကောင် ခပ်ဝေးဝေးမှ လိုက်လာသည်ကို တွေ့နေရ၏။ ကျွန်ုပ်ပြေးရင်း မောပြီး ချွေးရွှဲနေပြီ။

ကျွန်ုပ်ပြေးရင်းလယ်ကွက်အတော်များများကျော်လာ၏။ မထင်မှတ်ဘဲ တောတန်းတစ်ခုတွေ့ပြီး မီးတုတ်များ ကိုင်ဆောင်လာသည့် လူတစ်စုအား တွေ့ရ၏။ ကျွန်ုပ်အနားရောက်တော့ ကျွန်ုပ်အဖေ၊ ငစိန်နှင့် အိမ်နီးနားမှ သုံး လေးဦး တွေ့လိုက်ရပြီး ကျွန်ုပ် လဲကျသွား၏။ ကျွန်ုပ် သတိရတော့ အိမ်ပြန် ရောက်နေပြီ။ ကျွန်ုပ်ကို ဝိုင်းမေး၍ ဖြစ်စဉ်အား ပြောပြလိုက်၏။ ငစိန်လည်း ကျွန်ုပ်နဲ့ခွဲပြီး စပါးနံဖြတ်စဉ် လူလိုလိုအကောင်ကြီးကြီး သုံးလေးကောင်မှ ဝိုင်း၍လိုက်ကြောင်း၊ ကျွန်ုပ်ကို လှမ်းအော်ခေါ်သေးကြောင်း၊ နောက်ဆုံး ငစိန် ထွက်ပြေးပြီးရွာပြန်ရောက်၍ကျွန်ုပ်မိဘအားသိပေးပြီးကျွန်ုပ်နောက်လိုက်လာ ခဲ့ကြကြောင်း သိရတော့၏။ ဒါပေမဲ့ - ကျွန်ုပ်မကြောက်ပါ။ နောက်တစ်ခေါက် အဖော် နှစ်ဦး၊ သုံးဦးဖြင့် ထန်းညီနောင်လယ်ကွက်သို့ မရောက်ရောက် အောင် သွားဦးမည်ဟု ဆုံးဖြတ်လိုက်တော့၏။

မှတ်ချက် ။ ။ နောင်(၇)ရက်အကြာနေ့ပိုင်းရင်းတဲအားသွားကြည့်ကြ၏ ဘာမှမတွေ့ပါ။ ထန်းညီနောင်ကား ငြိမ်သက်စွာဖြင့် တွေ့ ၏။

စကားချပ်။ ။ ကျွန်ုပ်ငယ်စဉ်က ဖခင်ကြီးအား တပည့်ဖြစ်သူ တပ်မတော် မှ တပ်ကြပ် ဦးမောင်စိန်(ခ)ငစိန်မှ ကိုယ်တွေ့ဖြစ်စဉ်အား ပြောပြ၍ မှတ်သားပြီး ပြန်လည်ခံစားတင်ပြထားခြင်း ဖြစ် ပါသည်။ မောင်မဲ(ခ)ငမဲမှာ နောင်(၂)နှစ်ခန့်တွင် ပိုးထိ၍ (မြွေကိုက်)ဆုံးသွားရှာပါ၏။



ထူးဆန်းသော ကိုယ်တွေ့နောက်ဖာတ်လမ်းတစ်ပုဒ်ကို ဆက်၍ဖော်ပြ လိုပါသည်။

၁၉၇၃ - ခုနှစ်၊ ဒီဇင်ဘာလ ဖြစ်၏။

ကျွန်ုပ်သည်သန်လျင်မြို့အ.ထ.က(၁)တွင် နဝမတန်းတက်ဆဲ ကျောင်း ပိတ်သောအချိန် ဖြစ်သည်။ ဖခင်မှာ သန်လျင်မြို့ အမှတ် ( ) ခြေလျင် တပ်ရင်းတွင် တပ်ကြပ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်နေပြီး အထက်မှ တာဝန်ပေးချက်အရရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်ရှိ ချောင်းဝ ကျေးရွာ၊ မီးပြကျေးရွာနှင့် ဖွဲဘာကုန်းတန်းကျေးရွာများတွင် ပြည်သူ့ စစ်သင်တန်း ဖွင့်လှစ်သင်ကြားခြင်း၊ မွမ်းမံသင်တန်းများ ပေးခြင်းများကို တာဝန်ယူဆောင်ရွက်နေရသည်။

ကျွန်ုပ်လည်းဒီဇင်ဘာကျောင်းပိတ်ရက်တွင်မရောက်ဘူးသောဒေသသို့ သွားလို၍ဖခင်အား ခွင့်တောင်းပြီး ဖခင်ရှိရာ ဖွဲဘာကုန်းတန်းရွာသို့ သွားခဲ့၏။ ဖခင်ထံ ရောက်သည်နှင့် ကျောင်းပိတ်ရက် သင်ကြားပြီး စာများ ပြန်မကြည့် သဖြင့် ကျွန်ုပ်အား အနည်းငယ်ဆူပူသည်။ ဖခင်ထံရောက်ပြီး နောက်တစ်နေ့ တွင် ကျွန်ုပ်ဖခင်မှ ချောင်းဝ၊ မီးပြနှင့် ဖွဲဘာကုန်းတန်းရွာများ ပြည်သူ့စစ် မွမ်းမံသင်တန်း တစ်ပြိုင်တည်း ဖွင့်လှစ်ရန်ရှိသဖြင့် မီးပြကျေးရွာနှင့် ချောင်းဝ ရွာသို့ လိုအပ်သည်များ မှာကြားရန်နှင့် သင်တန်းအချိန်ဇယားများပေးရန် ချောင်းပြန်သွားရန် စီစဉ်၏။ မီးပြနှင့် ချောင်းဝကျေးရွာတွင် တပ်ကြပ်အဆင့် နှစ်ဦးစီဖြင့် တာဝန်ပေးထားသည်။

ချောင်းရွာနှစ်ရွာအတွက် လိုအပ်သော စာရွက်စာတမ်းများကို ဖခင်မှ ပေးသွားမှလာသော ပလတ်စတစ်လွယ်အိတ်အတွင်းထည့်ပြီး ကျွန်ုပ်အား အပ်နှင်း၏။ ယင်းနောက် ဖွဲဘာကုန်းတန်းရွာလူကြီးများ၊ ပြည်သူ့စစ်အဖွဲ့ဝင် များနှင့် ဖခင်၏ တပည့်တပ်ကြပ်နှစ်ဦးတို့အား မနက်သင်တန်းဖွင့်ပွဲတွင် စားသောက်စာထမင်းကျွေးမည်ဖြစ်၍ အားလုံးပြင်ဆင်ထားရန် ညွှန်ကြားပြီး ချောင်းပြန်ခရီးစဉ်လိုက်မည့် ပြည်သူ့စစ် ဦးမြမောင်၊ ဦးဘဝင်းနှင့် အခြား ရွာသားတစ်ဦးမှာ ရိုင်ဖယ်သေနတ်ကိုယ်စီဖြင့် လိုက်ပါခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးမြခောင်မှာ အသက်(၄၀)ကျော် လူပျိုကြီးဖြစ်ပြီး မိခင်နှင့် ညီမအား ပင်လယ်အတွင်း ငါးဖမ်းပိုက်မျှော၍ လုပ်ကိုင်ကျွေးမွေးနေသူဖြစ်ပြီး ဘုရားတရား ကြည်ညို၍ အေးဆေးစွာ နေတတ်သူ ဖြစ်သည်။

ကျွန်ုပ် အနည်းငယ်ရှင်းပြလိုသည်မှာ ၎င်းရွာသုံးရွာသည် ၎င်းကာလတကျောက်တန်းမြို့မှ မော်တော်စက်လှေဖြင့် ကျိုက်မော်ဝန်း ရေလယ်ဘုရားအနီးဖြတ်ပြီး ချောင်းအတိုင်း တစ်နာရီကျော်ခန့်သွားလျှင် ချောင်းအဆုံးပင်လယ်ဝတွင် ချောင်းဝရွာရောက်ပြီး ၎င်းမှာ ပင်လယ်ကမ်းနားအတိုင်း(၄၅)မိနစ်သွားလျှင် မီးပြရွာ၊ ယင်းမှ တစ်နာရီသို့သွားလျှင် ဖွဲဘာကုန်းတန်းရွာဖြစ်ပြီး နေ့မိုး‌ဆောင်း စက်လှေဖြင့်သာ သွားလာကြရ၏။ ရွာအားလုံးမှာ ကတ္တူရုံငါးကြီးများ ပင်လယ်တွင်း ပိုက်မျှောဖမ်းဆီး၍ ငါးခြောက်ဖေါ်သောရွာများဖြစ်ပြီး ရွာသားအားလုံးနီးပါးမှာ ရေလုပ်သားများ ဖြစ်ကြသည်။ ကူးကျွမ်းကျင်ကြ၏။

၎င်းနေ့မနက်စောစောတွင် ဖွဲဘာကုန်းတန်းရွာမှ ကျောက်တန်းမြို့သို့ ပြေးဆွဲသည့် ခရီးသည်တင် လှူ(၅၀)ဆန့် မော်တော်စက်လှေဖြင့် ဖခင် ကျွန်ုပ်နှင့် ဖြည်သူ့စစ် ငါးဦးသည် ခရီးသည်များနှင့် အတူထွက်ခဲ့၏။ မီးပြရွာ မော်တော်ကပ်၍ ဖခင်၏တပည့် တပ်ကြပ်တစ်ဦး လာကြိုပြီး ၎င်းအား ဖခင်မှ စာရွက်စာတမ်းများပေးပြီး လိုအပ်သည်များ မှာကြားခဲ့၏။ ယင်းနောက် ချောင်းဝရွာသို့ရောက်၍ ကျွန်ုပ်တို့ ဆင်းကြ၏။ မော်တော်မှာ ခရီးသည်များတင်၍ ကျောက်တန်းမြို့သို့ ဆက်ထွက်သွား၏။ မော်တော်ပိုင်ရှင်မှာ မီးပြရွာမှဟု သိရ၏။ ချောင်းဝရွာတွင် ကျောက်တန်းမြို့မှ ထိုအချိန် မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌနှင့်တပည့်တစ်ဦးမှာလည်း သင်တန်းဖွင့်ပွဲများတက်ရောက်ရန် ရောက်နေသဖြင့် ဖခင်နှင့်အတူ လိုအပ်သည်များ စီစဉ်ညွှန်ကြားကြ၏။

ညနေ ငါးနာရီခန့်တွင် ဖွဲဘာကုန်းတန်းပြန်ရန် မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌလည်း လိုက်မည်ဖြစ်၍ ကျောက်တန်းမြို့မှ ခရီးသည်တင် မော်တော်စက်လှေလာလျှင် စောင့်ထားပေးရန် ရွာသားများအား မှာကြားထား၏။ စက်လှေ အင်ဂျင်သံ သည် ရွာအတွင်းမှလည်း ကြားရသည်။ ယနေ့ ရေကျ



ညနေ ငါးနာရီမှ ခြောက်နာရီအတွင်း မော်တော်စက်လှေဆိုက်ကပ်မြဲ ဖြစ်ကြောင်း သိရ၏။ သို့ရာတွင် ထိုနေ့တွင် စက်လှေသည် ည ရှစ်နာရီထိုးပြီးချိန်အထိ ရောက်မလာခဲ့ပါ။ ကျွန်ုပ်ဖခင်နှင့် လူကြီးများလည်း ယနေ့ည ရွာပြန်ရောက်မှ မနက်ဖွင့်ပွဲအစီအစဉ် အဆင်ပြေမည်ဖြစ်၍ တွေးပူပြီး ပြောဆိုနေကြ၏။ စက်လှေရောက်နိုး‌ရောက်နိုးဖြင့် ညနေစာလည်း မစား၊ ရေနွေးကြမ်းဆန်းလျက်နှင့် ငါးခြောက်ဖုတ်သာစားပြီး စောင့်နေကြရသည်။

ည ဆယ်နာရီခန့်တွင် ခပ်ဝေးဝေးမှ မော်တော်သံကြားသဖြင့် အားလုံးထမ်းသာသွားပြီး ရွာတွင်းမှ ချောင်းစပ်သို့ ဆင်းခဲ့ကြ၏။ ချောင်းမှာ ရေကျချိန်ပေ(၄၀၀)ခန့် ကျယ်၏။ ချောင်းစပ်တွင် အခြားခရီးသည်အမျိုးသားလေးဦးခန့် တွေ့ရပြီး ခပ်လှမ်းလှမ်းတွင် ကောင်းကင်၏ မိုးပြာရောင်အလင်းဖြင့် ပင်လယ်ဝရေပြင်ပြာလဲ့လဲ့အား လှပစွာ တွေ့နေရ၏။ ဖခင်ဦးစီးသော ကျွန်ုပ်တို့အဖွဲ့ ပါတီယူနစ်ဥက္ကဋ္ဌနှင့် တပည့်၊ ခရီးသည်စုစုပေါင်း (၁၃)ဦးခန့် ချောင်းစပ်ကမ်းပါးများအတွင်း ဖိနပ်ကိုယ်စီချွတ်ကိုင်၍ စောင့်နေကြ၏။ ယူနစ်ဥက္ကဋ္ဌမှာ ဓာတ်မီးအသေးတစ်လက်ပါလာ၍ တော်သေး၏။

ခဏအကြာ အိုးစည်၊ ဗုံသံများ ဆူညံစွာ ကခုန်နေသံများဖြင့် မော်တော်စက်လှေမှာ ကမ်းမကပ်ပဲ ချောင်းရေလယ်ရေစုန်တွင် ဖြည်းညင်းစွာ မောင်းနေသည်ကို တွေ့ရသည်။ လူများမှာ စက်လှေအမိုးပေါ်တွင်ပါ စီးနင်းလာကြ၏။ ကျွန်ုပ်တို့နှင့် စက်လှေစောင့်နေသည့်ခရီးသည်တစ်ဦးမှ ယနေ့ကျောက်တန်းမြို့နယ်အသင်းနှင့် မီးပြရွာအသင်းဘောလုံးဒိုင်းလုပွဲတွင် မီးပြရွာအသင်း နိုင်၍ဖြစ်မည်ဟု ပြော၏။ အတော်မူးနေကြဟန်ရှိပြီး သီချင်းသံများလည်း ဆူညံနေ၏။

ပါတီယူနစ်ဥက္ကဋ္ဌမှ ဓာတ်မီးဖြင့်ထိုး၍လက်ယက်လှမ်းခေါ်၏။ မြင်လည်းမမြင်၊ ဆူညံ၍ကြားမည်မထင်ပါ။ ၎င်းအချိန် စက်လှေ၏နောက်တွင် ကြိုးဖြင့်ချည်ဆွဲလာသော လှေတစ်စင်းအား ကြိုးဖြုတ်၍ လူ လေးငါးဦး ကမ်းစပ်သို့ လှော်လာကြ၏။ ကျွန်ုပ်တို့အဖွဲ့လည်း ၎င်းလှေဖြင့် စက်လှေထံပို့ရန် ပြော၍ တက်ကြ၏။ စက်လှေမှာ တဖြည်းဖြည်းသွားနေ၏။ ကျွန်ုပ်လည်း ပဲ့တော်တစ်



www.burmeseclassic.com

www.burmeseclassic.com

လွယ်အိတ်အားစလွယ်သိုင်းလွယ်၍ဖစ်သေချာစိတ်ပြီး လှေပေါ်တက်လိုက်သည်၊ ကျွန်ုပ်၏ ရှေ့လှေဦးတွင် လှေလှော်သူ ရှိပြီး အားလုံးဝိုင်းတက်ကြ၏။

လှေနံ ရေပေါ်တွင် လက်သုံးလုံးခန့်သာ ပေါ်တော့၏၊ ကျွန်ုပ်ဖခင်မှ "ရပ်မလား" ဟုမေးသံကြားရသည်၊ "ဖြည်းဖြည်းတက်ကြ" ဟုပြောသံလည်း ကြား၏၊ လှုကုန်၍လှေစ.လှော်ပြီး စက်လှေနောက်လိုက်သည်၊ စက်လှေမှာ ကျွန်ုပ်တို့အော်ခေါ်သံများ မကြားပါ၊ လေးမိနစ်ခန့်လှော်ပြီးချိန်တွင် မိုးရွာ လေတိုက်လာတော့၏၊ ရှေ့စက်လှေမှ အင်ဂျင်မော်တာပန်ကာကြောင့် ရေလှိုင်းဖြစ်ပြီး လေတိုက်ရှိန်နှင့် မိုးရွာရှိန်ကြောင့် လှိုင်းကြီးဖြစ်လာ၏၊ ၎င်း အချိန် ပတ်ဝန်းကျင်အားလုံး မိုးမှောင်ကျ၍ ဘာမှမမြင်ရဖြစ်လာသည်၊ ကျွန်ုပ်၏ရှေ့လှေဦးမှလှော်သူမှ "လှိုင်းကြီးလာပြီ၊ လှိုင်းကိုဦးမော့ပေး၊ လှိုင်းကို ဦးပေး" ဟုအော်နေ၏၊ ကျွန်ုပ်မှာ ရေအကြောင်း၊ လှေအကြောင်းဘာမှမသိ၊ လှေနံနှစ်ဖက်သာ ဆောင့်ကြောင့်ထိုင်ပြီး တင်းကြပ်စွာ ဆုပ်ကိုင်ထား၏၊ ထိုစဉ် လှိုင်းတစ်ချက်အပုတ်တွင် လှေမှာ ဘေးတိုက်ဖြစ်ပြီး လှေစောင်း သွားရာမှ မှောက်နံဖြစ်သွားပြီး ကျွန်ုပ်မှာ ဇောက်ထိုးလှန်ကာရေထဲပြုတ် ကျသွားတော့သည်၊

## မိဘအာရုံ

ကျွန်ုပ် ရေထဲ ဇောက်ထိုးပြုတ်ကျသည်နှင့် ဖခင်၏ "သား" ဟုခေါ်သံ တစ်ချက် ကြားလိုက်၏၊ ရေများ နားခေါင်းအတွင်းဝင်၍ မွန်သွား၏၊ ကျွန်ုပ် ရေအောက်နံ့ထဲထိရောက်သွားပြီး ရေမှာအတော်အေး၍ကျွန်ုပ်ခြေထောက် နှစ်ဖက် ရေအောက်နံ့များထိ၍ ရေပူစီဖောင်းများ ထပြီး ပလုံစီတက်သွား သည်ကို သိလိုက်၏၊ ၎င်းအချိန် ကျွန်ုပ်၏ စိတ်အာရုံသည် ဖခင်ကြီးအား ချက်ချင်းစိတ်ပူသွား၏၊ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်မိပါ၊ ဖခင်အား မြင် ယောင်ပြီး မိခင်ပါ ချက်ချင်းမြင်ယောင်၏၊ ကျွန်ုပ်အသိစိတ်ဖြင့် မြင်ယောင် ခြင်းမဟုတ်၊ မသိစိတ်မှ အာရုံပြုမိခြင်းဖြစ်မည်ထင်၏၊ (ယနေ့ချိန်ထိ ကျွန်ုပ် သည် မိဘနှစ်ပါးအား နေ့စဉ်အသိစိတ်ဖြင့် ရည်စူးဦးချလျက် ရှိပါ၏)၊



ကျွန်ုပ် မိဘနှစ်ပါးအားမြင်ယောင်ပြီး ချက်ချင်း "ငါရေနစ်နေပါလား" ဟု အသိဝင်လာ၏၊ လက်ခြေလှုပ်ကြည့်ရာ ဖခင်ပေးထားသော ပလတ်စတစ် လွယ်အိတ်မှာ စလွယ်သိုင်းထားသဖြင့် ရေစီးဖြင့် မျောပါပြီး ကျွန်ုပ်လည်း ရေပေါ်သို့ ပြန်ရောက်လာ၏၊ မှောင်မည်းနေပြီး ရေကူးသံ၊ အော်သံများ ကြားရသည်၊ ကျွန်ုပ်မှာ ရေရှင်တွင် မကူးဘူးပါ၊ ရေသေတွင်သာ ကူးဖူးပြီး မကျွမ်းကျင်ပါ၊ ကျွန်ုပ်မှ "အဖေ - အဖေ" ဟု ကိုယ်ဖော့ပြီးခေါ်ရာ လူတစ်ဦး မှ ကျွန်ုပ်အား "မင်းအဖေ - အဲဒီမှာ" ဟု အသံသြသြဖြင့်ပြောပြီး ဆယ်ပေခန့် အထိ ကျွန်ုပ်၏ ချိုင်းနှစ်ဖက်မှ မ,၍ အရှိန်ပြင်းပြင်းဖြင့် တွန်းလွှတ်လိုက်၏၊ ကျွန်ုပ် လူတစ်ဦးအနီး ရောက်သွားရာ "သား - ကိုဝင်းလား" ဟုမေးမှ ဖခင်မှန်း သိပြီး ကျွန်ုပ်အားမေးပြီးခေါ်ခဲ့ရာ ခဏအကြာ "ခြေထောက်ထိပြီး ခြေထောက် ထိပြီ" ကြား၍ ကျွန်ုပ်တို့သားအဖလည်း မတ်တတ်ရပ်လိုက်ရာ ရေမှာ ရင်စို့ ခန့်ဖြစ်ပြီး ကမ်းစပ်နား ရောက်နေ၏၊ ဖခင်ရော ကျွန်ုပ်ပါ အတော်မော နေ၏၊ ၎င်းအချိန် ရှောင်းဝရွာမှ ရွာသားများလည်း ကမ်းစပ်မှ ဆူညံသံကြား၍ ဓာတ်မီးများ၊ မီးအုပ်ဆောင်းများ၊ ဓာတ်မီးများဖြင့် ဆင်းလာကြသည်၊ စက်လှေမှာ မောင်းသွား၍ မရှိတော့ပါ၊

ကမ်းစပ်တွင် အားလုံးဇွက်ထဲတွင် ထိုင်ကြပြီး လူများ စစ်ဆေးကြည့် သောအခါ ဦးမြမောင်တစ်ယောက် လိုနေ၏၊ လူ သုံးလေးဦးမှာ လုံချည်များ ရေထဲပါသွား၍ အောက်ပိုင်း ဘာမှမရှိသဖြင့် ဇွက်ထဲပုန်းထိုင်ပြီးနေကြ သည်၊ ပြည်သူ့စစ် ရိုင်ဖယ်သေနတ် ငါးလက်နှင့် စတင်းဂန်းတစ်လက် ရေထဲ ပါသွားသည်၊ မနက်မိုးလင်း၍ ရှောင်းဝ၊ မီးပြ၊ ဖွဲ့ဘာကုန်းတန်းရွာသားများ (၃၀၀)ခန့် (ရွာလုံးကျွတ်) ငါးသလောက်ပိုက်ကြီးများနှင့်ဆွဲ၍ သေနတ် များအားလုံး ပြန်ရ၏၊ ဦးမြမောင်အား မတွေ့သေး၊ ရေကူး၍ တစ်နေရာ ရောက်နေပြီလားဟု ထင်ကြသည်၊ ကျွန်ုပ်မှလည်း "မင်းအဖေ အဲ့ဒီမှာ" ဟုပြောပြီး ချိုင်းမှမ,၍တွန်းလွှတ်သူအားပြောပြမေးကြည့်ရာမည်သူမှမတွန်း ကြောင်း ပြောကြပြီး အားလုံးအံ့သြနေကြသည်၊ ကျွန်ုပ်မှာ အသက်ငယ် တွေ့အကြုံမရှိသောကြောင့် သဘောမပေါက်ခဲ့ပါ၊ ကြားရသူ ရွာသား



www.burmeseclassic.com

www.burmeseclassic.com

အားလုံးကလည်း "ရေထဲမှာ ချိုင်းမှမ,၍ ဆယ်ပေခန့် တွန်းလွှတ်ရန် မလွယ်ကူကြောင်း" ပြောပြီး အံ့သြကြ၏။

## ရွာပြန်သွားတဲ့ဝိညာဉ်

ကျွန်ုပ်တို့ လှေမှောက်သည့်အချိန်မှာ ည ဆယ်နာရီခွဲခန့်ရှိမည်ဖြစ်သည်။ နောက်တစ်နေ့မနက်စောစောတွင် ရောင်းဝရွာမှ စက်လှေအသေးဖြင့် မီးပြနှင့် ဖွဲ့ဘာကုန်းတန်းရွာသို့ သတင်းသွားပေးကြပြီး ရွာသားများ စက်လှေကြီးများဖြင့် လိုက်လာကြသည်။ ဖွဲ့ဘာကုန်းတန်းမှ ရွာသားများ ရောက်စဉ် ကိုမြမောင် ပျောက်နေ၍ ရွာပြန်ရောက်,မရောက် မေးခဲ့ရာ ပြန်မရောက်သေးကြောင်း ပြော၏။ သို့ရာတွင် ည(၁၁)နာရီခန့်တွင် ကျွန်ုပ်ဖခင်နှင့်အဖွဲ့ ပြန်မရောက်သဖြင့် ရွာရှိ မူလတန်းကျောင်းတွင် စုစည်းစောင့်နေကြစဉ် ကျောင်းအောက်တွင်ထားသည့်မနက်ဟင်းချက်မည့်ဘဲငန်းကြီး သုံးကောင်မှာ လန့်ပြီးအော်ကြောင်း၊ ရွာသားနှစ်ဦးမှ ဓာတ်မီးဖြင့် ဆင်းကြည့်ရာ ကိုမြမောင်မှာ ရေစိုအဝတ်အစားဖြင့် သေနတ်ထမ်း၍မိုးရွာထဲရပ်ပြီး ရွာသားနှစ်ဦးအားကြည့်နေကြောင်းကို တွေ့ရသဖြင့် အဖွဲ့တွေပြန်လာပြီထင်ပြီး ရွာသားနှစ်ဦးမှ အားရဝမ်းသာဖြင့် "အဖွဲ့တွေ ပြန်လာပြီ – အဖွဲ့ကတွေ ပြန်လာပြီ" ဟုအော်ကြောင်း၊ နောက်မှ သေချာကြည့်၍ မတွေ့မှ ဖဝေဖဝါဖြစ်နေကြကြောင်း ပြောပြ၏။ ကျွန်ုပ်၏ဖခင်မှ "မြမောင်တော့ – ဆုံးပြီထင်တယ်" ဟု မျက်ရည်ဝဲ၍ ဝမ်းနည်းသံဖြင့် နိမိတ်ပြသံဖြင့် ခပ်တိုးတိုးပြော၏။

နောက်တစ်နေ့ညနေ၌ ဖွဲ့ဘာကုန်းတန်းရွာနှင့် မီးပြရွာအကြား ပင်လယ်ကမ်းစပ်တွင် ဦးမြမောင်၏ အလောင်းပေါ်၍ စက်လှေငယ်ဖြင့် ဆွဲပြီး ဖွဲ့ဘာကုန်းတန်းရွာသို့ သယ်ဆောင်၍ သဂြိုဟ်လိုက်တော့၏။

## ထူးဆန်းတဲ့ လှေဝိညာဉ်

လှေမှောက်ပြီး ခုနစ်ရက်အကြာ ဦးမြမောင် ရက်လည်ဆွမ်းကပ်သည့်နေ့တွင် မီးပြနှင့် ရောင်းဝရွာမှ ရွာသားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ ဖွဲ့ဘာ



ကုန်းတန်းရွာသို့ ရောက်လာကြသည်။ ရောင်းဝရွာသူရွာသားများ ပြောပြ၍ ကျွန်ုပ်တို့စီးခဲ့သောလှေမှာ ယင်းနေ့တွင် ရောင်းဝရွာသားတစ်ဦးမှ ကျောက်ဘန်းမြို့အထက်ဘက် နှစ်မိုင်ခန့်အကွာ ရောင်းနံ့သေးရွာမှ လှေပုံစံကြိုက်၍ ဝယ်ခဲ့ကြောင်း၊ လှေမှောက်ပြီး ညမှစ၍ ပျောက်သွားပြီး ရွာမတွေ့ကြောင်း၊ ပင်လယ်တွင်း(ရေစုန်)မျောပါသွားသည်ဟု ထင်ကြောင်း၊ လေးရက်မြောက်နေ့တွင် မူလလှေပိုင်ရှင်မှ လှေရောင်းပြီး နောက်တစ်နေ့မနက်တွင် ၎င်းလှေမှာအိမ်အောက်ရှိ၎င်းလှေထားနေကျနေရာတွင်ကြိုးမချည်ဘဲပြန်ရောက်နေသည်ကို တွေ့ရကြောင်း၊ ရောင်းဝကျေးရွာသို့ လူကြုံဖြင့် ဝယ်သူအားပြန်လာယူရန်ပြောမှလှေမှောက်သည့်ဖြစ်စဉ်အားသိရှိတော့ကြောင်း၊ ယခင်၎င်းလှေအား အခြားမြို့နယ်ရှိ ရွာတစ်ရွာအား ရောင်းဖူးကြောင်း၊ နောက်တစ်နေ့နက်တွင် လှေမှာ ၎င်းအိမ်အောက် ပြန်ရောက်လာကြောင်း ပြောပြမှ လှေပိုင်ရှင်ကိုယ်တိုင် အံ့သြနေကြောင်း သိရတော့၏။ ရောင်းဝရွာရှိ လှေဝယ်သူရွာသားမှလည်း ၎င်းလှေအား ပြန်မယူတော့ဘဲ ငွေအဆုံးခံခဲ့ကြောင်း သိရပါတော့၏။

ဤဇာတ်ကြောင်းနှစ်ခုဖြင့် ....။

ကွယ်လွန်ပြီး ကျွန်ုပ်၏ဖခင်ကြီးနှင့် ရောင်းဝ၊ မီးပြ၊ ဖွဲ့ဘာကုန်းတန်းရွာသူရွာသားများအား ဦးချကန်တော့ သတိရလျက်။

→ သန်လျင် လှဝင်း (သြချစ်ညို)

www.burmeseclassic.com

www.burmeseclassic.com




# လက်ဖြတ်ကြီး

## နိုင်မင်းထက်

တဖြောက်ဖြောက် ရွာသွန်းနေသော မိုးသံတွေကြားတွင် ပြင်ဦးလွင်မြို့ကလေးသည် အိပ်မောကျလျက် ရှိနေပေပြီ။ လမ်းဘေးမီးတိုင်တို့၏ မှုန်ဝါးဝါး အလင်းရောင်အောက်၌ တစ်ခါတစ်ရံ အထက်သို့တက်သည့်ကားများနှင့် အောက်သို့ ဆင်းသည့်ကားများ ဥဒဟိုသွားလာနေသည်မှအပ တိတ်ဆိတ်နေလေ၏။ နာရီလက်တံများက ညသန်းခေါင် (၁၂)နာရီတိတိသို့ ညွှန်းဆိုနေလေ၏။

ခွဲစိတ်ပါရဂူ ဒေါက်တာဦးအောင်ဖေသည် သူ၏စမ်းသပ်တွေ့ရှိချက်များကို မှတ်တမ်းစာအုပ်ကြီးတွင် လက်စသတ်ရေးသားလိုက်ပြီး အိပ်ရာဝင်ရန် အတွက် ပြင်ဆင်လျက် ရှိနေတော့သည်။ သူသည် ခွဲစိတ်ပါရဂူကြီးအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့ပြီး ယခုအခါ အသက်အရွယ်ရလာသည်နှင့်အမျှ ကျန်းမာရေးအခြေအနေကြောင့် အငြိမ်းစားယူခဲ့ပြီး ပြင်ဦးလွင်မြို့ကလေး၏ န်၌ရှိသော ရေချမ်းအိုးကျေးရွာကလေးတွေ ခြံကြီးတစ်ခြံ ဝယ်ယူကာ ဝါသနာထုံသော ဆေးဝါးသုတေသနလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေ ဖြစ်သည်။

www.burmeseclassic.com

ဆရာဝန်ကြီး ဦးအောင်ဖေမှာ သားသမီး မထွန်းကားခဲ့ဘဲ လင်ကိုယ်မယားနှစ်ဦးထဲသာ နေထိုင်ခဲ့ကြသည်။ ဆရာဝန်ကြီးသည် သူ၏စမ်းသပ်တွေ့ရှိချက်များအပေါ် ဘဝင်မကျဖြစ်နေရင်းမှပင် အိပ်ရာဝင်ခဲ့ရခြင်းဖြစ်၏။ ဆရာဝန်ကြီး အိပ်ရာပေါ် လှဲအိပ်ချလိုက်ပြီး အိပ်မောကျနေသည့် ဇနီးသည်ကို တစ်ချက်ကြည့်လိုက်ပြန်သည်။ ထို့နောက် အိပ်ရာဘေးစားပွဲပေါ်မှ လိုက်ကာမီးများ ငြိမ်းလိုက်ပြီး မျက်စိအစုံကိုမှိတ်ရင်း အိပ်ပျော်ရန် ကြိုးစားနေလေတော့၏။

"အု - အူ - အူး"

ခွေးဟောင်သံတို့သည် တိတ်ဆိတ်နေသောညအား ဖြိုခွင်းပစ်လိုက်၏။ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံတို့မှာ ထိတ်လန့်စရာ ကောင်းလှပေ၏။ ဆရာဝန်ကြီး ဦးအောင်ဖေ၏ အိပ်ခန်းထဲတွင်တော့ နာရီစက္ကန့်တံ၏လှုပ်ရှားနေသည့်အသံ တစ်ချက်ချက်မှာ စည်းချက်ကျကျ ပျံ့လွင့်နေပြီး အိမ်တံခါးမြိတ်မှကျနေသော မိုးပေါက်တို့၏ တဖြောက်ဖြောက်အသံတို့မှာ ချောက်ချားဖွယ် လွှမ်းမိုးလျက် ရှိနေတော့သည်။

ဆရာဝန်ကြီးသည် သူ၏စိတ်တို့အား တည်ငြိမ်အောင် ကြိုးစားနေသည်မှာပင် တစ်စုံတစ်ဦးက သူ၏ကိုယ်ပေါ်၌ လွှမ်းခြုံထားသော ဝွမ်းစောင်ထူကြီးအား ဆွဲနေသယောင် ခံစားလိုက်ရပါသည်။ သို့သော် ဆရာဝန်ကြီးမှာ သူ၏ချစ်လှစွာသော ခွေးကလေးဟုထင်ပြီး မျက်လုံးကို အသာအယာ ဖွင့်ကြည့်လိုက်ပါသည်။ ဆရာဝန်ကြီးသည် သူ၏မြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချားသွားရပြီး ထိတ်လန့်တကြားအသံနှင့် -

"မင်း - မင်း - ဘယ်သူလဲ - ဘာကိစ္စလဲ"

ဟု အထစ်ထစ် အငေါ့ငေါ့မေးလိုက်ပြီး ကမန်းကတန်း ထ၍ထိုင်လိုက်သည်။ သူ၏နဖူးပြင်တွင် ဇောချွေးများ ပြန်လာရကာ သူ၏စိတ်အလည်တွင် လွန်စွာပင် ကြောက်ရွံ့ထိတ်လန့်လျက် တုန်လှုပ်ချောက်ချားနေလေတော့၏။ သူမြင်လိုက်ရသည်မှာ ...။



အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် လူတစ်ယောက်။ တိုင်းရင်းသားဝတ်စုံကို ဝတ်ထားသည်။ ဝိုးတဝါး အလင်းရောင်လေးထဲတွင် မသဲမကွဲ မြင်နေရသော်လည်း ထိုသူ၏မျက်နှာမှာ ထိတ်လန့်စရာအလွန်ကောင်းကြောင်း ဦးအောင်ဖေ သတိပြုမိသည်။ ဖြူဖပ်ဖြူရော် မျက်နှာမှာ အရိုးပြိုင်းပြိုင်းထနေပြီး မျက်လုံးဟောက်ပက်အတွင်းမှ ခပ်မှေးမှေးမျက်လုံးအစုံနှင့် သူ့အား စားတော့ဝါးတော့ ကြည့်ဟန် စိုက်ကြည့်နေခြင်းပင်။ ပိန်ပါးသွယ်လျလွန်းသည့် ခန္ဓာကိုယ်မှာ ဝတ်ဆင်ထားသော ရှမ်းတိုင်းရင်းသားဝတ်စုံပင် ပို၍ပွလာသယောင် ရှိနေချေ၏။ ထိုသူ၏ထံမှ မည်သည့်စကားသံမှ ပေါ်ထွက်မလာပဲ ဦးအောင်ဖေအား လက်တစ်ဖက်ကို မြှောက်၍ပြလိုက်ရာ ရှမ်းတိုင်းရင်းသားဝတ်စုံ၏ လက်တစ်ဖက်မှာ အောက်သို့ တံတောင်ဆစ်နေရာမှ တွဲ၍ကျသွားလေသည်။ ထို့နောက် ထိုသူသည် အခန်းထဲမှ ထွက်သွားရာ ဦးအောင်ဖေလည်း ကြောက်ရွံ့စိတ်တို့အား ဖုံးကွယ်ရင်းဖြင့် နောက်မှ လိုက်ကြည့်မိတော့သည်။

ထိုသူသည် ဓာတ်ခွဲခန်းအတွင်း ဝင်ရောက်သွားလေ၏။ ဆရာဝန်ကြီးသည် စိမ်ထားသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ ထည့်ထားသည့် ဖန်ပုလင်းများအား တစ်လုံးစီ လိုက်လံကြည့်ရှုပြီး ဦးအောင်ဖေဘက်ကို လှည့်လိုက်လေသည်။ ထို့နောက် သူ၏ လက်တစ်ဖက်အား မြှောက်ခါလှုပ်ယမ်းပြီး ဒေါသအလွန်ထွက်လာသည့်အမူအရာဖြင့် တဒုန်းဒုန်းမြည်အောင် ခြေဆောင့်နင်းသွားရင်း ပျောက်ကွယ်သွားလေတော့သည်။

☑

"ဒေါက် - ဒေါက် - ဒေါက်"

တံခါးခေါက်သံနှင့်အတူ "စာရို့ - စာ" ဟူသည့်အသံကို ကြားလိုက်ရ၍ ဦးအောင်ဖေသော် နံနက်စာ စားနေရာမှ အပေါက်ဝကို လျှောက်လာခဲ့လိုက်သည်။ တံခါးကို ဖွင့်လိုက်တော့ စာပို့သမားကို တွေ့ရပြီး သူပေးလာသော စာအိတ်



www.burmeseclassic.com

www.burmeseclassic.com

လေးကို ယူလိုက်သည်။ ထို့နောက် ကျွန်တော် တံခါးကို ပိတ်လိုက်ပြီး ထမင်းစားပွဲသို့ ပြန်လာထိုင်လိုက်ကာ စာအိတ်လေးကို ကြည့်လိုက်မိသည်။

သို့/ -

ဒေါက်တာ အောင်ကျော်စွာ

အမှတ် - ၁၀၆၊ (၈၅)လမ်း၊ ၄၂ × ၄၃ လမ်းကြား၊

မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ကျွန်တော်၏လိပ်စာ ရေးသားထားပြီး စာအိတ်၏အောက်ဘက်ထောင့်စွန်းတွင် -

မှ/ -

ဦးအောင်ဇေ(ခွဲစိတ်ပါရဂူ)

ရေချမ်းအိုးကျေးရွာ၊ ပြင်ဦးလွင်မြို့။

ဟု ရေးသားထားလေရာ ကျွန်တော် ဆေးကျောင်းသားဘဝက ကျွန်တော်၏ ဆရာကို သတိရလိုက်မိပါသည်။ ဆရာကြီးဦးအောင်ဇေအား ကျွန်တော် ဆေးကျောင်းသားဘဝ ဒုတိယနှစ် ဆုံတွေ့ခဲ့ရပြီး ကျွန်တော်အား သင်ကြားပြသပေးခဲ့သောဆရာတစ်ယောက်ဖြစ်ခဲ့ဖူးသည်။ ဆရာကြီးအား ကျွန်တော်ထံသို့ ယခုကဲ့သို့ စာဖြင့် ဆက်သွယ်လာခဲ့လိမ့်မည်ဟု ထင်မထားမိ၍ အံ့လည်း အံ့ဩမိပါသည်။ သို့နှင့် ကျွန်တော် ဆရာကြီးစာအား ဖောက်၍ဖတ်ရှုလိုက်ပါတော့သည်။



သို့/ -

ဒေါက်တာ အောင်ကျော်စွာ

ဒေါက်တာ့ရဲ့စာအုပ်တွေကို ဖတ်ရလို့ ဒီစာလေးကို ပို့လိုက်မိတာပါ။ အခု ကျုပ်မှာ အခက်အခဲတစ်ခု ရင်ဆိုင်နေရတယ်။ အဲ့ဒီအခက်အခဲကို ဒေါက်တာ့ အနေနဲ့ လေ့လာကူညီဖြေရှင်းပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒေါက်တာက စိတ်ပညာဦဆိုင်ရာ အကြောင်းအရာတွေ လေ့လာပြီး ပုံနှိပ်ထုတ်ဝေနေတာကြောင့် ကျုပ် ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာကို ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကျုပ် ဒီပြဿနာတွေကို ရင်ဆိုင်ကြုံတွေ့နေရတာ အခုဆိုရင် နှစ်ပေါင်း (၂၀)ကျော်ပါပြီ။ ခုချိန်ထိ ပြဿနာကို မရှင်းလင်းနိုင်ခဲ့ပါဘူး။ ဒေါက်တာဟာ စိတ်ပညာဦသုတေသနအသင်းကြီးရဲ့အဖွဲ့ဝင်ဖြစ်သလို၊ စိတ်ပညာဦနဲ့ဆိုင်တဲ့ အကြောင်းတွေ လေ့လာနေတာ သိရလို့ အကူအညီတောင်းလိုက်မိတာပါ။ ကျုပ်ကို ကူညီနိုင်တာ ဒေါက်တာတစ်ယောက်ပဲ ရှိပါလိမ့်မယ်။

ကျုပ်ရဲ့အဖြစ်တွေကိုတော့ ဒေါက်တာရောက်လာခဲ့ရင် ပြည့်ပြည့်စုံစုံ ပြောပြပါ့မယ်ကာပါ။ ကျုပ်အကူအညီကို လက်ခံပြီး ရောက်လာလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ ဒေါက်တာ အမြန်ဆုံးလာနိုင်ဖို့ ဆုတောင်းနေပါ့မယ်။

မှ/ -

ဦးအောင်ဇေ (ခွဲစိတ်ပါရဂူ)

ဆရာကြီး၏စာအရ ဆရာကြီးမှာ ကျွန်တော့်ကို သူ၏တပည့်တစ်ယောက် အဖြစ်ခဲ့ဖူးသည်ကို အမှတ်ရဟန်မတူ။ ဆရာကြီးတွင် ခက်ခဲနက်နဲသည့်ပြဿနာ တစ်ခုတစ်ခုနှင့် ရင်ဆိုင်နေရကြောင်း သိရှိရပြန်သည်။ သို့နှင့် ကျွန်တော်လည်း ဆရာကြီးအား ကူညီနိုင်ပါက ကူညီပေးရန်အတွက် ဆရာကြီးထံသို့ သွားရန် ဆုံးဖြတ်လိုက်မိပါတော့သည်။

☑



www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာနှင်းတို့သည် နံနက်ခင်းနေခြည်နှကို အံတုရင်း တဖွဲဖွဲ ကျဆင်းနေလေသည်။ ကျွန်တော် ပြင်ဦးလွင်ကားပေါ်က ဆင်းလိုက်ပြီး မြင်းလှည်းရထားလုံးတစ်စီးအား ငှားရမ်းလိုက်သည်။ ထို့နောက် ဆရာကြီးနေထိုင်ရာ ရေချမ်းအိုးလိပ်စာလေးအား ရထားမောင်းသမားကို ပေးလိုက်ပြီး လိုက်ပို့ခဲ့ပါသည်။ မြင်းရထားလုံးလေး ရပ်တန့်သွားချိန်မှာတော့ တစ်ခုသော ခြံကျယ်ကြီး၏ရှေ့တွင်ဖြစ်ပြီး ခြံဝတွင် "ခွဲစိတ်ပါရဂူကြီး ဒေါက်တာအောင်ဖေ" (ငြိမ်း) ဆိုသည့် ဆိုင်းဘုတ်လေးကို တွေ့ရှိရသည်။ သို့နှင့် ကျွန်တော် မြင်းလှည်းရှင်းပြီး ခြံဝင်းတံခါးတွင် ချိတ်ဆွဲထားသော လူခေါ်ခေါင်းလောင်းလေးအား လှုပ်ယမ်းလိုက်ပါသည်။

မကြာခင်မှာပင် ခြံစောင့်ဟုထင်ရသော လူတစ်ဦး တံခါးလာဖွင့်ပေးသည်။ ကျွန်တော့်အားတိုက်အိမ်လေးဆီသို့ဦးဆောင်ခေါ်သွားပြီး တံခါးမှ ထားခဲ့ကာ ပြန်လှည့်သွားလေတော့သည်။

ကျွန်တော် အိမ်ထဲလှမ်းကြည့်လိုက်တော့ မီးလင်းဖိုဘေးတွင် မီးလှုံနေသော ဆရာကြီးကို တွေ့ရသည်။ ကျွန်တော့်ကိုမြင်တော့ မတ်တတ်ရပ်ပြီး ကြိုဆိုပါသည်။ မျက်ခုံးမွေးထူထူများ၏အောက်၌ ဖျော့တော့တော့ အညိုရောင် မျက်လုံးများကလည်း ကျွန်တော့်အား အကဲခတ်နေ၏။ ကျွန်တော်ကလည်း ပြန်ပြီး အကဲခတ်လေ့လာလိုက်ပါသည်။ ကျွန်တော့်တစ်သက်တွင် ယခု လောက် ထူးထူးဆန်းဆန်း ပုံပန်းသဏ္ဌာန်နှင့် အဘိုးအိုတစ်ဦးကို မတွေ့ မမြင်ခဲ့ဘူးပါ။ ဆရာကြီး၏ အရိုးအဆစ်များသည် ကြီးမားသော်လည်း အသား မရှိ၍ ငေါထွက်နေသလို ဖြစ်နေ၏။ ခြောက်ခန်းခန်းအသားအရေများနှင့် ဝတ်ဆင်ထားသည့်ကုတ်အင်္ကျီသည် အရိုးစုတစ်ခုပေါ်တွင် တင်ထားသ သို့ ရှိချေ၏။ အထူးခြားဆုံးမှာ သူ၏မျက်လုံးများပင်။ တစ်စုံတစ်ရာအား ကြောင့်ကြ ထိတ်လန့်နေပုံ၊ ဆရာကြီး၌ အသက်အန္တရာယ် စိုးရိမ်ရသည့် ရောဂါတစ်ခုခု စွဲကပ်နေ၍ ယခုကဲ့သို့ ကြောက်လန့်နေခြင်း ဖြစ်နိုင်သည်ဟု ကျွန်တော် တွေးမိပါသည်။



မကြာခင်မှာပင် ကျွန်တော်သည် ဆရာကြီးတို့ဇနီးမောင်နှံကြားတွင် ထိုင်၍ ညစာ စားနေရတော့သည်။ ဆရာကြီးတို့လင်မယားနှစ်ဦး၏ ဖော်ရွေပြုပြစ်သည့်ဆက်ဆံရေးကို ရရှိခဲ့သည်။ သူတို့နှစ်ဦးကို ကြည့်ရသည်မှာ တစ်ခါတစ်ခါ အပြန်အလှန် ချစ်ခင်ကြင်နာမှုများနှင့် ပျော်ရွှင်စရာကောင်းပြီး ကြောက်ရွံ့ထိတ်လန့်မှုတို့ကို မျှဝေခံစားနေကြရသည်မှာ ပေါ်လွင်လွန်းလှသည်။ သူတို့၏ပျော်ရွှင်မှုဆိုသည်မှာ တမင်ဖန်တီးယူနေရသလိုဖြစ်နေတတ်ပြီး ဝမ်းနည်းထိတ်လန့်မှုတို့သည်သာ အစစ်အမှန်ဖြစ်နေပုံရပါသည်။

ညစာ စားပြီး ကော်ဖီသောက်ရင်း စကားဝိုင်းဖွဲ့ကြပြန်သည်။ ဆရာကြီးသည် ကော်ဖီခွက်အား တစ်ငုံငုံသောက်လိုက်ပြီး စီးကရက်တစ်လိပ်အား ညှိလိုက်ပါသည်။ တော်တော်ကြာကြာ စီးကရက်သောက်ပြီး တိတ်ဆိတ်နေလေ၏။ စီးကရက်ကိုကိုင်ထားသော ဆရာကြီး၏လက်များမှာ တီးခတ်နေသော ဂီတာ၏ ကြိုးများနည်းတူ တုန်ခါလျက် ရှိချေ၏။ ထိုသည်မှာ တစ်စုံတစ်ခုသော အတွင်းရေးကိစ္စမျိုးအား ဖော်ပြတော့မည်ကို သဘောပေါက်သည်နှင့်ကျွန်တော် အသာလေးငြိမ်နေလိုက်ပါသည်။ ဆရာကြီးက စီးကရက်အား ဆေးလိပ်ခွက်ထဲသို့ ထိုးချေလိုက်ပြီး -

"ကျုပ် အကဲခတ်ရသလောက်ဆိုရင်တော့ မောင်ရင်ဟာ ကျုပ်ရှာဖွေနေတဲ့လူ ဖြစ်နေပြီကွဲ့"

"ဟုတ်ကဲ့ - အမိန့်ရှိပါ ခင်ဗျာ"

"မောင်ရင်ဟာ ခေါင်းအေးအေးထားတတ်ပြီး တည်တည်ငြိမ်ငြိမ်ရှိမယ့် ဒီလိုစိတ်ဝိညာဉ်ဆိုင်ရာ ဘာသာရပ်တွေနဲ့ပတ်သက်ပြီး ဗဟုသုတလည်း ကြွယ်ဝပါပေရဲ့၊ အခြေခံကျကျလည်း စမ်းသပ်ရှုမြင်နိုင်ပါတယ်လေ၊ ကြောင့်မောင်ရင့်အနေနဲ့ကိုယ်ထင်ပြတာမျိုးကိုမြင်တွေ့ရင်တောင်ချောက် တုန် လှုပ်မယ့်လူမျိုး မဟုတ်ဘူးလို့ ကျုပ်ထင်မိပါတယ် - ဘယ့်နှယ် လဲ"

"ဟုတ်ကဲ့ - ဖြစ်နိုင်ပါတယ် - ဆရာကြီး"

www.burmeseclassic.com

"မောင်ရင် - ကျုပ်ကိုကူညီနိုင်မယ်လို့ထင်ပါတယ်၊ စိတ်ဝိညာဉ်သုတေသီ တစ်ဦးပီပီ ဒီဖြစ်ရပ်ကို လေ့လာနိုင်မယ်လို့လည်း ယုံကြည်ပါတယ်"

"ဟုတ်ကဲ့၊ မှန်ပါတယ် - ဆရာကြီး"

ဆရာကြီးသည် သက်ပြင်းတစ်ချက်အား လေးလေးပင်ပင် ချလိုက်ပြန်သည်၊

"ကျုပ်ကို ယုံကြည်ပါ - မောင်ရင်၊ ကျုပ်ဟာ အရင်တုန်းက မောင်ရင့် အတိုင်းပါပဲ၊ သိပ်ပြီး သတ္တိကောင်းခဲ့ဖူးပါတယ်၊ ဘားအံဘက်မှာ သူပုန်တွေ ထနေတုန်းကတောင် နည်းနည်းမှ မတုန်လှုပ်ခဲ့ပါဘူး၊ အခုတော့ - ကျုပ်ဟာ မောင်ရင်မြင်တဲ့အတိုင်းပဲ၊ ပြင်ဦးလွင်တစ်မြို့လုံးမှာ အတုန်လှုပ်၊ အချောက် ချားဆုံး လူတစ်ယောက် ဖြစ်နေပါပြီ"

ကျွန်တော် စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့ပါသည်၊ သူ၏အပြော အဆိုများကပင် ကျွန်တော်၏စိတ်ကို တော်တော်လေး ဖမ်းစားသွားနိုင်ခဲ့ သည်၊

"ကျုပ်တို့ဖနီးမောင်နှံဟာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုကြောင့် နှစ်တော် တော်ကြာ စိတ်ဆင်းရဲနေကြရတယ်၊ မောင်ရင် မကြောက်တတ်ဘူးဆိုရင် တော့ ကျုပ်တို့လင်မယားဒုက္ခရောက်စေခဲ့တဲ့ ဒီဖြစ်ရပ်အပေါ်မှာ မောင်ရင့် ထင်မြင်ချက်ကို ကျုပ် တန်ဖိုးထား လိုချင်မိပါတယ်"

"ဟုတ်ကဲ့ - ကျွန်တော့်အယူအဆကို ပြောပြပေးနိုင်လိမ့်မယ်ထင်ပါ တယ်၊ ဘယ်လိုထူးခြားတဲ့ဖြစ်ရပ်ဆိုတာ သိပါရစေ"

"မောင်ရင် - တွေ့ကြုံရမယ့်ကိစ္စကို ကြိုပြီးသိမထားဘူးဆိုရင် အဲဒီ အတွေ့အကြုံက မောင်ရင့်အတွက် ပိုပြီး အဖိုးတန်လိမ့်မယ်ထင်ပါတယ်"

"ဒါဆို - ကျွန်တော် ဘာလုပ်ရမလဲ ခင်ဗျာ"

"ပြောပြပါ့မယ်၊ ကျေးဇူးပြုပြီး ကျုပ်နောက်က လိုက်ခဲ့ပါ"

ဆရာကြီးသည် ကျွန်တော့်ကို တိုက်ခန်းလေး၏ နောက်ဖေးဆောင် အခန်းဆီသို့ ခေါ်ဆောင်သွားပါသည်၊ အခန်းမှာ ကျယ်ဝန်းပြီး ဓာတ်ခွဲခန်း



အဖြစ် ပြုပြင်ထားသည်ကို တွေ့ရသည်၊ ဖန်ပြွန် ဖန်ချောင်းများ၊ သိပ္ပံကိရိယာ များနှင့်ဖန်ဘူးကြီးများနှင့် ထည့်ထားသည့်ဆေးရည်စိမ် လူ့ခန္ဓာကိုယ်အစိတ် အပိုင်းအမျိုးမျိုးအား တွေ့ရသည်၊

"တွေ့တယ် မဟုတ်လား၊ ကျုပ် - အခုထိ သုတေသနပြုလုပ်နေတုန်း ပဲ၊ ဒီဖန်ဘူးကြီးတွေဟာ တစ်ချိန်က ကျုပ် ပြည့်ပြည့်စုံစုံ စုဆောင်းခဲ့တဲ့ ပစ္စည်းတွေထဲက အကြွင်းအကျန်တွေပါ၊ မန္တလေးမှာ ကျုပ်အိမ် မီးလောင် တုန်းက တော်တော်များများ ပါသွားခဲ့တယ်၊ ဒါတွေက လက်ကျန်တွေပဲ၊ ဟိုနားက ကုလားထိုင်ကို တွေ့ရဲ့မဟုတ်လား၊ အားနာပေမယ့် မောင်ရင် အဲဒီ ကုလားထိုင်မှာ ညအိပ်ပေးပါ၊ မောင်ရင် - လက်မခံနိုင်ရင်လည်း ရပါတယ် ကွယ်"

"ကျွန်တော် လက်ခံပါတယ် - ဆရာကြီး"

"ကျုပ်ရဲ့အိပ်ခန်းက အရှေ့ဘက် ကပ်လျက်မှာ ရှိတယ်၊ ဒါကြောင့် မောင်ရင် အကြောင်းကြီးငယ် ပေါ်လာရင် လှမ်းအော်လိုက်ပါ၊ ကျုပ်ချက်ချင်း ရောက်လာပါ့မယ်"

"ရပါတယ် - ဆရာကြီး၊ ကျွန်တော် ဆရာကြီးကို အနှောင့်အယှက် ပေးဘူးလို့ ယုံကြည်ပါတယ်"

"ကျုပ်က အအိပ်အနေ နည်းပါတယ်၊ ကျုပ်ကို ခေါ်ဖို့တော့ အားမနာပါ နဲ့"

ဤသို့ ဓာတ်ခွဲခန်းအတွင်း၌ အိပ်စက်ရန်အတွက် ကျွန်တော့်မှာ သတ္တိ ကောင်းလှသည်တော့ မဟုတ်ပါ၊ သို့သော် ဦးနောက်က တစ်စုံတစ်ခုအား အဝင်တစား လှုပ်ရှားမိသည်နှင့်အမျှ စူးစမ်းသိမြင်လိုစိတ်၏ လှုံ့ဆော်မှုမှ သည် အကြောက်တရားများအား ဖယ်ထုတ်လိုက်ပါသည်၊ ထိုသို့ဖြင့် ကျွန် တော်လည်း သားကောင်ကိုလိုက်မည့် မုဆိုးကဲ့သို့ နားမျက်စိကို ဖွင့်လျက် ကြီးညွှန်ပြခဲ့သော ဆက်တီခုံပေါ်သို့ လှဲချလိုက်ပါတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်း၌ ဓာတ်ပစ္စည်းအမျိုးမျိုး၏ အနံ့အသက်များနှင့် ထိုင်းထိုင်းမှိုင်းမှိုင်း ရှိနေ၏။ အထူးသဖြင့် ဆေးရည်စိမ်ထားသည့် လူသေအနံ့ စိမ်းရွှေရွှေကြီးက လွှမ်းမိုးနေပါသည်။ လမ်းမပေါ်ရှိမပြည့်မဝအလင်းရောင်မှာ အခန်းပြတင်းပေါက်မှတစ်ဆင့် အခန်းငယ် နံရံတစ်ဖက်ပေါ်၌ ကျဆင်းလျက် ရှိနေသည့် အိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ပန်းခြံထဲမှ သစ်ကိုင်းပွတ်သံကိုပင် ကြားနေရ၏။ မကြာမီမှာပင် ကျွန်တော် အိပ်ပျော်သွားခဲ့ပါသည်။

အခန်းထဲမှ အသံတစ်သံကြောင့် ကျွန်တော် ရုတ်တရက် လန့်နိုးလာပါသည်။ ကျွန်တော် အိပ်ပျော်ခဲ့သည်မှာ အတော်အတန်ပင် ကြာပြီထင်သည်။ နံရံပေါ်မှ လ၏အလင်းရောင်ပင် ကျွန်တော့်ခြေရင်းသို့ ကျရောက်နေပြီး တစ်ခန်းလုံး မှောင်မည်း၍နေသည်။ တစ်စုံတစ်ခုသည် နံရံတွင် ရွေ့လျားနေသည်ကို သတိပြုမိသည်။ ဖြည်းညင်း ညင်သာစွာ ရွေ့လျားနေသော ပုံရိပ်သဏ္ဍာန်နှင့်အတူ ဖိနပ်ရှပ်တိုက်သွားသည့်အသံမျိုး ကြားနေရပြန်သည်။

သေချာအာရုံစိုက်၍ ကြည့်လိုက်သည့်အခါ လူပုံသဏ္ဍာန် အရိပ်တစ်ခုသည် တံခါးပေါက်ဆီမှတစ်ဆင့် ကျွန်တော်ရှိရာဆီသို့ ဖြည်းညင်းစွာ ချဉ်းကပ်လာနေသည်ကို မသဲမကွဲ မြင်ရပါသည်။ ထိုသဏ္ဍာန် လရောင် ထိုးကျနေသော အလင်းကွက်ထဲသို့ ဖြတ်ဝင်လိုက်မှပင် ထင်ထင်ရှားရှား မြင်လိုက်ရတော့သည်။ အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် လူတစ်ယောက် ရှမ်းတိုင်းရင်းသားများ ဝတ်ဆင်သည့် ရှမ်းဝတ်စုံကို ဝတ်ဆင်ထားသည်။

လရောင်သည် သူ၏မျက်နှာပေါ်သို့ဘေးတိုက်ကျရောက်နေ၏။ ဖြူရော်အသားအရေနှင့် ပါးရောင်ရိုးများ ငေါ်ထွက်နေပြီး မျက်တွင်းဟောက်ပက်မျက်နှာဖြင့် သူသည် တဖြည်းဖြည်း လျှောက်လာပြီး ဖန်ပေါင်းချောင်များအား သေချာဂရုတစိုက် ကြည့်ရှုနေလေ၏။ ထိုသို့ တစ်ခုပြီးတစ်ခု ကြည့်ရင်းမှ ကျွန်တော့်ခြေရင်းသို့ ရောက်ရှိလာခဲ့ပါသည်။ ကျွန်တော့်ကို ရပ်ကြည့်လိုက်ပြီးမှ စိတ်ပျက်လက်ပျက်ပုံစံမျိုးနှင့် လက်မြှောက်ပြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။



အမှန်တကယ် လက်မြှောက်ပြလိုက်သည်ဆိုသော်လည်း လက်မောင်းမြှောက်ပြသည်ဟု ဆိုရပေမည်။ အကြောင်းမှာ သူ၏ဘယ်ဘက်လက်မှာ ရှမ်းအင်္ကျီလက်ဖတ်ကြီးသာ တွဲလောင်းကျသွားသည်ကို တွေ့ရ၍ လက်တစ်ဖက်မပါသည်ကို သတိထားလိုက်မိခြင်းပင်။ ကျွန်တော် ဆက်အိပ်၍မရတော့ပါ။ မိုးလင်းသည်ထိ ငုတ်တုတ်ထိုင်နေလိုက်တော့သည်။ ထူးထူးခြားခြားတော့ ဘာမှထပ်ဖြစ်မလာခဲ့ပါ။

ကျွန်တော် ဓာတ်ခွဲခန်းက ထွက်လာတော့ ဆရာကြီးတို့ဇနီးမောင်နှံအား မီးလင်းဖိုလေးဘေး၌ ထိုင်နေသည်ကို တွေ့ရသည်။ ဆရာကြီးက ကျွန်တော့်ကိုမြင်တော့ စိတ်ထက်သန်နေသည့်အမူအရာနှင့် -

"ဒီမှာ - ဒီမှာ - မောင်ရင် - သူ့ကို တွေ့လိုက်လား"

"လက်တစ်ဖက်ပြတ်နေတဲ့ ရှမ်းအမျိုးသားလား"

"အေးပေါ့ကွ။ သူ့ကို ပြောတာပေါ့"

"ဟုတ်ကဲ့ - ကျွန်တော် တွေ့လိုက်ပါတယ်"

ကျွန်တော်ကြုံတွေ့ရသမျှကို ဆရာကြီးအား ပြောပြလိုက်သည်။ စကားဆုံးသည်နှင့် ဆရာကြီးက -

"အင်း - သူပဲ - ကျုပ်ကို နှောင့်ယှက်နေတာ နှစ်တွေအတော်ကြာခဲ့ပါပြီ။ …ခြည်မှာရော၊ မန္တလေးမှာရော၊ အခု ပြင်ဦးလွင်မှာပါ ကျုပ်ကို ဒုက္ခလိုက်ပေးနေတာပေါ့။ အဲဒီလူ နှိပ်စက်ထားတာ ကျုပ်ခန္ဓာကိုယ်ကိုသာ ကြည့်ပါတော့။ သူ လာပုံလာနည်းကတော့ အတူတူပါပဲ။ ကျုပ် နတင်ဘေးနားမှာ ပေါ်လာမယ်။ ကျုပ်ကို ခပ်ကြမ်းကြမ်း လှုပ်နှိုးမယ်။ ပြီးတော့ - အခန်းထဲကနေ ဓာတ်ခွဲခန်းကို သွားမယ်။ ကျုပ်ရဲ့ဖန်ပေါင်းချောင်တွေဘေးကို လျှောက်သွားလျှောက်သွားမယ်။ ဒီလိုပုံစံနဲ့လာတာ နှစ်ပေါင်း မနည်းတော့ပါဘူး"

"သူက ဘာလိုချင်တာလဲ ခင်ဗျ"

"သူ့လက်ကို လိုချင်တာ"

"ဗျာ - ဘယ် - ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com

"အင်း - အဖြစ်ကတော့ လွန်ခဲ့တဲ့ နှစ်(၃၀)ကျော်က ကျုပ်ဟာ ဘားအံ မြို့နယ်က ဆေးရုံလေးတစ်ခုမှာ တာဝန်ကျခဲ့တယ်။ အဲဒီမှာ တစ်နေ့တော့ လက်ကောက်ဝတ်မှာ မိုင်းစ,စဉ်ထားတဲ့လူနာတစ်ယောက်ကိုကြည့်ရတယ်။ သူ့လက်က ယမ်းဆိပ်တွေ တက်နေလို့ မဖြတ်လို့ မဖြစ်တော့ဘူး။ မဖြတ်ရင် အသက်အန္တရာယ်ပါ စိုးရိမ်ရတယ်။ ဒါနဲ့ - သူ့ကို ဖျောင်းဖျပြီး အဲ့ဒီလက်ကို ဖြတ်ပစ်လိုက်တယ်။ ဖြတ်ပြီး သူ့ဒဏ်ရာ သက်သာလာတဲ့အခါ ကျုပ်က ဆေးဝါးကုသခ ဘယ်လောက်ပေးရမလဲမေးတယ်။ သူက တောင်ယာအလုပ် လုပ်နေတဲ့ ရှမ်းတစ်ယောက်ပါ။ ဘိန်းကလည်း စွဲနေသေးတယ်။ သူမှာ ဘယ်ကငွေရှိနိုင်မှာလဲ။ ဒါနဲ့ - ကျုပ်လည်းနောက်ပြောင်ပြီး ဆေးဖိုးကတော့ သူ ဖြတ်ပစ်လိုက်ရတဲ့ လက်ပြတ်ကြီးပဲ ယူလိုက်တော့မယ်လို့ ပြောလိုက်တယ်။ အဲဒီမှာ သူက လက်မခံဘူးဗျ။

သူတို့ဘာသာတရားအရ သေဆုံးသူဟာ ကိုယ်လက်အင်္ဂါမစုံရင် ဘဝ မကူးနိုင်ဘူးလို့ဆိုတယ်။ ဒါနဲ့ - ကျုပ်က ဘယ်လိုလုပ်မလဲမေးတော့ ဒီလက် ပြတ်ကြီးကိုတောအုပ်နယ်ပြီးသွားလေရာယူသွားမယ်ပြောတယ်။ကျုပ်ကလည်း သူ့လက်ပြတ်ကြီးကို ကျုပ်ကို အပ်ထားပါ။ ကျုပ်ဆီမှာ မပုပ်မသိုးနိုင်အောင် ဆေးစိမ်ပြီး သိမ်းပေးထားမယ်လို့ပြောတော့ သူက "ဒေါက်တာကြီး - ကျုပ် သေရင် ကျုပ်လက်ကြီးကို ပြန်ပေးရမယ်နော်" လို့ ရှမ်းသံဝဲဝဲနဲ့ ပြောသွား တယ်။

အဲ့ဒီနောက်မှာတော့ သူ့ကို မတွေ့ရတော့ဘူးဗျ။ ကျုပ်လည်း မန္တလေး ကို တာဝန်ကျလို့ ပြောင်းရွှေ့ခဲ့ရတယ်။ အဲ - တစ်နေ့ - ကျုပ်အိမ် မီးလောင်တဲ့ အခါမှာ ဓာတ်ခွဲခန်းပါ တစ်ဝက်လောက် ပါသွားတယ်။ သူ့လက်ကြီးလည်း မီးထဲပါသွားခဲ့တာပေါ့ဗျာ။

အဲဒီနောက်ပိုင်း သုံးနှစ်လောက်အကြာမှာပဲ သူ ကျုပ်ဆီကို အ မောင်ရင်တွေ့ရသလိုရောက်လာခဲ့တော့တာပါပဲ။ ဒီပြင်ဦးလွင်ကိုရောက်တဲ့ အထိ ဆိုပါတော့"



သူ၏မျက်နှာသည် ရုတ်တရက်ပြောင်းလဲခက်ထန် လာပါသည်။ ဒေါသအမျက်နှင့်အတူ စိတ်ဂူက် လက်ပျက်ပုံစံမျိုးပေါက်နေပြန်သည်။ နောက်တော့ လက်ပြတ်ကြီးကို 'ဝုန်း'ခနဲ ကြမ်းပြင်ပေါ် ပစ်ပေါက် ချလိုက်သည်မှာ တစ်အိမ်လုံးသိမ့်သိမ့်တုန်သွား မတတ်ပင်။ လက်ပြတ်နေသည့် ရှမ်းတိုင်းရင်းသားလည်း ရုတ်တရက် ပျောက်ကွယ်သွားပါတော့သည်။



ဆရာကြီး၏ ပြောပြချက်များမှာ ထူးဆန်းလွန်းနေရာ သာမန်လူအဖို့ ယုံကြည်နိုင်စရာအကြောင်း မရှိပါ။ ကျွန်တော့်အနေနှင့် မနေ့ညက အဖြစ် အပျက်အား ကြုံတွေ့ခဲ့ရသည်နှင့် ပရလောကအကြောင်း တီးမိခေါက်မိ ရှိခဲ့ သည့်အကြောင့်သာ ယုံကြည်မိခြင်းဖြစ်မည်။ ထို့နောက်တွင်တော့ ဆရာကြီး ကျွေးခဲ့သည့် နံနက်စာအား စားပြီး မန္တလေးသို့ ပြန်တော့မည်ဟုဆိုလိုက်ရာ ဆရာကြီးမှာ အင်မတန် စိတ်မကောင်းဖြစ်သွားဟန်ဖြင့် -



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်အနေနဲ့ ကိုယ့်ဘာသာ ကြိတ်မှိတ်ခံရမယ့်အဖြစ်မျိုးကို မောင်ရင်ကိုပါ ခွဲဝေခံစားစေခဲ့မိပြီး မောင်ရင့်အပေါ် စေတနာ့ဝတ်မကျေပွန်သလိုဖြစ်သွားရတဲ့အတွက် အားနာမိပါတယ်"

ဟု ဆိုလေရာ ကျွန်တော်က -

"အထင်မလွဲပါနဲ့ - ဆရာကြီး။ ကျွန်တော် - မန္တလေးပြန်မယ်ဆိုတာ ဆရာကြီးကိုစွန့်ကြောင့်ပါ။ ဒီညနေပဲ - ကျွန်တော်ပြန်တက်လာမှာပါ။ ပြီးတော့ ဆရာကြီးရဲ့ဓာတ်ခွဲခန်းထဲမှာ တစ်ည ထပ်ပြီး အိပ်ခွင့်ပြုဖို့ ခွင့်တောင်းပါရစေ။ ကျွန်တော် - အဲ့ဒီရှုမ်းကြီးကို တကယ်ပဲ ထပ်တွေ့ချင်နေသေးတယ်"

ဆရာကြီးသည် ကျွန်တော့်စကားကြောင့် အံ့အားသင့်သွားပုံ ရပါသည်။ ကျွန်တော် မည်သို့လုပ်ဆောင်မည်ကိုလည်း သိချင်နေသည်ဖြစ်သည်။ သို့သော် မျှော်လင့်ချက်ပေးရာ ရောက်မည်စိုး၍ ဘာမှမပြောပြခဲ့ပါ။ ထိုနေ့ မန္တလေးအဆင်း ကားပေါ်တွင်တော့ ကျွန်တော် ဖတ်ရှုခဲ့ဖူးသည့် စိတ်ဝိညာဉ်ဆိုင်ရာ ကျမ်းစာစာစောင်ထဲမှ စာပိုဒ်တချို့ကို ပြန်လည်စဉ်းစားနေမိပါသည်။

"ဝိညာဉ်များသည် ၎င်းတို့ ကွယ်လွန်ခါနီးအချိန်၌ စွဲလမ်းမိသည့်အရာတစ်ခုကြောင့် မကျွတ်မလွတ်ဘဲ ရှိနေတတ်၏။ ထိုသို့သော မကျွတ်မလွတ်သည့် ဝိညာဉ်များအဖို့ ယခုဘဝနှင့်ရော၊ နောင်တမလွန်ဘဝနှင့်ပါ သက်ဆိုင်မှု လျက်ရှိနေတတ်ပြီး ဘဝတစ်ခုမှ တခြားဘဝတစ်ခုသို့ လွယ်ကူစွာ ပြောင်းလဲနိုင်ကြသည်။ ဤသို့မကျွတ်မလွတ်ပဲရှိနေရခြင်းမှာ ပြင်းပြသည့်စိတ်အစွဲအလမ်းကြောင့် ဖြစ်ပေ၏။

လက်စားချေလိုစိတ်၊ လောဘ၊ သောက၊ ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်ကြင်နာမှုတို့သည် သေဆုံးသူ၏ ဝိညာဉ်ကို မကျွတ်မလွတ်စေတတ်ပေ။ ထို့ပြင် လိုအင်ဆန္ဒ မပြည့်ဝသူတို့၏ လာရောက်ခြောက်လှန့်မှုသည် ၎င်းတို့၏ လိုအင်ဆန္ဒပြည့်ဝသွားသည့်အချိန်တွင်လည်းကောင်း၊ သို့တည်းမဟုတ် သင့်လျော်သောစိတ်ကျေနပ်မှုတစ်စုံတစ်ရာ ရရှိသွားသည့်အခါတွင်လည်းကောင်း ပြီးဆုံးရပ်တန့်သွားတတ်သည်" ကို မှတ်တမ်းမှတ်ရာများတွင် နိုင်မာစွာ တွေ့ရှိရပေသည်။

☑



စိတ်ကျေနပ်မှုတစ်စုံတစ်ရာဆိုသည့် စကားရပ်ကို ကျွန်တော် တစ်လမ်းလုံး စဉ်းစားနေမိခဲ့ပါသည်။ ထို့နောက် ကျွန်တော် မန္တလေးပြည်သူ့ဆေးရုံကြီးရှိရာသို့ တန်း၍လာခဲ့လိုက်တော့သည်။ မန္တလေးဆေးရုံကြီးတွင် တာဝန်ကျနေသော ခွဲစိတ်ဆရာဝန်မှာ ကျွန်တော်၏ မိတ်ဆွေဖြစ်နေ၍ဖြစ်သည်။ သူ့အား ကျွန်တော့်အဖြစ်အပျက်များကို ရှင်းပြမနေတော့ပါ။ ကျွန်တော်လိုချင်သည်ကိုသာ သူ နားလည်အောင် ပြောပြလိုက်ပါတော့သည်။

"ဘာဗျ - အသားဖြူဖြူလူတစ်ယောက် - ဘယ်ဘက်လက်တစ်ဖက် - ဖြတ်လား။ အဲဒါကြီး - ခင်ဗျား ဘာလုပ်မှာလဲ"

"နောက်တော့ သိရမှာပေါ့ဗျာ။ အခု - ကျုပ်အတွက် တော်တော်လေး အရေးကြီးနေလို့ပါ"

ကျွန်တော်၏မိတ်ဆွေ ခွဲစိတ်ဆရာဝန်သည် အတန်ငယ် စဉ်းစားဟန်ပြုပြီးမှ ဘဲလ်လေးကို နှိပ်လိုက်လေရာ လူတစ်ယောက် ဝင်ရောက်လာခဲ့သည်။

"လှဆောင်ရေ - တစ်မြန်နေ့က ငါတို့ ဖြတ်လိုက်တဲ့လက်တွေကော ဖြတ်ပတ်တာကြီးတဲ့ညှပ်သွားတဲ့ တရုတ်လေးလက်တွေလေ ..."

"ရေခဲတိုက်ထဲမှာ - ဆရာ"

"အေး - အဲဒီတရုတ်လေးလက်တစ်ဖက်ကို ပိုးသတ်ဆေးစိမ်ပြီး ထုတ်တာအောင်ကျော်စွာကို ပေးလိုက်စမ်းပါဗျာ"

ညစာ မစားခင်မှာပင် ကျွန်တော် ဆရာကြီးအိမ်သို့ပြန်ရောက်ခဲ့ပါသည်။ ကျွန်တော်၏ တစ်နေ့တာ ကြိုးပမ်းအားထုတ်မှု၏ရလဒ်လည်း ပါရှိလာခဲ့ပါပြီ။ ထိုကြိုးကိုတော့ ကျွန်တော် ဖွင့်ပြောမနေတော့ပါ။ ထိုနေ့ညဉ့်တွင်လည်း ကျွန်တော် ဓာတ်ခွဲခန်းတွင်းသို့ ဝင်အိပ်ခဲ့သည်။ ဆေးရုံမှ ယူလာသည့် လက်တစ်ဖက်အား ကျွန်တော့်ခြေရင်းစင်ပေါ်ရှိ ဖန်ပေါင်းချောင်ထဲ၌ ထည့်ထားခဲ့သည်။ ကျွန်တော်သည် ကျွန်တော်၏ တွေးတောစမ်းသပ်မှုအပေါ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားလွန်နေသည်ကြောင့် အိပ်ဖို့ကို စိတ်ကူးထဲ မထည့်တော့ပါ။ စားပွဲတင် အုပ်ဆောင်းမီးအိမ်လေးဘေး၌ပင် ရောက်ရှိလာမည့် ခေည့်သည်ကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေမိပါသည်။

☑

ဤတစ်ကြိမ်တွင်တော့ သူ့ကို ကျွန်တော် အရင် စတွေ့ရပါသည်။ သူသည် တံခါးဘေးနားတွင် မသဲမကွဲနှင့် ပိုးတဝါးပေါ်လာခဲ့ခြင်းဖြစ်၏။ နောက်တော့ ထင်ထင်ရှားရှား တွေ့လိုက်ရပေပြီ။ ရှမ်းဘောင်းဘီရှည်ကြီးအောက် တာယာဖိနပ်ကလေးကိုပင် မြင်နေရပါသည်။ သူသည် မနေ့ညကကဲ့သို့ပင် ဖန်ပေါင်ချောင်တွေအား တစ်ခုချင်း လှည့်လည်ကြည့်ရှုနေပြန်သည်။ လက်ပြတ်ကြီးထည့်ထားသည့်ဖန်အိုးအနီး အရောက်တွင် လက်ပြတ်ကြီးအား အသေအချာထုတ်ယူ၍ စစ်ဆေးနေပြန်သည်။ မျှော်လင့်ချက်အပြည့်အဝနှင့် စိတ်အားထက်သန်နေသကဲ့သို့ ရှိ၏။

သို့သော် မကြာခင်မှာပင် သူ၏ မျက်နှာသည် ရုတ်တရက် ပြောင်းလဲ ခက်ထန်လာပါသည်။ ဒေါသအမျက်နှင့်အတူ စိတ်ပျက်လက်ပျက်ပုံစံမျိုး ပေါက်နေပြန်သည်။ နောက်တော့ လက်ပြတ်ကြီးကို "ဝုန်း" ခနဲ ကြမ်းပြင်ပေါ် ပစ်ပေါက်ချလိုက်သည်မှာ တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားမတတ်ပင်။ လက်ပြတ်နေသည့် ရှမ်းတိုင်းရင်းသားလည်း ရုတ်တရက် ပျောက်ကွယ်သွားတော့သည်။ ချက်ချင်းဆိုသလိုပင် ဆရာကြီးလည်း အခန်းထဲ ဝင်ရောက်လာပါသည်။

"မောင်ရင် - ဘာဖြစ်သွားသေးလဲ"

သူက ထိတ်လန့်တကြားနှင့် ကမန်းကတန်း မေးသည့်အခါ -

"ဘာ - မှမဖြစ်ပါဘူး - ဆရာကြီး။ ဒါပေမဲ့ - တော်တော်ကြီးကို စိတ်ပျက်သွားပါတယ်"



ဆရာကြီးသည် ကြမ်းပြင်ပေါ်ရှိ ဖန်ကွဲစများနှင့် လက်ပြတ်ကြီးကို မြင်သောအခါ အံ့အားသင့်ပြီး ကြည့်နေပါသည်။

"ဘုရား - ဘုရား - ဒါ ဘာကြီးလဲ"

ကျွန်တော်၏ အကြံအစည်များနှင့် ယခုကဲ့သို့ မအောင်မမြင်ဖြစ်ခဲ့ရပုံကို ပြောပြသည့်အခါ သူက ခေါင်းတခါခါနှင့် နားထောင်နေလေ၏။

"မောင်ရင့်အကြံ တကယ်ကောင်းပါတယ်၊ ဒါပေမဲ့ - ကျုပ်အနေနဲ့ကတော့ ဒီဒုက္ခက လွယ်လွယ်ကူကူ မလွတ်နိုင်ဘူး ထင်ပါတယ်ကွယ်၊ ကျုပ် မောင်ရင့်ကို တစ်ခုပြောပါရစေ၊ အဲ့ဒါကတော့ - မောင်ရင် - အဲဒီအခန်းထဲကို ဘယ်တော့မှ ထပ်မလာပါနဲ့တော့၊ ခုနက ကြားလိုက်ရတဲ့အသံကြီးကြောင့် ကျုပ် တကယ် စိတ်ပူသွားမိတယ်၊ မောင်ရင်များ တစ်ခုခုဖြစ်သွားပြီလားလို့ပေါ့၊ အဲဒီစိတ်သောကဟာ ကျုပ်အတွက် အပူလောင်ဆုံးပါပဲ၊ ဒါကြောင့် မောင်ရင် ဒီလိုအဖြစ်မျိုး ထပ်ဖြစ်ဖို့ ကျုပ် ခွင့်မပြုနိုင်တော့ဘူး"

ကျွန်တော့်အနေနှင့် ထိုနေ့ညက ဆက်၍အိပ်မပျော်နိုင်တော့ပါ။ ဖြစ်စဉ်ဆစ်ခုလုံးအား ပြန်တွေးနေမိသည်။ အရုဏ်ဦး နေရောင်ခြည်၏ အလင်းကြောင့် ကြမ်းပြင်ပေါ်ရှိ လက်ပြတ်ကြီးအား ထင်ထင်ရှားရှား မြင်နေရသည်။ ထိုလက်ပြတ်ကြီးအားကြည့်ရင်းမှပင် ကျွန်တော် သတိတစ်ခုဝင်လာခဲ့သည်။ သို့နှင့် လက်ပြတ်ကြီးအား ကောက်ယူကြည့်လိုက်ပါသည်။ ကျွန်တော် ထင်သည့်အတိုင်းပင် လက်ပြတ်ကြီးမှာ ညာလက်ပြတ်ဖြစ်နေသည်။

သို့နှင့်ပင် ကျွန်တော် ပထမဆုံးတွေ့သည့်ကားနှင့် မန္တလေးသို့ ပြန်ဆင်းခဲ့သည်။ မန္တလေးဆေးရုံကြီးကို တန်းသွားခဲ့ပါသည်။ သစ်စက်ပတ္တာကြီးထဲ ညပ်သွားသည့် တရုတ်ကလေးသည် လက်နှစ်ဖက်စလုံး ပြတ်သွားသည်ကို ကျွန်တော် သိရှိထားသည့်အလျောက် ဘယ်ဘက်လက်ကို မီးသဂြိုဟ်ပြီးခြင်းမည်ကို စိုးရိမ်နေမိပါသည်။ သို့ပေမဲ့ - တော်ပါသေး၏။ ရေခဲတိုက်ထဲမှာ ဒင်းရှိနေပါသေးသည်။ ညနေပိုင်းတွင်တော့ ကျွန်တော် ဆရာကြီး၏အိမ်ကို အလည်သပ်ရန် ပစ္စည်းအသစ်နှင့်အတူ ပြန်ရောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးမှာ ကျွန်တော် မည်သို့ပင် နားချသော်ငြားလည်း ခေါင်းမာစွာဖြင့် ကျွန်တော့်အား ဓာတ်ခွဲခန်းတွင် အိပ်ခွင့်မပြုဘဲ ရှိရေး၏၊ သို့နှင့် ကျွန်တော်လည်း စိတ်ပျက်ပျက်နှင့်ပင် ဘယ်ဘက်လက်ပြတ်ကြီးအား ဓာတ်ခွဲခန်းအတွင်းရှိ ဖန်ပေါင်းချောင်ထဲ ထည့်ပြီး ဓာတ်ခွဲခန်းနှင့်ဝေးသည့် အိပ်ခန်းတစ်ခုထဲတွင် အိပ်စက်ရလေတော့သည်၊

တိတ်ဆိတ်ငြိမ်သက်လျက်ရှိခဲ့သော ညသန်းခေါင်ယံအချိန်၌ပင် ကျွန်တော်အိပ်စက်နေသည့်အခန်းတွင်းသို့ဆရာကြီးဝင်လာသည်နှင့်ကျွန်တော်လန့်နိုးခဲ့ရတော့သည်၊ ညဝတ်အင်္ကျီပွပွကြီးဝတ်ဆင်ထားပြီး မီးအိမ်တစ်လုံးကို ကိုင်ထားသည့် ဆရာကြီးမှာ ကမ္ဘာ့ဌာန်းရပ် ပေါက်နေပါသည်၊ အရင်နေ့က တွေ့ခဲ့ရသည့် ရှမ်းအမျိုးသားလက်တစ်ဖက်ပြတ်ကြီးထက်ပင် ပို၍ထိတ်လန့်စရာ ကောင်းနေသလိုပင်၊ သို့သော် သူ၏မျက်နှာသွင်ပြင်ကြောင့် ကျွန်တော် ပို၍အံ့အားသင့်ခဲ့ရပါသည်၊ သူသည် အနှစ် (၂၀) လောက်ရုတ်တရက်နုပျိုသွားသလိုပင်၊ မျက်လုံးများက တောက်ပြောင်နေ၏၊ မြူးကြွကြွပုံသဏ္ဌာန်နှင့်လက်ကိုခေါင်းပေါ်၌ဝှေ့ယမ်းပြီး အောင်မြင်မှုသင်္ကေတနဲ့ ဝှေ့ယမ်းနေလေသည်၊ ကျွန်တော်လည်း အိပ်ချင်မူးတူးနှင့်ပင် ဆရာကြီးအား ခုတင်ပေါ်မှနေ၍ ကြောင်ကြည့်နေပါသည်၊ ဆရာကြီး၏ စကားများကို ကြားမှပင် အိပ်ချင်စိတ်များ လွင့်စဉ်ပျောက်ကွယ်သွားရတော့သည်၊

"အောင်မြင်ပြီ – အောင်မြင်ပြီ၊ ကျုပ်တို့ အောင်မြင်ပြီ" ဟူ၍ အော်ပြီး ပြောနေလေရာ ကျွန်တော်က –

"ကိစ္စတွေအားလုံး ပြီးသွားပြီပေါ့ – ဟုတ်လား – ဆရာကြီး"

"ဟုတ်တာပေါ့ – မောင်ရင်ရယ်၊ ကျုပ်ဖြင့် မောင်ရင့်ကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး"

"သေချာလို့လား – ဆရာကြီးရယ်"

"သိပ်ကို သေချာတာပေါ့၊ မောင်ရင့်ကို ကျေးဇူးတင်တယ်၊ မောင်ရင်ကြောင့် အခု ကျုပ်ရဲ့ ဒုက္ခတွေ ဖြေရှင်းနိုင်ခဲ့ရပြီ၊ မောင်ရင်သာ မကယ်တင်



ရင် ကျုပ်တို့ဇနီးမောင်နှံတော့ နောက်ထပ်တစ်နှစ်ခံပါ့မလားတောင် မပြောတတ်ပါဘူး၊ ရှုးချင်ရှုး၊ သေချင်သေ၊ တစ်ခုခုတော့ ဖြစ်မှာအမှန်ပဲကွယ့်"

ဆရာကြီးသည် ကျွန်တော်၏ လက်များကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး ပြောနေရာ ကျွန်တော်က –

"ဆရာကြီးရယ် – တကယ်တော့ – ဒါဟာ စမ်းသပ်ချက်တစ်ရပ်ပါပဲ၊ ဒါပေမဲ့ – ခုလို အောင်မြင်ခဲ့တယ်ဆိုတော့ ကျွန်တော်လည်း လိုက်လိုက်လှဲလှဲကြီးကို ဝမ်းသာမိပါတယ်ဗျာ၊ ဒါနဲ့ – တစ်ခုရှိတာက ဒီကိစ္စ ဒီမှာတင် ပြီးဆုံးအောင်မြင်သွားပြီလို့ ဘယ်လိုများ ပြောနိုင်မှာလဲ၊ ဆရာကြီးအနေနဲ့ တစ်ခုခုကို တိတိကျကျ သိလိုက်ရပြီလား ခင်ဗျာ"

ဆရာကြီးသည် ပြုံးရွှင်နေသည့်မျက်နှာဖြင့် –

"တိတိကျကျသိလိုက်ရပါတယ်ကွာ၊ ကျုပ်ကို နောက်ထပ်နှောင့်ယှက်မှာ မဟုတ်တော့ဘူးဆိုတာ ကျုပ် ယုံကြည်သွားပြီ၊ မောင်ရင်သိတဲ့အတိုင်းပဲ၊ ဒီရှမ်းကြီးက ကျုပ်ကို ညတိုင်း ပုံမှန်လာနှိုးနေကျပဲ၊ ဒီညလည်း ကျုပ်ကို လာနှိုးတယ်လေ၊ မနေ့က ကိစ္စကြောင့် ဒေါသထွက်နေပုံပဲ၊ ကျုပ်ကိုများ ကြည့်သွားလိုက်တာ ပြာကျသွားနိုင်တယ်၊ ခါတိုင်းလိုပါပဲ၊ ဓာတ်ခွဲခန်းထဲ ဝင်သွားပြန်တယ်၊ ဒါပေမဲ့ – သိပ်မကြာခင်မှာပဲ သူ့ကို ကျုပ် ပြန်တွေ့လိုက်ရတယ်၊ ကျုပ်ကိုစပြီး ခြောက်လှန့်ခဲ့တဲ့အချိန်ကစပြီး ပထမဆုံးအကြိမ် တစ်ညထဲ နှစ်ခါမြင်ရခြင်းပါပဲ၊ သူ့မျက်နှာက ပြုံးလို့၊ ကွမ်းစားထားတဲ့သွားတွေလို ညစ်ညစ်သွားတွေကိုလည်း ခပ်မှိန်မှိန်မီးရောင်ကြောင့် တွေ့လိုက်ရတယ်၊ သူ – ကျုပ်ရဲ့ခုတင်ခြေရင်းမှာရပ်ပြီး သုံးကြိမ်တိတိ ဦးညွှတ်အရိုအသေပေးတယ်၊ နောက်ဆုံးအကြိမ် ဦးညွှတ်ပြီးတဲ့အခါမှာတော့ သူ့ရဲ့လက်နှစ်ဖက်ကို မြှောင်ပြသွားတယ်၊ သူ့မှာ လက်နှစ်ဖက်စလုံး ပြည့်စုံသွားပြီလေ၊ နောက်တော့ – သူလည်း ပျောက်သွားတယ်၊ နောက်ထပ် သူ ဘယ်တော့မှ ပြန်ပေါ်လာတော့ဘူးဆိုတာ ကျုပ်သိတယ်၊ ယုံလည်း ယုံကြည်မိတယ်လေ"

မှန်ပါသည်၊



www.burmeseclassic.com

*ဆရာကြီး ထင်မြင်ယူဆသကဲ့သို့ပင်၊ နောက်ထပ် သူ ပြန်မလာတော့*ပါ၊ ဆရာကြီးတို့ဇနီးမောင်နှံဟာ သက်ဆုံးတိုင် ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားနိုင်ခဲ့ကြပါပြီ။ ဤသို့ဖြင့် ကျွန်တော်၏မှတ်တမ်းစာအုပ်တွင်လည်းလက်တစ်ဖက်ပြတ် ရှမ်းအမျိုးသားကြီးနှင့် ပတ်သက်သည့် အတွေ့အကြုံအားမှတ်တမ်းတင် ရေးသားနိုင်ခဲ့ပါလေတော့သည်။


→ နိုင်မင်းထက်


စာ ဝ ရှင် များ သို့

**'ဝန္တီရမဝ္ဂဝေါ်း'** တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်

ဂျွတ္တိရမဂ္ဂဇင်း

www.burmeseclassic.com

# သတိပေး ဝိညာဉ်

ဇော စု ဆိုက်

"အား"

အော်သံနှင့်အတူ ကျွန်မ အိပ်ရာမှ လန့်နိုးခဲ့ပါတယ်၊ ဇော်ချွေးများ ပြန် မောပန်းနေပြီး ကျွန်မ ဝမ်းနည်းသလို ခံစားနေရပါတယ်၊ မျက်လုံးအိမ် မျက်ရည်များလည်း စီးကျလို့နေပါတယ်၊ ကျွန်မမျက်နှာကို စမ်းမိရင်း အံ့ဩ ပါတယ်၊ အိပ်မက်ဆိုးတွေ မက်နေတာ နေ့တိုင်း ဖြစ်နေပါပြီ၊ ကျွန်မ ခင်ပွန်း ပတ်သက်တဲ့ အိပ်မက်တွေပါ၊

"မောင် - ဓနေကောင်းရဲ့လား၊ အဆင်ပြေရဲ့လား စိတ်ပူလိုက်တာ မော ရယ်"

ရှေ့တန်းစစ်မြေပြင်မှာ မောင်က တိုင်းပြည်တာဝန် ထမ်းဆောင် တာလေ၊ နောက်မှာ ကျန်ခဲ့တဲ့ မောင့်ရဲ့ဇနီး ကျွန်မကတော့ စိုးရိမ်ပူပန် နဲ့ပေါ့၊ ကျွန်မလိုပဲ တပ်မတော်သားတွေရဲ့မိသားစုတွေအားလုံး စိုးရိမ်ပူ တွေ ရှိနေကြမှာပါ၊ ကျွန်မကိုယ်ကျွန်မ အားပေးမိပါတယ်၊ စစ်သား သံမဏိစိတ်ဓာတ် ရှိရမှာပေါ့၊ ဒါပေမဲ့ - ကျွန်မ ဝမ်းနည်းနေမိတယ်၊ အိမ် ထဲမှာ မောင်က ကောင်းကင်ကို ပျံတက်သွားတယ်၊ ကျွန်မက မောင့်



ပြေးလိုက်ရင်း ချောက်ထဲ ကျသွားခဲ့တယ်၊ အဲဒါ ဘာအဓိပ္ပာယ်လဲ၊ မောင်ရေ - လောကကြီးထဲမှာ ကျွန်မကို တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်၊ ကျွန်မ ကြောက်တယ် ဘိုးဘွားပိုင်အိမ်ကြီးထဲမှာ ကျွန်မ တစ်ယောက်တည်း ချောက် ချားစွာနဲ့ ညသန်းခေါင်ယံအချိန်တွေကို အတွေးဆိုးများစွာဖြင့် ကျော်ဖြတ် နေရပါတယ်၊ မောင်ရှေ့တန်းမသွားခင်ကတော့ အဖော်ကောင်မလေး ခေါ်ထားဖို့ ပြောပါတယ်၊ ကျွန်မက တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တာမို့ အိမ်ဖော် မခေါ်ခဲ့ပါဘူး၊

"အိမ်အလုပ်တွေကို ကျွန်မ လုပ်နိုင်ပါတယ် မောင်ရယ်"

"မောင့်ဇနီးလေး ပင်ပန်းမှာ စိုးလို့ပါ၊ မောင် မရှိတဲ့အချိန် ကူဖော်လောင် ဖက် အဖော်လေးရှိတော့ မကောင်းဘူးလား"

မောင်နဲ့ ကျွန်မ ပြောခဲ့ကြတဲ့ စကားတွေကို ပြန်ကြားယောင်မိပါတယ်၊

"မောင် - ရှေ့တန်းသွားရမယ်၊ မ တစ်ယောက်တည်း ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် - မောင်ရယ် စိတ်ချပါ၊ ဒါပေမဲ့ - မောင့်ကို ကျွန်မ စိတ်မချ ဘူး၊ အစစအရာရာ ဂရုစိုက်နော်"

"စိတ်ချပါ မရယ် - ရဲဘော်မသေ သေသော်ငရဲမလားတဲ့ တပ်မတော် သူရဲ မိန်းမတစ်ယောက် လုပ်နေပြီး စိတ်ဓာတ်က မာစမ်းပါကွာ"

"ဟုတ်ကဲ့ပါ - မောင်ရယ်၊ မောင့်ကို ကျွန်မ အလေးပြုပါတယ်"

"အင်း - ဒါမှ မောင့်မိန်းမ"

"တယ်၊ လူဆိုး - ကြည့်စမ်း"

မောင် ခရီးမထွက်ခင် ကျွန်မတို့ရဲ့ ကြည်နူးစရာ အဖြစ်လေးတွေပေါ့၊

☑

နေ့တော်မိုးသောက်နေခြည်ဖြာဖြာတွေနဲ့အတူ နေ့တစ်နေ့ကို စတင်လို့ ပြီ မောင်တို့ရဲ့ဘိုးဘွားပိုင်အိမ်ကြီးက ခြံဝန်းကျယ်ကြီးထဲမှာ အထီးကျန် ဆန်စွာ ရှိနေသလိုပဲ၊ အရင်က သတိမထားမိပေမဲ့အခုမှ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေလို့ပဲလား။ ကြက်သီးမွေးညင်းထသလို ခံစားနေရတယ်၊ အောက်ထ
ရောက်တော့ နံရံမှာ ကပ်ထားတဲ့မောင်တို့ရဲ့ဘိုးဘွားဘီဘင်တွေရဲ့ဓာတ်ပုံ
နေတဲ့ ဓာတ်ပုံတွေက အသက်ဝင်နေသလိုပဲ၊ မောင်နဲ့အတူနေတုန်း
သေချာမကြည့်မိတဲ့ ပုံတွေကို အခုမှ လိုက်ကြည့်နေမိတယ်၊ ဓာတ်ပုံထဲ
မျက်လုံးတွေက အသက်ဝင်ပြီး စူးရှတဲ့ အကြည့်တွေနဲ့ ကျွန်မကို ကြည့်
ကြတယ်၊ ကျွန်မကိုယ် ကျွန်မလည်း အခုမှပဲ မိတ်ဆက်ပေးနေမိသေးတယ်

"ကျွန်မက ဘိုးဘိုးဘွားဘွားတို့ရဲ့ မြေး ဖြစ်မလား၊ မြစ်ဖြစ်မလား
ဘူးရှင့်၊ ဗိုလ်ကြီးရဲ့ဇနီးမပါ၊ ကျွန်မကို စောင့်ရှောက်ကြပါနော်၊ ရုတ်တ
ကျွန်မ ကြက်သီးထသွားတယ်၊ ကျွန်မကလည်း ဘာတွေ ပြောနေမိ
မသိပါဘူး၊ ကျွန်မ အိမ်အပြင်ထွက်ခဲ့တယ်၊ ခြံထဲမှာ လမ်းလျှောက်ရင်း
ရောက်သွားကယ်၊ အိမ်ကြီးကို တစ်ချက် လှမ်းကြည့်မိတယ်၊ နေ့ခင်း
တောင် တဖွေ့တစ်ကောင် ထိုင်နေသလိုပဲ၊ ညဘက်ဆိုရင် အို – ဘာတွေ
နေမိပါလိမ့်၊ ယောင်နောက်ဆံထုံးပါဆိုသလို မောင်နဲ့ ရန်ကုန်မှာ လက်ထပ်
မောင့်ရဲ့ဇာတိမြေရှိရာသို့ လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်၊ မောင့်ရဲ့မိခင်တစ်
ကလည်း မောင့်ရဲ့ဇာတိမြေမှာပဲဆိုတော့ အဆင်ပြေတာပေါ့လေ၊

ရန်ကုန်မှာ မောင်က M.S.C လာတက်ရင်း ကျွန်မတို့တွေ့ခဲ့ကြတာ
မိဘတွေလည်း မရှိတော့တဲ့မောင့်ကို အားပေးရင်း ကျွန်မ အချစ်တွေ
တာလေ၊ မောင် (၁၀) နှစ်သားလောက်က မောင်နဲ့ (၁၀) နှစ်ကွာတဲ့ အစ်
နလုံးရောဂါနဲ့ ဆုံးသွားခဲ့တယ်၊ ငယ်ငယ်တည်းက မောင်နမ မရှိဘဲ အ
ကျန်စွာ နေခဲ့ရတဲ့ မောင့်ဘဝထဲကို ကျွန်မ ပျော်ရွှင်စွာနဲ့ ဝင်ခဲ့ရင်း မောင့်
အရပ်ကို ကျွန်မ လိုက်ခဲ့တာပေါ့၊ မြို့ပြရဲ့လူနေထူထပ်မှု အောက်ကနေ
ကြီးထဲမှာ စိတ်ငြိမ်စွာနဲ့ နေရတာကို ကျွန်မ သဘောကျခဲ့တယ်၊ ဝ
တုန်းကတော့ အိမ်ကြီးကို သေချာမကြည့်မိပါဘူး၊ အခု တစ်ယောက်
ဖြစ်ခါမှ ကြည့်မိတော့ စိတ်တွေ ချောက်ချားလိုက်တာ၊ အခု ကျွန်မ စိတ်
ချောက်ချားလာပြီ၊

☑



နေ့တစ်နေ့ရဲ့အချိန် ကုန်ဆုံး၍ ညအချိန်သို့ ရောက်ခဲ့ပြန်ပါပြီ၊ ကျွန်မ
ည်း ဘုရားဝတ်တက်ပြီး ဘုရားခန်းထဲကအထွက် အရိပ်မည်းတစ်ခုကို
စ်ခန် တွေ့လိုက်ရပါတယ်၊ ကျွန်မ ခေါင်းနားပန်းကြီးသွားပြီး ကြက်သီး
ညင်းထသွားတယ်၊ ဒါမျိုး ကျွန်မတစ်ခါမှ မကြုံဖူးပါဘူး၊ ကျွန်မ တစ်
ယာက်တည်းမို့စိတ်ချောက်ချားတာ နေမှာပေါ့လေဟုတွေးရင်း အိပ်ရာခန်း
ရာသို့ လာခဲ့ပါတယ်၊ အိပ်ခန်းရဲ့ ပြတင်းပေါက်မှ လိုက်ကာက လေအဝှေ့မှာ
ိမ်းနွဲ့နေပုံက သမီးပျိုတစ်ယောက်ကနေသည့် အလားအသွင် မြင်နေရပါ
တယ်၊ ကျွန်မကလည်း ကဗျာဆန်နေလိုက်တာဟု ကိုယ့်ကိုယ်ကိုယ်
တွေးရင်း ပြုံးမိပါတယ်၊

အိပ်ခန်းပြတင်းပေါက်ကို ပိတ်ရင်း ကောင်းကင်ကြီးကို လှမ်းကြည့်မိ
တယ်၊ လပြည့်နေ့မို့ လမင်းကြီးက ထိန်ထိန်သာနေတာပဲ၊ လရောင်က
ကျွန်မအိပ်ခန်းပြတင်းပေါက်ကို ဖွင့်ရင်း ကောင်းကင်ကြီးကို လှမ်းကြည့်မိ
တယ်၊ လရောင်က ကျွန်မအိပ်ခန်းအတွင်းသို့ ဖြာကျနေတယ်၊ အတွေးများ
ခြင့်ပဲ ကျွန်မ နှစ်မြိုက်စွာ အိပ်ပျော်သွားခဲ့တယ် ထင်တယ်၊ သန်းခေါင်ယံ
အချိန်မှာ ကျွန်မ တစ်ရေးနိုး လာခဲ့တယ်၊ အိပ်ခန်းရဲ့အပြင်မှာ စကားသံတွေ
ကြားနေရတယ်၊ ဘယ်သူတွေစကားပြောနေတာလည်း အိမ်မှာလည်း ကျွန်မ
တစ်ယောက်တည်းပါ၊ အိမ်ပေါ်ထပ်တက်လာတဲ့ ခြေသံတွေလည်း ကြား
နေရတယ်၊ ဟိုဘက်အခန်းက တံခါးဖွင့်သံတွေ၊ စာကြည့်ခန်းက စာရွက်လှန်
သံတွေ၊ အဲဒါ ဘာတွေလည်း ညအချိန်မှာ မအိပ်ဘဲ ဘာတွေ လုပ်နေကြ
တာလဲ၊

ထိုအချိန်မှာပဲ ရှေးဟောင်းနာရီကြီးမှ "ခေါင်" ဟူ၍ (၁) နာရီထိုးပြီ ဖြစ်
ကြောင်း ကျွန်မ သိခဲ့ရပါတယ်၊ ဟိတ်ဆိတ်နေတဲ့ ညအချိန်မှာ "ခေါင်" ဟူသော
အသံကြီးကလည်း ကြောက်စရာကောင်းလိုက်တာ၊ ကျွန်မလည်း အိပ်
မပျော်နိုင်ဘဲ ခြေသံ၊ စကားသံ၊ တံခါးဖွင့်သံ၊ စာရွက်လှန်သံတွေကို နားထောင်
ရင်း တစ်ညတာ ကုန်ဆုံးခဲ့ပြန်ပါပြီ၊ မောင်ခရီးမသွားခင်က ကျွန်မ ထိုအသံ
များကို သတိမထားမိပါဘူး၊ မောင့်မျက်နှာ တစ်ကမ္ဘာထင်နေတော့ ကြား



www.burmeseclassic.com

www.burmeseclassic.com

တာ နေမှာပေါ့လေ။ ကျွန်မကိုယ်ကျွန်မတွေးရင်း ရယ်မိပါတယ်။ ဒီလိုနဲ့ တစ်နေ့ပြီး တစ်နေ့ ကုန်ဆုံးလို့ လာပါတယ်။

ကျွန်မလည်း မအိပ်ရတဲ့ ညတွေများလို့ မျက်တွင်းတွေညိုပြီး ကျန်း ရေးလည်း ရှိုးတဲ့လာပါတယ်။ ည - ညကြားနေရတဲ့ အသံတွေကို သေချာနား ထောင်ကြည့်တော့လည်း မသဲမကွဲ တွေပဲ ကြားရတယ်၊ ထွက်လည်း မကြည့်ရဲဘူး။ မနက်မိုးလင်းမှပဲ အခန်းထဲကထွက်ရဲတယ်။ ဒီနေ့တော့ စာကြည့်ခန်းထဲ ကျွန်မ သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အိမ်မှုကိစ္စတွေလုပ်ပြီး



ကျွန်မမျက်လုံးထဲ မြင်လိုက်ရတာ ဆံပင်ဖားလျားနဲ့ အရိပ်မည်းတစ်ခု၊ ဒီအိမ်ကြီးထဲမှာ ဝိညာဉ်တွေ ရောက်နေတာလား။ စာဖတ်ခန်းထဲမှာ စာဖတ်နေတာက ဘယ်သူလဲ၊ အိပ်ခန်းထဲက သူမကရော၊ ဆံပင်ဖားလျားနဲ့ အရိပ်မည်းတစ်ခု၊ အဲဒါတွေက တစ်ယောက်တည်းလား။



နက်စာ စားသောက်ပြီး စာကြည့်ခန်းထဲ ကျွန်မ သွားခဲ့တယ်။ "ဟင် - အံ့ဩ ရာ ကောင်းလိုက်တာ အခန်းထဲမှာ မိုးမျှင်တစ်မျှင် ဖုန်တစ်စက်တောင် မရှိဘဲ သန့်ရှင်းနေပါလား။ ကျွန်မ စရောက်ကတည်းက အဲဒီအခန်းထဲ တစ်ခါမှ မဝင် ဘူး။ မောင်ကလည်း အလုပ်နဲ့ အိမ်နဲ့အချိန်ကုန်နေတာ စာကြည့်ခန်းထဲ ဝင်တာလည်း မမြင်ပါဘူး။ မောင် ပြောတာ ကြားဖူးတယ်၊ အဘိုးအဘွားတွေ ရဲ့စာဖတ်ခန်းလို့ ပြောတာ။ မောင် စာဖတ်ရင်တော့ အောက်ထပ်က စားပွဲမှာ ပဲ ဖတ်တာများပါတယ်၊ ကျွန်မလည်း စာဖတ်ခန်းထဲ ဟိုဟိုဒီဒီ လျှောက် ကြည့်နေမိတယ်၊ စားပွဲပေါ်မှာ ဖတ်လက်စ စာအုပ်တစ်အုပ် ရှိနေတာ တွေ့ရ တယ်၊ အခန်းထဲ လျှောက်ကြည့်နေတဲ့အချိန် အနောက်ကနေ တစ်ယောက် ယောက် လိုက်နေသလို ခံစားရတယ်၊ ကျွန်မလည်း စာဖတ်ခန်းထဲက ခပ်မြန် မြန်လေး ပြန်ထွက်လာခဲ့တယ်၊

အခန်းရဲ့ အပြင်အရောက်မှာတော့ အခန်းရဲ့တံခါးမကြီးက "ကျွီ" ခနဲ ပိတ်သွားတယ်၊ ကျွန်မ နောက်တောင် ပြန်လှည့်မကြည့်ရဲဘူး ဖြစ်သွားတယ်၊ ပယ် - စိတ်ကို ဖြေလိုက်ပါတယ်၊ လေတိုက်လို့ ပိတ်သွားတာ နေမှာပေါ့၊ ဒင်း - လေတိုက်ရအောင်လည်း ပြတင်းပေါက်တံခါးတွေ ပိတ်ထားတာပဲ၊ ကျွန်မရဲ့ကြောက်စိတ်တွေပြန်ဝင်လို့လာပါတယ်၊ ကြောက်စိတ်တွေ ဖြစ်နေ မယ့် ခြေလှမ်းတွေကလည်း တစ္ဆေတစ်ကောင်ကဲ့သို့ စူးရှတောက်ပပြီး ထောက်တွေကလည်း လမ်းမလျှောက်ရဘဲ ပေါ့ပါးစွာနဲ့ အခန်းထဲကို ထွက်သွားပါတယ်၊ အခန်းထဲမှာ ဝတ်ရုံဖြူနဲ့ ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ လု တစ်ယောက်က ကျွန်မကို ပြုံးပြနေတယ်၊

ကျွန်မလည်း ကြောင်တောင်တောင်နဲ့ယောင်ပြီး ပြုံးပြလိုက်မိတယ်၊ တ်မှ သေချာပြန်ကြည့်တော့ လက်ရာပြောင်မြောက်လှတဲ့ အင်မတန်မှ က်ဝင်လှတဲ့ ပုံတူပန်းချီကားတစ်ချပ် ဖြစ်နေတယ်၊ ဒီ အိပ်ခန်းရဲ့ ချင်က "သူမ" လား၊ ဒီ အိပ်ခန်းမှာလည်း သန့်ရှင်းသပ်ရပ်နေတာက ဩစရာ ကောင်းနေပြန်တယ်၊ ကျွန်မရဲ့အကြည့်က လှုပ်နေတဲ့မြင်းကုလား ပေါ် ရောက်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ခုံက ဘာလို့ လှုပ်နေတာလည်း ဘယ်သူမှလည်း မထိုင်ဘဲ ဒါမှမဟုတ် "သူမ" ထိုင်များ နေလို့လား။ အို - မဟုတ်တာ ဘယ်သူမှ မရှိဘဲ ငါ ဘာတွေ တွေး နေမိပါလိမ့်။ (တော်ပြီ) အခန်းထဲက ပြန်ထွက်တော့မယ်။ အခန်းထဲက ထွက်လာတော့ တံခါးကို ဘယ်သူများ ပိတ်ဦးမလည်းလို့ ခပ်မြန်မြန်ပဲ လှည့်ကြည့်လိုက်ပါတယ်။ သူနိုးဖမ်းတဲ့ မျက်လုံးနဲ့ ဒီတစ်ခါတော့ မရဘူးဆိုတဲ့ ပုံမျိုး ပေါ့လေ။ ဒါပေမဲ့လည်း တံခါးက ခုနကလို ပိတ်မသွားဘူးရှင့်။ စဉ်းစားရော ဘာကြောင့်လည်း ကျွန်မလည်း အောက်ထပ်ကို ဆင်းလာတယ်။ ဧည့်ခန်း ထဲက ကုလားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်နေလိုက်တယ်။ ကျွန်မနဲ့ မျက်နှာ ချင်းဆိုင်ခုံမှာ တစ်ယောက်ယောက် ထိုင်နေတယ်လို့ ခံစားရပြန်တယ်။ ခုနက ပန်းချီကားထဲက သူမလား၊ ကျွန်မစိတ်တွေ ကယောင် ချောက်ချား ဖြစ်နေပြီ။ ပြီးတော့လေ - ကျွန်မ အနောက်ကနေ တစ်ယောက်ယောက် ဖြတ်သွားသလိုပဲ။

ကျွန်မ အမြန်လှည့်ကြည့်လိုက်တယ်။ ကျွန်မမျက်လုံးထဲ မြင်လိုက်ရတာ ဆံပင်ဖားလျားနဲ့အရိပ်မည်းတစ်ခု။ ဒီအိမ်ကြီးထဲမှာ ဝိညာဉ်တွေ ရောက်နေ တာလား။ စာဖတ်ခန်းထဲမှာ စာဖတ်နေတာက ဘယ်သူလဲ၊ အိပ်ခန်းထဲက သူမကရော၊ ဆံပင်ဖားလျားနဲ့ အရိပ်မည်းတစ်ခု၊ အဲဒါတွေက တစ်ယောက် တည်းလား၊ ကျွန်မကို သူတို့ဘာလို့ အဲဒီလို လုပ်နေရတာလဲ၊ ကျွန်မ ခြောက်တာလား။

သရဲခြောက်တယ်ဆိုတာ အဲဒါကို ပြောတာလား။ ကျွန်မ တွေ့ခဲ့တဲ့ သူမ ကရော ကျွန်မကို အဖော်ပြုပေးနေတာလား။ ခြောက်တာလား။ သူမ ရှိနေ တာကို သတိပေးတာလား။ လားပေါင်း များစွာဖြင့်သော မေးခွန်းများနဲ့ ကျွန်မ အသက်ကို လေးပင်စွာ ရှူရှိုက်မိလိုက်ပါတယ်။

"မောင်ရေ - ကျွန်မ စိတ်တွေ အရမ်းပင်ပန်းနေပြီ။ မောင့်ကို တမ်းတ ကျွန်မခုံပေါ်မှာ အိပ်ပျော်သွားတယ်။ ကျွန်မ နူးညံ့တဲ့ အထိအတွေ့တစ်ခု ခံစားနေရတယ်။ ကျွန်မရဲ့ဆံနွယ်တွေကို ပွတ်သပ်ပေးပြီး ကျွန်မကို ချော့ နေသလိုပဲ။ ကျွန်မလည်း စင်းကျနေတဲ့ မျက်လုံးအစုံကိုအားယူ၍ ဖွင့်ကြည့် လိုက်တယ်။ မသဲမကွဲ မြင်ကွင်းထဲမှာ ဝတ်ရုံဖြူနဲ့ ပန်းချီကားထဲက သူမပါ လား။

"အား"

ကျွန်မလည်း လန့်ပြီး ထအော်မိတယ်။ "ဟင်" ဘယ်သူမှလည်း မရှိဘူး။ ကျွန်မ အိပ်မက် မက်နေတာပဲ၊ ကျွန်မ လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း အိမ်ကြီးထဲမှ အပြင်သို့ ထွက်ခဲ့ပါတယ်။

အညောင်းဖြေခြံထဲ လမ်းလျှောက်ဦးမယ်ဆိုတဲ့ အတွေးတွေနဲ့ပေါ့။ ခြံထဲ ရောက်တော့ ခြေလှမ်းတွေက ခြံအနောက်ဘက်ကို ဦးတည်လို့နေပါတယ်။ အံ့သြစရာပဲ၊ ကျွန်မရဲ့စိတ်ကူးက ခြံရှေ့မှာ လမ်းလျှောက်ဖို့ပါ။

"အမလေး"

ကျွန်မ အော်လိုက်မိပါတယ်။ အရိပ်တစ်ခု ခြံနောက်ဘက်က ခရေပင်ကြီး ဆီကို ဝင်သွားတယ်။ ကျွန်မကလည်း အဲဒီခရေပင်ကြီးနား လျှောက်သွားလို့ နေမိတယ်၊ "အို" ကျွန်မ အံ့သြရပြန်ပါပြီ။ ခရေပင်ကြီးနားမှာ အုတ်ဂူတစ်ခု ပါလား။ နာမည်က မစိမ်းနွယ် အသက်က (၂၀) နှစ်ဆိုပါလား။ မောင် ပြောဖူးတဲ့ မောင့် အစ်မဆိုတာပဲ၊ ခြံထဲမှာ အုတ်ဂူလုပ်ထားတော့ မောင်က မပြောခဲ့ဖူး ပါဘူး၊ ခြံထဲမှာ အုတ်ဂူလုပ်ထားတော့ ဒီခြံမြေက မသန့်တော့ဘူးပေါ့။ အိမ်ထဲ မှာ လျှောက်သွားနေတဲ့ဝိညာဉ်က သူမပဲလား။ စကားပြောသံတွေက ဘာလဲ သူမနဲ့ အခြားဝိညာဉ်တွေ စကားပြောနေကြတာလား။ ကျွန်မလည်း အုတ်ဂူကို ကြည့်ရင်း မှင်တက်နေမိတယ်။ မျက်လုံးထဲမှာလည်း ဝတ်ရုံဖြူနဲ့ မိန်းမလှ တစ်ယောက်က အုတ်ဂူပေါ်မှာထိုင်ပြီး ကျွန်မကို ပြုံးပြနေတယ်၊ သူမ မျက်လုံး တွေကလည်း စူးရှတောက်ပနေတယ်၊ တဖြည်းဖြည်းနဲ့ သူမရဲ့ အပြုံးတွေ ကလည်း ကြောက်စရာကောင်း - ကောင်းလာတယ်၊ ပြုံးရင်းနဲ့ အစွယ်တွေ ထွက်ကျလာတယ်။ မိန်းမလှအပြုံးတွေကနေ တစ္ဆေတစ်ကောင်ရဲ့အပြုံးတွေ အဖြစ် အသွင်ပြောင်းလာတယ်၊ အဲဒီအချိန်မှာဘဲ မှောင်ရီသမ်းပြီး နေလုံးကြီး ညည်း ဝင်လို့သွားတယ်၊ ကျွန်မလည်း ကျောက်ရုပ်တစ်ရုပ်လို ရပ်နေရာကနေ သတိပြန်ဝင်လာပြီး အိမ်ကြီးရှိရာဘက်သို့ ပြန်ပြေးလာခဲ့တယ်၊ ကျွန်မ ကြောက်လိုက်တာ၊ ခုနက မြင်ရတာ တကယ်လား၊ စိတ်ထင်တာလား၊





www.burmeseclassic.com

www.burmeseclassic.com

ကယောင်ချောက်ချား ဖြစ်တာလား။ ကျွန်မ မောပန်းစွာနဲ့ အသက်ရှူနေရပါတယ်၊ နလုံးခုန်နှုန်းတွေလည်း အဆမတန် မြင့်မားနေပါရဲ့၊ ရင်တွေလည်း အောင့်လိုက်တာ၊ ခန္ဓာကိုယ်အတွင်းထဲက ကလီစာတွေ ဘာတွေ ဖြစ်ကုန်ပြီလည်းတောင် မသိပါဘူးရှင်၊ "မောင်ရေ" တာဝန်တွေပြီးရင် အမြန် ပြန်လာပါတော့၊ ကျွန်မ စိတ်ချောက်ချားပြီး သေတော့မယ်၊ ဘုရား - ဘုရား ကယ်တော်မူပါဘုရား။

ရန်ကုန်က မိဘတွေဆီကို ဖုန်းဆက်တော့လည်း ဘုရားဖူးထွက်နေကြတယ်တဲ့၊ ကျွန်မရဲ့အဖြစ်ကိုတော့ မပြောတော့ပါဘူး၊ ကျွန်မ အသက်တို မှန်အောင် ဖြည်းဖြည်းချင်း ရှူနေရပါတယ်၊ ထိုအချိန်မှာပဲ ဖုန်းသံမြည်လာတယ်၊

☑

"ဟဲလို - ဟုတ်ကဲ့ပါရှင့်"

ကျွန်မ ထိတ်လန့်စွာနဲ့ အော်မိတယ်၊ မောင် ဒဏ်ရာရလို့ စစ်ဆေးရုံမှာ တင်ထားရတယ်တဲ့၊ ကျွန်မ အမြန်ပဲ ဆေးရုံကို လိုက်သွားတယ်၊ ဘုရား - ဘုရား မောင် ဘာမှ မဖြစ်ပါစေနဲ့ ကျွန်မလည်း ဘုရားစာတွေ ရွတ်လိုက်တာ စုံလို့ပါပဲ၊ ဆေးရုံရောက်တော့ မောင်က သတိတောင် ရနေပြီ၊ မောင် နေသာရဲ့လား၊ ကျွန်မလည်း အူယားဖားယားနဲ့ မောင့်ဆီ အပြေးသွားခဲ့ပါတယ်၊

"မောင် - သက်သာရဲ့လား၊ ဘယ်လို နေသေးလဲ၊ ဘယ်လိုဖြစ်တာလဲ မသေကောင်း မပျောက်ကောင်း၊ ဘုရားကယ်လို့ပေါ့ မောင်ရယ်"

ကျွန်မလည်း မေးခွန်းများစွာကို စိုးရိမ်တကြီးနဲ့ မောင့်ကို မေးမိနေတယ်၊ "မောင်" သက်သာပါတယ် "မ" ရယ်၊ ကျည်က လက်မောင်းကို ထိသွားတာပါ၊ တော်သေးတာက အရိုးနဲ့လွတ်သွားတယ်၊ ဒါနဲ့ "မ" ရော နေကောင်းရဲ့လား၊ မျက်နှာကလည်း ဖြူဖပ်ဖြူရော်နဲ့ ။

"ဟုတ်ကဲ့၊ ကောင်းပါတယ် - မောင်ရယ်" မောင်က ဆေးရုံက ဆင်းခွင့် တစ်ပတ်လောက် ခွင့်ရတယ်၊

"ဟုတ်လား - ကောင်းတာပေါ့ မောင်ရယ်"



ကျွန်မလည်း သက်ပြင်းရှည်ကြီးကို လေးပင့်စွာချရင်း အိမ်ပြန်ရမှာ ကြောက်နေမိတယ်၊ မောင့်ရဲ့ဒဏ်ရာ သက်သာတော့ ဆေးရုံမှ ဆင်းခွင့်ရပြီး ကျွန်မတို့ အိမ်ပြန်လာခဲ့ကြတယ်၊ အိမ်ရောက်တော့ မောင်က မေးတယ်၊

"အဆင်ပြေရဲ့လား အိမ်မှာ ဘာတွေ ဖြစ်သေးလဲ"

ဖြစ်တော့ ဖြစ်တယ်၊ မ လည်း လိပ်ပြာလွင့်မတတ်ပဲ၊ မောင် ကျွန်မတို့ အိမ်မှာ မနေရဲတော့ဘူး၊ တပ်ထဲမှာပဲ ပြောင်းနေရအောင်နော်"

"တပ်ထဲမှာနေရင် အရာရှိကတော်တွေ အရမ်းပင်ပန်းတယ်၊ မောင့်မိန်းမ ပင်ပန်းမှာစိုးလို့ပါ"

"တပ်မတော်သားရဲ့ မိန်းမပဲ၊ ပင်ပန်းတော့ ဘာဖြစ်လည်း ခံနိုင်ရည်ရှိမှာပေါ့၊ မောင် - ကျွန်မတို့ဒီအိမ်ထဲက ဝိညာဉ်တွေ ကျွတ်လွတ်သွားအောင် ကုသိုလ်လုပ်ပြီး အမျှအတန်းဝေကြမယ်နော်"

"ကောင်းပါပြီ - မရယ်"

နောက်တစ်နေ့မနက်မှာ သံဃာတော်တွေပင့်ပြီး မစိမ်းနွယ်နှင့် အခြား ကျွတ်လွတ်သေးတဲ့ဝိညာဉ် အားလုံးကို အမျှပေးဝေခဲ့ပါတယ်၊ ညရောက်တော့ အိပ်မက်ထဲမှာ မစိမ်းနွယ်က "ညီမလေးနဲ့ မောင်လေးကို ကျေးဇူးတင်တယ်" လို့ကျွန်မကို ပြောသွားတယ်၊ ကြည်လင် လန်းဆန်းနေတဲ့ မစိမ်းနွယ် မျက်နှာက အေးချမ်းလိုက်တာလို့ ကျွန်မတွေးရင်း ပြုံးမိတယ်၊

မောင်ကလည်း ကျွန်မကဲ့သို့ အိပ်မက် မက်တယ်တဲ့၊ မစိမ်းနွယ်က မောင့်ကိုလည်း နှုတ်ဆက်သွားတယ်လေ၊ နောက်တစ်နေ့ နံနက်မှာ မောင်နဲ့ ကျွန်မ လက်ဆတ်တဲ့ လေနုအေးကို ရှူရှိုက်ရင်း မစိမ်းနွယ်ကို သတိရ လိုက်တယ်၊ ဘုရား၊ တရား၊ သံဃာရဲ့ဂုဏ်ကျေးဇူးတွေကြောင့် မစိမ်းနွယ်နှင့် အခြားဝိညာဉ်တွေ ကောင်းရာ သုဂတိဘုံမှာ ငြိမ်းချမ်းစွာ ရောက်ရှိနေကြပြီ ဆိုတာ ကျွန်မ ယုံကြည်လိုက်ပါတယ်၊ ကျွန်မ ဝမ်းသာပီတိဖြာစွာနှင့် ပြုံးလိုက် မိတယ်၊ မောင်ကလည်း ကျွန်မကို ကြည့်ရင်း ပြုံးလို့နေပါတယ်၊

→ စောစုထိုက်


www.burmeseclassic.com

www.burmeseclassic.com

‘တင်း’ခနဲ သားကောင်တစ်ကောင်၏ ဓါးသွားကြီးနှ ဓာန်သွင်းလိုက်သည့်အသံကို ရေမှုဆိုးတစ်ပိုင်း တောမှုဆိုးတစ်ပိုင်းဖြစ်နေသည့် ဗယ်ာသီလ၏နား ကြားဖြစ်အောင် ကြားလိုက်သည်။

သူနည်းအတူ သူလူများလည်းသတိလားခိုကြပုံ နယ်ခိမ်း၊ မြေခိမ်းကို ခွန့်စားလိုက်ပါလာခဲ့ကြရခြင်း ဖြစ်ခု သတိကြီးကြီးထားလျက် ကိုယ်နှင့်ထက်ကြ ပါလာခဲ့ကြသည့် သေနတ်များကို အသီးသီး အလ မြှုတ်ကာ အသင့်ကိုင်ဆွယ်လိုက်ကြသည်။




www.burmeseclassic.com

www.burmeseclassic.com

# ပင်လယ်ခေါ်သံ

ရေး သူ မင်း သျှင်

ဖော်သီလသည် သူ့လက်စွဲတော် (၄၇၄) ရိုင်ဖယ်ကြီးကို မောင်းထိုး တင်လျက် အသံကြီးကြားရာဆီသို့ ချိန်ရွယ်ထားပြီးသား၊ နတ်ကွန်းတိုင်များ နှင့် ကျောက်ဖျာကြီး၏ နောက်ဘက်အင်ပင်ကြီးခွဆုံအကိုင်းရှိ အင်ဖက်များ ကြားမှ မည်းနက်နေသော သားကောင်တစ်ကောင်၏ သဏ္ဌာန်နှင့် ရဲရဲ တောက်နေသည့် မျက်ဝန်းလက်လက်များကို မြင်နေရသည်၊ ကျားမဟုတ် သစ်ဆင် (သို့မဟုတ်) ကျားသစ်ကြီးလည်းမဟုတ်၊ တောဆိုး လူ့ဝံကြီး လေလား၊ ဘာကောင်လဲ မသိ၊ မသိ ...။

"မာ - မာ - မင်း ဖခင်နဲ့ နတ်ဆရာအဘိုးကို နောက်ဆုတ်ခိုင်းလိုက်၊ ဘာ ကောင်လည်း မသိပေမဲ့ အဲဒီတိရစ္ဆာန်ကြီးက ခုန်အုပ်ဖို့ အသင့်ဖြစ်နေပြီ"

အံ့သြစရာကောင်းလွန်းလှ၏၊ "မာ" တို့ ကျွန်းနေဝှအောင်း လူသား တစ်စုသည် တွေ့ဖူးမြင်ဖူးနေကျ လူများနှင့် လားလားမျှ မတူ၊ ကြောက်စ ထိတ်လန့်ဟန်၊ ပျာယီးပျာယာ၊ အူယားဖားယား၊ ချောက်ချောက်ချားချား ဟန် တစ်စက်ကလေးမျှမရှိ၊ ကြုံလာသည့် အန္တရာယ်ဘေးဆိုးကြီးအား "လာမည့်ဘေးပြေးတွေ့အံ့" မျက်နှာပေးများဖြင့် သူတို့ကိုယ်ပေါ်မှ ဓားများ



လေးမြားများကို သွက်လက်လျင်မြန်စွာ ဆွဲယူ၊ ကိုင်စွဲလိုက်ကြပြီးလျှင် တိရစ္ဆာန်ကြီး ခုန်ဝင်အလာကိုသာ အာရုံစူးလျက် စောင့်ဆိုင်းနေကြတော့ သည်။

သားရဲကောင်ကြီးသည် ဝေါခနဲ အသံရှည်တစ်ချက်ဖြင့် မာန်သွင်း၍ ဟိန်းလိုက်ရင်း လျှပ်ပြက်သကဲ့သို့ ဝါးလုံးထိုးခုန်ဝင်လာ၏၊ မြေတုန်ဟည်း ခမန်း ဟိန်းသံကြီးက မြည်လှသည့်အပြင် ဖြူဖွေးချွန်မြနေသော အစွယ် ဖွေးဖွေးများကို အစွမ်းကုန် လှစ်ပြလျက် ခုန်ဝင်လာခဲ့သော မည်းမည်း အကောင်ကြီးသည် ဝက်ဝံကြီးလော၊ ကျားသစ်နက်တစ်ကောင်ပေလော ခွဲခြားကြည့်ရန် အချိန်မရ၊ လျှပ်တစ်ပြက် လက်တန်းထိုးချိန်လျက်သား မောင်းခလုတ်ကို ဖိညှစ်ဖြုတ်ချလိုက်ရတော့၏၊ တစ်မြို့င်နက်တည်းမှာပင် အနီးကပ်၍ "ဒိုင်း - ဒိုင်း - ဒိုင်း" သေနတ်ပေါက်ကွဲသံ သုံးချက်ကိုကြားလိုက် ရကာ "ဗုန်း" ခနဲ မြေပစ်လက်ပစ်ပြုတ်ကျသံကြီးနှင့်အတူ တဆတ်ဆတ် အကြောများဆွဲလျက် အသက်ငင်နေသော တိရစ္ဆာန်ဆိုးကြီးကို မျက်ဝါး ထင်ထင် မြင်လိုက်ကြရသည်။

"အလိုလေး - နည်းတဲ့ ကျားသစ်နက်ကြီး မဟုတ်ပါကလားပေါ့၊ ဧရာမ သတ္တဝါကြီးပဲ"

ဝေါင်ဘုတ်၏ ချောက်ချောက်ချားချား၊ တုန်တုန်လှုပ်လှုပ်အသံ၊ "ဘာဖြစ်ဖြစ်ကွာ၊ ဒီလောက်ရှားပါးတဲ့ ကျားသစ်နက်ကြီးမျိုးကို ကံပေး လို့သာ ပစ်ခွင့်ကြုံရတာမောင်ရေ၊ ဘုရားမတာပဲ၊ ကျကျနန အရေခွံခွာပြီး ခုံလုံးသွင်းထားရမယ်" ကျောက်နီ၏ဝမ်းသာအားရကျူးရင့်သံ၊ "ကံကောင်း လို့သေကံမရောက်၊ သက်မပျောက်ရတာကိုများ အားတက်သရောစာဖွဲ့လို့ ရတော်လည်း ဟုတ်တဲ့ကောင်" လုံးထော်၏ ပြစ်တင်မောင်းမဲသံများက အပြောပြော ပေါ်လာလေသည့်တိုင် ဖော်သီလက အာရုံမထားမိ၊ ဖြတ်ခြည်း ပြောင်းလဲသွားသည့် သူ့မိတ်ဆွေ ကျွန်းသားတစ်စုတို့၏ အမူအရာမြင်ကွင်း များကသာ သူ့စိတ်ကို လှုပ်ရှားစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျားသစ်နက် အသေကောင်ကြီး၏ သက်မဲ့ခန္ဓာကို ဝိုင်းရံလျက် နဖူးနှင့် မြေကြီးထိ၍ ဝပ်ဝပ်ကုန်းကုန်းကြီးတွေ ပြုနေကြသည့် ကျွန်းသားစုတွင် နတ်ဆရာ အဘိုးအို "ဘိုးငှက်" နှင့် ကျွန်းခေါင်း "ဝက်ဝံကြီး" တို့ နှစ်ဦးသာလျှင် သူတို့ အဓိပ္ပာယ်ဖော်မရသည့် ကွိကွိကွကွများဖြင့် တုန်ရီချောက်ချားစွာ အော်ကြီးဟစ်ကျယ် ရွတ်ဖတ်သရဇ္ဈာယ်နေကြ၏။ ကျန်လူများလည်း ကုန်းကုန်းကွကွ၊ ပွစိပွစိ၊ သူ၏ "မာ" တစ်ယောက်တည်းသာ ဖော်သီလ၏ နောက်တွင် ကပ်လျက်ရပ်၍ သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ထားကြက်သေ သေနေသည်။

"သူတို့ဘာတွေဖြစ်ကြတာတုံး - မာ၊ ဘာကြောင့် တို့တွေကို ရန်မူ၍ ဒီကျားသစ်နက်အသေကောင်ကြီးကို ဒီလောက်ကြောက်ရွံ့နေကြရတာတုံး ကိုယ့်ကို ရှင်းပြပါဦး"

"အရှင် - အရှင်က ကျွန်းစိုး နတ်ကျားကြီးကို သတ်ပြီးပ"

"ဟေ - ဘယ်လို "မာ"၊ ဘယ်လို - ဘယ်လို"

"ဟုတ်ပ - အရှင်၊ အရှင်တို့ သတ်လိုက်တာဟာ "မာ" တို့ ကိုးကွယ်တဲ့ ကျွန်းဆိုးကြီးပ"

"အလိုလေးလေ - ဒုက္ခလှလှနဲ့တော့ ညားရော့ဆရာရေ့၊ ဒီတစ်ခါ ခေါင်းနဲ့ကိုယ် အိုးစားမကွဲခဲ့ရင် ကျုပ်တို့ကံဟာ "အာဂ" လို့ပဲသာ မှတ်လိုက်ပေတော့။ သေဖြစ်ပြီ - သေဖြစ်ပြီ၊ သေသေချာချာကြီးကို သေဖြစ်ပါပြီများ ဟူး ...။ ရုတ်ခနဲဝမ်းသာ၊ ကပျာကယာ ဝမ်းနည်းဆိုတဲ့ သောက်သုံးမကျတဲ့ အရှုံးမျိုးပန်းကံပါပဲလား ဗျာတို့"

"ကျောက်နီ - မင်း အပေါက်ကြီးကောပိတ်ထားစမ်းကွာ၊ အရေးထဲမှာ မင်းကတစ်မျောက်"

"ဟုတ်ကဲ့ပါ - ဆရာ ဝေါင်ဘုတ်ရယ်၊ ဟုတ်ကဲ့ပါ"

ထို့နောက် - စဉ်တိုက် ဆက်တိုက်ကြီး ကြုံလာရသည့်အဖြစ်အပျက်များမှာ လျှင်မြန်လွန်းလှ၏။ ကမူးရှူးထိုး နိုင်လွန်းလှသလို ဖောက်ပြန်



ဘောက်ထိုးလည်း ဆန်လွန်းလှသည်၊ ဝမ်းနည်းဝမ်းသာ၊ အေးတစ်ချို့ ပူတစ်လှည့်။

ဖော်သီလတို့ ဆရာတပည့်၏ လက်ချက်ကြောင့် အသက်ပျောက်ခဲ့ရသည့် ရောမ ကျားသစ်နက်ကြီးမှာ "မာ" ၏ဖခင် ကျွန်းခေါင်းကြီးကို သေလုမျှပါး ရန်မူတိုက်ခိုက်ခဲ့သည့် ကျားရဲကြီးဖြစ်သည်၊ မည်သည့်အချိန်ကတည်းက လူသား၏ အသွေးအသားကို မြည်းစမ်းဖူးကာ လျှာလည်ခဲ့လေသည်မသိ၊ သင်း၏ လက်ချက်ကြောင့် ဒီကျွန်းကလေးပေါ်က ရွာသူရွာသားတစ်ဝက်နီးနီး သေကြေပျက်စီးခဲ့ရပြီးပြီ၊ သင်းကလည်း လူသားမှလွဲ၍ အခြားသားကောင်ကို မမက်တော့၊ သင်း တကယ်တမ်း ဆာလောင်လာခဲ့ပြီဆိုလျှင် လူတို့နေရာ လိုဏ်ဂူတွေထဲအထိ အတင့်ရဲရဲ အတင်းဝင် အတင်းဆွဲတတ်လာသည့်အတွက် သင်းကြီးကို ဖိန့်ဖိန့်တုန်အောင် ကြောက်လာကြရ၏။ တဖြည်းဖြည်း ကျားရဲကြီးကို အကြောက်ပို အကြောက်သည်းခဲ့ကြရာမှ တစ်စစဖြင့် အသိဉာဏ်ခေါင်းပါးသူတို့ ဓလေ့အတိုင်း သာမန်ကျားမဟုတ်၊ အပြစ်ရှိသူတို့အား စီရင်ရန် ကျွန်းစောင့်နတ်များက ဖန်ဆင်းပေးထားသည့် နတ်ကျားကြီးအဖြစ် ပုံကြီးချဲ့ အရာကျယ်လာကာ သတ်ဖြတ်ခံရမည့်အခါများတွင် "ဘယ်နေ့မှာ ဘယ်သူ့ ကျားစာဖြစ်မလဲ၊ လူသာမန်တွေ မသိနိုင်တဲ့ အပြစ်တွေအတွက် နတ်ကျားကြီးက ဖမ်းစားစီရင်မလဲ" ကိုသာ ကျွန်းသူတို့ အသည်းငယ်ငယ် စောင့်မျှော်နေတတ်ခဲ့ကြတော့သည်။

ကျွန်းခေါင်း "ဝက်ဝံကြီး" ကို နတ်ကွန်းစင်များအနီးတွင် ဖွတ်အတင်းဆွဲခဲ့သည်မှာလည်း ဒီကျားရဲကြီးပင်၊ သတ္တိနှင့် သတိခေသူ မဟုတ်လှသည့် ကျွန်းခေါင်းကြီးသည် သူ့လက်စွဲတော် သံပုဆိန်ဖြင့် ကျားဆိုးကြီး၏ မျက်လုံးနှင့် မေးရိုးများအား ထိထိမိမိ ခုတ်ပစ်လိုက်နိုင်သည့်တိုင် တိရစ္ဆာန်ကြီး၏ပြင်းထန်လှသည့် ရိုက်ပုတ်ကုတ်ဖဲ့မှုများကြောင့်လည်း ကျွန်းခေါင်းကြီး အနာတရပြင်းစွာ ရခဲ့ရခြင်းဖြစ်သည်၊ ထိုစဉ်ကတည်းက ခြေရာပျောက်နေခဲ့သော သတ္တဝါကြီးသည် ယနေ့မှပင် တိုက်တိုက်ဆိုင်ဆိုင် ပြန်ပေါ်လာခဲ့ခြင်း ဖြစ်ဟန်တူ၏၊ သူ၏ သေရာပါ ဒဏ်ရာဒဏ်ချက်များကြောင့် သေမင်းလက်မှ



www.burmeseclassic.com

www.burmeseclassic.com

လက်မတင်ကလေး လုယူနိုင်ခဲ့ကြသည့် ကျွန်းခေါင်း "ဝက်ဝံကြီး" နှင့်တစ် တစ်မောင်း စိတ်မကျေပွဲ နွဲ့လို၍ပေလော၊ ဇော်သီလနှင့် ကျွန်း၏ သမီး "မာ" တို့ မင်္ဂလာလက်ထပ်ပွဲကိုပင် ကောင်းချီးပေးလို၍လား မသိတော့ နိုင်ပြီ၊

မည်သို့ပင်ဖြစ်စေ၊ တီရစ္ဆာန်ဆိုးကြီးကား တုံးလုံးပက်လက် အသေ ပျောက်နေခဲ့ပြီဖြစ်သည်၊

ဦးစွာ လှုပ်ရှားလာသူက နတ်ဆရာ အဖိုးအို "ဘိုးဂုက်"၊ ကွိစိကွစ ဖြင့် ဘာတွေပြောနေမှန်း မသိသော်မှ ဒီသတ္တဝါဆိုး ကျားရဲကြီးကို သတ် လိုက်သည့်အတွက် သူတို့ ကျွန်းသား လူအုပ်စုများအပေါ် ကြီးမားသော ဘေးရန်အန္တရာယ်များ စုပြုံကျရောက်လာတော့မည်ကို ပူပန်သောကဖြ စွာဖြင့် အရေးတကြီး ပြောဆိုဆွေးနွေးနေပုံရသည်၊ ဇော်သီလတို့၏ သေနတ်သံများကြောင့်လည်းကောင်း၊ နေ့နေ့ညည သူတို့ကို ဒုက္ခပေး နေသည့် ကျားသစ်နက်ကြီး သေပြီဟူသည့် သတင်းကြောင့် လည်းကောင်း တဖြည်းဖြည်း စုပြုံဝိုင်းအုံလာကြသည့် ကျွန်းသားအုပ်များကြောင့် ညံညံ ရှိလှတော့၏၊

လူအုပ်ကလည်း နတ်ဆရာကြီးကို တစ်ယောက်တစ်ပေါက် ပြော ပြန်၏၊ တစ်ခဏချင်းမှာပင် အခြေအတင် ငြင်းသံခုန်သံတို့ ကျက်တွ ညံလာသည်၊ ဒေါသတကြီး လက်သီးလက်မောင်းတန်း၍ အော်ကြီး ကျယ်ပြောသူများပင် ရှိ၏၊ နတ်ဆရာနှင့် သဘောတူမျှသူ၊ ဆန့်ကျင် ကွက်သူများဖြင့် ပွက်လောရိုက်နေ၏၊

သူတို့၏အကြည့်များသည် ကျားရဲတိရစ္ဆာန်ကြီးကိုတစ်လှည့်၊ ဇော်သီလ ကိုတစ်လှည့် ကွက်ကြည့်ကွက်ကြည့်၊ ဒီသတ္တဝါဆိုးကြီးကို သတ်ပစ်နိုင် သည့် ဇော်သီလကို အထင်ကြီးခြင်း၊ လေးစားခြင်း၊ အံ့သြချီးမွမ်းခြင်း ကျခြင်းတို့ ပြည့်လျှံနေသည့် မျက်ဝန်းများ၊ တစ်နယ်တစ်ကျေးမှ လာ ခြေသည်လူစိမ်းက ရာရာစစ "ကျွန်းစိုးနတ်ကျား" ကြီးကိုများ ဇော်သီ ကားကား သတ်ရက်ရလေသလော၊ ကျွန်းမလေ့နှင့် ကျွန်းထုံးစံကို ဖော်

လေးစားလုပ်ရသလော၊ ကျွန်းပိုင် အရှင်သခင်ကြီးများ စိတ်ငြိုငြင်မျက်ငြိုး ကော်ရချည်ရဲ၊ ဘေးဆိုးကပ်ဆိုးကြီးများ ကျအောင် တမင်ဖန်တီးလေ သလော စသည့် အယူသီးမှု၊ အစွဲအလမ်းကြီးမှု အကြည့်ဆိုးများ၊ တိုက်ခွဲ တစ်ခုနယ် ပြင်းထန်လွန်းလှသည်၊

ကျွန်းခေါင်းကြီးက ဘာမျှဝင်မပြော၊ သူများတကာ ပြောသမျှတို့ကို နားစေ့နားစွင့်နေသည်၊ ပီဘိ တည်ကြည်ရင့်ကျက်လှသော "ဝက်ဝံကြီး" ၏ မျက်နှာနေကို ယနေ့ထက်တိုင် ဇော်သီလ မမေ့၊

"ဘာတဲ့လဲ "မာ"၊ သူတို့ဘာတွေ အငြင်းအခုံဖြစ်နေကြတာလဲ၊ ကိုယ် ကိုနဲ့ ပတ်သက်နေပြီထင်တယ်"

"နတ်ကျားကြီးကို သတ်တဲ့ကိစ္စ သူတို့ သိပ်စိတ်ဆိုးနေတာပ၊ အရှင်"

"ဟယ် - ကျားက ကျားပေါ့၊ ဘယ့်နှယ့် နတ်ကျားရယ်လို့ ဖြစ်ရပြန် တုန်း၊ သူ မသေရင် ကိုယ်သေရမယ့် အခြေအနေလေ၊ ပစ်သတ်လိုက်ရ တွဲ့လို့ ဘာလုပ်စရာရှိသေးလို့လဲ၊ ပြီးတော့ - ဒီတိရစ္ဆာန်ကြီးက တစ် ကောက်နစ်ယောက်တင်ပဲ ဒုက္ခပေးမှာ မဟုတ်ဘူး၊ သူ့အားခွန်ဗလ၊ သူ့ရဲ ချက်စက်ပုံမျိုးနဲ့ဆိုရင် လေးငါးဆယ်ယောက်လောက်တော့ အသာ လေး ဒလိမ့်ခေါက်ကွေးဖြစ်သွားနိုင်တယ်"

"အရှင်ဘက်ကကြည့်ရင် အရှင်မှန်တာပ"

"အယ် - ဘယ့်နှယ်ပြောလိုက်တာလဲ - မာ"

"အများကြီး - အများကြီး လိုက်နာခဲ့ကြတဲ့ ကျွန်းထုံးစံတွေရှိပ အရှင်၊ ထုံးစံတွေအရ "နတ်ကျား" ကြီးသေတာ အများကြီး မကောင်းပ"

"ဘုရားရေ…"

"ကျွန်းစောင့် အရှင်သခင်ကြီးတွေ စိတ်ဆိုးခဲ့ရင် မုန်တိုင်းကြီးတွေကျ မိုးကြီးလျှပ်စီးတွေ ပစ်မယ်၊ ရေလှိုင်းတွေကြီးမယ်၊ ကျွန်းကို ရေလွှမ်းပြီး အုံး သေကြရမှာပ"

"အိုး - ဘယ်နှမှ မဆိုင်တဲ့ အယူသီးမှုတွေပါပဲလား "မာ"၊ မင်းတို့ ကြည်အောင် ဘယ်လိုရှင်းပြရမှာပါလိမ့်"





www.burmeseclassic.com

www.burmeseclassic.com

ဇော်သီလလည်း မည်သို့မျှမတတ်နိုင်။ ခေတ်သစ်လူ့ကမ္ဘာနှင့် ကင်းကွာလွန်းနေသည့် ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြင်က ကျွန်းပုန်းကျွန်းရိုင်းကလေးပေါ်မှာ ရှေးဟောင်းဂူနေလူများထက် အနည်းငယ်သာ သာသည့် ဒီလူစုတွေကို သိပ္ပံပညာအကြောင်း၊ သိပ္ပံနည်းကျ တွေးခေါ်မြော်မြင်မှုများအကြောင်း မည်သို့ရှင်းပြရမည်မသိ။

"အဲဒီတော့ - သူတို့က ဘာလုပ်ကြမှာတဲ့လဲ "မာ"၊ သူတို့ ဘာဖြစ်ချင်ကြတာတဲ့လဲ"

"အရှင်တို့ကို ရန်မူကြလိမ့်မယ်ပ၊ ဒါမှမဟုတ် "မာ့"ဖခင်နဲ့ "မာ"၏ မိသားစုကို နတ်စာကျွေးကြမှာပ"

"ဟင် - ဘယ်လို နတ်စာကျွေးတာတုံးကွယ့်"

"ပင်လယ်နားက ကျောက်ဆောင်ပေါ်မှာ နေလှမ်းပြီး ပူဇော်ရတာပ အသက်မရှိတော့တဲ့ အခါကျမှ ပင်လယ်ထဲပစ်ချပြီး အရှင်သခင်ကြီးများ၏ သားသမီးတွေစားဖို့ စွန့်ပစ်လိုက်ရတာပ"

"ဗုဒ္ဓေါရေ ... အကျိုးနည်း ဒုက္ခကြီးမယ့် ကိစ္စကြီးပါကလား"

သူတို့ ဆရာတပည့်တွေအတွက် ဇော်သီလ မပူပါ၊ သူတို့ကိုယ်စီ ပါလာကြသည့် သေနတ်နှင့် ကျည်အရေအတွက်အရ ကိုယ်လွတ်ရုန်း၍ပြေးနိုင်ပါသည်၊ သို့သော်လည်း ကျွန်းခေါင်း "ဝက်ဝံကြီး" ၏ မိသားစု၊ ပြီးလျှင် သူ၏ "မာ" သူတို့ရှေ့ရေး အဘယ်မျှ ကြမ်းတမ်းခက်ထန်ကြရာလိမ့်မည်နည်း။ အတွေးဝင်မိသည်နှင့်ပင် အူယားလှ၏။

"ကိုယ်တို့တွေ "ပုလဲဒေဝီ"နဲ့ ထွက်သွားကြဖို့ စီစဉ်ပြီးပြီ "မာ"၊ "မာ့"ကိုလည်း ကိုယ်နဲ့တစ်ပါတည်း ခေါ်သွားမယ်၊ အဲဒါဆိုရင် ကိစ္စအေးရော မဟုတ်လား၊ အဲဒီအကြောင်းကို "မာ"ရဲ့ဖခင်နဲ့ နတ်ဆရာအဘိုးကို ပြောပြလိုက်ပါ မာ"

"အို - အရှင်"

"မာ"၏ မျက်နှာကလေး ဝင်းခနဲ လင်းလဲ့သွား၏၊ ပြီးလျှင် ရုတ်ခြည်းညှိုး၍ သွားပြန်တော့သည်၊

တကယ်တမ်း ပြဿနာကို တိခနဲ လက်စတုံးရှင်းချပစ်လိုက်နိုင်သူတား "မာ" ၏ ဖခင် ကျွန်းခေါင်းကြီး "ဝက်ဝံကြီး"၊

သူ၏ အဖြေက ရှင်းသည်၊

ဒီတိရစ္ဆာန်ဆိုးကြီးသည် "ကျွန်းစိုးနတ်ကျားကြီး"ပင် ဖြစ်စေ၊ သင်းသတ်ဖြတ်စားသောက်ခဲ့သည့် ကျွန်းသားလူဦးရေက နည်းလွန်းလှသည် မဟုတ်၊ ကျွန်း၏ ထုံးတမ်းဥပဒေအရ "သေစားသေစေ" သေထိုက်သေသင့်နေပြီ၊ ဒီသတ္တဝါကြီးကို သတ်လိုက်၍ သတ်သူတွင် အပြစ်မရှိ၊ အပြစ်ယူရ၊ သို့တိုင် မကျေနပ်သူ ကျွန်းသားတို့၏ အမျက်ဒေါသကို ဖြေသိမ့်သောအားဖြင့် ကျားသစ်နက်ကြီးကို သတ်ခဲ့သူ၊ "ဇော်သီလ" တို့ လူစုအား ကျွန်းပေါ်မှ ချက်ချင်း ထွက်ခွာစေမည်၊ ဇော်သီလ၏ ဇနီးဖြစ်နေပြီဖြစ်သော "မာ" ကိုလည်း တစ်ပါတည်း ထည့်ပေးလိုက်မည်။ ဤသည်ပင်လျှင် ကျွန်းခေါင်းကြီးဖြစ်သူ ဝက်ဝံကြီး၏ တစ်ချက်လွှတ်အမိန့်တဲ့၊

ဆူညံပွက်လောရိုက်နေသော လူအုပ်သည် မီးကို ရေနှင့်လောင်းလိုက်သကဲ့သို့ ချက်ချင်း ငြိမ်ကျသွား၏၊ အတွန့်တက်မည့်သူမရှိ၊ ခွန်းတုံ့ခွန်းပြန် ပြောရဲသူလည်း မရှိ၊

သည်တွင် - နတ်ဆရာ အဘိုးအို "ဘိုးငှက်"က လေးတိလေးကန် အဲ့ဆိုင်းတုံ့ဆိုင်းနှင့် ပြောလာပြန်လေသည်၊ ဇော်သီလနှင့်အတူ လိုက်ပါသွားမည့် မိန်းကလေး "မာ" ၏ ဝိညာဉ် ဘယ်သူစောင့်ရှောက်မလဲတဲ့၊

"ကျွန်းမလေ့အရ "မာ"တို့ ကျွန်းသားမှန်သမျှ တစ်ယောက်တည်း သွားရပ - အရှင်၊ တစ်စုံစုကြောင့် သူမှာ ဘေးအန္တရာယ်ကြုံခဲ့ရင် သေဆုံးရင် သူ့ဝိညာဉ်တည်တဲ့ အရိုးပြာကို စောင့်ရှောက်ပြီး ကျွန်းပေါ်က "ဝိညာဉ်များရဲ့ သုခဘုံ"မှာ ပျော်ပျော်ရွှင်ရွှင် ပြန်ထားနိုင်ဖို့ အမြဲတမ်း အဖော်၊ အဲ - စောင့်ရှောက်သူ တစ်ယောက်ယောက်နဲ့သာ သွားကြရတာပ၊ အဲဒါဟာ - ကျွန်းထုံးစံပ၊ နတ်ဆရာ အဘိုးက အဲဒါကို ပြောနေတာပ - အရှင်"

"ခက်သားပါလား "မာ"ရယ်၊ ပြဿနာတစ်ခု အေးသွားလို့ ပြီးပြီလို့ ထင်နေတာ၊ ကဲ - အဲဒီတော့ အခု သူတို့က ဘာလုပ်ကြဦးမှာတဲ့လဲ"





www.burmeseclassic.com

www.burmeseclassic.com

"မာရဲ့စောင့်ရှောက်သူ ဖြစ်မယ့်လူကို သူတို့ရွေးကြမှာပ၊ ပြီးတော့ အဲဒီစောင့်ရှောက်သူက "မာ"ရဲ့အဖော်အဖြစ် အတူတူလိုက်ရမှာပ"

"ဘယ်အချိန်အထိလဲ - မာ"

"ဒီကျွန်းပေါ်ကို "မာ" ပြန်ရောက်တဲ့အထိ ဒါမှမဟုတ် "မာ" သေခဲ့ "မာ"ရဲ့ဝိညာဉ်တွေ နိုလ့်နေတဲ့ အရိုးပြာအိုးကို ဒီကျွန်းပေါ် ပြန်ပို့ပြီး အထိပ - အရှင်"

"အို - ဟိုး၊ အဲဒီလူက "မာ"သွားလေရာရာကို "မာ"ရဲ့အရိပ်လို တကောက်ကောက်လိုက်နေမယ်ဆိုတဲ့ သဘောပေါ့နော်၊ ကဲ - ပြောပါဦး "မာ"က မသေဘဲ အဲဒီပုဂ္ဂိုလ်က အရင်သေသွားခဲ့ရင်ရော ဘယ်လိုလုပ်ကြ မတုန်း"

"အင်း - အဲဒါဆိုရင်လည်း ကံပဲပ - ရှင်၊ ဒီကျွန်းဒီမြေကို ဘယ်တော့ "မာ"ခြေချလို့ မရတော့ဘူးပ"

"အိုး - မလွယ်လှပါကလား "မာ"ရယ်"

စိတ်ရှုပ်စရာကောင်းလွန်းလှသည်၊ မိမိဇာတိမြေ ဒီကျွန်း၊ ဒီသော ဒီပင်လယ်ပြင်ကြီးကိုစွန့်၍ "ပုလဲဒေဝီ" နှင့်အတူ "မာ"၏ နောက်သို့ အစိုး ပမာ ထက်ကြပ်မကွာ လိုက်နေနိုင်ဖို့ ဆိုသည်မှာ ဒီကျွန်းပေါ်က ကျွန်းသား တစ်ဦးအဖို့ ခက်ထန်လွန်း၏၊ ဒီကျွန်း၊ ဒီမြေ၊ ဒီလူတွေနှင့်သာ တစ်သက်လုံး မခွဲမခွာ နေလာခဲ့ပြီး ဒီသံယောဇဉ်များကို ဖဲခွာလျက် ဘဝစိမ်း၊ လောကစိမ်း သို့ တိုးဝင်ရမည်၊ ဘယ်သောင်ဘယ်ကမ်းသို့ ဘယ်အချိန် ဆိုက်မည် မသေ ရာသော တစ်ပါးသူများ၏ ဘဝများအပေါ်၌သာ ကပ်ပါးကောင်သဖွယ် တွယ်ကပ်ရှင်သန်နေရဦးမည့် ဘဝအနေမှာ ဘယ်လိုတွေးတွေး၊ အသက်ရှူ မဖြောင့်ချင်ဖွယ်ဖြစ်သည်၊ ကိုယ့်စိုးကိုယ်ပိုင် ကိုယ့်ဘဝတစ်ခုကို လုံးလုံးကြီး အလဲအထပ် ပြုလိုက်ရမည့် ကိစ္စ၊

သို့ဖြစ်၍ ဇော်သီလတို့အား ဒီကျွန်း ဒီမြေပေါ်မှ ထွက်ခွာသွားစေရေး လွယ်လွန်းလှသလောက် "မာ"အတွက် ဝိညာဉ်စောင့်ရှောက်သူတစ်ဦး ရွေးချယ်ရေးကမူ တော်တော်ပင် အကြိတ်အနယ် ငြင်းရခုံရမည့် ကိစ္စ



ခင်ထားခဲ့သည်၊ မနည်းကြီး တိုက်တိုက်တွန်းတွန်း ပြုလွန်းမှသာ ဇွတ်ညှစ် ၍ ပေါ်လာလေမည့် ဘုရားစူးသတ္တိခဲတစ်ဦး ဖြစ်မည်ဟုလည်း တွက်ထား သည်၊

သို့ပေသော်မှ ထုံးစံအတိုင်း ဇော်သီလပဲ လွဲပြန်တော့၏၊

ဒီကိစ္စ၊ ဒီအရေး၌ မဆိုင်းမတွ ဦးမလေးဝန်မပိုစေဘဲ သူ့ဆန္ဒအလျောက် ပန်းတသော ဇော်လံတီယာလုပ်မည့်သူတစ်ဦးက ပေါ်လာခဲ့သည်၊ မည်သူ ထင်မထား၊ တွေးမထား၊ အဲဒီ လူစွန့်စားကား ကျွန်းခေါင်း "ဝက်ဝံကြီး"၏ သက်ရုံးကို ခေါင်းရှည်ပင်တည်း၊

အခြားသူများဖြင့် မည်သို့ ရှိလေမည်မသိ၊

ဇော်သီလ ရင်ထဲ လှုပ်ခနဲ တင်းခနဲ ဖြစ်သည်၊ ကျွန်းခေါင်းကြီးက "မာ" နှင့် ဇော်သီလတို့ကို လက်ထပ်ပေးမည်ဟု ကြေညာစဉ်ကတည်းက ခေါင်း ရှည်ကြီး၏ ရန်လိုမုန်းတီးသော သဝန်တိုသော ကောက်ကျစ်သော အကြည့်စိမ်းစိမ်းများကို သူမမေ့နိုင်၊ ခေါင်းရှည်ကြီးက "မာ"ကို တိတ်တခိုး ကြိုက်နေလေရော့သလား၊ သူသာ "မာ"၏ ဝိညာဉ်စောင့်ရှောက်သူအဖြစ် "ပုလဲဒေဝီ" ပေါ်မှာ ပါလာခဲ့လျှင် "ပုလဲဒေဝီ" သည် လုံခြုံနိုင်ပါဦးမလား၊ သူနှင့် "မာ" ကရော လွတ်လပ်စွာ ဘဝရေဆန်ကို ကူးနိုင်ကြပါမည်လား၊ လား … လား … မှောင့်မှောင့်ရှောင့်ရှောင့် အတွေးများဖြင့် သူ့ရင်ထဲမှာ လောင်ဆန်ရှုပ်လာတော့သည်၊

ထိုစဉ် …

"ဟေး"ခနဲ "ဟေး"ခနဲ စီစီညံညံ အသံများဖြင့် ကိုခေါင်းရှည်ကြီးကို ကြိုက်ပင့်အားပေးနေကြသံများ၊ နတ်ဆရာအဘိုးအို "ဘိုးငှက်" နှင့် သူ့လူ က ခေါင်းရှည်ကြီးအား စစ်ထွက်မည့် အာဇာနည် စစ်သူရဲတစ်ဦးကဲ့သို့ အဆောင်အယောင်များ တခမ်းတနား တပ်ဆင်ပေးကပ်ကာသူကောင်း နေကြသည်များ၊ ကျွန်းခေါင်းကြီး၏ ဝမ်းသာအားရ စီမံခန့်ခွဲနေသံများ၊ ကျွန်းသူကျွန်းသားတို့၏ တခဲနက် ဂုဏ်ပြုရှိုးမြှောက် ကြွေးကြော်နေသံများ သည် ဇော်သီလတို့ ဆရာတပည့်တစ်စုအား မလှုပ်သာအောင် တုပ်နှောင် လိုက်တော့၏၊



www.burmeseclassic.com

www.burmeseclassic.com

သူ - သူ၏ "မာ"၊ "ပုလဲဒေဝီ" နှင့် ဝိညာဉ်စောင့်ရှောက်သူ ကိုခေါင်းရှည်၊ အရာရာသည် ပီပြင်ပြတ်သားခြင်းမရှိ၊ သူ့ခေါင်းထဲ၌ မှုံးရျာပတ် တဝီဝီ လည်နေတော့သည်ပင်။

☑

|၄|

'ဘဝနှင့်ကြမ္မာ'

❑

ပြောခဲ့ပြီပဲကွာ၊ အဲဒီ ခပ်ကြောင်ကြောင် "ခေါင်းရှည်" ဆိုတဲ့ အကော ရဲ့နာမည်က "အလန်" တဲ့၊ ဘာအဓိပ္ပာယ်ရှိတယ်ရယ်လို့တော့ ငါလည်း ဘူး၊ တစ်ခါဖူးမှလည်း စစ်စစ်ပေါက်ပေါက် မမေးခဲ့ဖူးဘူး၊ စိတ်လည်း စားဘူး။

မွေးလေးရာ - မင်းလည်း ကြုံဖူးမှာပါ၊ ဘယ်တုံးဘယ်အခါကမှ မတွေ့ဘူး၊ မဆက်ဆံဘူးခဲ့တဲ့ အစိမ်းသက်သက် လူတစ်ယောက် မြင်မြင်ချင်း၊ တွေ့တွေ့ချင်း မနှစ်မြို့အောင် ဖြစ်နေတာမျိုးကိုလေ၊ စကပ်ပဲ ပြောမလား၊ သံသရာက ကံကြွေးဝဋ်ကြွေးပဲ ပြောရလေမလား၊ "အလန်" ဆိုတဲ့ ခေါင်းရှည်ကြီးကိုမြင်စဦးကတည်းက ဘာမှန်းမသိဘဲ စလုံးစခုနဲ့ ဘဝင်မကျခဲ့တာ၊ သူနဲ့ငါ ကံမပါဘူးပဲ ပြောပါတော့၊

လူက ဒီကျွန်းကလေးမှာပဲမွေး၊ ဒီမှာပဲကြီး၊ ဒီကျွန်းနဲ့ ဒီပင်လယ် လို့လည်း ဘယ်ကိုမှ မရောက်ဘူးတဲ့ အုန်းမှုတ်ခွက်လောက် လော ကလေးထဲမှာပဲ ကြီးပြင်းလာခဲ့ပုံ ရပါရဲ့၊ ပင်လယ်ပျော်စစ်စစ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်ကို ကျောကော့အောင် ထုသားပေသားကျ ကြေးညိုရောင် နေလောင်အသားအရေနဲ့၊ ကိုယ်လုံးကိုယ်ထည်ကြီး ကြီးလိုက်နိုင်လိုက်ပ၊ ဟို - တို့များ မဟာမြတ်မုနိဘုရား တန်ဆောင်



ကြေးရုပ်ကြီးတွေအတိုင်းပဲ၊ အဆိုးဆုံးက တောင်တစ်လုံး၊ မြောက်တစ်ရှုံး စွေပြီး ယိုင်ရွဲ့နေတဲ့ သင့်ရဲ့မျက်လုံးတွေနဲ့ ရှည်မျောမျော၊ ခေါင်းချွန်ချွန်ကြီး၊ အမြဲရန်လိုနေတတ်တဲ့ မြွေဆိုးမြွေဟောက် မျက်စိနဲ့ စူးစူးရဲရဲကြီး ကြည့်နေ တတ်တာရယ်၊ ကျွန်းသားလူရိုင်းတွေနဲ့ ဘယ်လိုမှ မဆိုင်တဲ့ ရွှေသားတဝင်း ဝင်းကလည်း မျက်စိကျိန်းမတတ် ဟော့ကောင်ရေ၊ မသာနဲ့ နားတောင်နဲ့ ဘယ်လိုမှ လမိုင်းမကပ်ဘူးဆိုတာ အဲဒါမျိုးနေမှာပဲလို့တောင် တွေးမိ သေးရဲ့၊

နို့ပေတဲ့ ဘယ်သူမှ သတိမထားမိဘဲ မနေနိုင်တဲ့ သူ့ရဲ့ကောင်းကွက်က သူမတူအောင် နှုတ်ဆိတ်လွန်းတာ စကားနည်းလွန်းတာပဲ၊ ဘယ်သူ ဘာပြောပြော နှုတ်ပိတ်ရေငုံ တုံကျိဘာဝေ ထုပေပေ လုပ်နေတတ်တာပဲ၊ အုံ့ပုန်းကြိတ် ဝမ်းတွင်းသို သည်းခံတတ်ပုံများကလည်း ဩချရလောက်တဲ့ မောင်၊ အဲ - သူ့စကား အပြောဆုံးက သူ့မျက်လုံးတွေ၊ သူ့ရင်ထဲမှာ ဆိုးဆိုး ကောင်းကောင်း၊ သူ့ရင်ထဲမှာ ရှိနေလေသမျှ သူ့မျက်လုံးမှာ လာပေါ်တတ်၊ အန်ထွက်လာတတ်တာမျိုးရယ်၊ ဘယ်လိုမှ ထိန်ချန်ထားလို့ မရတဲ့ပုံ၊

အဲ - အဲဒီလိုလူက ငါ့ "ပုလဲဒေဝီ" မှာ ငါတို့နဲ့အတူ ပါလာခဲ့လေရဲ့၊ အလွန်ဝေးလံခေါင်ဖျားတဲ့ ဟိုးတောင်ပင်လယ် သောင်ပြာကျွန်းပေါ်ကနေ ဘယ်လိုမှ မထင်မှတ်ဘဲ ရုတ်တရက်ကြီး ငါ့ဘဝထဲကို အပြီးအပိုင်ဝင်လာ တဲ့ "မာ" ရဲ့ ဝိညာဉ်စောင့်ရှောက်သူဆိုပါကလား မွေးလေးရယ်၊ ဘဝကို နှစ်တာကျ တွက်ချက်ပြင်ဆင်၊ သေသေချာချာ တွက်ကိန်းချပြီးမှ ဂုဃနက လုပ်လေ့ရှိတတ်တဲ့ ငါ့လို ဖယားသမား တစ်ယောက်ရဲ့ဘဝထဲကို မခေါ် ဘင့်ရျေ၊ ဇောက်တိဇောက်ထိုး ခလောက်ဆန်ပြီး ဖွတ်ရွတ်ဝင်လာကြတဲ့ အရာတွေလေ၊ အရာရာတိကျပြီး ဇီဇာကြောင်တတ်လွန်းတဲ့ငါ့ကိုကံကြမ္မာက ခြတ်ရယ်ပြုကျီစားချင်ပုံရတယ်၊

ဒါပေမဲ့ - ခေါင်းရှည် "အလန်" ဟာ တစ်ဦးနဲ့တစ်ယောက် ရေပက်မဝင် လောက်အောင် စကားဖောင်ဖွဲ့နေနိုင်မှ အပျဉ်းလည်းပြေ၊ ငိုက်မျဉ်းမြင်း လည်းမရှိတတ်တဲ့ "ပုလဲဒေဝီ" ရဲ့ စက်ခန်းမှာ ငါနဲ့ ဂေါင်ဘုတ်ရုံအတွက်

www.burmeseclassic.com

ရယ်ရွှန်းဖတ်ရွှန်းအဖော်ကောင်းတစ်ယောက်ဖြစ်မလာခဲ့သော်မှ ငါကလည်း "မှာ" နဲ့ပဲ အနေများ၊ အမြဲလိုလို အသောက်ကြူး အမူးလွန်နေတတ်သေးတဲ့ ဂေါင်ဘုတ်နဲ့ ပုံနှင်းကြီးနေရာကို ဖင်မြဲမြဲ ဂရုတစိုက်နဲ့ တာဝန်ယူတတ်တဲ့ ပဲ့ကိုင်ကောင်းတစ်ယောက် ဖြစ်လာခဲ့တာကဖြင့် အမှန်ပဲ၊ ဘယ်လိုမှ ငြင်းမရဘူး။ ဗမာစကားတစ်လုံး၊ အကွရာ တစ်ဖဲ့တစ်ရွဲ့လောက်တောင်မှ မတတ်



တဲ–အမိုးပိုးထောင်က ဝင်လေယာဉ်ခံရုံပြီး
တိုယ်တိုယ်ကိုယ် သတ်သေလေသတဲ့၊ သေပုံသေနည်း
တိုလည်း ကြည့်ဦး။ 'ဟေး–သေမင်းရေ၊ မင်းက
ငါ့ဆီ မြန်မြန်မလာရင် ငါက မင်းရှိတဲ့ဆီ လာခဲ့ပြီဟေ့။
တမြည်မြည်နဲ့ မျိုးသတ်နေတဲ့ မင်းရဲ့ ယုတ်မာမှုတို
ငါမခံနိုင်တော့ဘူး ဟေ့ ...'



မသိပေတဲ့ မှတ်ဉာဏ်၊ သင်ဉာဏ်ထက်မြက်လိုက်ပုံနဲ့ စက်ကရိယာတွေနဲ့ မောင်းနှင် အလုပ်လုပ်ရတဲ့ စက်မှုပညာကို စိတ်ဝင်စား အားကြိုးလိုက်ပုံကြြင့် လွန်ရော ... လွန်ရောဟေ့။

သောက်သောက်စားစား လူမင်းသားသမား ဂေါင်ဘုတ်က "ပုလဲဒေဝီ" ကို ပဲ့ကိုင်ဖို့ ကကြီးအစ၊ အ,အဆုံး ကန့်ကူလက်လှည့် သင်ကြားပေးခဲ့ပြီး သွန်လိုသွန် မှောက်လိုမှောက် သူ့လက်သူ့ခြေ အာဏာကုန် မျက်နှာလွှဲလိုက်နိုင်တာကိုပဲကြည့်၊ "ပုလဲဒေဝီ" ကို သူ့စိတ်တိုင်းကျ စေစားနိုင်လို့ သူ့ဟာနဲ့သူ ပီတိအများကြီး ကျနေတဲ့ ခေါင်းရှည် "အလန်" ရယ်၊ အေးအေးလူလူ ဆက်ရက်မင်းစည်းစိမ်၊ လင်းတမင်းစည်းစိမ် ခံနေနိုင်တဲ့ ငါ့တပည့် ဂေါ်င်ဘုတ်ရယ်ဟာဖြင့် သူတို့အပိုင်ထားရာ စက်ခန်းထဲမှာ ဟုတ်ပေ့ကို ဖြစ်နေကြတော့တာပဲလကွာ၊ ဟန်ကိုကျလို့၊

အင်း–အဲဒါက ငါထင်ထားခဲ့မိတာ၊

ပြောခဲ့ပါပကောလား၊ "နာဂစ်" ကြီး ဂြိုဟ်ဝင်မွှေပြီးတဲ့နောက် ငါထင်လိုက်သမျှ တစ်လွဲချည်းပဲ ဆိုတာကိုလေ၊

အေး–အခုလည်း ငါ့အလွဲထဲက အကြီးမားဆုံး ရောမ အလွဲကြီးကဝ ဖြစ်လာခဲ့တယ်၊ ဘာလို့လဲ–ဟုတ်စ၊ အေး–အေး ငါပြောမယ် ငါပြောပြမယ်၊

ဒီလိုဟေ့–ငါပြီးရင် ငါ့ "ပုလဲဒေဝီ" ရဲ့ ဒုတိယပဲ့ကိုင်ရှင်၊ ငါ့တပည့် ဂေါင်ဘုတ်ဟာ တစ်ညသားမှာ ဘာအကြောင်းမှ မည်မည်ရရမရှိဘဲ သင်္ဘောခုံင်ထက်ကနေ ပင်လယ်ထဲကို ခုန်ချပြီး ထာဝရပျောက်ဆုံးသွားခဲ့လေရဲ့၊ ယုံချင်စရာလည်း မရှိဘူး၊ ယုံနိုင်စရာလည်း မရှိဘူး၊

ဂေါင်ဘုတ်ဆိုတာ "ပုလဲဒေဝီ"၊ "ပုလဲဧကရီ"၊ "ပုလဲမဟေသီ" ဆိုတဲ့ သင်္ဘောညီအစ်မသုံးဖော်ကို ငါစပြီး တည်ဆောက်ပါပြီဆိုကတည်းက ငါနဲ့အတူ ဒိုးတူပေါင်ဖက်ရှိနေခဲ့တဲ့ ငါ့ရဲ့လက်ရုံး၊ ငါ့ရဲ့ကိုယ်ပွားပဲ၊ ယမကာကို မြဲလမ်းလမ်း ကြိုက်တတ်လွန်းတာကလွဲလို့ ဘာပြောစရာ တစ်စက်ကလေးမှ မရှိလောက်အောင် တော်တဲ့ကောင်၊ လူတစ်ယောက်အနေနဲ့ သူရှိနေတဲ့

www.burmeseclassic.com

လောကဝန်းကျင်ကို ဘယ်လိုအဆင်ပြေအောင် လုပ်ပေးရမလဲဘဲ အငြ တွေးပြီး ဖြစ်လာသမျှ၊ ကြုံလာသမျှတွေကို အပြုံးမပျက်တမ်း ကြံ့ကြံ့ခံနိုင် ခံတတ်တဲ့ကောင်၊ "နာဂစ်" လို နာမည်ကျော် သေဘေးဆိုးကြီးထဲမှာတောင် "အပြန် - အပြန် - အပြန်လားဟေ့ × × × အသွား × အသွား × အသွား ပါခင်ဗျာ × × ခေါက်တုံ့လူးလာ × × ကူးကာ သယ်ဖို့ကြုံ" စတဲ့ တို့ဇာချမ်း - ကန် မြသား၊ ကျောင်းဆရာ ဆရာကိုအေးကျော်ရဲ့ "ပန်းရည်ဘက်တိုက်" သီချင်းကို သူ့အသံဝါ အသံပြကြီးနဲ့ ကုန်းကုန်းအော်ပြီး အရက်တစ်ကျိုက် သီချင်းတစ်ပိုဒ်နဲ့ မုန်တိုင်းကို အံတုခဲ့တဲ့ကောင်၊ "ပုလဲဒေဝီ" ကို ပင်လယ် သချိုင်းထဲကနေ ဘေးမသီရန်မခ ကယ်ထုတ်လာနိုင်ခဲ့တဲ့ကောင်၊ ဘာ ဖြစ်ဖြစ် သူ့မျက်နှာပြားချပ်ချပ် မည်းမည်းပြုပြုကြီးက အေးအေးငြိမ်ငြိမ် ပျာယာမခတ်ဘဲ ဏှာခြေ့ရရ နေတတ်ခဲ့တဲ့ကောင်၊

ကဲ - အဲဒီလိုကောင်က ပင်လယ်ထဲနစ်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေ သတဲ့၊ သေပုံသေနည်းကိုလည်း ကြည့်ဦး၊ "ဟေး - သေမင်းရေ၊ မင်း ငါ့ဆီမြန်မြန်မလာရင် ငါက မင်းရှိတဲ့ဆီ လာခဲ့ပြီဟေ့၊ တမြည့်မြည့်နဲ့ မျှော်သ နေတဲ့ မင်းရဲ့ ယုတ်မာမှုကို ငါမခံနိုင်တော့ဘူးဟေ့ ..." လို့ ခုနစ်သံချီအသံ ကြီးနဲ့ ကုန်းကြုံးအော်ဟစ်ပြီး ခုန်ချသွားခဲ့တာ၊ တလစေ ဂျင်းဘောင်း ဂျင်းအကျီနွမ်းဖတ်ဖတ်ကိုပဲ တုံးခံဝတ်တတ်ခဲ့တဲ့ ဒီပဲရင်းသားက အဲဒီ သေပန်းပွင့်ပြီး အဝတ်သစ် အစားသစ်တွေနဲ့တဲ့ဗျား၊ ကဲ - ကောင်းကြ မဟုတ်လား၊

ဘာဖြစ်မှန်း၊ ဘာကြောင့်မှန်း မသိကြပေမဲ့ ဘယ်သူမှ ရင်ထဲမကော ကြရဘူး၊ ပင်လယ်ပြင် အဏ္ဏဝါကြီးထဲမှာ နေ့နေ့ညည နီစွမှုဝ သေအ ရှင်မကွာ ဆယ့်လေးငါးနှစ် တစ်ပူးတွဲတွဲ နေလာခဲ့ကြတဲ့ သူတွေ၊ တ တည်းပေါက်တဲ့ ညီရင်းအစ်ကိုထက် ပိုသံယောဇဉ်ဖွဲ့ ပိုငဲ့၊ ပိုတွယ်တာ တဲ့ နှစ်ကိုယ့်တစ်စိတ်တွေ၊ တစ်ယောက်ရင်ထဲတစ်ယောက် တိုးလျို မြင်နိုင်မြင်တတ်ကြတဲ့ ရဲဖော်ရဲဖက်တွေ၊ ဘယ်လိုဖြေရမလဲ၊ ဘယ် မေ့ပစ်ရမလဲ၊ သူ့ပြန်အလာကိုပဲ လည်ကျိုးမတတ် မျှော်နေရှာတဲ့ အ



ခွဲကလေးက သူ့မျက်မမြင် အမေအိုကြီးနဲ့ သူ့ညီကလေး ညီမကလေးတွေ ကို ဘာပြန်ပြောရမလဲ၊

"ဂေါင်ဘုတ်ရဲ့ခေါင်းအုံးအောက်မှာ ဟောဒီဟာကို တွေ့တယ်၊ သူ သေ ယ့် နေ့မတိုင်ခင်ကလည်း သူ့လည်ပင်းမှာ ခေါင်းရှည်ကြီးရဲ့ ငါးမန်းစွယ် ကြီးနဲ့ အုန်းခွံအဆောင်ပြားတွေ ဆွဲထားတာကို မြင်လိုက်မိတယ်"

"ဟင်"

ရုတ်တရက်ကြီး ပြောချလိုက်တဲ့ ကျောက်နီရဲ့ စကားကိုကြားတော့မှ တို့တစ်တွေ မေ့လုမတတ်ဖြစ်နေတဲ့ခေါင်းရှည်ကြီး "အလန်" ကိုရုတ်တရက် တိရလိုက်ကြရတော့တယ်၊ ကြည့်စမ်း - "အလန်" ဟာ "ပုလဲဒေဝီ" နဲ့ ယ်လောက်တောင် အသားကျနေပြီလဲဆိုရင် ဂေါင်ဘုတ်သေတဲ့ကိစ္စမှာ လည်လိုက် အာရုံရှုပ်နေကြရလို့ ငါတို့အားလုံးပဲ သူ့ကို လုံးလုံးရှည်း မေ့နေ ကြတာမို့လို့ပဲ၊ ဟုတ်ပါရဲ့ - ခေါင်းရှည်ကြီးကလည်း ခေါင်းရှည်ကြီးပဲ၊ လူတိုင်း ကြကွဲဝမ်းနည်းနေကြတဲ့အချိန်မှာ သူနဲ့ ဘာမှ မပတ်သက်သလို ဘေးထွက် ပိုက်တော့တာကိုး၊

ကျောက်နီရဲ့ စကားကြောင့် ငါလည်း တွေခနဲ ဖြစ်သွားတယ်၊ ဟုတ် ် - ပြန်တွေးကြည့်တော့မှပဲ ဂေါင်ဘုတ်ရဲ့ လည်ပင်းမှာ "အလန်" ရဲ့ န်းစွယ်ပုတီးကြီး တန်းလန်းတန်းလန်း ဆွဲထားတာကို တရေးရေး ပြန်မြင် တယ်၊ ပြီးတော့ - ဒီရက်ပိုင်းတွေအတွင်းမှာ "အလန်" နဲ့ ဂေါင်ဘုတ်တို့ ပူးတွဲတွဲ ငါးထန်းရွက်နှစ်ကောင်လို ဖြစ်နေကြတာရယ်၊ ကိုယ့်ကောင် ဘုတ်ရဲ့ လငပုပ်ဖမ်းခံထားရသလို မကြည်မလင် အုံ့မှုန်မှုန် မျက်နှာ တို့ မှတ်မိလာချင်မိရဲ့၊ လှိုင်းကြားလေကြားနေရတဲ့ ပင်လယ်သရဲပဲ၊ စ်ဖြုတ် ကိုယ်လက်မအီမသာဖြစ်တာနေမှာလို့ ထင်ထားခဲ့သေးတာ၊ တော့ ဘယ်ဟုတ်လို့လဲ၊

"ပြီးတော့ရင် - ပြောကောင်း မပြောကောင်း ကျုပ်မသိပေတဲ့ ကျုပ် ဘ ရှိနေတာကို အန်ထုတ်လိုက်ရမှ ရင်ချောင်မှာမို့ ပြောလိုက်ရဦးမယ်၊ း - ကျုပ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေလဲကွာ ကျောက်နီရာ၊ မင်း စကားကြီးက..."

"ဂေါင်ဘုတ် အခုလို တွေ့လီကော်လာတွေ ဖြစ်သွားရတာမှာ ခေါင်းရှည်ကြီးက တစ်နည်းနည်း ပတ်သက်နေလိမ့်မယ်လို့ ကျုပ်စိတ်ထဲ ထင့်နေတယ် ဘာလို့ဆို ဒီရက်ပိုင်း ဂေါင်ဘုတ်ကို ကြည့်ရတာ စိတ်နဲ့လူနဲ့ မကပ်သလိုပဲ ခေါင်းရှည်ကြီးကို ကြည့်ရတာလည်း ဂေါင်ဘုတ်အပေါ်ကို လွှမ်းလွှမ်းမိုးမိုး ရှိနေလေသလားလို့"

"ဘယ်လို"

"အဲဒီခေါင်းရှည်ကြီးကလည်း မလုပ်စဘူး သင်္ဘောစတိုခန်းထောင့်က အိပ်စင်ကလေးပေါ်မှာ ဘာတွေ လုပ်နေမှန်းမသိ၊ ကြေးဖလားကလေး ထဲမှာ ရေတွေထည့်ပြီး အဲဒီရေကိုပဲ မမှိတ်မသုန်ကြည့်လိုက်၊ ရွတ်လိုက် ဖတ်လိုက်၊ မန်းလိုက် မှုတ်လိုက် လုပ်နေလိုက်တာများ၊ ဟူး – သူ့နှုတ်ခမ်းတွေ မီးတောက်မတတ်ပဲ၊ ခေါင်းရှည်ကြီးက အဲသလို လုပ်နေတဲ့ ရက်ပိုင်းကလေး အတွင်း ဂေါင်ဘုတ်တစ်ကောင်ဟာ ပုဆိုးရေစိုကို ရေညှစ်လိုက်သလို ခြောက်သွေ့တွန့်လိမ်လို့၊ သူ့ကိုယ်နဲ့သူများစိတ်၊ သူများစေစားရာအတိုင်း လိုက်လုပ်နေရသလိုပဲ၊ မဟုတ်မှလွဲရော ဂေါင်ဘုတ်နဲ့ ခေါင်းရှည်ကြီးတို့ဟာ တောလုပ်တောင်လုပ် မဟုတ်တာရုတ်တွေ လျှောက်လုပ်မိကြလို့ ကျုပ်တို့ အညာမှာ သိုက်လာတူးတဲ့ သိုက်ဆရာ အိယောင်ဝါးတွေ ဥစ္စာစောင့် သိုက်စောင့်တွေ လက်ချက်နဲ့ မူးကြောင်ရူးကြောင်တွေ၊ ပေါက်တတ်ကရ တွေဖြစ်ပြီး သေကုန်ကြသလို နေမှာပဲ၊ အဲဒါပဲ – ဆရာ၊ ဒီကိစ္စမှာ ခေါင်းရှည် လုပ်ပုံတွေဟာ မရိုးဘူးရယ်"

ကျောက်နီက ရင်ထဲရှိတာတွေကို အကုန်သွန်ချပြီး တအီးအီးနဲ့ ဟည့် တိုက်ငိုနေပြန်ပါရော၊

"သူ ဒါတွေကို လုပ်ပြန်ပြီ"

တစ်ခါမှုမှ မကြုံခဲ့ဘူးလောက်အောင် မျက်စိမျက်နှာ ပျက်နေတဲ့ "မာ" ကို တုန်တုန်ယင်ယင်နဲ့တွေ့ရတယ်၊ "မာ" ဘာဖြစ်တာလဲ၊ ငါလည်း မသိဘူး အေး – ဒါပေမဲ့ တစ်ခုခုတော့ တစ်ခုခုပဲ "မာ" သိထားတဲ့ဟာ တစ်ခုခုတော့ ဖြင့် ရှိနေသယ်၊



"သူ ဒါတွေကို ထပ်လုပ်နေပြန်ပြီ"

ငိုတော့မယောင် မျက်နှာလေးနဲ့ ညည်းနေပြန်တယ်၊ သူ အတပ်သိထား တဲ့ ကိစ္စဆိုးကြီးတစ်ခု သူ့မျက်စိအောက်မှာတွင် ဖြစ်လာနေတာကို ဘယ်လိုမှ မယုံနိုင်တဲ့ ဟန်မျိုးနဲ့၊

"ဘာတွေပြောနေတာလဲ "မာ"၊ ဘာတွေက ထပ်ဖြစ်နေပြန်တာလဲ"

"အရှင် မသိပ"

"အေးလေ – ကိုယ်မသိလို့ မေးနေတာပေါ့၊ ဘယ်သူက ဘာတွေကို လုပ်နေလို့လဲ၊ ဟင် – မာ"

"အလန်" အာ – အရှင်၊ "အလန်" ပ၊ ဒါမျိုးတွေကို လုပ်တတ်တဲ့ သူက ကျွန်းပေါ်မှာ နတ်ဆရာ အဘိုးနဲ့ "အလန်" ပဲ ရှိတာပ၊ အဲဒါကြောင့် နတ်ဆရာ အဘိုးက "အလန်" ကို "မာ" နဲ့ ထည့်ပေးလိုက်တာပ၊ မကောင်းဘူး – မကောင်းဘူး၊ သူ ဒါတွေကို ထပ်လုပ်နေပြန်ပြီ၊

မေးလွန်းမက မေးတော့မှ မိန်းကလေးက သူတို့ကျွန်းသားတွေနဲ့ "အလန်" ရဲ့ လျှို့ဝှက်ချက်ကို ပြောပြရှာတယ်၊ ဒီခေါင်ခေါင်ခါးခါး တောင်ပင် ဘယ်ထဲက ကျွန်းပုန်းကလေးပေါ်က ကျွန်းသားတွေရဲ့ စိတ်မှတ်ကြီးကြီး မြင့်မြင့်ဖွဲ့တတ်ပုံ၊ ရန်သူများကို တိုက်ခိုက်ရာမှာ လက်ရုံးရည်နဲ့တင်မက အောက်လမ်းပညာတစ်မျိုးကို တိတ်တဆိတ် စီရင်ပြီး တတိတိ တမြည့်မြည့် နဲ့ သေအောင် ကြံစည်တတ်ပုံ၊

အလိုလေးလေး၊ ဒီလောက် အသံထက်မြန်တဲ့ လေယာဉ်တွေ၊ ဂြိုဟ်တု တွေ နျူကလီးယားလက်နက်တွေ ပုံးပေါ်လအောင် ဆိုးပေါ်သေးပေါ်ပေါ်နေတဲ့ ဒီကမ္ဘာလွန်ခေတ်ကြီးထဲမှာ တို့အညာက ပညာသည်စုန်းမကြီး၊ ရွာသူကြီးလို ဒုန်းချပ်စပ်က အယုံးခံရတဲ့ ဘွားစောခင်ကြီးလို အောက်လမ်းပညာမျိုးတွေ အောက်မတည့် အစီအရင်ဆိုတာမျိုးတွေက ရှိသေးသကိုး၊ ကြုံမှ ကြုံရသေး သေးလို့ အောက်မေ့မိတယ်၊ ငါ့နယ် – ဖြစ်မှဖြစ်ရပလေ၊ ကြုံရချက်ဆန်း သော်ကြီးကို ရယ်ချင်ပက်ကျိတောင် ဖြစ်မိရသေးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com

တကယ်လည်း သူပြောတဲ့စကားကို အလေးအနက်မထားဘဲ ငါ့မျက်နှာကြီးက ပြုံးစိစိဖြစ်နေခဲ့ပုံရပါရဲ့၊ အဲဒါကို ကြည့်ပြီး ငါ့အသက်ဘူးကလေး "မာ" ခမျာ သေဘေးကြီး၊ အန္တရာယ်ကြီးတစ်ခု ဖြုန်းခနဲ ချက်ချင်းရောက်လာတော့မှာကိုမသိဘဲ အပွအပင်ကင်းကင်း မြူးထူးကစားနေတဲ့ သားငယ်ကို မြင်နေရတဲ့ မိခင်တစ်ယောက်လိုပဲ၊ မျက်စိမျက်နှာတွေပျက်၊ မျက်လုံးကလေးတွေ ဝိုင်းဝိုင်းလည်လို့၊ မျက်ကလူးဆန်ပျာနဲ့ ယောက်ယက်ခတ်လို့၊

"ပါးစပ်က ပွစိပွစိ ရွတ်ရုံဖတ်ရုံ၊ မန်းမှုတ်နေရုံနဲ့ဖြင့် ဂေါင်ဘုတ် မသေလောက်ပါဘူး "မာ" ရယ်၊ ဥစ္စာပျောက် ငရဲရောက်ဖြစ်အောင် "အလန်" တို့သွားရှာမနေကြပါနဲ့၊ သေတဲ့လူက သေပြီ၊ ကျန်ရစ်တဲ့သူက ဥပဒ်ဖြစ်တယ်၊ ပြီးတော့ - ကိုယ့် "ပုလဲဒေဝီ" ပေါ်မှာ အဲဒီလို ထူးထူးဆန်းဆန်းတွေ ဖြစ်နေပါတယ်လို့ ကိုယ်လက်မခံနိုင်ဘူး၊ အကြောင်းရယ် အကျိုးရယ် လက်ဆုပ်လက်ကိုင် တိတိကျကျမပြနိုင်တဲ့ ယုံတမ်းစကားလိုဟာမျိုးတွေကို ကိုယ်တို့က မပြနိုင်တဲ့ ယုံတမ်းစကားလိုဟာမျိုးတွေကို ကိုယ်တို့က မျက်စိမှိတ်ပြီး အလကား မတ်တင်းကြောက်ဒူးတုန်နေကြရမှာလား၊

"ဒါ - ဒါတွေဟာ အမှန်တွေပ၊ သူ - သူလုပ်နေတာ သူ့ကြောင့် ဖြစ်နေတာ အမှန်ပ - အမှန်ပ၊ သူမကောင်းဘူး အရှင်၊ သူ အားကြီး မကောင်းဘူးပ"

"ဟုတ်တယ်ဆရာ - ခေါင်းရှည်ကြီးကို စက်ခန်းထဲကထုတ်ပြီး ကုန်လှောင်ခန်းထဲမှာ ကျုပ်တို့စစ်မှုဆေးမှုနဲ့ တူတယ်၊ ဒါမှမဟုတ် - သူ့အယုတ်တမာ ပစ္စည်းပစ္စယတွေ အကုန်လုံးကို ရေထဲကုန်ကျပစ်လိုက်မှ ဖြစ်တော့မယ်"

"တိုက်ဆိုင်မှုတွေပါကွာ - ကိုယ့်အစိတ္တးကိုယ့်အထင် သက်သက်နဲ့ သူတစ်ပါးတွေကို နေရခက် စားရခက်အောင် မလုပ်ကြပါနဲ့၊ ကိုင်း - ဂေါင်ဘုတ်ရဲ့အကြောင်းကို ဒီအချိန်ကစပြီး လုံးဝမပြောဘဲ နေလိုက်ကြစို့၊ သင်ရရင် လွှမ်းရင်လည်း ရင်ထဲမှာပဲ သိမ်းထားလိုက်ကြပေတော့၊ နောက်နေ့ ဘယ်တော့မှ "ပုလဲဒေဝီ" ပေါ်မှာ ဂေါင်ဘုတ်အကြောင်း ပါးစပ်မဟကြစေထင်း ဟုတ်လား"

ကျောက်နီတို့၊ လုံးထော်တို့ကတော့ ဘယ်ကျေနပ်ကြလိမ့်မလဲ၊ သူတို့နဲ့ဘဝ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ဂေါင်ဘုတ်ကို "ပုလဲဒေဝီ" ကနေ လုံးလုံးကြီးခွဲထုတ်ပစ်လိုက်ရတော့တာကိုး၊ ဒါပေမဲ့ - ငါ့အနေနဲ့ ကျပြန်တော့ ဘယ်လိုလုပ်မလဲ၊ ဒီအတိုင်းပဲ ဆုံးဖြတ်ရမှာဘဲ မဟုတ်လား၊ ငါက "ပုလဲဒေဝီ" ရဲ့အရှင်သခင်လေ၊ ငါ့လူတွေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိသလို ငါ့ "ပုလဲဒေဝီ" ကို မှီခိုနေကြရတဲ့ "မာ" ရယ်၊ "မာ" ရဲ့ဝိညာဉ်စောင့်ရှောက်သူ "အလန်" တို့ကို ဘေးမသီရန်မခအောင်လည်း ငါလုပ်ပေးရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် အဲဒါဟာ ငါလုပ်သင့်တဲ့ အလုပ်လို့ ငါယုံတယ်၊

တို့တစ်တွေကသာ ဟိုနယ် ဒီနယ် သရိုးသရီ ဖြစ်ချင်နေကြတာ၊ တို့သစ်တွေယောက်ယက်ခတ် ဖြစ်နေကြတာကို ခေါင်းရှည်ကြီးက သိရှာတာမဟုတ်ဘူး၊ (အင်းလေ - သိလည်း အရေးစိုက်မှာ မဟုတ်ပါဘူး) သူ့မျက်နှာကြီးက သစ်ခေါင်းပေါ်မှာ နွားသားရေကျက်ထားသလို ဆန့်ဆန့်တင်းတင်းကြီးနဲ့ သူ့ရင်ထဲ ဘာတွေရှိမှန်းတောင် မှန်းလို့ရနိုင်တာမဟုတ်ဘူးရယ်၊ သူနဲ့နီးနေ ဂေါင်ဘုတ် သေသွားလို့ ဝမ်းသာနေလေသလား၊ ဝမ်းနည်းကြေကွဲနေသလား၊ ဘယ်သူမှ အကဲဖမ်းလို့မရနိုင်တဲ့ ရုပ်မျိုး၊

ဘာပဲဖြစ်ဖြစ် "မာ" တို့ "ကျောက်နီ" တို့ရဲ့ သဘောထားတွေကို ဆန့်ကျင်ပြီး ခေါင်းရှည်ကြီး "အလန်" ကို ဘေးမဲ့ပေးခဲ့မိတာဟာ မှားသလား၊ မှန်သလား ငါ့ဘာသာတောင် မဝေခွဲနိုင်ခဲ့ဘူး၊ မရေမရာ စနိုးစနောင့်ကြီးပဲ၊

ဒါပေမဲ့ - မင်းလည်းသိတဲ့အတိုင်း ငါပဲမှားခဲ့တယ်၊

အင်း - ငါပဲ မှားခဲ့လေရဲ့၊

☑





www.burmeseclassic.com

www.burmeseclassic.com

ထိုညက ကျောက်နီသေသည်။

ရှေးနည်းအတူ ဂေါင်ဘုတ်သေပုံနည်းမျိုးအတိုင်း ထူးထူးဆန်းဆန်း သေနည်းမျိုးဖြင့် သေခဲ့ခြင်းဖြစ်သည်။ သူ့ဘာသာသူပင် သေ၍သေလိုက်မှန်း သိပုံမရ။

ထိုနေ့တစ်နေ့လုံး "ပုလဲဒေဝီ" သည် အသုဘအိမ်တစ်ခုနယ် ခြောက်ကပ်ကပ် တိတ်ဆိတ်နေခဲ့၏။ ပင်လယ်ပျော်တို့၏ သဘာဝ၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားများကို ခင်တွယ်တတ်လွန်းကြလေရာ ရုတ်တရက် ဂေါင်ဘုတ် သေဆုံးသွားခဲ့ခြင်းက အားလုံး၏ အရှိက်ကို ခပ်ပြင်းပြင်းကလေး ထိုးနက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ လုံးထော်နှင့် ခေါင်းရှည်ကြီး အလန်တို့ စက်ခန်းထဲမှာ၊ ကျန်သင်္ဘောလုပ်သားများကလည်း သူတို့နေရာတွေမှာ "မာ" နှင့် ဇော်သီလတို့ကလည်း သူ့မှာလိန်မှူးအခန်း ကျဉ်းကျုတ်ကျုတ်ကလေးထဲမှာ ကိုယ့်အတွေးကိုယ့်ကိစ္စနှင့်ကိုယ် ငြိမ်ကုပ်နေခဲ့ကြသည်ပင်။

ကျောက်နီတစ်ယောက် ဘယ်ရောက်နေသလဲ၊ ဘယ်ပျောက်နေသလဲ၊ ဘယ်ချောင်မှာ ပုန်းပြီး တိတ်တိတ်ကြိတ်ငိုနေသေးလဲ၊ မည်သူမျှ သတိမထား မိကြ။

"မင်းကို ငါသတ်မယ် - မင်းကို ငါသတ်မယ်၊ ငါ့သူငယ်ချင်း ဂေါင်ဘုတ် သေရသလို မင်းလည်း သေရစေ့မယ်၊ အရိုင်းအစိုင်းကောင်ရဲ့ ကိုင်း - သေပေတော့"

"ကျောက်နီ - မလုပ်နဲ့ - မလုပ်နဲ့ မှားမယ်၊ မင်းလက်ထဲက ဓားကြီးကို ချထားလိုက်စမ်း"

"ဟော့ - ဟော့ - တစ်ယောက်ယောက်က ဆွဲထားလိုက်စမ်းပါဟ။ အရူး ဖြစ်ကုန်တော့မှာပါပဲ"

ပုံမှန်မဟုတ်သည့် ဆူဆူညံညံ အသံများကြောင့် အပြေးတစ်ပိုင်း ထွက်လာခဲ့မိကြရာ "ပုလဲဒေဝီ" တစ်စီးလုံး ပြူးပြူးပျာပျာတွေဖြင့် စက်ခန်းအဝ ဝိုင်းအုံနေကြသည်ကို မြင်ရသည်။

"ပုလဲဒေဝီ" သည် ပင်လယ်ပြင်တွင် မှန်မှန်သွားနေဆဲပင်။



တက်မစင်အနီးတွင်မူ ခေါင်းရှည်ကြီး "အလန်" နှင့် ကျောက်နီတို့တို့ ရန်စောင်နေကြသည့် တိုက်ကွဲကြီးနစ်ကောင်နယ် နာသံတပြင်းပြင်းတွေနှင့် ဆပေကြီးဆိုင် ရပ်နေကြသည်ကိုတွေ့၏။ ကျောက်နီလက်ထဲမှာ လင်းကင်းဓား အရွက်ပြားပြား လက်ဆကောင်းကောင်းကြီးကို စွဲလျက်၊ ကားကားကြီး ရပ်ကာ ခေါင်းရှည်ကို စူးစူးရဲရဲကြည့်နေသည်။ ခေါင်းရှည်ကား မတုန်မလှုပ်၊ "ခုတ်ရဲရင် ခုတ်စမ်းကွာ" မထီတရီမျက်နှာပေးဖြင့် မခန့်လေးစား။

ကြည့်နေရင်းမှာပင် ...

ကျွန်းသား "အလန်" ၏ မျက်ဝန်းမှ ထူးဆန်းတွေပြားမှုကို ဇော်သီလ သတိပြုမိလိုက်သည်။ "အလို - မြတ်စွာဘုရား၊ သူ့မျက်လုံးတွေက မြွေ တစ်ကောင်ရဲ့ မျက်လုံးမျိုးလို ထူးထူးဆန်းဆန်း အရောင်တွေ ထွက်လို့၊ ပါးကြီးမြွေက သူ့ရဲ့သားကောင်ကို မျိုဖို့ ညို့နေတဲ့အတိုင်းပဲ။ စိမ်းတောက် တောက်၊ ဝါလက်လက်၊ နီရဲရဲ အလင်းကွင်းတွေ ဖျပ်ခနဲ ဖျပ်ခနဲ ထွက်လာနေ သလိုမျိုး။ ဒုက္ခပဲ - သူဘာလုပ်နေတာလဲ၊ အလန်၏ နှုတ်မှလည်း တစ်စုံ တစ်ရာကို တီးတိုး မန်းမှုတ်ရွတ်ဖတ်နေဟန် ပွစိပွစိ။ အဓိပ္ပာယ် ဖော်မရသည့် ကျွန်းသားများ၏ ဘာသာစကားသံတွေ။

ကျောက်နီသည် ဒေါသကြောင့် တဆတ်ဆတ်တုန်နေရာမှ ခေါင်းရှည် ကြီး၏ ညို့စက်ကွင်း၌ ဒူးထောက်လိုက်ရပြီထင်သည်။ တီကောင်ထွေးကြီး နား တင်ထားသကဲ့သို့ အကြောပြိုင်းပြိုင်းထနေသည့် သူ့ကိုယ်ကောင်ကြီး နှင့် "အလန်" အား အစိမ်းလိုက် ဝါးစားတော့မည့်ကဲ့သို့ ခက်ထန်ရန်လိုနေ သော မျက်နှာကြီးတို့သည် တဖြည်းဖြည်း အသိုးဝါး တွေတွေဝေဝေ ဒယီး ဒယိုင် ဖြစ်ချင်လာသည်။ တုတ်ခိုင်သန်မာလှသည့် သူ့ခြေချောင်းတွေကား မတည်မခိုင်၊ ချိချိနဲ့နဲ့ ဖြစ်လာသည်။ စောစောက ဟူးဟူးရားရား ရန်လိုနေ သည့် အရိုးအသွား နစ်ပေခွဲခန့်ရှိ လင်းကင်းဓားကြီး တဝင့်ဝင့်သည်လည်း အဆိပ်အထုတ်ခံလိုက်ရသည့် မြွေဟောက်တစ်ကောင်နယ် နွမ်းနွမ်းရိရိ။

"မလုပ်နဲ့ - မလုပ်နဲ့ - သူ့ကို ရန်မရှာရပ"



www.burmeseclassic.com

www.burmeseclassic.com

ဟင် - မာပါကလား။ စူးရှသည့် "မာ" အော်သံ၌ တိုးလျှိုးတောင်းပန်သံ၊ ငိုသံတွေရော စွက်နေသည်။ ခေါင်းရှည်ကြီး "အလန်"၏ မျက်ဝန်းမှ တစ်ဆင့် ထူးဆန်းသော စွမ်းအင်တစ်မျိုးက ရှူးခနဲ ဒိုင်းခနဲ ထွက်လာပြီး တစ်မုဟုတ်ချင်းပင် ကျောက်နီအား မီးလောင်ပြာကျသွားတော့မည်လိုလို။

အခြေအနေသည် မထွေးနိုင် မအန်နိုင်၊ လိပ်ခဲတည်းလည်းကြီး။

"အလန် - ကိုယ့်အလုပ်ကိုယ် လုပ်စမ်း၊ ကိုင်းဟေ့ - လုံးတော် မင်းတာ ကျောက်နီကို တွဲခေါ်သွားပြီး ထိန်းထားလိုက်စမ်းကွာ။ "ပုလဲဒေဝီ" ပေါ်မှာ အချင်းချင်း သတ်ကြပုတ်ကြတာကို ငါလုံးဝ ခွင့်မလွှတ်တတ်တာ မင်းတို့ သိထားပြီးသားပဲ။ ကဲ - ကဲ ကိုယ့်နေရာကိုယ် ပြန်နားကြ"

ခေါင်းရှည်ကြီး၏ သားရေစည်ကျက် မျက်နှာပေါ်၌ မထီတရီ၊ မခိုးမခန့် အပြုံးရိပ်ကလေး လှစ်ခနဲ ပျက်သွားသည်ဟု ဇော်သီလ ထင်လိုက်မိသည်။ ရင်ဘတ်ဟိုးအတွင်းထောင့်ထဲက အောင့်ခနဲ၊ ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်းထ။

မည်သို့ရှိစေ "ပုလဲဒေဝီ" ကို တည်တည်ငြိမ်ငြိမ် ပြန်ထိန်းလိုက်နိုင်ပြီ ဖြစ်သည်။ သို့နှင့်တိုင် လူတိုင်းကိုယ်စီ၏ ရင်အတွင်းဝင်မွှေနေသည့် ဒေါသ အာဃာတနှင့် သံသယစိတ်အညစ်အကြေးများကား အနယ်မထိန်းနိုင် ကြိတ်ကြိတ် ကြိတ်ကြိတ်နှင့် လှိုင်းဘောင်ဘင်ခတ်နေဆဲ ဖြစ်သည်။

ထိုသို့ဖြင့်ပင် - ထိုညက ကျောက်နီ သေဆုံးခဲ့ရခြင်းဖြစ်သည်။

လှိုင်းလေငြိမ်သည့် လသာသာ ပင်လယ်ညရှုခင်းအလှကို ကြုံဖူးသူများသာ တတမ်းတတ ဖြစ်မိကြလိမ့်မည်။ ဖြူပြာပြာ အလင်းမှုန်မှုန်တွေ လင်းကျင်းရှန်းစားနေသည့် အဆုံးမဲ့ကောင်းကင်ပြင်ကျယ်ကြီးအောက်တွင် ငွေဖြူရောင် လှိုင်းကြက်ခွပ်တွေ တဖျပ်ဖျပ်၊ တလက်လက်တောက်စားလျက် စိမ်းယောင်ပြာယောင် မဟူရာ သင်ဖြူးကြီးကား တပြန့်တပြော ကောင်းကင်မှာ ကြယ်စင်တွေ၊ နက္ခတ်တာရာတွေက စိန်ပွင့်တွေ ဖြန့်ကျဲထားသည့်နယ် အနှံ့နှံ့ လွင့်မျော။ ဆားနံ့သင်းသော ခပ်နွေးနွေး ပင်လယ်လေသည်လည်း တသုန်သုန် သုတ်ဖြူးလျက်။



လှလိုက်သည့်ည၊ လှလွန်းသည့်ည။

"ပုလဲဒေဝီ" သည် မြန်မာ့ကမ်းလွန်ပင်လယ်နှင့် အက်ဒမန်ကျွန်းစုများအကြား ရေပြင်ဝယ် တအိအိ ခုတ်မောင်းနေဆဲဖြစ်သည်။ ပင်လယ်သမုဒ္ဒရာ၏ သဘာဝအတိုင်း မုန်တိုင်းမဆင်ခဲ့လျှင် အလွန်ပင်ကြယ်စင်ရှင်းသန့်တာ သာယာရှုမောဖွယ်ကောင်းလှပေတော့။ အထူးသဖြင့် ယခုကဲ့သို့ ရေလှိုင်းသင်ဖြူးခင်းနေသည့် လအလင်း၏ ပြာမှုန်မှုန်အောက်တွင် ပင်လယ်သည် အနိုင်းမမီသည့် သဘာဝပန်းချီကားကြီးကို ဖြန့်ကျင်းလှစ်ပြနေသလိုပင်။

ထိုည အလှရှုခင်းတွင် လက်ကွက်စိပ်စိပ် မယ်ဒလင်သံ ညင်းညှံ့ညှံ့နှင့် တေး ဂီတနက်သန် ကိုစောညိန်း၏ "သစ္စာ" ကို ခပ်ညည်းညည်းကလေး ဆိုနေလေသည့် သီချင်းသံနွဲ့နွဲ့က "ပုလဲဒေဝီ" အား သဲ့သဲ့ယဲ့ယဲ့ကလေး လွှမ်းထားခဲ့သေးရာ ညသည် ပြည့်ခြင်း မင်္ဂလာနှင့် ကုံလုံလှပလွန်းနေတော့၏။

"ဟေ့ - ဟေ့လူ၊ ဘာလုပ်တာလဲ - ဟေ့ - ဟေ့ - နေဦး"

"ဗွမ်း - ဗလွမ်း - ဗြုန်း"

"အဲဒါ - ကိုကျောက်နီ၊ ကိုကျောက်နီပဲ - ကိုကျောက်နီ ရေထဲပြုတ်ကျသွားလို့ဗျို့ လာကြပါဦး - လာကြပါဦး"

လွမ်းတမြေ့မြေ့ လသာညသည် ဖြုတ်ခြည်းပင် ငရဲပွက်သည့်နယ် မြေရင်းဆန်ခတ် အရုပ်ဆိုး အကျည်းတန်သွားပြန်လေပြီ။

ကျောက်နီက ဂေါင်ဘုတ်ကဲ့သို့ ပင်လယ်ထဲသို့ သူ့ဘာသာ ခုန်ချသွားခြင်းမဟုတ်။ အိပ်မက်ယောင်၍ လမ်းထလျှောက်နေသူ တစ်ဦးကဲ့သို့ မျက်မှတ်မဲ့ လျှောက်သွားနေရင်းက "ပုလဲဒေဝီ"၏ ကုန်းပတ်သံလက်ရန်းများ ကျော်၍ ပြုတ်ကျသွားခဲ့ခြင်း ဖြစ်သည်။ သိလိုက် မြင်လိုက်ကြသူတို့၏ ဆိုအရ မျက်လုံးမဖွင့်ဘဲ လမ်းလျှောက်နေခြင်းတဲ့။

"သူ လာနေတာကဗျာ - တစ်ယောက်ယောက်က သူ့ကို စိတ်ညှို့အိပ်ချပြီး ခေါ်နေတဲ့ဆီကို တန်းတန်းမတ်မတ်ကြီး လျှောက်လာနေသလိုပဲ။ မျက်စိနှစ်လုံးစလုံးကိုသာ မှိတ်ထားတာဗျ။ လမ်းလျှောက်နေတာတော့



www.burmeseclassic.com

www.burmeseclassic.com

ချောလို့၊ ဘာနဲ့မှ မတိုးမတိုက်ဘဲ ဖြောင့်တန်းနေတာပဲ၊ အဲ - သူ့ပါးစပ်က လည်း ဘာတွေရွတ်နေမှန်းလည်း မသိပါဘူး၊ တတွတ်တွတ်နဲ့ဗျ၊ အင်း - ဟုတ်တယ် - ဟိုကျွန်းသား ခေါင်းရှည်ကြီး ရွတ်နေတတ်တဲ့ဟာမျိုး၊ ဘာတဲ့- "ထွာဇယ် . . . ထွာဇယ် . . . ထွားလားလား . . . ထွားလားလား" ဆိုလား၊ ဘာ ဆိုလား၊ မျက်နှာကြီးကလည်း လူသေမျက်နှာကြီးနဲ့ဗျို့၊ ဗွီ - အခုတောင် ပြန်ပြောရင် ပြန်ကျောချမ်းမိပါသေးရဲ့၊ စတီးလက်ရန်းကို ကျော်တတ် လိုက်တာများ ဖွေ့ခနဲပဲ၊ ဟိုဘက်မှာ သူ့ရဲ့သင်္ချိုင်းဖြစ်တဲ့ ပင်လယ်ရေပြင်ကြီး ရှိနေတာမဟုတ်ဘဲ ငွမ်းပုံကြီး ငွမ်းစိုင်ကြီးတွေရှိနေတဲ့ အတိုင်းပဲ၊ သူ့စိတ်နဲ့ သူ့ကိုယ် မဟုတ်ဘဲ ပင်လယ်ကြီးက ခေါ်ရာကို ဖျော်ဖျော်ကြီး လိုက်သွားတဲ့ ပုံမျိုး၊ ခေသလိုက်တာတောင် သိလိုက်မယ် မထင်ဘူး"

ထိုအချိန်က ဖော်သီလကိုယ်တိုင် စခန်းအတွင်းရှိနေခဲ့၍ ခေါင်းရှည်ကြီး "အလန်" လုပ်ကိုင်နေပုံကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြီး ဖြစ်သည်၊ ထို့ကြောင့် ကျောက်နီ သေပုံသေနည်းကို ကြားလိုက်ရသည့်အခါ သူ့နှလုံးသည်းပွတ်များကို ဆုပ်ကိုင်ဆွဲဆောင့်ခြင်း ခံလိုက်ရသကဲ့သို့ နင့်နင့်သည်းသည်း နာကျင်သွားမိရ၏၊ ဟုတ်သည်လေ - ကျောက်နီ ရေထဲပြုတ်ကျသံ "ငွမ်း" ခနဲကို မကြားလိုက်ရခင်အထိ ခေါင်းရှည်ကြီးသည် သင်္ဘောတက်မကို အခေါက်ခေါက်အခါခါ ထပ်ကြော့ထပ်ကြော့၍ ရွတ်ဖတ်နေခြင်းအား နားထောင်ကောင်းကောင်းနှင့် ထိုင်နားထောင်နေခဲ့မိသည်၊ "ထွာဇယ် . . . ထွာဇယ် . . . ထွားလားလား . . . ထွားလားလား"၊ အကြိမ်ကြိမ် ကြားခဲ့ရသည့် ထိုအသံ၊ သူ့အာရုံထဲ၌ သူနစ်မြုပ်ရာန်ဝင်နေ၍ အလန်တဖော်သီလကို မမြင်၊ သူ့ "ထွာဇယ် . . . ထွာဇယ် . . . ထွားလားလား . . . ထွားလားလား" တွေ မှာပဲ အလီလီအလာလာ၊ ဟုတ်ပြီ - ဒီပုံဆိုလျှင် ကျောက်နီ သေရခြင်းနှင့် အလန်သည် ဘုရား - ဘုရား - ဘုရား၊

"သူ့ကို . . . သူ့ကို ဖမ်းချုပ်ထားလိုက်ကြပါ၊ သူလူသတ်နေပြီ၊ သူ့ကို တွေ့ တစ်ယောက်ပြီးတစ်ယောက် သတ်တော့မှာ၊ သူ့ကို ဒီအတိုင်းလွှတ် မထားကြပါနဲ့"



မျှော်လင့်မထားမိ၊

ဘယ်အချိန်က ရောက်နေမှန်း မသိသော "မာ" က အလန်ကို လက်ညှိုး ငေါက်ငေါက်ထိုး၍ အော်နေတော့သည်၊ ခေါင်းရှည်ကြီး "အလန်" တခု မယုံနိုင်ဟန်ဖြင့် "မာ" ကိုသာပဲ စူးစူးရဲရဲကြီး ကြည့်နေလေ၏၊

"မာ - မာ - သတိထားဦးလေ "မာ"၊ ဘာတွေ ပြောနေတာတုံး၊ ကိုယ်နဲ့ လိုက်ခဲ့စမ်း "မာ"၊ အကြောင်းစုံ ကိုယ့်ကို ပြောပြစမ်း၊ ကိုင်းဖော့ - လုံးထော်ရေ၊ ကျောက်နီကို ဆယ်လို့များ ရနိုင်ဦးမလား၊ ဒီတစ်ဝိုက်မှာ "ပုလဲဒေဝီ" ကို သုံးလေးပတ်ကျော့ပြီး မောင်းကြည့်၊ အစအနတွေနဲ့ရင် အသက်ကယ်လှေ ၃၊ ၄ စင်းချပြီး ဆယ်ဖို့ ကြိုးစားကြည့်ကြကွာ - ကြားလား"

"ဟုတ်ကဲ့ - ဆရာ"

ကျောက်နီအတွက် စီစဉ်စရာရှိသည်များကို ကမန်းကတန်း ပြောပစ်ခဲ့ပြီး "မာ" ကို အတင်းချုပ်၍ ခေါ်ကာ သူတို့အခန်းကလေးဆီ ပြန်လာခဲ့ရ၏၊

"ပုလဲဒေဝီ" သည် ကြောင်းဆန်နေလေပြီ၊

☑

"သူက "မာ" ကို ချစ်နေတာပ အရှင်၊ ဖခင်ကို ကျွန်းစိုးနတ်ကျားကြီး မကိုက်ခင်ကတည်းက ဖခင်ဆီမှာ "မာ" ကို လက်ထပ်ခွင့်တောင်းထားခဲ့ တာပ၊ သူက နတ်ဆရာအိုရဲ့သားပ၊ အရှင်နဲ့သာ မကြုံခဲ့ရရင် "မာ" က သူ့ မယားဖြစ်ရမှာပ၊ အဲဒါကြောင့် အရှင့်ကို သူမကျေနပ်တာပ အရှင်၊ အရှင်နဲ့ အရှင့်ရဲ့လူတွေကို သူက ရန်မူမှာပ၊ တတိတိနဲ့ ဒုက္ခကြီးပေးမှာပ အရှင်၊ ကျွန်းပေါ်မှာ "မာ" ရဲ့ချစ်သူကိုလည်း သူက ဒီလိုကျိန်စာကြီး တိုက်ပြီး ပညာနဲ့ပြုစားပြီး သတ်ခဲ့ပြီးပ အရှင်၊ တစ်မိသားစုလုံး အသေဆိုးသေခဲ့ပ၊ သူသိပ် ရက်စက်တတ်ပအရှင်၊ သူ့ကို ဒီအတိုင်း လွှတ်လွှတ်လပ်လပ် ထားလို့ မဖြစ်ပ"



www.burmeseclassic.com

www.burmeseclassic.com

ခက်ကပြီ။

"ပုလဲဒေဝီ"ပေါ်၌ မာနင့်အတူ နေခဲ့ကြသည့် ၃၊ ၄ လအတွင်း တစ်ခါမျှ မဖွင့်ဟခဲ့ဘူး အတွင်းရေးများကို "မာ" ကိုယ်တိုင်က နာနာကြည်းကြည်း အန်ချနေလေပြီကော။ ဤခေါင်းရှည်ကြီး "အလန်"က သူ၏ "မာ"ကို စွဲလမ်းချစ်ကြိုက်နေသော ပုရိသတစ်ဦးတဲ့။ ဖော်သီလ၏ အလျင်ဦး၍ လက်ထပ်ခွင့်တောင်းဆိုခဲ့ဖူးသော ရွယ်ရူးသူတစ်ဦး ဖြစ်သတဲ့၊ သည်သို့ဆိုလျှင်-ဒီလူသည် အဘယ်ကြောင့်မာ၏ ဝိညာဉ်စောင့်ရှောက်သူအဖြစ် "ပုလဲဒေဝီ" နင့်အတူ တမင်လိုက်ပါလာခဲ့ရသနည်း။ "ပုလဲဒေဝီ"၏ ရဲဘော်ရဲဘက်များ ဖြစ်သည့် ဂေါင်ဘုတ်နင့် ကျောက်နီတို့ ထူးဆန်းထွေလာ သေဆုံးခဲ့ကြမှု များတွင် အဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သက်နေလေသနည်း။ ခေါင်းရှည်ကြီးသည် မိတ်ဆွေလော၊ ရန်သူလော၊

"အဲသလိုပဲ ရှိပါစေဦး "မာ"ရယ်၊ လူတစ်ယောက်ကို ဒီလို မန္တန်လေး ရွတ်လိုက်၊ ကျိန်စာကလေး တိုက်လိုက်ရုံနဲ့ ဒီလိုအဖြစ်မျိုးတွေအထိ ဖြစ်ရ လောက်သတဲ့လား။ နားရှုလို့သာ ကြားလိုက်ရပေတဲ့ ကိုယ်ဖြင့်ယုံကို မယုံ နိုင်သေးဘူး"

"သူနဲ့ သူ့ဖခင် နတ်ဆရာကြီးတို့ဟာ အဲဒီဘက်က ကျွန်းတွေဆီမှာ သိပ် အစွမ်းကြီးတာ၊ အားလုံး ကြောက်ကြရတာပ"

"အေးလေ - ကျွန်းတွေပေါ်မှာတော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ "ပုလဲဒေဝီ" ပေါ်မှာဖြင့် ဘယ် အဲသလို လုပ်လို့ ဖြစ်ပါ့မလဲ "မာ"၊ ကိုယ်ခွင့်မပြုနိုင်ဘူး။

"သူလုပ်မှာပ - အရှင်၊ သူ "မာ့"ကို ပိုင်ဆိုင်တဲ့အထိ လုပ်မှာပဲ"

မတန်မရာ ကလူကျီစယ်စရာ ဟာသကွက်တစ်ခုကို ကြားလိုက်ရသည့်နယ် ဖော်သီလတစ်ယောက် ပြုံးချင်ယောင်ဖြစ်မိရ၏။ ကြည့်ပါဦး - အလန်လို ခေါင်းကြီး ခြောက်စောင်းက သူ့ "မာ" လို အလှပဂေးကို ချစ်လှချည့် ကြိုက်လှချည့်တဲ့။ ပြီး - ယနေလောလောဆယ် "မာ"က သူ့ဇနီး၊ ကာမပိုင် လင်ယောကျ်ားရှိသည်၊ "ကာမေသု မိစ္ဆာစာရ" ကို သင်း မသိရှာ့သလား။

"မရီပါနဲ့ - အရှင်၊ ဒါ - ရီစရာမဟုတ်ပ၊ လောလောဆယ် သူ့ကိုပဲ ဖမ်း ချုပ်ထားလိုက်ပါ၊ အားလုံး ဒုက္ခရောက်ကြလိမ့်မယ်ပ"



"မာ"က တကယ်ကြောက်နေရှာသည်၊ သူ့ကိုယ်ကလေးသည် ဖော်သီလ၏ ရင်ခွင်တွင် တသိမ့်သိမ့်တုန်နေလေ၏။

ထို့အပြင် ယခုကဲ့သို့ "အလန်" အပေါ် "အလန်"ထင်ရာ စိုင်းနေခြင်း အပေါ် မထီမဲ့မြင် မထုံတက်သေး လုပ်နေခြင်းကိုလည်း ကြိုက်ပုံမရ၊ သူနှင့် ချိုးနှယ်တူ ကျွန်းသားတို့၏ စရိုက်ဗီဇနှင့် ရန်ငြိုးဖွဲ့တတ်ပုံ၊ အောက်လမ်းပညာဖြင့် စီရင်ပြုစားတတ်ပုံတို့ကို ကောင်းစွာသိထားပြီး ဖြစ်သဖြင့်လည်း ချစ်စိတ်မွှန်ချစ်ဇောတွေ တက်ကြွနေသည့် "အလန်"လို လူမျိုးက ဘာဖြစ်ဖြစ် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ဖွတ်တွန်း၍ နသားပါရတွေ လုပ်လေတော့မည်ကို ချောက်ချားနေပုံလည်း ရသည်၊

"သူတို့ ချုပ်ထားမယ် မဟုတ်လား အရှင်"

"မဟုတ်သေးဘူး "မာ"၊ သူဟာ တကယ့် သင်္ဘောပဲ့နင်းကောင်းတစ်ယောက်ဖြစ်နေပြီပဲ၊ ပြီးတော့ရင် သူ့အလုပ်ကိုသူ ကြိုးကြိုးပမ်းပမ်းလုပ်နေ အားပဲ၊ ဒီအဖြစ်အပျက်တွေကို သူစီရင်ဖန်တီးတာပါလို့လည်း လက်ဆုပ်လက်ကိုင် မပြနိုင်သေးဘူး။ နောက်ထပ် တစ်ခုခု ထပ်ဖြစ်လာခဲ့ရင် ဒါမှမဟုတ် "မာ့"ကို ကိုယ်ထိလက်ရောက် လွန်ကျူးလာခဲ့ရင် ဒီအကောင်ကို ကိုယ်ကိုယ်တိုင် ပင်လယ်ထဲ ကျွေးပစ်မယ် သိလား "မာ" "

"မဖြစ်ဘူး - မဖြစ်ဘူး၊ သူ ဆက်လုပ်ဦးမှာပ၊ သူ့ကို ချုပ်ထားမှ ဖြစ် မှာ"

သနားစဖွယ် "မာ"၏ တုန်တုန်ရီရီ ချောက်ချောက်ချားချား ထိတ်လန့်သည့်ဟန်ကို ဆက်လက်၍ ငြင်းဆန်ရန် မပြုရက်တော့၊ "ပုလဲဒေဝီ"ရှိ ကျွန်းသင်္ဘောသားများ၏ မျက်နှာပေးများကလည်း "မာ့"ကို အားတက်အောင် လိုက်လိုက်လှဲလှဲ ထောက်ခံနေကြပြန်သည်၊

သူ့စိတ်ကို ပို၍ ဆွပေးနေသည်မှာ ခေါင်းရှည်ကြီး "အလန်"၏ သူ့ကို စေ့စေ့အာခံနေသည့် အကြည့်များ၊ မုန်းတီးနာကြည်းမှုများဖြင့် ဆူဝေနေသည့် အာဃာတ၊ ဒေါသ၊ မစ္ဆေရစိတ်များဖြင့် မီးလျှံနှယ် ဝင်းဝင်းတောက်နေသည်၊ စကားတစ်ခွန်းမျှ မပြောသော်မှ "စမ်းရဲရင်စမ်းကြည့်"ဟု မလေးမခန့် လှောင်ပြောင်နေသလိုလို၊



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း - ပေ့ါ၊ လုံးတော်ရေ - အဲဒီအကောင်ကို အခန်းလွတ်တစ်ခု ရှင်းလင်းပြီး ထည့်ပိတ်ထားလိုက်ကြစမ်းကွာ။ သူဘာတွေ ထပ်လုပ်နိုင်ဦးမလဲ၊ ဘာတွေ ဆက်ဖြစ်လာမလဲ စောင့်ကြည့်ကြသေးတာပေ့ါ"

☑

ဖြစ်တာပေ့ါ - ဖြစ်တာပေ့ါ။

ထင်မထားတဲ့ကိစ္စတွေ ဆက်တိုက်ကြီး ဆက်ဖြစ်လာခဲ့တာပေ့ါ။ တစ်ကျွန်းဝင် တစ်ကျွန်းထွက် ပင်လယ်ခရီးဆက်နေတဲ့ "ပုလဲဒေဝီ"ဟာ ရက်ပိုင်းကလေးအတွင်းမှာဘဲ သည်းထိတ်ရင်ဖို ခပ်ဆန်းဆန်းကြယ်ကြယ်တွေနဲ့ ကြုံခဲ့ရပြန်တာပဲ။

တကယ်တော့ "မာ"က ဆင်ခြင်တုံတရား အပြည့်ရှိတဲ့ မိန်းကလေးတစ်ဦးပါ။ ကျွန်းပေါ်မှာ ဘဝအတွေ့အကြုံ၊ ကျွန်းသူကျွန်းသားတွေရဲ့ ရိုးသားပင်ပန်းတဲ့ ဘဝအခြေနေတွေကို တုံးပေကျွဲရေ ခံခဲ့ဖူးတဲ့ သူလည်းဖြစ်တယ်။ အဲဒါကြောင့် သူတို့ ကျွန်းကြီးပေါ်မှာ ကိုးကွယ်ယုံကြည်မှုနဲ့ ပတ်သက်ပြီး တစ်ထီးတစ်နန်း ဩဇာတိက္ကမကြီးတဲ့ နတ်ဆရာ အဘိုးအိုရဲ့သား "အလန်"ရဲ့ အန္တရာယ်ကို အစောကြီး ကြိုမြင်နေခဲ့တာပေ့ါ။ ဒါပေမဲ့ - ရိုးသားလွန်းတဲ့ ခမျာဟာ အဲဒီမိစ္ဆာကောင်ရဲ့ ဆန်းကြယ်တဲ့ အာနိသင်ကို အကုန်သိခဲ့ရှာတာတော့မဟုတ်ဘူး။ အဲဒါကြောင့်လည်း သဘောက်မသားရဲ့ တုန့်ပြန်ရန်ရှာမှုကို သင်း ခံခဲ့ရတာ။

ခေါင်းရှည်ကြီးကို အခန်းထဲ ပိတ်လှောင်ထားလိုက်တဲ့ ညနေက "မာ"ဟာ တကယ့်နာတာရှည် လူမမာကြီးတစ်ယောက်လို အိပ်ရာထဲမှာ ဗုန်းဗုန်းလဲခဲ့လေရဲ့။ ဘာရောဂါမှလည်း မဖြစ်ဘူး၊ ဘာဝေဒနာမှလည်း ထူးထူးလည်လည် မခံစားလိုက်ရဘူး။ အကောင်းပကတိကြီးကနေ ရုတ်တရက် အဲသလို ဖြစ်သွားခဲ့တာ။



ဟုတ်တယ် - ထူးခြားတာဆိုလို့ အဲဒီ အယုတ်တမာကောင်ကို ဖမ်းချုပ်ထားတဲ့အခန်းထဲက ဆီမရှိတဲ့ လှည်းပတောင်းကြီး အဆက်မပြတ်အီနေသလို တအိုးအိုး တအီအီနဲ့ မြည်နေတဲ့ လူဟီသံကြီး၊ လူအုသံကြီး မရပ်မနားပေါ်လာနေတာပဲ။ ဘာအဓိပ္ပာယ်လည်းမသိပေတဲ့ မကောင်းတဲ့ အကြံအစည်နဲ့ တစ်ခုခု ဘေးအန္တရာယ်ဖြစ်အောင် ဖန်တီးနေမှန်းတော့ အားလုံးသိကြတယ်။

"အလန်"ဟာ အစာလည်း လုံးဝမစားဘူး။ ရေလည်း လုံးဝမသောက်ဘူး။ သူ့ကို အခန်းထဲ ထည့်ပိတ်လိုက်တဲ့ အချိန်ကစလို့ ဟိန္ဒူဖကီးကြီးများ တရားထိုင်သလိုမျိုး တင်ပလ္လင်ခွေထိုင်ပြီး အဲဒီသူ့ကျိန်စာဆိုးကြီးကို မနားတမ်းရွတ်နေတော့တာပဲတဲ့။

ငါ့ရဲ့ "မာ" ခမျာလည်း အဲဒီအချိန်ကစလို့ အိပ်ရာပေါ်မှာ ခွေခွေကလေး လဲနေရှာတော့တာပဲ။ အစားလည်း မစားနိုင်ရှာဘူး၊ ရေလည်း မသောက်နိုင်ရှာဘူး။ အသက်ကလေး ဖုတ်လိုက်ဖုတ်လိုက် ရှူနေတာကလွဲလို့ အရုပ်ကလေးတစ်ရုပ် ပုံ့ပုံ့ကလေး လဲနေသလိုပဲ။ ကြည့်ရတာ သူ့စိတ်နဲ့သူ့ကိုယ် တစ်ကွဲတစ်ပြားစီ ဖြစ်နေသလိုမျိုးကြီး။ သူကလေးရဲ့ ကိုယ်ကလေးက ငါ့အိပ်ရာထဲ၊ ငါ့ရင်ခွင်ထဲမှာ ရှိနေပေတဲ့ သူ့ရဲ့ဝိညာဉ်၊ သူ့ရဲ့လိပ်ပြာ သူ့ရဲ့စိတ်တွေကတော့ ဟိုးအဝေးတစ်နေရာဆီကို ရောက်နေသလိုပဲ။

တို့ ငယ်ငယ်တုန်းက ကပ္ပိယကြီး ဘကြီးဦးပေါ်အိုင် ပြောပြခဲ့ဖူးတဲ့ ဂမ္ဘီရ ဇာတ်လမ်းတွေထဲက စိတ်လွှင့်နာမ်လွှင့်တဲ့ အစီအရင်ဆိုတာဟာ အဲဒီလို နေများလား။

အဲဒီလို ပြောရအောင်လည်း ခေါင်းရှည်ကြီးဟာ သူ့ "တအိုးအိုး တအီအီ" တွေကိုတအားနှင်းဖို့ရွတ်နေတာကလွဲလို့ထိုင်ရာကတောင် ထတာမဟုတ်ဘူး။ စေ့စေ့ပိတ်ထားတဲ့ သူ့မျက်လုံးတွေကို ဖွင့်လို့တောင်ကြည့်တာမဟုတ်ဘူး။ မခက်ပေဘူးလား။

ကြုံနေရပုံကြီးက ဆိုးဝါးလိုက်ပုံများ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိရတော့တာပေ့ါ။ "ပုလဲဒေဝီ" ပေါ်က ငါ့တပည့်လက်သားတွေ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

လည်း မျက်စိသူငယ်လေးတွေနဲ့ တွေဝေနေကြတော့တယ်။ "ပုလဲဒေဝီ" အပေါ်မှာ လူတွေရဲ့ စိတ်နှလုံးတွေကို ညှိုးနွမ်းသွေ့ခြောက်ပြီး ကြေကွဲ ဝမ်းနည်းနေအောင် တမင်ပြုစားနေတဲ့ မိစ္ဆာတစ်ကောင်ကောင်က လွှမ်းမိုးနေ သလိုချည်း။ မကောင်းဆိုးဝါးရဲ့ အနံ့အသက်တွေကပဲ အရာရာတိုင်းအပေါ် ဖိစီးနေတော့တယ်။ ချောင်ကြိုချောင်ကြားမကျန် ညစ်ထေးပေကျံပြီး စိုထိုင်း နေလေရဲ့။

"ဆရာ – ဆရာ"

"အေး – ပြောလေ၊ လုံးထော်"

"အခုပဲ သုံးရက်ရှိခဲ့ပြီ။ ခုပုံအတိုင်းဆို အခြေအနေက သိပ်မဟန်ဘူး ဟိုမကောင်းဆိုးဝါး ကောင်ကလည်း အစာမစား ရေမသောက်၊ ဆရာ့ မိန်း ကလေးမျာလည်း အိပ်ရာထဲမှာ ပက်လက်၊ ခေါင်းထောင်မထူနိုင်ရှာဘူး ကျန်တဲ့လူတွေလည်း ဟိုချောင်ခွေ၊ ဒီအကြားလှဲနဲ့၊ တကယ့် အသုဘအိမ် မသာအိမ်ကြီးလိုမျိုးဖြစ်လို့၊ မိန်းကလေးကိုး ဒီလိုနဲ့ ပစ်လိုက်ရတော့မှာလား ဆရာကရော ပစ်ရက်သလား"

ငါ့အဖို့လည်း ပြောစရာ စကား ဘာရှိမှာတုန်း။

ခေါင်းရှည်ကြီး "အလန်" ကိုပိတ်လှောင်ထားခဲ့တာက (၃) ရက်တိုင်ခဲ့ပြီ သင်းကြီးက ထမင်းမေ့ ဟင်းမေ့ သင်းရဲ့မိစ္ဆာ မန္တန်တွေကို ရွတ်ဖတ်နေတယ် "မာ" မျာလည်း မီးသင့်နေညှဉ်းခံ ပန်းကလေးတစ်ပွင့်လိုပဲ နွမ်းရိညှိုးနေ နေတုန်း။ ဒီလိုပုံနဲ့သာ ဒီထက် ဒီပိုပြီး ကြာခဲ့ရင် . . .

"မင်းမှာ ဘာအကြံရှိလို့တုံး၊ လုံးထော်။ ဂေါင်ဘုတ်နဲ့ ကျောက်နီ ဘာမှ မသိဘဲ သေခဲ့ရတာကို ရမည်ရှာ ရန်ငြိုးဖွဲ့ပြီး မဟုတ်တရုတ်တွေ လုပ်ကြမယ် ဆိုရင်တော့ ဘယ်လိုမှ ငါသဘောမတူနိုင်ဘူး။ အဲဒါ – မင်းသိအောင်ပြောထား ထားတာ"

"မဟုတ်တဲ့ စိတ်ကူးမျိုး မဟုတ်ပါဘူး ဆရာ။ အားလုံး ကောင်းကြဖို့ အစီအစဉ်ပါ"



"အေး – ပြော"

"ခေါင်းရှည်ကြီးကို ပိုနေမြဲ ကျားနေမြဲ အရင်က အတိုင်းပြန်ထားလိုက် မယ်၊ စက်ခန်းမှာ ကျုပ်နဲ့ ကျောက်ခွေးက သူ့ကို အနီးကပ်စောင့်ကြည့်ကြ မယ်၊ မသင်္ကာစရာ လက်ဆုပ်လက်ကိုင်တွေ့တဲ့ အထိပေါ့၊ သူ့ကို ဒီအတိုင်း တိုင်း ဆက်ထားနေလို့လည်း ဘယ်လိုမှ မဖြစ်ဘူးမဟုတ်လား။ စိတ်မရှမ်း သာစရာတွေပဲ ဖြစ်လာတော့မှာ သေချာနေတဲ့ဟာ"

"ကျန်တဲ့လူတွေက လက်ခံကြပါ့မလား"

"အင်း – သူတို့လည်း မိန်းကလေးရဲ့ ဝဋ်ကြီးလှပုံကို မကြည့်ရက်ကြ တော့ဘူး။ ကြက်တက်ရယ်၊ အောင်စရယ်၊ ကြံ့ဖဟုံးရယ် သုံးယောက်ကို အလှည့်ကျကင်းချပြီး ချောင်းကြည့်ကြပြန်တော့လည်း ဒီမသာကောင်ကြီး ဟာ သင်္ကာယန မကင်းစရာ ဘာတစ်ခုမှ မလုပ်ဘူး။ တုတ်တုတ်တောင် မလှုပ်ဘူးတဲ့၊ ကျောက်ရုပ်ကြီးလို မလှုပ်မရှောက်နဲ့ တောင့်တောင့်ကြီး ထိုင်လို့၊ သူ့ဟာကြီးတွေကိုပဲ တအီအီရွတ်ဖတ်နေတာတဲ့၊ အဲဒီတော့ – ကျောက်နီတို့ ဂေါင်ဘုတ်တို့ သေရတာဟာ ဒီအကုသိုလ်ကောင်ကြီးရဲ့ လယာဂမကင်းဘူးဆိုတာ သေချာနေပေတဲ့ လက်ပူးလက်ကြပ်ပြနိုင်ဖို့က ခြင်း ခက်နေတယ်။ ဟိုစကားရှိရဲ့မှတ်လား၊ "ယုန်နဲ့ အတူပြေး၊ ခွေးနဲ့အတူ လိုက်" ဆိုတာလေ။ ခုလည်း သင်းကြီးကို လူမြင်ကွင်းမှာ ထုတ်မလာနိုင်ရင် သင်းရဲ့ မထော်မနန်း လုပ်နည်းကိုင်ဟန်တွေကို တိတိပပ ဖမ်းမိဖို့ ခက် တယ်"

"အင်း – အဲဒါတော့ ဟုတ်တယ်"

ဒီလိုနဲ့ ခေါင်းရှည်ကြီး "အလန်" ဟာ "ပုလဲဒေဝီ" ရဲ့စက်ခန်းထဲကို နောက် တစ်ကြိမ် ရောက်လာပြန်တော့တယ်။

ဘာမှ မဖြစ်ခဲ့သလိုမျိုး၊ သူ ဘာမှ မလုပ်ခဲ့သလိုမျိုး၊ ဘာတစ်ခုမှ သူ မသိခဲ့သလိုမျိုး၊



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ - သူနဲ့ငါ့ရဲ့ကြားက သူ့သေကိုယ်သေ ရောကုန်ရေခန်း ဆင်နွဲရမယ့် နောက်ဆုံးတိုက်ပွဲဟာ အဲဒီအချိန်ကတည်းက စခဲ့ပြီဆိုတာ ငါဘယ်သိမလဲ။ မသိခဲ့ဘူး၊ မသိခဲ့တာမှ သရိုးသရီကလေးတောင် မဖြစ်ခဲ့တာ။

"မာ" ကတော့ ချုံးပွဲချပြီး ရှိုက်ကြီးတငင် ငိုရှာလေရဲ့။

☑

## [၅]

## 'နှုတ်ဆက်ထွက်ခွာခြင်း'

❑

ကြောထဲမှ စိမ့်ခနဲဖြစ်သွား၏။ ကြက်သီးများလည်း ဖြန်းခနဲ ထသည်။ "ဒီလောက်ပူနေတဲ့ ပင်လယ်ပြင်ထဲမှာ ကြက်သီးထရသေးသလားကွာ" အတွေးများက မရေမရာ ယောက်ယက်ခတ်လျက်ရှိပြီး လူကလည်း နုံးချည့်ချည့်ကြီး ဖြစ်ချင်လာသည်၊ "ဇကန္တ - ငါ ဖျားများဖျားချင်ပြီလား မသိ" အတွေးစကို ငင်မိလျှင်ပင် ခြေဖျားလက်ဖျားများ ချက်ချင်းအေးစက်လာပြီး ခေါင်းနားပန်းတွေကြီးလာသည်။ ချစ်ဇနီး "မာ့" ၏ မျက်နှာကလေးကိုလည်း ကွက်ခနဲ တွေတွေကြီး စိုက်ကြည့်နေမိတော့၏။

"မာ" က ကောင်းကောင်း မမာရှာသေး။ ဒီသုံးလေးရက်အတွင်း အတန်အသင့် အစာဝင် ရေဝင်ဖြစ်လာ၍ အနည်းငယ် လန်းလာခဲ့သည့်တိုင် လမ်းမလျှောက်နိုင်သေး။ မျက်နှာကလေးက သိသိသာ ချောင်ကျသွားရှာသည်။ ဒီအချိန်တွင် ဖော်သီလသာ တစ်ခုခုဖြစ်ခဲ့လျှင် ဓမ္မာအားကိုးခဲ့ရှာပေရော့မည်။

ဘုတ်ပြင်း - ကော့သောင်းဘက်က ကျွန်းတစ်ကျွန်းမှာ "ပုလဲဒေဝီ" ကို ဧကာဝင်နိုခဲ့စဉ်က မိခဲ့သော ငှက်ဖျားအခံက ပြန်ထလာပြန်လေသည်



လား။ မမျှော်လင့်ဘဲ တစ်နှစ်၊ တစ်နှစ်ခွဲခန့် ကာလရှည်ဒုက္ခပေးခဲ့ဖူးသည့် သည်ရောဂါက မထင်လျှင် မထင်သလို ရုတ်တရက်ဝင်၍ ဒုက္ခပေးပေါင်းများခဲ့ပြီ၊ အထူးသဖြင့် ကိုယ်စိတ်တိမ်းတိမ်းပွေပွေဖြစ်နေသည့် ကျဉ်းထဲကျပ်ထဲ အချိန်မျိုးဆိုလျှင် သူရောက်လာ တတ်စမြဲ။

မစားချင်မသောက်ချင် သိသိသာသာ ရောဂါတက်ချင်နေသည်။ သိတတ်သမျှ ဆေးမြီးတိုတွေဖြင့် ကိုယ့်ဘာသာကိုယ် ဒေါက်တာရမ်းဘော့လုပ်ကြည့်သည်။ မထိရောက်၊ ဝီစကီကို ရေနွေးပူပူဖြင့် ကျိုက်ချသည်၊ သိပ်မသိသာလှ၊ ပင်လယ်တွင်းမှာမို့ ဆေးပြင်းတွေ မသောက်ချင်သဖြင့် ရှောင်ဖယ်ရှောင်ဖယ်လုပ်နေခဲ့မိသော အင်္ဂလိပ်ဆေးသေတ္တာကို ထုတ်လှန်ကွိနိုင်ဆေးပြားများကို အလောတကြီး မျိုမိပြန်သည်၊ ထူးခြားမှုမရှိ၊

"အလိုလေး - ဘုရား - ဘုရား၊ အရှင် - အရှင့်မျက်နှာက ဘယ်လို ဖြစ်ရတာလဲ"

"အင် - ဘာဖြစ်လို့လဲ - မာ"

"မာ" ၏ ထိတ်လန့်တကြား ပူတိပူလောင်ဟန်ပန်ကြောင့် သူ့မျက်နှာကို သူမှန်ထဲ ပြန်ကြည့်မိ၏။ လား - လား - သေခါနီး လူမမာရုပ်ကြီးပါကလား၊ အခြေအနေမဟန်တော့ပြီမှန်း ရိပ်မိလိုက်ပြီ၊

မှန်ထဲက သူ့မျက်နှာသည် ရောဂါဆိုးကြီးတစ်ခု၏ ဒဏ်ကို နှစ်ကာလများစွာ ခံစားခဲ့ရသည့်နှယ် ချုံးချုံးကျလျက်ရှိ၏၊ အသားအရေက ဝါညစ်ညစ် စုတ်ဖတ်ဖတ်၊ မျက်တွင်းကြီးများက ဟောက်ပက်ကျနေသည်၊ အရိုးပေါ်အရေတင်၊ ပြင်းပြင်းထန်ထန် နာဖျားလိုက်ခြင်းမျိုးလည်းမဟုတ်ဘဲ သည်သုံးလေးရက်ကလေး သရိုးသရီဖြစ်လိုက်ကာမျှနှင့် သည်ပုံမျိုးကြီး ဖြစ်သင့်သည်မဟုတ်၊ ကိုယ့်ဘာသာကိုယ်သာမဟုတ်ခဲ့လျှင် အသက်ထွက်ခါနီးရုပ်ကြီးဟု ပိုးစိုးပက်စက် ပြောမိမည်ကောန်း၊ ရိုးရိုးသားသားမဟုတ်ပါလေစ၊

"ဟုတ်ပါပြီ - သေချာပါပြီ၊ သူ ဒီမကောင်းဆိုးဝါးအလုပ်တွေကို ထပ်လုပ်နေပြန်ပြီ အရှင်၊ အရှင့်ကို သတ်ဖို့ သူကြံစည်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်နိုင်ပါ့မလား မာရယ်၊ ကိုယ့်လူတွေ တစ်ချိန်လုံး သူနဲ့အတူတူ အနီး ကပ်ရှိနေကြတာပဲ။ မသင်္ကာစရာ တစ်ခုခု သူလုပ်ခဲ့ရင် ကိုယ့်လူတွေက သူ့ကို ချက်ချင်း သတိမှာပဲ"

"ဆရာ မသိဘူးနော်၊ သူတို့သားအဖက ဝိညာဉ်တွေကို ဖမ်းစားပြီး လိုရာခိုင်းနိုင်တာပ။ "မာ"တို့ ကျွန်းပေါ်မှာ သူတို့ကို ဘယ်သူမှ မော်မကြည့် ရဲခဲ့ကြဘူးပ၊ သူ့ကို သဘော်ပေါ်က ထားရစ်ခဲ့ပ အရှင်၊ သူ အရှင့်ကို သတ် မှာပ"

"မဟုတ်သေးပါဘူး "မာ"ရယ်၊ "မာ" ပြောသလို လုပ်ခဲ့ရင် "မာ"တို့ လည်း ပြန်ပြီး ဒုက္ခပေးဦးမှာလေ၊ "မာ"ကို ကိုယ် အဆုံးရှုံး မခံနိုင်ဘူး"

တဖြည်းဖြည်းနှင့် ဇော်သီလ၏ ရောဂါအခြေအနေကပို၍ သည်း သည်၊ အစာစား၍ မရ၊ ခရမျို၍ မရ၊ တစ်ကိုယ်လုံးရှိ အကြောများ တွန့်ဆိုင်း လျက်ရှိကာ အားကုန်မောပန်းနေ၏၊ ကောင်းကောင်း အိပ်မပျော်၊ ခြောက် အိပ်မက်များဖြင့် နပမ်းလုံးနေရသည်၊ အလွန်ကြံ့ခိုင်သန်မာတဲ့သူက ယခု နည်းနည်းကလေး လှုပ်ရုံမျှနှင့် မောချင်သည်၊ ရင်ထဲက တလှပ်လှပ်ဖြစ် သည်၊ "သည်...သည်အကောင်ငါ့ကိုတိတ်တဆိတ် အဆိပ်တွေများ ခတ် လေသလား"၊ သံသယ အတွေးများက ယုန်ထင်ကြောင်ထင်၊

မိန်းကလေးမျှော သူ့ဝေဒနာထက် ဇော်သီလကိုပို၍ပူပန်လျက်ရှိသည်၊ တကယ့်သေဘေးကြီးနှင့် ကြုံလေပြီဟုလည်း အတပ်တွေးထားပုံရ၏၊

စိတ်ကို အတန်တန် တင်းထားသော်မှ ဇော်သီလ၏ အခြေအနေ မဟန်လှပါ၊ အရာရာတိုင်းကို စိတ်ဝင်စားထက်သန်မှုတို့ဖြင့် တောက်လ ရွှန်းစိုနေခဲ့သောသူ့မျက်ဝန်းများသည် မှိန်ဖျော့ဖျော့၊ ဝါကျင့်ကျင့် ဖြစ် သည်၊ ကိုယ်ခန္ဓာက တစ်ဝက်ခန့် ယုပစ်သလို ချုံးကျသွားသည်၊ မျက်တွင်း များပါညို၍ ခြေလှုပ်လက်လှုပ်ရသည်ပင် ပန်းချင်လာ၏၊

မိန်းကလေးသည် ဆန်ပြုတ်ရည်ကျဲကျဲကို ကိုယ်တိုင်ကျိုသည်၊ သူ အခန်းကလေးထဲသို့ မည်သူ့ကိုမျှ အဝင်မခံတော့၊ ဆန်ပြုတ်ကို ချော့ မော့မော့ဖြင့် ဝင်အောင်တိုက်သည်၊ သူကလေး၏ မျက်ဝန်းသည် ယခင်



ထိတ်ထိတ်ကြောက်ရွံ့စိုးရိမ်နေဟန်ကို မပြတော့၊ တစ်စုံတစ်ရာကို ဆိပ်တိုက်ရင်ဆိုင်တော့အံ့ဟု ပိုင်းပိုင်းဖြတ်ဖြတ် တုံးတုံးချထားသည့်နယ် ငုံ့ရဲရဲ ရှိနေလေသည်၊

မကြာမီပင် "ပုလဲဒေဝီ"သည် ကုန်တင်ရန်နှင့် စားရေးရိက္ခာများ ဖြည့် တင်းရန် ပို့(တ်)ဗလဲယား ဆိပ်ကမ်းမြို့နှင့် သိပ်မဝေးသည့် ကျွန်းစုစုကလေး အနီးမှာ ဆိုက်ကပ်သည်၊ "ပုလဲဒေဝီ" ကျောက်ချပြီးသည်နှင့် မိန်းကလေး "မာ" သည် လှေတစ်စင်းဖြင့် ကျွန်းဆီကို အပြင်းလှော်ခတ်၍ ထွက်သွား တော့၏၊

ညမိုးကြီးမချုပ်မီ "မာ" ပြန်ရောက်လာသည်၊ သူတစ်ယောက်တည်း ဟုတ်၊ အသက်အရွယ် အလွန်အိုမင်းနေသည့်တိုင် ဖျတ်ဖျတ်လတ်လတ် နှင့် ကြံ့ခိုင်ဆဲရှိသော ဒေသခံဆေးဆရာတစ်ဦးကို သူနှင့်အတူ ခေါ်လာခဲ့ ခြင်းဖြစ်၏၊ "မာ"က "ဘ" ဟု ခေါ်သော ထိုဆေးဆရာအိုကြီးကို အလွန် ရိုကျိုးလေးစားဟန် ဆက်ဆံနေသည်၊ သူတို့ နားလည်ခြင်းမရှိသည့် ဘာသာစကားတစ်မျိုးဖြင့် "မာ"က အဘိုးအိုကို ရှင်းပြနေ၏၊ ဇော်သီလ၏ အခြေအနေကို ရှင်းပြနေခြင်းပဲ ဖြစ်မည်၊

ထိုအချိန်က ဇော်သီလသည် အခန်းထဲမှာ တစ်ယောက်တည်း မှိန်းနေ ဖြစ်သည်၊ လသာမှန်အိမ်ကလေးက ခပ်မှိန်မှိန်လင်းနေဆဲ၊ အလင်း များသည် အခန်းနံရံတွင် တလှုပ်လှုပ် ခုန်ပေါက်လှုပ်ရှားလျက်၊

အနီးကပ်မြင်ရတော့မှ ဆေးဆရာအိုသည် သူထင်ထားသည်ထက် ၍ အိုမင်းနေမှန်း ဇော်သီလ သတိထားမိ၏၊ လူလုံးလူဖန် သေးကွေးလှပြီး မြင်သမျှ အသားအရေများ တွန့်လိမ်ရှုံ့တွနေသည်၊ ဦးခေါင်းတစ်ခုလုံး အမွေးအမှင်မရှိ၊ ဘူးသီးခြောက်တစ်လုံးနယ် ပြောင်နေ၏၊ မျက်နှာသွင်ပြင် မျောက်ကြီးတစ်ကောင်နှင့် တူသည်၊ ရိုးတံကျိုးကျဲ ဖွဲကိုင်းကိုင်း သစ် ခြောက်ပင်ကြီးတစ်ပင်လို၊ အရောင်အဆင်း ကင်းမဲ့စွာ ညစ်ထေးနေသော ဘောင်းဘီတိုတစ်ထည်ကို ဝတ်ဆင်ထားသည်မှအပ အပေါ်အကျႌပါ၊ ကိုယ်ထီး၊ သို့နှင့်တိုင် မီးကျီးမီးခဲ တစ်စနယ် တရှိန်ရှိန်လင်းတောက်

www.burmeseclassic.com

နေသည့် သူ၏မျက်ဝန်းများ၌ ဉာဏ်ပညာ၊ အတွေ့အကြုံနှင့် စွမ်းပကား များ၏ အားကောင်းသန်မာမှုကို ထင်ထင်ရှားရှား မြင်နေရသည်။

"× × × × × × ×"

"+ - + - + - + - +"

".-.-.-.-.-.-"

ဆေးဆရာအိုသည် ဇော်သီလ၏ အနီးတွင် ဆောင့်ကြောင့်ထိုင်လျက် ဇော်သီလ၏ မျက်ဝန်းများအား တည့်တည့်စိုက်ကြည့်လျက် "မှာ"ကို ပြော သည်။ အဘိုးအို၏ စကားကြောင့် မျက်စိမျက်နှာ အပျက်ကြီးပျက်လျက် သည့် မိန်းကလေးမျာ စိုးရိမ်ပူပန်မှု၏ အထွတ်အထိပ်သို့ ရောက်လျက်ရှိ သိသာလှ၏။

"______"

"- - - - - -"

"× - × - × -"

သမားအိုက မိန်းကလေးအား တစ်ခုခု တောင်းလိုက်ဟန်တူသည် "မာ"က နံရံတွင် ချိတ်ထားသည့် ဇော်သီလ အမြဲဆောင်းလေ့ရှိသော သဘော်ကာပ္ပတိန် ဦးထုပ်ကို ဖြုတ်၍ တရိုတသေ ကမ်းပေးလိုက်သည် အဖိုးအိုက ဦးထုပ်ကို လက်နှစ်ဖက်ဖြင့် ခိုင်ခိုင်မြဲမြဲ ကိုင်ထား၏။ ပြီးလျှင် မျက်စိများကို မှိတ်၍ ဂါထာမန္တန်များကို တိုးတိုးရွတ်လေတော့သည်။ ... ကိုယ်ကြီးသည် ဘယ်ညာယိမ်းလျက် အသံကလည်း အားပါလာသည် တိုးလိုက်ကျယ်လိုက်။

သိပ်မကြာလှ၊ အဘိုးအိုသည် သက်ပြင်းချ၍ ဦးထုပ်ကို လွှတ်ချလိုက် ၏။ စိတ်အိုက်လှုအိုက် မောဟိုက်သွားဟန်ဖြင့် ဘောင်းဘီအိတ်ထဲမှ ... တံကို ထုတ်ယူလိုက်ကာ မီးညှိ၍ ဖွာနေသည်။ မျက်နှာ မသာမယာ။

အခြေအနေကိုရိပ်စားလိုက်မိပုံဖြင့် "မာ"သည် ဆရာအို အနားတိုး သွားပြီး တိုးတိုးတိုးတိုးပြောကြပြန်သည်။ ဆရာအိုက ဘာပြောလိုက်သည် မသိ၊ "မာ"မျာ ယခုပင်လျှင် သေမင်းနှင့် ပက်ပင်းကြုံလိုက်ရသည်...



...နံလှုပ်ချောက်ချားလျက် မျက်နှာကလေး ညိုမှောင်လာတော့သည်။ ...လေးတစား တရိုတသေဖြင့် မြေကြွခွက်ကလေးကို လက်ထဲအတင်းထိုး ...ည့်ပေးပြီးသည့် နောက်အတွင်း ဆရာအိုသည် လာလမ်းအတိုင်း ခြေဖော့ ...င်း၍ ထွက်သွားတော့၏။

အဘိုးအို ထွက်သွားပြီးသည်အထိ "မာ" မျာ ငူငူကြီး ထိုင်နေရှာလေ ...သည်၊ အသိနှင့် သတိသည် သူ့ကိုယ်ထဲမှ လွင့်စဉ်သွားလေပြီထင့်၊ ...တော်ကြီးကြာမှ နှစ်ကိုယ်ကြား လေသံကလေးဖြင့် ညင်းညင်းကလေး ...သံထွက်လာ၏။

"အရှင့်ကို သေအောင် ကျိန်စာတိုက်ထားတာပ"

"မဟုတ်တာကွယ်၊ အရူးစကားတွေ ကိုယ်ဖြစ်နေတာ ပင်လယ်ငှက် ...ပါ၊ ဒီလိုပဲ သင့်တော်တဲ့ ဆေးနဲ့တွေ့ရင် ပျောက်သွားမှာပါ။ နို့ - နေပါဦး ...ယ်သူက လုပ်ထားသတဲ့လဲ"

"ဘုရားဖူးရပါစေ့ "မာ" ပြောတာကို ယုံပါ အရှင်၊ အောက်လမ်းနည်း ...နဲ့ စီရင်ထားလို့သာ အရှင့်ရောဂါက ဆေးမတိုးတာပေါ့။ ဒါမျိုးကို ဘယ်သူ ...တတ်ပ အရှင်၊ "မာ"တို့ ကျွန်းသား နတ်ဆရာအဘိုးနဲ့ သူ့သား "အလန်" ...ရင် ဘယ်သူရှိပ၊ "မာ"ကိုလည်း သူပဲလုပ်တာ၊ "မာ"ကို မရမချင်း ...ိုင်းကို သူ ဒုက္ခပေးနေမှာပဲ အရှင်၊ သူ ကျိန်စာတိုက်နေမှာပ"

"သူနဲ့ကိုယ်က ရန်သူတွေမှ မဟုတ်ဘဲ "မာ"၊ သူက ကိုယ့်ကို ဘာ ...ကြောင့် သေစေချင်နေရတာတုံး"

"သူတို့ ကိုးကွယ်တဲ့ နတ်ကျားကြီးကို အရှင်က သတ်ခဲ့တာပ၊ ပြီးတော့ ...ယ်စူးထားတဲ့ "မာ"ကို အရှင်ပိုင်ခဲ့တယ်လေ၊ ကျွန်းပေါ်မှာ သူတို့သား ...မျက်နှာပြစရာ မရှိပ၊ အဲဒါကြောင့် ..."

"ကိုင်းပါကွယ် - ဒီလို လူမျိုးနဲ့ ကျိန်စာကို ငါက မမှုပါဘူး။ ငါလည်း မကြာ ...ကျန်းမာလာမှာပါ။ စိတ်ချမ်းချမ်းသာသာနေပါကွယ်"

"မာက စိတ်ချမ်းသာအောင် နေရမယ်ပ၊ ဟုတ်လား အရှင်၊ အရှင်သာ ...ကြောင် ကျန်းမာလာမှာပါ၊ စိတ်ချမ်းချမ်းသာသာနေပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို - ဘယ်လိုမှာ ဘာဖြစ်တယ်"

"ဟုတ်တယ် အရှင်ဟာ သေတော့မယ်၊ သေရတော့မယ်"

အခုလာမယ့် လကွယ်နေ့ ညသန်းခေါင် မကျော်တော့ဘူး၊ မုချ သေမှာပ အရှင်၊ သိရဲ့လား - သိရဲ့လား - အဲဒါကို အရှင် သိရဲ့လား"

"ဗုဒ္ဓေါရေ - အဲဒါကို "မာ" ဘယ်လို သိ"

"အခုပဲ - ဒီကျွန်းပေါ်က မှော်ဆရာပြောသွားတာပ သူကလည်း "အလန်"တို့ သားအဖတွေလိုပဲ တကယ်စွမ်းတဲ့ ဆရာတစ်ယောက်ပ"

"သူ ဘယ်လိုပြောသွားသလဲ - မာ"

"လာမယ့် လကွယ်နေ့ည လကွယ်ချိန်မရောက်ခင် ဒီကျိန်စာဆိုးကြီးကို စီရင်ထားတဲ့ "အလန်" သေချင်သေ၊ သူမသေရင် အရှင်သေရမှာ မုချပ"

"ရီချင်စရာပဲ "မာ" ရယ်၊ ကိုယ်လို လူမျိုးကို "အလန်" မပြောနဲ့၊ ဘယ်လို လူကမှ အဲဒီလို အောက်လမ်းပညာ၊ စုန်း၊ ကဝေ၊ မှော်ပညာတွေနဲ့ အသေသတ်လို့ ရနိုင်မတဲ့လားကွယ်၊ ကြံ - ကြံရသေးတော့"

"ဘာပဲဖြစ်ဖြစ် "မာ" ကိုတော့ ယုံပါ အရှင်၊ "မာ" ပြောတာကိုတော့ ယုံပါ "မာ" ပြောတဲ့အတိုင်းလည်း တစ်ခါလောက် လုပ်ပေးစမ်းပါ အရှင်၊ အရှင့်အတွက် မဟုတ်တောင် "မာ" အတွက် လေ"

"ကံစီမံတဲ့ အတိုင်းပေါ့ကွယ်"

"လကွယ်ဖို့က (၈) ရက်၊ (၉) ရက် လောက်ပဲ လိုတော့တာပ"

"ကွယ်ပါစေကွယ် - အဲဒါက သဘာဝရဲ့သွားမှုတာ အလုပ်တွေပဲ မဟုတ်လားကွယ်၊ လကွယ်လို့ ကိုယ်သေရမယ်ဆိုတာကဖြင့် ယုံတမ်းစကား ယုံ ခက်ခက်ပဲ မဟုတ်လား၊ "အလန်" က အဲဒီလို ကျိန်စာ အစီအရင်မျိုးကို လုပ်နေ တယ်ဆိုရင်တောင်မှပဲ ကိုယ်က သူ့ကို အပြစ်ယူမိမှာ မဟုတ်သေးဘူး၊ သူ့ အလုပ်ကို သူ ဆက်လုပ်စမ်းပါစေ၊ သူ ဘယ်အထိ လုပ်နိုင်မလဲဆိုတာ ကိုယ်လည်း စောင့်ပြီး ကြည့်လိုက်ချင်သေးတယ်၊ သူ ဘယ်အထိစွမ်းသလဲ သူ့ အစီအရင်က ဘယ်လောက်အထိ ထက်သလဲ၊ သေခါမှ သေစေတော့ အသေခံပြီး ကြည့်လိုက်ချင်သေးရဲ့"



ပြောချင်ဇောဖြင့် အားတက်သရော ပြောလိုက်ပြီးသည့်တိုင် ထရင်း လိပ်လှိုက်၍ ဆို့တက်လာပြီး မောလာသဖြင့် ရတ်ခြည်းအားအင်ကုန်ခန်း သကဲ့သို့ မျက်စိကို မှိတ်ထားရသည်၊ "သေပလေ့စေလေ၊ သူ့စွမ်းလို့ ငါသေရ ရင်တောင် သေပျော်ပါတယ်" သူ့စိတ်ကို သူတင်း၍ ဖွတ်ချည်း ခေါင်းမာနေ လိုက်တော့၏။

"ပုလဲဒေဝီ" သည် မည်းမှောင်သော ပင်လယ်ပြင်ကို မျှော်ကြည့်နေဟန် ရှိသည်၊ ကောင်းကင်မှာ လမထွက်သေး၊ ကြယ်သေးကြယ်မွှားကလေး တွေသာပဲ တလဲ့လဲ့လင်းလျက်ရှိ၏၊ "ဟုတ်ပ၊ လကွယ်ရက်နီးပြီပဲလေ"

ဖြန်းခနဲ ကြက်သီးဖမ္ဘူးညင်းတွေ ထလာလျက် ခေါင်းထဲမှာ မူးဝေချင် သလိုဖြစ်လာသည်ကို ဇော်သီလ ဝန်မခံချင်၍မရ၊ "လောကမှာ သေခြင်းတရားကို ခေါ်ချင်တဲ့ အချိန် ခေါ်လို့ရတဲ့ ကျိန်စာမျိုး၊ မှော်ပညာမျိုး တကယ်ရှိလေရော့ သလား"

ယခင်က အရေးလုပ်၍ စဉ်းပင်မစဉ်းစားခဲ့ဘူးသည့် ဒီအတွေးမျိုးကို အခုတ်တရ ရင်ထဲသိုထားမိသည့် ကိုယ့်အဖြစ်အား ဇော်သီလက ကိုယ့် ဘာသာကိုယ် အံ့ဩနေမိတော့သည်။

"မာ" ဆိုသည့် မိန်းကလေးကို မတွေ့ရတော့၊ ဘယ်အချိန်က ထွက်သွား လေသလဲမသိ၊ "ဟာ - ငါ့ကို စိတ်ပျက်သွားပြီထင်တယ်" ရင်ဘတ်အတွင်း ထဲအထိ နက်နက်ကြီး ရှူးအောင့်သွားလျက် ဇော်သီလသည် ခေတ္တမျှ အသက်ရှူရပ်၍...

☑

မြေပြင်ကိုသာ သတိလက်လွှတ် ငေးကြည့်နေမိသည့် မိန်းကလေး "မာ" သည်ပင်လယ်ကိုလည်းကောင်း၊ လရောင်ကိုလည်းကောင်း ကောင်းကောင်း မမြင်၊

လမင်းသည် စောစောထွက်ခဲ့ပြီးပြီ၊ ကြယ်တွေကလည်း စုံနေ၏၊ ပင်လယ်ကို တစ်နံ့တစ်လျားဖြတ်ပြေးလာခဲ့သည့်လေသည် ပုလွှန်းလှသည် ဟု "မာ" က ထင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လကွယ်ရက်မို့လထွက်ချိန်နှောက်ကျသည်၊ ညနက်နက်မှာမှ လထွက်လာလိမ့်မည်၊ ပြီးလျှင် ကောင်းကင်ပေါ်မှာ ခဏသာနေပြီး အရုဏ်၏ ဝါးမျိုမှုအောက်မှာ တစ်စစပြိုကွဲပျောက်ပျက်သွားလိမ့်မည်၊ လကွယ်ရက်သို့ နီးသထက်နီးလာလေ၊ လမင်းကိုတွေ့ရဖို့ ခက်ခဲလာလေ၊

"မာ"က သူ့ချစ်သူ ဇော်သီလကို လမင်းပမာ ထင်ချင်လာ၏၊ လကွယ်ရက် ညဥ့်သန်းခေါင်ကျော်လျှင် သူမ၏ လမင်းသည် သူမ၏ ဘဝထဲမှ ထာဝရပျောက်ကွယ်သွားပေတော့မည့် "လကွယ်ရက် ရောက်လုပါပြီကော" အတွေးဝင်မိလျှင်ပင် မျက်ရည်ဥတို့ ဝဲခနဲ ပြို၍ အိုင်ကျလာ၏၊

"မာ"သည် တစ်ခုခုကို အလေးအနက်တွေးရင်း စိတ်ကို ယတိပြတ်ပိုင်းဖြတ်လိုက်တော့သည်၊ ချစ်သူကို သူကယ်တင်ရမည်၊ ချစ်သူ၏အသက်ကို ကာကွယ်ရမည်၊ သူမှတစ်ပါး ဒီအရေးကို ရင်ဆိုင်ဖြေရှင်းနိုင်သူမဖြစ်၊ "အလန်"သည် ကောက်ကျစ်ပါးနပ်လွန်းလှသည်၊ ယခုပင်လျှင် ချစ်သူနှင့် "ပုလဲဒေဝီ"ကို "အလန်"က ရန်ပြုနေပြီ၊ ရန်သူ၏ အားနည်းချက်ပျော့ကွက်ကို ပိုင်ပိုင်နိုင်နိုင် မဆုပ်ကိုင်မိဘဲ မည်သို့မျှ အလဲထိုးနိုင်လိမ့်မည်မဟုတ်၊

ထိုစဉ်အခိုက် ...

စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွား၏၊ ကြောက်စိတ်တွေ အလိုလိုဝင်လာပြီး မလုံမခြုံခံစားလာရသည်၊ "တစ်ယောက်ယောက်က ငါ့ကိုကြည့်နေတယ်၊ ကေန္တ "အလန်"ပဲ ဖြစ်မယ် ထင်တယ်၊ "အလန်"ဖြစ်ဖို့ များသည်၊ သူ၏ချစ်သူခမျာ တရိရိ ဖျားနာ၍ မိန်းမောနေချိန်များတွင် အလန်သည် တစ်နေရာရာမှ သူ့ကို ချောင်းမြောင်းစိုက်ကြည့်နေလေ့ရှိသည်၊ သူ သတိထားမိလိုက်သည်နှင့် ရိပ်ခနဲ ပျောက်သွားတတ်သည်၊ အလန်သည် သူ့ကိုချစ်သည့်ဇောနှင့် အရူးတစ်ပိုင်းဖြစ်နေလေပြီ၊

အချစ် ...၊ သည်းသည်းငင်ငင် အချစ်၊

"မာ့" ကိုချစ်သည့် ထိုဇောစိတ်တွေဖြင့် မှုန်ထူ၍ ဆင်ကန်းတောတိုးရှုးရှုးမိုက်မိုက်တွေ နွှတ်လုပ်နေသည့် "အလန်"ကို တုံးခနဲ ဗုန်းဗုန်းလဲအောင် ထိထိခိုက်ခိုက် ထိုးနက်နိုင်ရန် ပျော့ကွက်သည် ထို "ချစ်ဇောရူးမှုက်" များ တစ်ပါး ဘခြားမရှိ၊



"ဟုတ်ပြီ - အကြံရပြီ"၊ ဟုတ်ခနဲ ဝမ်းသာလုံးဆို့သွားလိုက်ပုံများ အနိုင်းမရှိတော့၊ သူတို့ကျွန်းသားတွေမှာ အယူသီးသည်ဟုပဲဆိုဆို၊ ဓလေ့ဆန်းဆန်းကလေးတစ်ခု ဘိုးစဉ်ဘောင်ဆက်ရှိခဲ့သည်၊ ရေထည့်ထားသော ဘူးတောင်းထဲရှိ ရေမျက်နှာပြင်သက်၍ အရိပ်ထင်နေသော မျက်နှာသည် အကြောင်းတစ်စုံတစ်ရာကြောင့် ရေလှုပ်၍ ပျက်သွားခဲ့လျှင် ရေ၌တည်သော ထိုသူ၏ ဝိညာဉ်ပျက်စီးရလိမ့်မည်၊ ရေထက်၌ အရိပ်ပေါ်နေသော မျက်နှာပိုင်ရှင်သည် ချက်ချင်းပင် လဲကျသေဆုံးသွားရပေလိမ့်မည်၊ ဒီနည်းလမ်းသည်သာ "အလန်"လို လူကြမ်းလူရမ်းကြီးအား အလွယ်ကူဆုံး အဆုံးစီရင်ပစ်နိုင်သည့် နည်းလမ်းဖြစ်သည်၊ "ဒီနည်းပဲ - ဒီနည်းပဲ၊ ဒီ အယုတ်တမာမိစ္ဆာကောင်ကို သတ်ရမယ့်နည်းလမ်းပဲ"၊ "မာ"သည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်လာတော့သည်၊

"အိုး - ဒီနည်းကို ငါသိထားသလို သင်းလည်း သိထားတာပဲ၊ ရေထက် အရိပ်ထင်တဲ့ မျက်နှာမှာ ကြည့်တဲ့သူရဲ့ ဝိညာဉ်တည်တယ်၊ အရိပ်ပျက်ရင် အသက်သေမယ်ဆိုတာ ကျွန်းပေါ်မှာ ကလေးကစ သိနေကြတာပဲ၊ အဲဒီတော့ ဘူးတောင်းထဲက ရေကို သူက ဘာကြောင့် ကြည့်မှာလဲ၊ သူမကြည့်ဘူးဆိုရင် သူ့ကို ဘယ်လိုသတ်မလဲ၊ ခက်တော့တာပဲ" မှောင့်မှောင့်ရှောင့်ရှောင့်အတွေးတွေက ဟိုမှသည်မှ ဝင်လာကြပြန်သည်၊

"အလန် လုံးဝ သံသယမဝင်အောင် ဉာဏ်ဆင်မှ ဖြစ်တော့မယ်၊ သူ့အကြံတွေကို ပျက်စီးအောင်လုပ်နိုင်မယ့် ဘာအဟန့်အတားမှ မရှိဘူးဆိုတာ သူယုံအောင် ကြိုးစားရတော့မှာပဲ" တွေးရင်း တွေးရင်း ခေါင်းများ ရှာရှာလည်လာ၏၊ သို့တိုင် သူ့ချစ်သူကို ကယ်တင်ဖို့ သူ့အသက်ကိုပင် စတေးလျှင် စတေးရပါစေတော့၊ သူလုပ်ရမည့် အလုပ်ကို ရေဆုံးရေဖျားလုပ်တော့မည်ဟု ယတိပြတ် ပိုင်းဖြတ်မှုတွေ မှို၍ ခိုင်မြဲလာတော့သည်၊

"ပုလဲဒေဝီ" သည် နောက်နှစ်ရက်ခန့်ဆိုလျှင် ကျွန်းငယ်တစ်ခုသို့ တပ်၍ ကျွန်းထွက်ပရဆေးပင်၊ ဆေးမြစ်များ၊ ငါးကြီးအန်ဖတ်များ၊ လည်ရှာရန်



www.burmeseclassic.com

www.burmeseclassic.com

များကို တင်ဖို့ရှိသည်၊ ထိုပစ္စည်းတင်ဆောင်မှုပြီးလျှင် ရန်ကုန်သို့ အပြန်ခရီးကို စတင်လိမ့်မည်၊ သည်ခရီးမဆုံးမီ သူ့အကြံအောင်မှ ဖြစ်မည်၊ "အောင်ရမယ် - အောင်အောင်ကြံရလိမ့်မယ်"

☑

သိတဲ့အတိုင်းပဲပေါ့၊

"အလန်"ဆိုတဲ့ ကောင်ကလည်း "ပုလဲဒေဝီ"က ရန်ကုန်ကို မကပ်ခင် ငါသေတော့မယ်လို့ အပိုင်တွက်တယ်နဲ့ တူပါရဲ့၊ ငါ မျက်စိမမှိတ်ခင်မှာပဲ ငါ့ရဲ့ "မာ"ကို ပြောင်ပြောင်တင်းတင်း ထိကပါး ရိကပါး လုပ်ချင်လာတော့တယ်၊ "ပုလဲဒေဝီ" အဖွဲ့သားတွေမို့ ကိုယ့်ကိစ္စတွေနဲ့ ကိုယ်ရှုပ်ပြီး အလုပ်နည်းနည်း များလိုက်နဲ့၊ သင်းက "မာ"ကို ရစ်သီရစ်သီ လုပ်နေပြီ၊

အဲ - "မာ"ကလည်း မသိမသာ မှုပျက်လာခဲ့တယ်၊ မျက်နှာကလည်း ညှိုးညှိုးနွမ်းနွမ်းနဲ့ ကြွေတော့မယ့် ပန်းကလေးလိုပဲ၊ မျောကလည်း ငါ့ကို ဒီတောင်က ကျော်တော့မယ် မဟုတ်ဘူးလို့ စိတ်လျှော့လိုက်ပြီလေ၊ အလန်ရဲ့ အန္တရာယ်စက်ကွင်းက ရှန်းထွက်ဖို့ "မာ" အကြံပြုသမျှတွေကို ဗီဇိခါဒါငါက ပယ်ပယ်ချပစ်တာတဲ့အပြင် အလန်ကို သူ့စိတ်ကြိုက် လွတ်လွတ်လပ်လပ်ကြီး လုပ်ရှားခွင့်ပေးထားတာကိုး၊ ငါကလည်း ငါ့ခံယူချက်နဲ့ငါ၊ ဒီလူလူသူသူနဲ့ ကင်းလွန်းဝေးလွန်းပြီး ခေါင်ခေါင်ခါးခါး ရှေးခေတ်ဟောင်းလူ့ကမ္ဘာက ဝန်းကျင်မှာ ကြီးပြင်းလာခဲ့တဲ့ လူတစ်ယောက်က ငါတို့ခေတ်သစ်လူသားတစ်ဦးကို ဂါထာလေးရွတ်၊ မန္တန်လေးဖတ်၊ ကျိန်စာတိုက်ပြုစားရုံလောက်လေးနဲ့ ပိုးခနဲ ပက်ခနဲ သေရမယ်ဆိုရင် ဒါမဟုတ်သေးဘူး၊ သေရစေဦး ဆယ်ခါပြန်သေပစ်လိုက်ဦးမယ်၊ အဲဒီလိုကိုး၊

အင်းလေ - ပြောလို့သာ ပြောရတယ်၊ ငါ့အခြေအနေကလည်း အတော့်ကို ယိုယွင်းနေပြီ၊ မသေရုံတမယ်ပဲ၊ အသားအရေတွေ ခြောက်ခမ်းပြီး အရိုးပေါ် အရေတင်ပဲ ကျန်တော့တယ်၊ စကားလည်းကောင်းကောင်းမပြောနိုင်



လူကူမပါဘဲ မထူနိုင် မထနိုင်၊ မလှုပ်နိုင် မလှည့်နိုင်၊ ငါ့တပည့်တော်ကျောက်နီတို့၊ ဂေါင်းဘုတ်တို့ နောက်ကို ဘယ်အချိန်လိုက်သွားရလေမလဲ ဆိုတဲ့ အတွေးတွေနဲ့ "ပုလဲဒေဝီ" တစ်ခုလုံး မှိုင်တွေလို့ ကြေကွဲဝမ်းနည်းလို့၊

"အဲဒါတွေနဲ့ မင်း ဘာလုပ်မလို့လဲ"

"ငါ့အဖေဆီ ငါပြန်တော့မယ်၊ အဲဒါကြောင့် ငါ့ပစ္စည်းတွေကို သိမ်းနေတာပ"

"ခြော် - နင့်လူက သေတော့မှာမို့ နင်က ရနိုင်သမျှ ပစ္စည်းတွေကို ယူပြီး ကျွန်းကို ပြန်မယ်ပ ဟုတ်လား"

"ဒါ နင့်အပူ မဟုတ်တာပ၊ ကိုယ့်အလုပ်ကိုယ် လုပ်ရမှာ ဟုတ်တာ"

"အဲဒါတွေကို မယူရဘူးလို့ နင့်ကို ငါတားမယ်၊ အဲဒါတွေက နင့်ပစ္စည်းမဟုတ်ပ၊ သခင်ဘလူကြီး ပိုင်တာတွေ ဟုတ်စ"

"ယူတော့ ဘာဖြစ်တုံး"

"တို့ ကျွန်းလူတွေဟာ လူသတ်ချင်သတ်မယ်၊ မခိုးရပ၊ မိုက်ချင်မိုက်မယ်၊ မယုတ်ကန်းရပ၊ နင် အဲဒါတွေကို မေ့ပြီပ"

"ဟဲ့ - အရှင်က ငါ့ရဲ့လင်ဟဲ့၊ ငါ့ရဲ့လင်၊ လင့်ရဲ့ပစ္စည်းကို မယားတော့ယူတာ ထုံးစံပ"

"× - × - × - × - × - ×"

"÷ - ÷ - ÷ - ÷ - ÷"

"- - - - - - - - - - -"

စကား ယဲ့ယဲ့မျှ မပြောနိုင်လောက်အောင် နုံးချိပြီး အားကုန်အင်ခန်းဖြစ်နေတဲ့ အထဲက "မာ"နဲ့ "အလန်" အချီအချ ပြောနေတဲ့စကားသံတွေကို နားမထောင်ဘဲ ကြားနေရတယ်၊

"မာ"က အခန်းထဲက အဖိုးတန်တန် ပစ္စည်းကလေးတွေကို အဝတ်ဖြူတစ်စထဲမှာ ထည့်ပြီး ထုပ်ပိုးနေဟန်တူပါရဲ့၊ အမှန်တော့ "မာ" ကို ငါ ခါပေးထားတဲ့ သူ့ပိုင် ရတနာပစ္စည်းကလေးတွေပါ၊ အဲဒါကို "အလန်"က



www.burmeseclassic.com

www.burmeseclassic.com

တစ်လွဲတွေးပုံရပါတယ်။ သူတို့ အချီအချ စကားများကြတယ်၊ ဒေါသတကြီး ပြောကြဆိုကြရင်း ငါ နားမလည်တဲ့ ကျွန်းသားစကားတွေနဲ့ အော်ကြဟစ်ကြပေါ့။

ငါ့ကို သေလူလို့ သဘောထားပြီး သူတို့ချင်း အငြင်းပွားနေကြပုံပဲ၊ အလန်ကလည်း အရင်ကဆိုရင် ငါ့ရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီးမှ ခြေလှုပ်လက်လှုပ် လုပ်ခဲ့ရတာဆိုပေမယ့် အခုတော့ အိပ်ရာပေါ်မှာ ပက်လက်ဆန့်ဆန့်ကြီး မေ့မြောလုတစ်ပိုင်း သေငယ်ဇောနဲ့ မြောနေတဲ့ ငါ့ကို မျက်စိရှေ့တွင်ထားပြီး ငါ့မယားကို ပိုင်စိုးပိုင်နင်းတွေ လုပ်နေပေါ့။ သူ့မျက်ဝန်းထဲက တချောင်းချောင်း လျှံထနေတဲ့ ရမ္မက်ဆိုးတွေနဲ့အတူ "မာ"ကို စားတော့ဝါးတော့မတတ် ပြူးပြူးစူးစူး ကြည့်နေပုံကြီးကလည်း ကြွက်ချောင်းနေတဲ့ ကြောင်အိုကြီးလိုမျိုး၊

သူတို့ တစ်ခုခုကို အကြိတ်အနယ် ငြင်းခုံနေကြပုံပဲ၊

အံ့ ရောဖေ့၊ "မာ"ကလည်း တကယ့် ကျားမကလေးအတိုင်းပဲ၊ တစ်ခွန်းမခံ ကက်ကက်လန် နှုတ်သီးကောင်းလျှာပါး လုပ်နေလေရဲ့၊ ငါလည်း အာရုံထဲမှာ ဝိုးတိုးဝါးတားနဲ့ သူတို့လုပ်သမျှ သူတို့ပြောသမျှတွေကို မြင်နေကြားနေရတယ်ဆိုပါစို့၊

ငါတို့ အခန်းနံရံမှာ ချိတ်ထားတဲ့ ဘူးတောင်းကို မင်းကြည့်ပြီးပြီနော်၊ အေး - ဟုတ်တယ်၊ မင်းစောစောက ကိုင်မယ်လုပ်လို့ ငါလှမ်းတားလိုက်သေးတဲ့ဟာလေ၊ အဲ - အဲဒီ ဘူးတောင်းက ဇာတ်လမ်း စတာပဲ၊ "မာ"က အဲ့ဒီ ဘူးတောင်းကို နံရံက ဖြုတ်ယူလိုက်တယ်၊ ဖုန်အလိမ်းလိမ်း ပိုးမျှင်တွေ ကပ်ငြိနေတဲ့ ဘူးတောင်းကို အဝတ်တစ်စနဲ့ သေချာသုတ်ပြီး ရေနဲ့ကျင်းပြီးလည်း ဆေးနေလိုက်သေးရဲ့၊

"နင် - အဲဒါကို ဘာလုပ်မလို့လဲ"

"ဒါကို ငါပြန်ယူသွားမှာပ၊ ဖခင်က မင်္ဂလာ လက်ဖွဲ့အနေနဲ့ ပေးလိုက်တာလေ၊ ဒါ - ငါ့ဥစ္စာ"



"အိမ်ထောင်ဦးမှာ လက်ဖွဲ့တဲ့ မင်္ဂလာဘူးတောင်းဆိုတာ အိမ်ထောင်ဦးစီးကပဲ သိမ်းထားရတာ၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းကြရတာ၊ နင်က ယူပြီး ဘာလုပ်မှာလဲ"

"ငါက ကျွန်းကို ပြန်တော့မှာ၊ အရင်ကလည်း နင် ကျိန်စာဆိုး တိုက်ထားတာနဲ့ မကြာခင်သေတော့မှာပ၊ ဒါကို ငါပဲယူသွားမှဖြစ်မှာ၊ အဲဒါမှ ငါ့ရဲ့ သားသမီးတွေကို ဟယ် - ငါဘာတွေ လျှောက်ပြောနေမိပါလိမ့်"



'မင်းသာ ငါ့အလိုကို လိုက်ခဲ့ရင် မင်းဖြစ်ချင်တဲ့အတိုင်း ဖြစ်ရစေမယ် 'မာ'။ ပြီးရင် ဒီကနေ့ညပဲ ဒီသင်္ဘောကနေ ထိုင်တစ်တွေ ထွက်သွားကြမယ်။ အဲဒါဆိုရင်တော့မယ့် လကွယ်ညမတိုင်ခင် ကျိန်စာဟာ သူ့အလိုလို ပြယ်သွားမှာပဲ။ မင်းရော့လည်း သုံးလေးရက်အတွင်း နဂိုမူလအတိုင်း ပြန်ဖြစ်လာလိမ့်မယ်။ အဲဒါတွေ အားလုံးက မင်းအပေါ် တည်နေတာပဲ။ မင်းကသာ'

www.burmeseclassic.com

"မာ" က စကားမှားသွားပြီးအရုက်သည်းသွားတဲ့ဟန်နဲ့ မျက်နှာကြီးနီပြီး ငိုက်စိုက်ကြီး လုပ်နေလေရဲ့၊ ဟုတ်တယ်လေ - သူပြောမိတဲ့ စကားအရ တကယ်လို့ ငါသေသွားခဲ့ရင်တောင် သူက နောက်ထပ် အိမ်ထောင်ပြုဦး မယ့်ပုံမျိုးကိုး၊ မသာကောင် "အလန်" ကတော့ ဖြီးတီးတီးကြီးနဲ့ ပြုံတိတိ ကြည့်နေလေရဲ့၊ "မာ" ရဲ့စကားက သူ့မျှော်လင့်ချက်တွေကို မီးလောင်ရာ လေပင့် လုပ်လိုက်သလို ဖြစ်နေတော့တာကိုး၊

"နင်ဘာသာ ကျွန်းဆီကို ပြန်ချင်တိုင်း ပြန်လို့ဖြစ်မလား"

"ဟဲ့ - အရှင်မှ ဒီလောကထဲမှာ မရှိခဲ့ရင် ငါက ကျွန်းကို မပြန်ဘဲ ဘာလုပ် နေရမှာတဲ့"

"အဲဒါ ပြောနေတာလေ နင်တစ်ယောက်တည်း ကျွန်းကို ရောက်အောင် ပြန်တတ်လို့လား၊ ပြန်ရဲလို့လား"

"နင်ပါမှာပဲ မဟုတ်လား "အလန်" နင်က ငါ့ရဲ့ ဝိညာဉ်စောင့်ရှောက် သူပဲလေ၊ အကယ်၍ အရှင်သာ တစ်ခုခုဖြစ်ခဲ့ရင် ကျွန်းကို ရောက်အောင် ပြန်ပို့ဖို့က နင့်ရဲ့တာဝန်မဟုတ်ဘူးလား"

"ဒီအတိုင်းတော့ ငါပြန်ပို့မှာ မဟုတ်ဘူး"

နှုတ်ခမ်းစေ့ပြီး သွားကြားထဲက ထွက်လာတဲ့ "အလန့်" အသံ အေး စက်စက်ဟာ အစိမ့်ပွားယ်တွေ အများကြီးဆောင်နေတယ်၊ "မာ" ကို အကြ ကိုင် ခြိမ်းခြောက်လိုက်တဲ့အသံ၊ ဟုတ်တော့နေပြီ၊ ဘာတွေဆက်ဖြစ်ဦ ဦးမလဲလို့ အသာကလေး ငြိမ်ပြီး ငါနားထောင်နေလိုက်တယ်၊ ရင်တွေ လည်း ခုန်လိုက်တာ တဒုတ်ဒုတ်နဲ့၊ အသေကောင်ကြီးလို တုံးလုံးပက်လက် ကြီးနဲ့ လှုပ်မရပြုမရ ငါ့ကိုယ်ကောင်ကြီးကိုငါ စက်ဆုပ်လိုက်၊ မုန်းတီးလိုက် တာလေ၊ ဒွီး - ပြောမပြောချင်တော့ဘူး၊

"အဲဒီတော့"

"နင်ကျွန်းကို ပြန်ချင်ရင် ငါလိုချင်တာ တစ်ခုကိုတော့ ငါ့ကို ပေး မယ်"

"နင်က ဘာလိုချင်လို့လဲ"



"ငါ ဘာကို လိုချင်သလဲဆိုတာ နင် သိရဲ့သားနဲ့"

"အလန်" အသံက နှုတ်ခမ်းဝနားရောက်နေတဲ့ အမဲတုံးကို ကြည့်ပြီး သွားရည်ယိုနေတဲ့ ခွေးအိုကြီးရဲ့ ညည်းသံမျိုး၊ "မာ" က အလန်ကို ခွေခနဲ တစ်ချက်ကြည့်လိုက်ပြီး ချက်ချင်းပဲ မျက်နှာကို လွှဲပစ်လိုက်တယ်၊ "မာ" ရဲ့ မျက်နှာကလေးပေါ်မှာ ဝေခွဲမရဟန် ချီတုံချတုံတွေဝေမှုကို အတိုင်းသား တွေ့နေရတယ်၊ မျက်ရည်တွေလည်း စိုလို့၊

"တကယ်လို့ - အဲ - တကယ်လို့လို့ ပြောတာနော်"

"အင်းပါ - အင်းပါ - သိပါပြီ - နင်ပြောမှာသာပြောပါ"

"တကယ်လို့များ ခုနေခါမှာ နင်လိုချင်တာ ရခဲ့ရင် - နင် ... ငါ့ရဲ့ အရှင်ကို အသက်ဘေးက လွှတ်မှာလား အလန်"

အို - "မာ" အသံကလေးဟာ မရွှံ့မရဲ တိုးတိုးညင်းညင်းကလေးနဲ့ တုန်ခါ နေရှာတယ်၊ ရှက်ရွံ့တဲ့စိတ်၊ သူကိုယ်သူ ရွံရှာတဲ့စိတ်၊ ငါ့အပေါ် ကြီးမားတဲ့ မြတ်နိုးချစ်ခင်စိတ်၊ ချစ်တဲ့သူနဲ့ ကွေကွင်းရတဲ့ ကြေကွဲဝမ်းနည်းစိတ်၊ အနိုင့် အထက် နသားပါရ ခြွေချင်၊ ရှူးချင်နေတဲ့ "အလန်" ကို စံပြင်းနာကြည်းစိတ် တွေကို စုပြုံထိုးကြိတ် သည်းခံနေရတဲ့ မနိုင်ဝန်ကြီးက တွန်းထုတ်လိုက် တာမို့ သူ့အသံကလေးဟာ ပုံမှန်မဟုတ်ဘဲ တုန်ရီလို့ကိမောနေရဲ့၊

မိစ္ဆာကောင်ကြီးကတော့ ရမ္မက်မူးမူးနဲ့ အူမြူးလို့၊ တဆတ်ဆတ် တုန်ရီ နေတဲ့ "မာ" အနားကို နှာသံပြင်းပြင်း မှုတ်လို့ တရွေ့ရွေ့ တိုးကပ်သွားတော့ သည်၊

"မင်းသာ ငါ့အလိုကို လိုက်ခဲ့ရင် မင်းဖြစ်ချင်တဲ့အတိုင်း ဖြစ်ရစေမယ် "မာ"၊ ပြီးရင် ဒီကနေ့ညပဲ ဒီသင်္ဘောကနေ တို့တစ်တွေ ထွက်သွားကြမယ်၊ အဲဒါဆိုရင် လာမယ့်လကွယ်ညမတိုင်ခင် ကျိန်စာဟာ သူ့အလိုလို ပြယ်သွား မှာပဲ၊ မင်းလူလည်း သုံးလေးရက်အတွင်းနဂိုမူလအတိုင်း ပြန်ဖြစ်လာလိမ့် မယ်၊ အဲဒါတွေအားလုံးက မင်းအပေါ် တည်နေတာပဲ၊ မင်းကသာ"

ကြာကူလီကောင်ရဲ့ ရော့မော့သိမ်းသွင်းသံ ချိုအီအီကြီးက ငါ့နားဆီ ကို သံရည်ပူတွေလောင်းချနေတဲ့အတိုင်းပဲ၊ မှန်ဝါးဝါး အမြင်အာရုံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း "အလန်"ဟာ ငါ့ရဲ့ "မာ"နဲ့ သိပ်နီးကပ်လွန်းနေပြီ။ သားကောင်ကို ညို့နေတဲ့ စပါးကြီး မြွေကြီးနဲ့ သနားစရာ အညို့ခံ သတ္တဝါကလေးကို ပက်ပင်းမြင်နေရသလိုပါပဲ။ ငါ့ရင်တွေ ကွဲကြေလို့ ဗလောင်ဆူလို့။

"နင့်ကတိကို နင်တည်ရင် နင်လိုရာ ရစေ့မယ်"

"တကယ်နော်"

"အို - အပိုတွေ ပြောမနေစမ်းပါနဲ့၊ အရှင့်အသက်သာ ရှင်ပါစေ၊ အခု အချိန်ကစပြီး ငါဟာ နင့်ရဲ့လူပဲ"

ဘုရား - ဘုရား - ကမ္ဘာမြေကြီးဟာ ကျွမ်းထိုးမှောက်ခုံ ချာချာလည်နေတော့တယ်၊ ကြားလိုက်ရတဲ့ ငါ့နားကိုလည်း ငါမယုံဘူး။ မြင်နေရတဲ့ ငါ့မျက်လုံးတွေကိုလည်း ငါမယုံနိုင်ဘူး၊ ဖြစ်မှဖြစ်ရပလေတယ် "မာ"ရယ်။ ငါ့အသက်အတွက် မင်းရဲ့ဘဝကို ဒီမသတီစရာ မိစ္ဆာနတ်ဆိုးရဲ့ လက်ထဲကို ဝကွက်ပြီး အပ်ရသလား။ အနစ်မွန်းခံရသလား၊ အလိုလိုကမှ မေ့လုမေ့ခင် သတိကင်းလုနီးနီး ငါ့မှာ တစ်ကိုယ်လုံး လှုပ်မရအောင် တောင့်တင်းနေတော့တယ်၊ "သနားစရာ - မာ" မျက်ရည်ပူတွေက ဘယ်လိုမှ ထိန်းမရအဲ တလိမ့်လိမ့်ကြွေကျလို့ လာနေတယ်၊

ကြည့်ပါဦး - ကြည့်ပါဦး၊

မသမာကောင်ဟာ မာရဲ့ ကိုယ်လုံးကလေးကို သူ့ရင်ခွင်ထဲ ဖွတ်ရွဲသွင်းပြီး ကြမ်းကြမ်းတမ်းတမ်း မွတ်သိပ်စွာ နမ်းနေလေရဲ့၊

မိန်းကလေးခမျာကတော့ သူ့လက်ထဲက ဘူးတောင်းကို တင်းတင်းဆုပ်ထားရင်း သင်းပြုသမျှ နနေရတော့တယ်။ သူကလေးလည်း မျက်ရည်တွေနဲ့ ရွှဲလို့၊

"နေ - နေပါဦး"

"ဘာလဲ - ဘာဖြစ်လို့လဲ - ဟင်"

"ဟောဒီအထဲမှာ တစ်ခုခုရှိနေတယ်နဲ့တူတယ်၊ ထုတ်လို့မရဘူး၊ ကြည့်ပေး..."



မိန်းကလေးက အမွှေးကြမ်းဖို့ ယမ်းဖို့ ကြိုးစားနေတဲ့ ထောကျာသဘောနဲ့ တိုးတိုးဖွဖွပဲ ပြောရှာတယ်။ ရှက်လွန်းလို့ ခမျာကလေး မျက်နှာတောင် ညိုနေတာပဲ။ အဓမ္မကောင်ကလည်း ဒီဘူးတောင်းခြောက်မရှိမှသာ သူလိုချင်တဲ့ အရာကို ပြည့်ပြည့်ဝဝ ရတော့မယ်လို့ တစ်ထစ်ချ တွက်ထားဟန်တူပါရဲ့၊ မငြင်းဆန်ဘူး၊ စပါးကြီးမြွေလို ဖွတ်အတင်း လိမ်ပတ်ထားရာက ဖြေလျှော့ပြီး လွှတ်ပေးလိုက်တယ်၊ ဒါပေမဲ့ - မိန်းကလေးရဲ့ တစ်ကိုယ်လုံးကို သိမ်းကြုံးပြီး ရှုစားနေလိုက်တာများ ရာဂအနိုးတွေ တခြောင်းခြောင်းထလို့၊

မိန်းကလေးမာက သူ့လက်ထဲက ဘူးတောင်းခြောက်ကို စနစ်တွဲပေါ် အသာအရာချတယ်၊ မွေးကင်းစ သားငယ်ကို တယုတယ ညင်ညင်ပျောင်းပျောင်း ချော့မော့ကိုင်တွယ်နေသလို အဖိုးအနဂ္ဃထိုက်တဲ့ ပြည်တန်ပစ္စည်းများတစ်လုံးကို အပြစ်အနာ တစ်စတစ်မျှင်မရှိရလေအောင် အလွန်အမင်း ဂရုထားနေသလိုမျိုး၊ ဘူးတောင်းခြောက်ထဲမှာ ရေတချို့ရှိနေတာ ငါသိသားပဲ၊ "အလန်" ရောက်မလာသေးခင်ကလေးကမှ ရေစင်နဲ့ စပ်ပြီး သူထည့်နေခဲ့တာလေ၊ အဲဒီ ဘူးတောင်းထဲက ရေတွေဟာ သူ့အသက်သွေးတွေလိုမျိုးကို သူအလေးတမြတ် လုပ်နေတာပါကလား၊

"လာလေ - လာကြည့်ပေးစမ်းပါ၊ ပင့်ကူတစ်ကောင် ကျနေတယ်နဲ့တူတယ်၊ ထည့်ထားတဲ့ ရေတွေတော့ ပစ်ရပါပြီ"

"မာ"ရဲ့ လက်ခနဲ ဝင့်ကြည့်လိုက်တဲ့ မျက်ဝန်းတစ်ရွှေ့မှာ ထူးဆန်းတဲ့ ညှို့မာတ်တစ်မျိုးကို မြင်လိုက်မိသား၊

သူကောင့်သား "အလန်"ကတော့ သူ့ရဲ့ရွှေသွားကြီးတွေပေါ်နေအောင် ဖြီးဖြီးကြီးလုပ်ပြီး အာသာငမ်းငမ်းနဲ့ ကြာကြည့်ကြည့်လို့ ဘူးတောင်းခြောက်ထဲကို ငုံ့ကြည့်နေလေရဲ့၊ တဒင်္ဂတော့ဖြင့် ဘူးတောင်းခြောက်ထဲက ရေမှာပေါ်နေတဲ့ သူ့မျက်နှာအရိပ်မှာ သူ့လိပ်ပြာ၊ သူ့ဝိညာဉ်တည်နေတာကို သူမေ့သွားဟန်တူပါတယ်၊ ရမ္မက်ဇောတွေက သူ့ သတိတရားကို မိုက်မိုက်မဲမဲ ဖုံးလွှမ်းထားတာကိုး၊



www.burmeseclassic.com

www.burmeseclassic.com

အဲ၊ ဒါပေမဲ့ - ချက်ချင်းပဲ ဒါဟာ ထောင်ချောက်တစ်ခုလို့ ရိပ်မိသွားဟန်တူတယ်။ မျက်နှာကြီးက တည်တည်တင်းတင်းကြီး တွေခနဲ ဖြစ်သွားပါလေရော၊ ဟော့ကောင်ရေ - မြန်လိုက်တဲ့ "မာ" ပဲ မောင်ရား အလန်ရဲ့ မျက်နှာကြီး နောက်မဆုတ်လိုက်နိုင်ခင်မှာ ရုတ်ခြည်း လျှပ်စီးပြက်သလို အုးတောင်းကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး လွှပ်ခါပစ်လိုက်တော့တယ်။

အောင်မယ်လေးလေး - ဘယ်ဟာက အရင်၊ ဘယ်ဟာက နောက်ဖြစ်ပျက်ခဲ့သလဲဆိုတာ ပြောရခက်ပါရဲ့၊ အုးတောင်းထဲက မည်းနက်နက် မီးနိုးလုံးတွေ ဟောင်းခနဲ ထလာတယ်၊ ရေတွေဟာ ပွက်ပွက်ဆူပြီး လျှံကျလာလိုက်တာများ အပြင်ကိုတောင် စီးကျလို့၊ ရေထဲက "အလန်" ရဲ့အရိပ် လုံးဝပျက်စီးသွားတာကဖြင့် သေချာနေပြီ။

"အလန်" ဟာ ထိတ်လန့်တကြား ငယ်သံပါအောင် အော်ရင်း နောက်ကိုလန့်သွားတယ်၊ စိတ်လှုပ်ရှားလွန်းလို့ သူ့ကိုယ်ကောင်ကြီးဟာ ဟိုဒီယိမ်းထိုးလို့၊ နာကြည်းမုန်းတီးလွန်းတဲ့ အကြည့်နဲ့လည်း မိန်းကလေးကို စူးစူးရဲရဲကြီး ကြည့်နေလိုက်သေးရဲ့၊

မိန်းကလေး "မာ" ကတော့ "ကိုင်း - မှတ်ပလားဟေ့၊ အယုတ်တမာကောင်ရဲ့ နင့် စေတနာ နင့်ကို အကျိုးပေးပြီ မဟုတ်လား၊ သေမင်းရဲ့ ဖမ်းစားမှုကို နင် တစ်ပြန်တစ်လှည့် ခံစားကြည့်လိုက်ဦးဟေ့" ဆိုတဲ့ မျက်နှာမျိုးနဲ့ ခပ်မတ်မတ်ရပ်ပြီး အောင်နိုင်သူကြီးပမာ ကြည့်နေလေရဲ့၊ အဲဒီအချိန်တုန်းက မိန်းကလေးကို မြင်လိုက်ရတာဟာဖြင့် အသွားခပ်ထက်ထက် အဖျားချွန်မြမြ ပေါက်ဓားတစ်လက် ပစ်မှတ်ဆီ တန်းခနဲ ပြေးလာနေတုန်းမီးအရောင်ဟပ်နေတဲ့အတိုင်းပဲ၊

"အလန်" ဟာ အသံတောင် မထွက်လိုက်နိုင်ဘူး၊ ပြင်းထန်လွန်းတဲ့ အဆိပ်ကို သောက်မိတဲ့ လူလိုပဲ တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးလို့ ကြမ်းပြင်ပေါ်ကို ဗုန်းခနဲ လဲကျသွားတယ်၊ ရောမ ခေါင်းရှည်ကြီးဟာ သူ့ရဲ့ နောက်ဆုံးထွက်သက်ကို သူ့ခန္ဓာကိုယ်ထဲက အပြင်ထွက်မသွားရအောင် ဟာ အတင်းကြိုးစားရုန်းကန် ထိန်းချုပ်နေတော့သလိုပဲ၊ ရုန်းလိုက်ကန်



လိုက် ပြောင်းဆန်လို့၊ မျက်လုံးကြီးတွေလည်း ပြူးထွက်နေတယ်။ မကြာပါဘူး၊ သွေးမည်းမည်းတွေ ပွက်ခနဲ အန်ချတဲ့ ပြီးငြိမ်သွားပါလေရော၊ "ပုလဲဒေဝီ" ရဲ့မွေ့ဘူရာယ်ကောင်ဖြင့် ကိစ္စငြိမ်းခဲ့ပေါ့၊

☑

## (၆)

## "ပင်လယ်ခေါ်သံ"

❑

"ကဲ - ဘယ်လိုလဲ ခွေးလေး၊ ငါ အခု ပြောပြခဲ့တဲ့ ဇာတ်လမ်းကို မင်း ဘယ်လို သဘောရလဲ၊ အခု ငါပြောခဲ့သမျှတွေဟာ တစ်ခုမှ အပိုလည်း မပါဘူး၊ လိုတာလည်း မရှိဘူး၊ အမှန်တကယ် ဖြစ်ပျက်ခဲ့တာတွေချည်းပဲ"

သူ့တောင် ပင်လယ်ဇာတ်လမ်းရှည်ကြီးကို တမေ့တမော ပြောပြလိုက်ရ၍ အတန်အာခြောက်သွားပုံရသည်၊ ဝီစကီပုလင်းကို မော့ကမချလိုက်ရုံ တစ်မည် ကသောကမျော ငုံ၍ တဂွတ်ဂွတ် ကျိုက်ချနေတော့၏၊ အတိတ်သည် ယခုတိုင် အစ်ကိုလေးအား အပူတပြင်း ဖမ်းစားခြောက်လှန့်နေနိုင်ဆဲဖြစ်အံ့ထင်သည်၊

သူ့ကောင်မလေး "မိပိတောက်" ကလည်း မျက်နှာ ညှိုးညှိုးကလေးဖြင့် ဒူးကွေးကလေးကို လက်နှစ်ဖက်ဖြင့် ပိုက်လျက် ငြိမ်နေသည်၊ ဇကန္တ...

"ဒါဖြင့် - အစ်ကိုလေးရဲ့ အသက်ကို ကယ်လိုက်တဲ့ "မာ" ဆိုတဲ့ မိန်းကလေးဟာ "မိပိတောက်" ပဲလား - ဟင်၊ ဘယ်လိုဖြစ်ပြီး..."

"နီး - နီး - မင်းထင်နေသလိုမဟုတ်ဘူး၊ သူက "မာ" မဟုတ်ဘူး၊ "မာ" ရဲ့ ညီမ အငယ်ဆုံးမိန်းကလေးပဲ၊ သူ့နာမည်ကိုငါလည်း အသံမထွက်ရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

တို့မြန်မာပိတောက်ပန်းနဲ့ ဆင်ဆင်တူတဲ့ ပန်းနာမည်မျိုးမို့ "မိပိတောက်"လို့ ငါ နာမည်ပေးထားတာ"

"ဟင် - အဲဒါဆို အစ်ကိုလေးရဲ့ မာက ..."

"အေး - ဟုတ်တယ် "အလန်" သေသွားပြီဆိုတာ သေချာတဲ့အချိန်မှာပဲ "မာ"ခမျာ ခေါက်ခနဲ ခွေခွေကလေးလဲကျသွားပြီး သတိပြန်မလည်လာရှာတော့ဘူး။ ဆုံးသွားလေရဲ့။ နောက်မှ သိရတာက သူတို့ရဲ့ဓလေ့မှာ ဝိညာဉ်စောင့်ရှောက်သူ သေဆုံးခဲ့ရင် အစောင့်ရှောက်ခံရတဲ့သူလည်း လိုက်သေသွားရတာပဲတဲ့။ နှစ်ကိုယ့်တစ်စိတ်ပုံစံမျိုးပေါ့ကွာ။ "မာ"ဟာ သူ့ရဲ့အသက်ကိုပါစွန့်ပြီး ငါ့ကို ကယ်သွားခဲ့ရှာတာ။ သိပ်သတ္တိကောင်းတဲ့ မိန်းကလေး"

"အိုး"

ထင်မှတ်မထားသည့် အဖြစ်ကြောင့် ကျွန်တော့်မှာ ပြောစရာ စကား ဆွံ့အသွားရသည်။ အချို့သော တကယ့်ဖြစ်ရပ်များသည် စိတ်ကူးယဉ်ထက်ပို၍ ဆန်းကြယ်နိုင်လွန်းသည်ကော။

"အဲ - အဲဒီတော့၊ သူ - သူက"

"ငါပြောခဲ့ပါပကောလား ခွေးလေးရာ၊ ငါ့အတွက် ဟောဒီတောင် ပင်လယ်သောင်ပြာကျွန်းတွေဟာ ဘယ်လို စဉ်းစားလို့မှ ညှက်မမီလောက်အောင် ရှုပ်ထွေးဆန်းကြယ်လွန်းနေပါတယ်၊ ဂမ္ဘီရဆန်လွန်းပါတယ်လို့။ အစလည်း အဲဒီအတိုင်းပဲ "မာ"နဲ့ "အလန်" သေတာကို ကျွန်းက လူတွေအားလုံး ချက်ချင်း သိခဲ့ကြသတဲ့။ သူတို့ရဲ့ ဝိညာဉ်တွေက ကျွန်းကို ချက်ချင်းပဲ ပြန်ရောက်သွားကြပုံရတယ်။ နတ်ဆရာ အဘိုးအိုက သူ့သားအလန်ရဲ့ "ဓာတ်ပညာ" အလွဲသုံးမှုကို ယူကြုံးမရဖြစ်ရှာလွန်းလို့ ညွှတ်ညွှတ်နွမ်းနွမ်း တောင်းပန်ရှာသတဲ့။ ကျွန်းခေါင်း "ဝက်ဝံကြီး"ကလည်း သူ့အသက်ကြွေးအတွက် ကြေကုန်အောင်မဆောင်ရွက်နိုင်ခဲ့တဲ့ "မာ"ရဲ့ကိုယ်စား ဟောဒီ "မိပိတောက်"ကို ထပ်ပြီး ငါနဲ့ လက်ထပ်ဖို့ စီစဉ်ကြပြန်တယ်။ နတ်ဆရာ အဘိုးရဲ့ညွှန်ကြားချက်အရ "ပုလဲဒေဝီ" ဟာ ရန်ကုန်ကို မပြန်ဖြစ်ဘဲ သောင်ပြာကျွန်းဆီကို ဦးလှည့်သွားခဲ့ရတယ်။ သောင်ပြာကျွန်းက "ဝိညာဉ်တော်သချိုင်း"မှာ "မာ"နဲ့ "အလန်"ကို ကောင်းမွန်စွာ သင်္ဂြိုဟ်နိုင်ခဲ့တယ်။ အဲ - ငါနဲ့ "မိပိတောက်" တို့လည်း ကျွန်းသားစုရဲ့ အလိုကျ လက်ထပ်ခဲ့ရပြန်တယ်။ ကဲ - မဆန်းလား"

ကြားနေ ကြုံနေရသည်များကဖြင့် ဆန်းချက်ထူးလှသည်။ ဝတ္ထုတွေ ဖန်တီးရေးသားနေသည့် ကျွန်တော့်လို စာရေးသမားပင် တုန်လှုပ်ချောက်ချားစေခဲ့သည်အမှန်။ ပင်လယ်ခေါ်သံ၊ ပင်လယ်အော်သံတွေကလည်း ညံလို့။

"ဘဝက သေခြင်းတရားထက်ပိုပြီး အရေးကြီးတယ်။ ဒါပေမဲ့ - မေတ္တာတရားကတော့ဖြင့် အရေးအကြီးဆုံးပဲ"။ တကျိုက်ကျိုက်ခွက်ဆင့် မျှော်ရှုနေမိသည့် သူ့ရာရည်တန်နိုးကြောင့် ကျွန်တော် အိပ်ပျော်မသွားသေးမီ နောက်ဆုံး တွေးခဲ့မိသည့် ထိုအတွေးတစ်စကိုသာ အမှတ်ထင်ထင် စွဲမြဲ မှတ်မိနေတော့သတည်း။

ပြီးပါပြီ

→ ဇေယျမင်းသျှင်



www.burmeseclassic.com